www.burmeseclassic.com

မင်းပုည

# မ.ဆ.လ ခေတ်

# နိုင်ငံ့ခေါင်းဆောင်ကြီးများ လုပ်ကြံမှု



www.burmeseclassic.com

www.burmeseclassic.com

ခိုင်ဇင်စိုး

ထပေပ

အမှတ်(၂၁၇)၊ ၃၂-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၃၇၅၅၁၀

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏ စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# မင်းပုည

# မ-ဆ-လ ခေတ် နိုင်ငံ့ခေါင်းဆောင်ကြီးများ လုပ်ကြံမှု

www.burmeseclassic.com

www.burmeseclassic.com

# မ-ဆ-လ ခေတ် နိုင်ငံ့ခေါင်းဆောင်ကြီးများ လုပ်ကြံမှု

## မင်းပုည



ထုတ်ဝေသူ - ဒေါ်သင်းသင်းမွန်(သင်းစာပေ)
အမှတ်(၁၀)ရတနာမြိုင်လမ်း
ကမာရွတ်မြို့နယ်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ကျော်လှပုံနှိပ်တိုက်
အမှတ်(၂၁၇)၊ ၃၂-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၂(ဒီဇင်ဘာလ)
အုပ်ရေ - (၅၀၀)
တန်ဖိုး - ၃၀၀၀ိ/-

မင်းပုည ၉၂၃.၂
မ-ဆ-လ ခေတ် နိုင်ငံ့ခေါင်းဆောင်ကြီးများ လုပ်ကြံမှု
မင်းပုည - ရန်ကုန်(သင်းစာပေ)၂၀၁၂
စာမျက်နှာ - ၂၁၀(စာ) ၂၆ စင်တီ X ၂၁ စင်တီ
မ-ဆ-လ ခေတ် နိုင်ငံ့ခေါင်းဆောင်ကြီးများ လုပ်ကြံမှု



နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း

www.burmeseclassic.com

နိုင်ငံတော်ခေါင်းဆောင်ကြီးများအား လုပ်ကြံရန်ကြံစည်မှုတွင် တရားလိုပြသက်သေ အင်းစိန်မြို့နယ် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ဝင်း အစစ်ဆေးခံ ထွက်ဆိုစဉ်။

(ကြေးမုံ၊ ၆-၁၀-၁၉၇၆)





၁၉၇၆ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့က နိုင်ငံတော်ခေါင်းဆောင်ကြီးများ လုပ်ကြံရန်ကြံစည်မှုအတွက် တရားလိုပြသက်သေ ဗိုလ်ကြီးထွန်းကျော် အစစ်ခံ ထွက်ဆိုစဉ်။

# ဗိုလ်ချုပ်ကြီး နေဝင်းအသည် တပ်မတော် ဖခင်

## လူကြီးများအပေါ် မပြစ်မှားသင့်တာ ပြစ်မှားခဲ့

### ခေါင်းဆောင်များလုပ်ကြံရန်ကြံမှုအုန်းကျော်မြင့်ဖြောင့်ချက်ပေး

ရန်ကုန် အောက်တိုဘာ ၅

နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံရန်ကြံစည်မှုကို ယနေ့ဆက်လက်စစ်ဆေးသည်။

**တက္ကသိုလ်တက်**

ယနေ့စစ်ဆေးရာတွင် ဗိုလ်ကြီးအုန်းကျော်မြင့်၏ဖြောင့်ဆိုချက်ကို တင်ပြရာ ယင်းဖြောင့်ဆိုချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျွန်တော်သည် ပျော်ဘွယ်မြို့နယ် ကံဖျူးရွာမှ ဦးဖေ ဦးလှ အမိဒေါ်ပိုးရှင်တို့က ၁၉၄၀ ခုမှာ မွေးဖွားခဲ့ပါသည်။ မွေးဖွားခဲ့တဲ့ သားသမီးများအနက် သတ္တမမြောက် သားဖြစ်ပါသည်။ မူလတန်းကို ကံဖျူးရွာတွင် ကျောင်းနေခဲ့ပါသည်။ အလယ်တန်းကို ယင်းတော်အလယ်တန်းကျောင်းတွင် နေခဲ့ပါသည်။ အထက်တန်းကို ပျော်ဘွယ်အထက်တန်းကျောင်းတွင် နေခဲ့ပြီး ၁၉၅၇ ခုနှစ်မှာ ၁၀-တန်းစာမေးပွဲ အောင်မြင်ပြီး ယင်းတော်အထက်တန်းကျောင်းမှာ အလယ်တန်းပြ ဆရာအဖြစ်တနှစ်လုပ်ခဲ့ပါသည်။ မန္တလေးတက္ကသိုလ်သို့ ဆက်လက်၍ ပညာသင်ကြားပါသည်။

**တပ်ဦးဝင်**

၁၉၆၂ ခု မတ်လမှာ ဥပစာ ဝိဇ္ဇာ (ခ)တန်းကို အောင်ခဲ့ပါသည်။ တက္ကသိုလ်ကျောင်းမှာ နေစဉ်အတွင်းမှာ ကျောင်းသား သမဂ္ဂမှာဝင်ရောက် အရွေး ခံခြင်း မလုပ်ခဲ့ပါ။ ပထမနှစ်မှာ ကျောင်းသားတပ်ဦး ကောင်စီဝင် အဖြစ် ဝင်ရောက်ခဲ့ပါသည်။ နှစ်ကုန်ပိုင်းသောအခါမှာ ကျောင်းသား အဖွဲ့ အစည်းတွေဟာ နောက်က နိုင်ငံရေးအဖွဲ့အစည်းကနေပြီး ထောက်ကူပေးပြီး ဆက်သွယ် လုပ်နေတာကို ကြားရ၍ စိတ်မရှည် ဟုတ်မည် မထင်ပါသဖြင့် နောင် ၂-နှစ်မှာ တယ် ကျောင်းသား အဖွဲ့ထဲမှာမှ မပါဝင်တော့ပါ။ မပါသည့်ပြင် ဒုတိယ ၂-နှစ်မှာ ဘယ်အသင်းမှာမှ မဲမပေးခဲ့တော့ပါ။

**တပ်မှူး**

၁၉၆၄ ခုနှစ်မှာ မေမြို့မှာရှိတဲ့ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၉) တက်ရောက်အောင်မြင်ပြီး ဒုတိယဗိုလ်အဖြစ်နှင့် အမှတ် ၁၀၆ ခြေမြန်တပ်ရင်းမှာ တပ်စုမှူး အဖြစ်နှင့် သွားရောက် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အမှတ် ၁၀၆ ခြေမြန်တပ်ရင်းမှာ ၅-နှစ် တာဝန်ထမ်းဆောင်ပြီး ရန်ကုန်တိုင်း စစ်ဌာနချုပ်သို့ စစ်ဦးစီးမှူး (တတိယတန်း) ဆက်သွယ်ရေးအဖြစ် တာဝန်ထမ်းဆောင်ရပြီး နောက် စစ်ဦးစီးမှူး (တတိယတန်း) ထောက်လှမ်းရေး တာဝန်ထမ်းဆောင်ပြီး၊ ထို့အပြင် ရန်ကုန်တိုင်း စစ်ဌာနချုပ်မှာဘဲ တိုင်းမှူး၏ ဦးစီးအရာရှိ အဖြစ် တာဝန်ထမ်းဆောင်ပါသည်။

**ကိုယ်ရံတော်**

ဗိုလ်မှူးကြီး ကျော်ထင်အား ဒု-ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူး

၄ ကော်လံ ၁ သို့★



ထိုစဉ်က သတင်းစာများတွင် ဖော်ပြခဲ့ပုံ

www.burmeseclassic.com

www.burmeseclassic.com


ခေါင်းဆောင်များ လုပ်ကြံရန်ကြံမှု ဆက်စစ်

ထိုစဉ်က သတင်းစာများတွင် ဖော်ပြခဲ့ပုံ


ထမင်းစားပွဲ သေနတ်ယူလာရန် ပြောသည်ဆို
ဗိုလ်ကြီးအချစ်က ကြံစည်ခဲ့ပုံ ဖြောင့်ချက်ပေး
ခေါင်းဆောင်ကြီးများ လုပ်ကြံရန်ကြံစည်မှုဆက်လက်စစ်ဆေး



ဦးစန်းယု



www.burmeseclassic.com


ကြေးမုံ

ငြိမ်းချမ်းရေးနှင့်လုံခြုံမှု တကမ္ဘာလုံးနှင့်ဆိုင်

ခေါင်းဆောင်ကြီးများအားလုပ်ကြံမှုမပြုသင့်

ဗိုလ်ကြီးအုန်းကျော်မြင့် သေနတ်များထုတ်ယူ

ခေါင်းဆောင်များ လုပ်ကြံရန်ကြံမှု ဆက်စစ်

ထိုစဉ်က သတင်းစာများတွင် ဖော်ပြခဲ့ပုံ


# ခေါင်းဆောင်များ လုပ်ကြံရန် ကြံမှုဆက်စစ်
# စွဲချက်တင်သင့် မတင်သင့် နှစ်ဖက်လျှောက်လဲ

ရန်ကုန် အောက်တိုဘာ ၁၉

နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံရန် ကြံစည်မှုကို ယနေ့ဆက်လက်စစ်ဆေးရာ တရားခံများအပေါ် စွဲချက် တင်သင့် မတင်သင့်ကိစ္စနှင့်ပတ်သက်၍ တရားလို တရားခံ နှစ်ဖက်အကျိုးဆောင်များက လျှောက်လဲကြသည်။

ပထမဦးစွာ တရားလိုအကျိုးဆောင် ဦးတင်အုန်းနှင့် ဦးသိန်းသိန်းတို့က တရားခံများအပေါ် စွဲချက်တင်သင့်ကြောင်း လျှောက်လဲ တင်ပြကြသည်။ (တရားလို အကျိုးဆောင်များ၏ လျှောက်လဲတင်ပြချက်ကို သီးခြားဖော်ပြထားသည်။)

ထိုစဉ်က သတင်းစာများတွင် ဖော်ပြခဲ့ပုံ

www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းဆောင်ကြီးများ လုပ်ကြံရန် ကြံမှုစစ်

## နိုင်ငံရေးခိုလှုံခွင့်တောင်းသည်ကိုငြင်းဆန်ခဲ့

### သမ္မတကြီးရှိနေသမျှ ငါဘာမှမလုပ်ဟု ပြောဆိုခဲ့ကြောင်း ထွက်ဆို

နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံရန် ကြံစည်မှုနှင့် စစ်လည်း၍ တရားလိုပြ သက်သေ ဗိုလ်ကြီး ကျော်ရှိန်၊ ရန်ကုန် တိုင်း တရားရုံးတွင် စစ်ဆေးခံ ထွက်ဆိုရင်း

ရန်ကုန် စက်တင်ဘာ ၃၀

နိုင်ငံတော် ခေါင်းဆောင်ကြီးများအားလုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုကို ယနေ့နံနက်က ဆက်လက်စစ်ဆေးသည်။



ယနေ့ဆက်လက်စစ်ဆေးရာတွင် ယမန်နေ့က စစ်ဆေးဆဲ တရားလိုပြသက်သေ ဗိုလ်ကြီးအောင်ကြည်ဦးကိုစစ်ဆေးသည်။ ၎င်းက ဆက်လက်ထွက်ဆိုရာတွင် ပြေလနောက်ဆုံးပတ်တွင် ဗိုလ်ကြီး၊ အုန်းကျော်မြင့် မိမိထံ ဖုန်းဆက်ပြီး လာ ဖြစ်အောင် လာခဲ့ရန် မှာသော်လည်း မသွားခဲ့ပါ။ နောက်တရက်နှစ်ရက်အကြာ ၎င်းကိုယ်တိုင်သူ၏ဘီ ၆၀၀ စစ်ကားဖြင့် မိမိအိမ်သို့ရောက်လာပြီး လမ်းလျှောက်ရန် အတင်းခေါ်၍ မိမိလည်းအားနာသဖြင့် လိုက်သွားကြောင်း။ လမ်းတွင် ၎င်းက လေ့လာထားနိုင်းတာတွေ လေ့လာပြီးပြီလားဟု မေးလျှင် မိမိကအိုးပြုဖြစ်၍လေ့လာရန် မလိုပါဟု ပြန်ပြောရာ၊ ၎င်းက ဆက်လက်၍ နေရာတွေ အသေအချာသိရန် လေ့လာဘို့လိုတယောက် နှစ်ခ

ငှကော်ထံ ၅သို့ ★★





# ခေါင်းဆောင်များ လုပ်ကြံရန်ကြံမှု ဆက်စစ်

## တရားလိုပြသက်သေဗိုလ်ကြီးစံကြည်၏အစစ်ခံ

ရန်ကုန် စက်တင်ဘာ ၂၄

နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံ သတ်ဖြတ်ရန် ကြံစည်မှုကို ယနေ့နံနက်က ဆက်လက်စစ်ဆေးသည်။

[illegible]

ဗိုလ်ကြီးစံကြည်

[illegible]



ထိုစဉ်က သတင်းစာများတွင် ဖော်ပြခဲ့ပုံ

www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းဆောင်များ လုပ်ကြံရန် ကြံမှုဆက်စစ်

## လေယာဉ်ကွင်း၌ လုပ်ကြံမည့်အစီစဉ်ရှင်းပြ

### အင်အားရှိလျှင် အာဏာသိမ်းမည် အင်အားမရှိလျှင် လုပ်ကြံမည်ဟုဆို




# ခေါင်းဆောင်များ လုပ်ကြံရန်ကြံမှု ဆက်စစ်

## အုန်းကျော်မြင့်ဆန္ဒအတိုင်းဖြောင့်ချက်ပေး

ရန်ကုန် အောက်တိုဘာ ၅

နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံရန် ကြံစည်မှုကို ယနေ့ဆက်လက် စစ်ဆေးသည်။ ယနေ့ စစ်ဆေးရာတွင် တရားလိုပြသက်သေ များ ဖြစ်ကြသော ဦးမောင်မောင်ဦး၊ တပ်ကြပ်ကြီး အေးချို၊ ဗိုလ်ကြီး တင်အေး၊ အရာခံဗိုလ်တင်မြင့်၊ ဗိုလ်ကြီး ဝင်းလှိုင်၊ ဦးစိန်ဝင်း (အင်းစိန်မြို့နယ် ဝရားသူကြီး အဖွဲ့ ဥက္ကဋ္ဌ)၊ ဦးစိန်ဝင်း (ကုန်သွယ်ရေး ၅)နှင့် ဒု အရာခံဗိုလ် ဗိုလ် သေအုန်းမြင့် တို့ကို စစ်ဆေးသည်။



### ဗိုင်းအုံကြည့်

ပထမဦးစွာ တရားလိုပြ သက်သေ ဦးမောင်မောင်ဦးကို စစ်ဆေးသည်။ ၎င်း၏ ထွက်ဆိုရာတွင် မိမိသည် ၁၉၇၂ ခုတွင် တပ်မတော် ဗိုလ်ကြီး အဖြစ်မှ အငြိမ်းစား ယူခဲ့ကြောင်း၊ လက်ရှိ မိမိ နေ ထိုင်ရာခြောက်မိုင် စွယ်ကျယ်လက်အိမ်တွင်နေခဲ့သည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ ၁၉၇၆-ခု ဇူလိုင်သုံးရက်နေ့က ၁၀ နာရီကျော်ခန့်တွင် မိမိအိမ်နှင့်ကိုက် ၅၀ အကွာ၌ ကားတစီးကို လူများ ဝိုင်းအုံကြည့်နေသဖြင့် မိမိသွား ကြည့်သောအခါ စစ်ကားဘီ-၆၀၀၊ မာဇဒါ နံပတ် ၃၁၃၈(င)ကိုတွေ့ရကြောင်း။

### မှန်းဆက်

ယင်းကားသည် ယမန်နေ့သက ပင်ထိုးနေရာ၌ ရပ်ထားသည် ဟု အချို့ကပြောသဖြင့် မိမိကကားကို မကိုင်ရန်နှင့် ပစ္စည်းများမယူရန်ကို ပြောခဲ့ကြောင်း။ ထို့နောက်မိမိသည် ဦးသည်း ရောက်လာပြီး ကားနှင့် ပတ်သက်၍ သက်ဆိုင်ရာသို့ ဖုန်းဆက် အကြောင်း ကြားရန် အကြံပေး၍ မိမိသည် အိမ်နားအိမ်မှ ဖုန်းဖြင့်

၂စာမျက်နှာ ★★

ခေါင်းဆောင်များ လုပ်ကြံရန် ကြံမှု

# ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသန်းတင် ထွက်ဆို

## လုပ်ကြံ အာဏာသိမ်းရန် ဗိုလ်ကြီးဝင်းသိန်း လာပြောပုံများကို အစစ်ခံ

## မြေအောက်အဖွဲ့ ဖွဲ့ပြီး ဗိုလ်ကြီးဝင်းသိန်း အတွင်းရေးမှူး လုပ်ခဲ့သည်ဆို

ရန်ကုန် အောက်တိုဘာ ၂၈



### ဒုဝန်ကြီး

၅ စာမျက်နှာ ၁ သို့

### ဒုဝန်ကြီးနှစ်ဦး ကျောင်းဆောင်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၈



ထိုစဉ်က သတင်းစာများတွင် ဖော်ပြခဲ့ပုံ

www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းဆောင်ကြီးများ လုပ်ကြံရန် ကြံမှုစစ်

## တရားဥပဒေအရ ရှောင်မပြေးဘဲ ရင်ဆိုင်

ဗုံးကြဲအပိုင်ပေးရန် အုန်းကျော်မြင့်ပြောခဲ့ပုံ ဗိုလ်မှူးချုပ် စောမြဲထွက်ဆို



အခြေခံနိုင်ငံရေး

စီမံသင်တန်းဆင်း



# နိဒါန်း

ပြုပြင်ပြောင်းလဲလာသည့် မြန်မာနိုင်ငံတွင် နေထိုင်ကြသည့် ပြည်သူအတော်များများဟာ နိုင်ငံရေးကို စိတ်ဝင်စားလာကြသည်။ ကုန်ဆုံးခဲ့သည့်ကာလတုန်းက မသိကျိုးကျွန်နေလာခဲ့တာတွေဟာ ယခုတော့ စိတ်ဝင်စားလာကြသည်။

လက်ရှိထုတ်ဝေနေသည့် စာအုပ်များမှာ နိုင်ငံရေးစာအုပ်တွေက ရာခိုင်နှုန်းများနေသည်။ လွန်ခဲ့သည့်နှစ်(၂၀)လောက်က ထွက်ခွင့်မရှိသည့် နိုင်ငံရေးစာအုပ်တွေဟာ ယခု ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေလာကြသည်။ မြန်မာစာဖတ်ပရိသတ်များကလည်း စိတ်ဝင်စားစွာ ဝယ်ယူဖတ်ရှုနေကြသည်။

ဒါတွေ တွေ့ရှိရ၍ စာရေးသူမှာ အလွန်ကျေနပ်မိသည်။ ထုတ်ဝေခွင့်ပြုပေးသည့် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်မိသည်။ ဈေးကွက်ပျောက်နေသည့်စာအုပ်များကို ဈေးကွက်မှာ အလွယ်တကူ ဝယ်ယူဖတ်ခွင့်ရသည်။

မကြာသေးလက "နိုင်ငံတော်လုပ်ကြံမှု"စာအုပ်ဆိုလျှင် ဈေးကွက်ထဲမှာ အတော်ကြာအောင် ပျောက်ကွယ်နေခဲ့သည်။ ၎င်းစာအုပ်ကို ဒေါက်တာမောင်မောင်က ရေးသားခဲ့သည်။ ၁၉၇၀ ကျော်လေးမှာ ထွက်ခဲ့သည်။ ယခု ဒုတိယအကြိမ် ပြန်လည်ထွက်လာသည်။

၎င်းစာအုပ်သည် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ဝန်ကြီးများကို ဂဠုန်ဦးစောနှင့် အပေါင်းအပါများက လုပ်ကြံကြသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ကို မလုပ်ကြံခင်မှစ၍ ဂဠုန်ဦးစောနှင့် အပေါင်းအပါများကို အပြစ်ပေးသည်အထိ ရေးသားထားသည်။ နောက်တစ်အုပ်ရှိသေးသည်။ ဆရာကြီးမေမြို့ချစ်ဆွေရေးသားသည့် "နိုင်ငံတော်လုပ်ကြံမှု"စာအုပ်ကြီးလည်းထွက်ခဲ့သည်။ ဆရာကြီးမေမြို့ချစ်ဆွေရေးသားသည့် စာအုပ်က ဒေါက်တာမောင်မောင် ရေးသားချက်နှင့်မတူ၊ တရားစီရင်ရေးကို အစအဆုံး သီးသန့်ရေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြားစာရေးဆရာများကလည်း ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရပုံကို ရေးသားခဲ့ကြသည်ကို ဖတ်ရှုခွင့်ရခဲ့သည်။ အလားတူ အခြားရှားပါးစာအုပ်ကောင်းများစွာလည်း ဖတ်ခွင့်ရခဲ့သည်။ နိုင်ငံခေါင်းဆောင်များကို လုပ်ကြံကြသည်မှာ ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း ရှိနေသည်။

ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သည့် အိန္ဒိယခေါင်းဆောင်ကြီး မဟာတ္တမဂန္ဒီကိုလည်း လုပ်ကြံလိုက်ကြသည်။ အလားတူ အခြားနိုင်ငံမှ ခေါင်းဆောင်များစွာ ရှိသေးသည်။ အမေရိကန်သမ္မတ၊ ဖိလစ်ပိုင်ခေါင်းဆောင်များ လုပ်ကြံခံရသည်။

လုပ်ကြံမှုအတွက် အသက်ဘေးမှ လွတ်မြောက်သွားသည့် နိုင်ငံ့ခေါင်းဆောင် များစွာရှိသည်။ အခြားနိုင်ငံ့ခေါင်းဆောင်တွေကို ချန်ထားပြီး မြန်မာနိုင်ငံခေါင်းဆောင်များကို တင်ပြချင်ပါသည်။ ၎င်းမှာ တစ်ချိန်က နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဦးနု ဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း ဦးနုဟာ ဗိုလ်ချုပ်အောင်ဆန်းအစိုးရတွင် ဝန်ကြီးတစ်ဦးအဖြစ် ပါဝင်ခဲ့သည်။

ဂဠုန်ဦးစောဟာ ဘညွန့်(ဖော်ကောင်)ကို ဦးနုအားသတ်ရန် သီးသန့်တာဝန်ပေးခဲ့သည်။ ဘညွန့်ဟာ ဦးနုကိုသတ်ရန် စောင့်ဆိုင်းနေပေမယ့် အခန်းထဲမှာ မတွေ့ခဲ့၍ မသတ်ခဲ့ရပေ။ ထိုနေ့မှာ ဦးနုဟာ ရုံးမတက်ဘူးဟု သတင်းထွက်ပေါ်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရအပြီးတွင် ဦးနုဟာ လွတ်လပ်ရေးအတွက် ဆက်လက်ကြိုးစားဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံဝန်ကြီးချုပ် အဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ ဦးနုသည် လုပ်ကြံရန် ရည်ရွယ်ခြင်းခံရသော်လည်း အသက်မသေဆုံးဘဲ ဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ခဲ့သည်။

လုပ်ကြံမှုအကြောင်းအရာများကို လေ့လာခွင့်ရရှိ၍ လုပ်ကြံမှုတစ်ခုကို ရေးသားရန် စိတ်ကူးမိပြန်သည်။ ၎င်းလုပ်ကြံမှုသည် မြန်မာသတင်းစာတွင် တရားဝင်ဖော်ပြခဲ့သလို မျက်မှောက်ခေတ်ဂျာနယ်များတွင်လည်း ဖော်ပြနေသည်ကို တွေ့ရှိရသည်။



အကြောင်းမှာ "ခေါင်းဆောင်ကြီးများ"အား လုပ်ကြံမှုဖြစ်သည်။ အကြောင်းအရာမှာ မြန်မာနိုင်ငံ၏ စတုတ္ထမြောက် နိုင်ငံတော်သမ္မတဦးနေဝင်းနှင့် ခေါင်းဆောင်များကို လုပ်ကြံရန် ကြံစည်မှုကြီးဖြစ်သည်။

သမ္မတဦးနေဝင်းနှင့် သမ္မတဦးစန်းယုတို့ကို လုပ်ကြံရန် ကြံစည်မှုသည် ထိုအချိန်က ပြည်သူများ အလွန်စိတ်ဝင်စားကြသည။ ခေတ်ကာလ ကြာညောင်းလာသည်နှင့်အမျှ နိုင်ငံရေးအကြောင်းကိုပြောပေမယ့် အခြေအမြစ်ကိုတော့ တိတိကျကျ မသဲကွဲကြတာ တွေ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရသလို ဦးနေဝင်းလည်း လုပ်ကြံခံရသေးတယ်ဟု ပြောကြသည်။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရတာ စာအုပ်အဖြစ် ထုတ်ဝေခဲ့လို့ ကောင်းကောင်းသိနေကြသည်။ ဦးနေဝင်း လုပ်ကြံခံရတာကိုတော့ စာအုပ်အဖြစ် ထွက်ရှိခြင်းမရှိ၍ ကောင်းကောင်းမသိကြသလို တချို့ကလည်း ဦးနေဝင်း လုပ်ကြံရန် ကြံစည်မှုကို စာအုပ်အဖြစ် ရေးပါလားဟု အကြံပေးတိုက်တွန်းကြသည်။

ထို့အတွက် ရေးသားရန် စိတ်ကူးမိလာသည်။ အကြောင်းအရာများကို ရှာဖွေစုဆောင်းနေရသည်။ ပျောက်ကွယ်နေသည့် အကြောင်းအရာများကို အချိန်ကြာမြင့်စွာ ဆုတောင်းနေရသည်။ ယခုစာအုပ်အဖြစ် ရေးသားရာတွင် ပြည့်စုံသည်ဟု မထင်မှတ်ထားမိပေမယ့် စာတစ်အုပ်အဖြစ် ထုတ်ဝေနိုင်သည်ဟု ထင်မှတ်မိလာသည်။

အလားတူ သမ္မတ ဦးနေဝင်းနှင့် သမ္မတဦးစန်းယုတို့၏ အတ္ထုပ္ပတ္တိကို ဖော်ပြချင်ပေမယ့် စာအုပ်အဖြစ် ထွက်ရှိထားပြီးဖြစ်၍ ချန်ရစ်ထားခဲ့ရသည်။

ယခုအကြောင်းအရာများကို ဖြစ်စဉ်အတိုင်း တရားခွင်က ထွက်ဆိုချက်များဖြင့် ကိုးကားရေးသားထားခြင်း ဖြစ်ပါသည်။ တရားခွင်ထွက်ဆိုချက်များသည် ဖြစ်စဉ်အတိုင်း ဖြစ်နေ၍ တင်ပြလိုက်ရပါသည်။

ဤတင်ပြချက်များသည် အောက်ပါအတိုင်း ဖြစ်ပါသည်။

✧ ✦ ✧

www.burmeseclassic.com

www.burmeseclassic.com

## “ဗိုလ်ချုပ်ကြီးတင်ဦးအား စီးပွားရေးနှင့်ပတ်သက်၍ အရေးယူခဲ့” “နိုင်ငံတော်သမ္မတကြီးက ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း”

ရန်ကုန် မတ် ၁၁

ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီက အလုံလမ်းရှိ စည်းဝေးခန်းမတွင် ကျင်းပသည်။

### ကြားဖြတ်

ယနေ့အစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် ယင်းမာပင်မဲဆန္ဒနယ်မှ ဦးကျော်ခင်က ဆောင်ရွက်သည်။ သဘာပတိက ယနေ့အစည်းအဝေးတွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းက ပြည်သူ့လွှတ်တော်သို့ ကြားဖြတ်တင်ပြပါလိမ့်မည်ဟု ကြေညာသည်။

### အသိပေး

ထို့နောက် နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းက ပြည်သူ့လွှတ်တော်သို့ တင်ပြရာတွင် ...

“ကနေ့ပြောရမယ့် အချက်ကတော့ စိတ်ချမ်းသာစရာ မဟုတ်ပါဘူး။ သို့သော်လည်း စိတ်ချမ်းသာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လုပ်စရာအလုပ်ဆိုတာ ရှောင်လို့မရပါဘူး။ အဲဒီအလုပ်ဆိုတာ ရှောင်မရသည့်အတွက် ကနေ့ပြောစရာရှိတာကို ပြောရပါမယ်။ အရေးကြီးကိစ္စများကို လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များကို အစီရင်ခံသင့်ပါ၍ ကိစ္စတစ်ခုကို အစီရင်ခံပါမယ်။ ယင်းသို့ အစီရင်ခံရင်း တိုင်းပြည်ကိုလည်း အသိပေးပါတယ်။



### အရေးပါ

တပ်မတော်သည် တိုင်းပြည်အဖို့ အရေးပါသော အဖွဲ့တစ်ဖွဲ့ဖြစ်သလို ၎င်းအဖွဲ့ကို ကွပ်ကဲဦးစီးဦးဆောင်ပြုရသည့် ပုဂ္ဂိုလ်တို့သည်လည်း အရေးပါအရာရောက်သူများ ဖြစ်ပါသည်။ ထိုကွပ်ကဲဦးဆောင်ရသည့် ပုဂ္ဂိုလ်တို့သည် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးတို့တွင် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အထူးကျင့်ဆောင်နေထိုင်ကြဖို့ လိုပါသည်။

### စီးပွားရေး

မကြာခင်က အရေးယူလိုက်ရသော ဗိုလ်ချုပ်ကြီးတင်ဦးသည် စီးပွားရေးနှင့်ပတ်သက်၍ အရေးယူရန် အကြောင်းပေါ်ပေါက်လာပါသဖြင့် အရေးယူလိုက်ရခြင်း ဖြစ်ပါသည်။ ဤအရေးယူရသည့်ကိစ္စကို ပါတီစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ဆက်လက်အရေးယူနေကြပြီဖြစ်၍ ၎င်းအဖွဲ့၏ တာဝန်ဝတ္တရားအရ လုပ်ရမည့်လုပ်ငန်းများကို လွှမ်းမိုးရာ၊ သို့မဟုတ် အနှောင့်အယှက်ပြုရာ ကျမည်စိုးပါ၍ အသေးစိတ်ကို ယခုကြို၍တင်ရှင်းပြခြင်း မပြုတော့ပါ။ အလျဉ်းသင့်၍ စည်းကမ်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ တောင်လှန်ရေးကောင်စီက စတင်တက်စဉ်က ဆွေးနွေးချမှတ်ခဲ့သည်တို့ကို တင်ပြလိုပါသည်။

### တင်းကျပ်

နိုင်ငံရဲ့အာဏာရသူတို့အတွက် အများဆုံးအားနည်းချက်မှာ စီးပွားရေးနှင့် ဆက်စပ်နေသည့် တန်စိုးလက်ဆောင် လာဘ်ပေးလာဘ်ယူကိစ္စပင် ဖြစ်ပါသည်။ တော်လှန်ရေးကောင်စီအနေဖြင့် ဆွေးနွေးကြစဉ်က ၎င်းလာဘ်ပေးလာဘ်ယူကိစ္စကို အကင်းရှင်းဆုံး နေထိုင်ကြရန် တင်းကျပ်သည့်စည်းမျဉ်းကို သဘောတူ ဆွေးနွေးအတည်ပြုခဲ့ကြပါသည်။

### ထိန်းကြ

ဆွေးနွေးကြစဉ်က ပြောကြားမိခဲ့သည့် အချက်တစ်ချက်ကို အထူးတင်ပြလိုပါတယ်။ ထိုအချိန်က တော်လှန်ရေးကောင်စီအထက်က အုပ်ချုပ်သူမရှိ။ တော်လှန်ရေးကောင်စီအထက်မှာ အုပ်ချုပ်တဲ့သူ မရှိတော့ဘူး၊ မိမိတို့အသိ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မိမိတို့ကိုယ်ကို ထိန်းကြဖို့နဲ့ မှားမှားယွင်းယွင်း လုပ်မိပါက မိမိအသိဖြင့် မိမိဘာသာ ထွက်ကြဖို့ဆိုတဲ့ အချက်ကို တင်ပြခဲ့ကြပါတယ်။ ဒီအပြင်လည်း မှားယွင်းသူကို အချင်းချင်း ပြတ်ပြတ်သားသား အရေးယူဖို့လည်း တင်ပြခဲ့ပါတယ်။ ဒီအတိုင်းလည်း ဆောင်ရွက်ခဲ့ပါတယ်။

## အဖြစ်မှန်

ကျွန်တော် ဒီလောက်ပဲ ပြောစရာရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဟာပြောရတဲ့ဥစ္စာဟာ တပ်မတော်ဆိုတာကလည်း အရေးကြီးတဲ့ အဖွဲ့တစ်ဖွဲ့ ဖြစ်နေတော့ ဘာဖြစ်လို့အရေးယူတယ်ဆိုတာကို အရေးယူတဲ့အခါမှာ ကျွန်တော်တို့ သက်ဆိုင်ရာပုဂ္ဂိုလ်ကို ထောက်ထားညှာတာလို့၊ သိက္ခာထိခိုက်မှာစိုးလို့ ကျွန်တော်တို့ မပြောခဲ့သော်လည်းပဲ အခုနောက်ပိုင်းမှာ သို့လော သို့လော တွေးကြ ပြောကြ ဖြစ်လာတော့ ကျွန်တော်ပြောခဲ့တဲ့ တပ်မတော်ဟာ အရေးကြီးတယ်ဆိုသလို တပ်မတော်အတွင်းမှာ အထင်လွဲ အမြင်လွဲ ဖြစ်မှာစိုးတဲ့အတွက် အဖြစ်မှန်ကို ကျွန်တော် မပြောပြချင်ဘဲနဲ့ အခု ချပြောရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ပါတီစည်းကမ်းထိန်းသိမ်းရေးက ဆက်ပြီးတော့ အရေးယူပြီးတဲ့နောက်ပိုင်းကျရင်တော့ အဖြစ်မှန်ပေါ်လာပါလိမ့်မယ်။ ဒါလောက်ပါပဲ"

ဟူ၍ မိန့်ကြားသွားသည်။ ဗိုလ်ချုပ်ကြီးတင်ဦးကို အရေးယူမှုနှင့်ပတ်သက်ပြီး ပြောကြားသွားသည့် မိန့်ခွန်းနှင့်ပတ်သက်၍ မကျေနပ်မှုများ ဖြစ်ပေါ်လာခဲ့သည်။ ဗိုလ်ချုပ်ကြီးတင်ဦးကို လေးစားသူများက မတရားဟု ထင်မြင်ယူဆလာကြသည်။ ဗိုလ်ချုပ်ကြီးတင်ဦးမှာ အပြစ်မရှိ မူလရာထူးကို ပြန်လည်ထမ်းဆောင် စေချင်ကြသည်။ တချို့က လက်မခံကြ ဖြစ်နေကြသည်။ အချင်းချင်း အမြင်တွေ မတူညီမှုများ ဖြစ်ပေါ်လာကြသည်။

ထိုဖြစ်ပေါ်မှုနှင့်အတူ ခေါင်းဆောင်ကြီးများကို လုပ်ကြံသတ်ဖြတ်ကြံစည်မှုသတင်း ထွက်ပေါ်လာသည်။ ၎င်းသတင်းကို နိုင်ငံပိုင်သတင်းစာကတရားဝင်ကြေညာခဲ့သည်။ သတင်းစာ၏ ကြေညာချက်ကြောင့် ပြည်သူများစိတ်ဝင်စားလာသည်။ သတင်းစာများကို အယုအယက် ဝယ်ယူဖတ်ရှုကြသည်။ ကြေညာချက်ကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်။

✧ ✦ ✧

## "ခေါင်းဆောင်များသတ်ရန်ကြံမှုပေါ်ထုတ်"
## (မကြာမီပြည်သူ့ရှေ့မှောက်၌ ခုံရုံးတင်စစ်မည်)

**၁၉၇၆ ရန်ကုန် ဇူလိုင် ၂၀**

ပုဂ္ဂိုလ်ရေးရော ဆည်းကပ်ကိုးကွယ်မှုနှင့် ကိုယ်ရေးကိုယ်တာအကျိုးမျှော်ကိုးမှုတို့ကို အခြေခံ၍ ဆိုရှယ်လစ်စီးပွားရေးစနစ် ပျက်ပြားရန်နှင့် နိုင်ငံတော်အာဏာကို သိမ်းပိုက်ရန် ရည်မှန်းချက်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌ ဦးနေဝင်း၊ အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးစန်းယုနှင့် အမျိုးသားထောက်လှမ်းရေးအဖွဲ့ ထောက်လှမ်းရေးမှူးချုပ် ဗိုလ်မှူးကြီးတင်ဦးတို့ကို ဦးစွာလုပ်ကြံသတ်ဖြတ်ရန် စီစဉ်ဆောင်ရွက်နေသော တပ်မတော်သစ္စာဖောက် အရာရှိငယ်အချို့ကို (၂-၇-၇၆)နေ့မှစ၍ သက်ဆိုင်ရာမှ စုံစမ်းဖော်ထုတ် အရေးယူလိုက်သည်။

အရေးယူခံရသူတို့မှာ လုပ်ကြံသတ်ဖြတ်မှုခေါင်းဆောင်များ ဖြစ်ကြသော ဗိုလ်ကြီးအုန်းကျော်မြင့်၊ ဗိုလ်ကြီးဝင်းသိန်းနှင့် ဗိုက်ကြီးထွန်းကျော်၊ ကြံရာပါများဖြစ်ကြသော ဗိုလ်ကြီးစံကြည်၊ ဗိုလ်ကြီးသန့်ဇင်မြိုင်၊ ဗိုလ်ကြီးဘချစ်၊ ဗိုလ်ကြီးဝင်းမောင်၊ ဗိုလ်ကြီးအောင်ကြည်ဦးနှင့် ဗိုလ်မှူးချစ်ခိုင်(လေ)၊ စည်းရုံးသိမ်းသွင်းခံရသူများဖြစ်သော ဗိုက်ကြီးဟန်ဇော်၊ ဗိုလ်ကြီးကျော်ရှိန်၊ ဗိုလ်ကြီးစိန်သောင်း၊ ဗိုလ်မှူးစိန်မြင့်နှင့် ဗိုလ်မှူးမောင်လတ်တို့ ဖြစ်ကြသည်။ ယင်းအရာရှိငယ်များအပြင် တာဝန်ဝတ္တရားပျက်ကွက်သူ ဗိုလ်ကြီး(၃)ဦးတို့ကိုလည်း ခေါ်ယူစစ်ဆေးမေးမြန်းလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပြည်သူ့ရှေ့မှောက်

ဤအမှုကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ အမြန်စုံစမ်းအရေးယူလျက် ရှိရာ မကြာမီ အများပြည်သူတို့၏ရှေ့မှောက်တွင် ခုံရုံးတင်စစ်ဆေးစီရင်မည် ဖြစ်သည်။

ဟု ရေးသားဖော်ပြပြီးနောက် စက်တင်ဘာ ၁၅ ရက်နေ့တွင် ကြေညာ ချက်ထုတ်ပြန်ပါသည်။ ၎င်းကြေညာချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

✧ ✦ ✧

## ဗိုလ်ကြီးစံကြည်နှင့် ဗိုလ်ကြီးထွန်းကျော် လွတ်ငြိမ်းခွင့်ပြု ဗိုလ်ချုပ်ကြီးဟောင်းတင်ဦး အာမခံလျှောက်မှု ကြားနာမည်

**ရန်ကုန် စက်တင်ဘာ ၁၅**

နိုင်ငံတော်ခေါင်းဆောင်ကြီးများကို လုပ်ကြံသတ်ဖြတ်ရန် စီစဉ်ဆောင် ရွက်သူ တရားခံများအဖြစ် စွဲဆိုခြင်းခံကြရသူ ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် ဗိုလ်ကြီးစိန်ဝင်း၊ ယင်းကြံစည်မှုတွင် အားပေးကူညီခဲ့သော ပြစ်မှုများဖြင့် စွဲဆိုခြင်းခံကြရသူ ဗိုလ်မှူးကြီးလှဖေ၊ ဗိုလ်မှူးစိန်မြင့်နှင့် ဗိုလ်ကြီးဘချစ်၊ ယင်းကြံစည်မှုများ ကျူးလွန်နေကြောင်း သိရှိလျက်နှင့် ဖွင့်မပြောဘဲ ထိမ်ချန် ထားသဖြင့် ပြစ်မှုဆိုင်ရာ အရေးယူပေးရန် စွဲဆိုခြင်းခံရသူ ဗိုလ်ချုပ်ကြီးဟောင်း တင်ဦးတို့၏အမှုများကို ရန်ကုန်တိုင်း တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမောင် နှင့် အဖွဲ့ဝင် ဦးမြတ်ကို၊ ဦးမောင်မောင်ဝင်းတို့ ပါဝင်သည့် ရန်ကုန်တိုင်း တရားသူကြီးအဖွဲ့က အင်းစိန်အကျဉ်းထောင်အနီးရှိ အထူးတရားရုံး စစ်ဆေး သည့်နေရာ၌ ရုံးထိုင်သော တိုင်းတရားရုံး၌ ယနေ့နံနက်က စတင်စစ်ဆေးသည်။

### လွတ်ငြိမ်းခွင့်

ယနေ့စတင်စစ်ဆေးလျှင် စစ်ဆေးချင်း တရားခံများ၏ အကျိုးဆောင် များက ကိုယ်စားလှယ်စာများကို တရားသူကြီးအဖွဲ့သို့ တင်သွင်းပြီးနောက် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက ပြစ်မှုများနှင့် ပတ်သက်ပြီး သိသမျှကို ထွက်ဆို မည်ဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇(၁)အရ စည်းကမ်းချက်များနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် လျှောက်ထားကြသော တရားခံဗိုလ်ကြီးစံကြည်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဗိုလ်ကြီးထွန်းကျော်တို့အား အပြစ်မှ လွတ်ငြိမ်းခွင့်ပေးလိုက်ပြီဖြစ်ကြောင်း နှင့် တရားလိုပြသက်သေများအဖြစ် စစ်ဆေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရက်ဆက်

တရားခံများ၏ အကျိုးဆောင်များက အမှုကို ရက်ဆက်စစ်ဆေးခြင်း ပြုမပြု၊ ပြုခဲ့လျှင် တရားခံများ၊ အမှုသည်များနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် အမှုကို အသေးစိတ်မလေ့လာရသေးသဖြင့် အချိန်ပေးသင့်ကြောင်း လျှောက်ထားတင်ပြရာ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက တရားလို၊ တရားခံများ၏သက်သေများ နေ့တိုင်းရရှိလျှင် အမှုကို နေ့စဉ်ရက်ဆက် စစ်ဆေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သော တိုင်ပင်ဆွေးနွေးမှုရရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

### အမှုဖွင့်

ထို့နောက် တရားလို ပြည့်သူ့ရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှူးရုံးမှ ရဲမှူး ဦးစိုးမြင့်အား စတင်စစ်ဆေးသည်။ ရဲမှူးဦးစိုးမြင့်က ထွက်ဆိုရာတွင် မိမိသည် ယနေ့အမှုကို ဩဂုတ် ၂၄ ရက် ဆောင်ရွက်ရန် လက်ခံခဲ့ကြောင်း။ ယင်းနေ့မှာပင် မိမိသည် တရားလိုပြုလုပ်၍ ကမာရွတ်ရဲစခန်း၌ ပအမှတ် ၅၃၁–၇၆ အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅(က)အရ ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် အပေါင်းပါများအပေါ် တိုင်တန်းအမှုဖွင့်ခဲ့ကြောင်း။

### တင်ပြ

ထိုနေ့မှာပင် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၊ ဗိုလ်ကြီးဝင်းသိန်းနှင့် ဗိုလ်ကြီးထွန်းကျော်တို့ကို ဖမ်းဆီး၍ ကမာရွတ်မြို့နယ် တရားရုံးတွင် ရီမန် ယူခဲ့ကြောင်း အစချီထွက်ဆို၍ ဩဂုတ် ၂၄ ရက်မှအစပြု၍ ယင်းအမှုနှင့်ပတ်သက်သော တရားခံများ သက်သေများကို စစ်ဆေးခြင်း၊ သက်သေခံစာရွက်စာတမ်းများ၊ လက်နက်ခဲယမ်းမီးကျောက် အစရှိသည့် သက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်းနှင့် တရားခံများထံမှ ဖြောင့်ချက်များ ရယူခြင်း စသည့်



လုပ်ငန်းများ ကို ဩဂုတ်လအတွင်း နေ့စဉ်ဆောင်ရွက်ခဲ့ပုံများနှင့် စက်တင်ဘာလ ၁၀ ရက်အထိ နေ့စဉ်ဆက်လက် ဆောင်ရွက်ခဲ့ပုံများကို အသေးစိတ် အစစ်ခံပြီး သက်ဆိုင်ရာဌာနအသီးသီးမှ တရားခံများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၂၊ ၁၂၃၊ ၁၂၄ နှင့် နိုင်ငံတော်ကို ဦးဆောင်သည့် လမ်းစဉ်ပါတီအား ကာကွယ်သည့်ဥပဒေပုဒ်မ ၃–၄ တို့အရ တရားစွဲဆိုရန် ခွင့်ပြုမိန့်များကို သက်သေခံစာရွက်စာတမ်းများအပြင် တရားရုံးသို့ တင်ပြသွားသည်။

တရားခံအကျိုးဆောင်များအဖြစ် ကိုယ်စားလှယ်စာ တင်သွင်းကြသော ပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာတရားခံများမှာ ဗိုလ်ကြီးအုန်းကျော်မြင့်အတွက် ဦးဘစိန်၊ ဦးကိုယု၊ ဦးဘိုးအောင်၊ ဦးအုန်းလှိုင်၊ ဒေါ်စောနုတို့ကလည်းကောင်း၊ ဗိုလ်ကြီးဝင်းသိန်းအတွက် ဦးမောင်မောင်(၆)၊ ဒေါ်မိမိလေး၊ ဦးခင်လှိုင်တို့ကလည်းကောင်း၊ ဗိုလ်မှူးကြီးလှဖေအတွက် ဦးဘိုးသာကလည်းကောင်း၊ ဗိုလ်မှူးစိန်မြင့်အတွက် ဦးကျော်မြင့်၊ ဦးရဲထွန်း၊ ဒေါ်တင်တင်မြင့်တို့ကလည်းကောင်း၊ ဗိုလ်ကြီးဘချစ်အတွက် ဦးတင်မောင်ကလည်းကောင်း၊ ဗိုလ်ချုပ်ကြီးဟောင်းတင်ဦးအတွက် ဦးအေးမောင်(ပန်းတနော်)၊ ဦးဦးချိန်မိုး၊ ဦးလှကူ၊ ဦးကျော်မောင်၊ ဦးသာဟိန်းတို့ကလည်းကောင်း၊ ရန်ကုန်တိုင်းတရားသူကြီးအဖွဲ့တိုင်းတရားရုံးသို့ သက်ဆိုင်ရာကိုယ်စားလှယ်စာများကို တင်သွင်းကြသည်။

ယင်းအမှုကို လာမည့် တနင်္လာနေ့ စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတိတိတွင် ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်း ထိုနေ့တွင် အပြန်အလှန်မေးမြန်းများမေးရန်နှင့် ဗိုလ်ချုပ်ကြီးဟောင်းတင်ဦး၏ အာမခံလျှောက်ထားမှုကို ကြားနာရန် ချိန်းဆိုလိုက်သည်။

ဟု ရေးသားဖော်ပြထားသည်။ ခေါင်းဆောင်ကြီးများ လုပ်ကြံမှုအတွက် တရားရုံးက အမှုစစ်ချက်များကို အောက်ပါအတိုင်း ဆက်လက်တင်ပြလိုက်ရပါသည်။

✧ ✦ ✧

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်ကြီးဟောင်းတင်ဦး အချုပ်လွတ်ထုချေခွင့်ပယ် ခေါင်းဆောင်ကြီးများကို သတ်ရန်ကြံစည်ခဲ့ပုံများ ထွက်ဆို

### လေ့လာခွင့်

အမှုကို စတင်စစ်ဆေးလျှင် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက ယမန်နေ့က တရားခံအကျိုးဆောင်နှင့် တရားလိုအကျိုးဆောင်များ အပြန်အလှန် လျှောက်ထားခဲ့သော တရားခံများ၏ ဖြောင့်ချက်များကို ဖတ်ရှုလေ့လာခွင့်နှင့် မိတ္တူရယူခွင့် လျှောက်ထားတောင်းခံခြင်းကိစ္စနှင့် ပတ်သက်၍ အမိန့်ချမှတ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းအမိန့်ကို တရားရုံးက ဖတ်ကြားရာတွင် တရားရုံးလက်စွဲ စာမျက်နှာ ၁၁၂၊ အပိုဒ်(၄၃)အရ အမှုသည်များ ဖတ်ရှုလေ့လာခွင့်ပြုသည့် စာရွက်စာတမ်းထဲ၌ ဖြောင့်ချက်များမပါကြောင်း၊ ဖြောင့်ချက်များကို ဤရုံးရှိ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁–၇–၆ အရ သက်သေခံအဖြစ် လက်ခံသင့်မခံသင့် ဤတရားစီရင်ရေးအဖွဲ့မှ အမိန့်ချမှတ်ခြင်း မပြုရသေးသဖြင့် ယင်းအခြေအနေတွင် အမှုသည်များ မပြုရသေးသဖြင့် ယင်းအခြေအနေတွင် အမှုသည်များအား ဖတ်ရှုလေ့လာခွင့်ပြုရန် အချိန်စောသေးသည်ဟု ယူဆကြောင်း။

ဖြောင့်ချက်များကို ဖတ်ရှုခွင့်ပြုပါက တရားလို တရားခံ နှစ်ဖက်စလုံးက အထောက်အထားပြုမည့် ကွင်းဆက်များအား ပိုမိုခိုင်မာလာစေရန်လည်းကောင်း၊ အားနည်းလာစေရန်လည်းကောင်း ပြုလုပ်နိုင်သဖြင့် မှုတမှန်ကန်စွာ တရားစီရင်ရေးကို ထိခိုက်စေနိုင်ကြောင်း၊ ဖြောင့်ချက်များကို သက်သေခံအဖြစ် ထည့်သွင်းသည့်အခါတွင်လည်း သက်ဆိုင်ရာများအား စစ်မေးချိန်၌လည်းကောင်း၊ တရားခံများဘက်မှ ပြန်လည်မေးခွန်းများ မေးနိုင်သည့်ပြင်



စွဲချက်တင်ပြီးသည့်အခါတွင်လည်း ပြန်ခေါ်သက်သေအဖြစ် မေးနိုင်၍ တရားခံများအနေဖြင့် နစ်နာခွင့် မဆုံးရှုံးနိုင်ကြောင်း။

### ဖြောင့်ချက်

အမှုစတင်စွဲဆိုရာ၌ မည်သည့် စာရွက်စာတမ်း အမှတ်အသားနှင့် သက်သေခံပစ္စည်းများ ပါရှိရမည်ဟု ဥပဒေက ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ တရားလိုဘက်က တင်သွင်းသော တိုက်ရိုက်တင်သွင်း လျှောက်ထားချက်နှင့် ပူးတွဲတင်ပြထားသော စာရွက်စာတမ်း အမှတ်အသားများသည် အမှုဖွင့်၍ လက်ခံစစ်ဆေးရန် လုံလောက်သည်ဟု ယူဆကြောင်း စသည်တို့ကြောင့် သက်သေခံအဖြစ် ထည့်သွင်းခြင်း မပြုသေးသော ဖြောင့်ချက်များကို မည်သည့်ဘက်ကမျှ ဖတ်ခွင့် လေ့လာခွင့် မိတ္တူရယူခွင့် မရှိကြောင်း ဖော်ပြပါရှိသည်။

ဆက်လက်၍ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက ဗိုလ်ချုပ်ကြီးဟောင်းဦးတင်ဦး၏ အချုပ်လွတ် ထုချေခွင့်ပြုပါရန် လျှောက်ထားချက်နှင့် ပတ်သက်၍ အမိန့်ချမှတ်မည်ဖြစ်ကြောင်း ပြောကြားသည်။

### ကြီးလေး

ယင်းအမိန့်ကို တရားရုံးက ဖတ်ကြားရာတွင် ဤအမှုကြီးတွင် လျှောက်ထားသူနှင့်အတူ အရေးယူခြင်းခံနေရသော အခြားတရားခံများက ကျူးလွန်သည်ဟု စွဲဆိုထားသော ပြစ်မှုများသည် အလွန်ကြီးလေးသော ပြစ်မှုဖြစ်သဖြင့် သက်သေထင်ရှားပါလျှင် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်ခြင်းကိုလည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကိုလည်းကောင်း ထိပါးစေနိုင်သော ပြစ်မှုဖြစ်သည်ကို တွေ့ရကြောင်း၊ လျှောက်ထားသူတွင် ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍လည်း ၎င်း၏အကျိုးဆောင် တင်ပြချက်သာရှိပြီး သက်ဆိုင်ရာ ဆေးပညာရှင်များ၏ မှတ်ချက် ထောက်ခံချက်များ မရှိကြောင်း။

### သာဓကရှိ

လျှောက်ထားသူ၏ အကျိုးဆောင်တင်ပြ ကိုးကားသော အမခံနှင့် ပတ်သက်သည့် စီရင်ထုံးမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကိုလည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဆိုရှယ်လစ်စီးပွားရေးစနစ်ကိုလည်းကောင်း ထိပါးစေနိုင်သော ပြစ်မှုမျိုးမဟုတ်သည့်ပြင် ယခုစွဲဆိုထားသော အမှုမျိုးတွင် အချုပ်လွတ်ထုချေခွင့်ပေးသော သာကေလည်း မရှိကြောင်း၊ ထို့ပြင် ယခင် နိုင်ငံတော်တရားရုံးချုပ် ၁၉၆၅ ခု ဩဂုတ်လ ၆ ရက်နေ့စွဲဖြင့် ညွှန်ကြားလွှာအမှတ် ၇-၆၅ ၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကိုလည်းကောင်း၊ ဆိုရှယ်လစ်စီးပွားရေးစနစ်ကိုလည်းကောင်း ထိပါးစေနိုင်သော ပြစ်မှုများတွင် ကျူးလွန်သည်ဟု စွဲဆိုခြင်းခံရသော တရားခံများကို အမှုအတွင်း အချုပ်လွတ်ထုချေခြင်းပြုသင့် မပြုသင့်ကို ကောင်းစွာချိန်ဆဆုံးဖြတ်ရန် ညွှန်ကြားချက်ကိုလည်း လေ့လာကြောင်း။

## ပယ်

ထို့ကြောင့် လျှောက်ထားသူ တရားခံအပါအဝင် အခြားတရားခံများ၏ အပေါ် အရေးယူ စစ်ဆေးကြားနာနေသော အမှုကြီးသည် အလွန်ကြီးလေးသော ပြစ်မှုကြီးတစ်ခုဖြစ်ခြင်းနှင့် တရားလိုပြသက်သေ ၈၈ ဦးရှိသည့်အနက် တစ်ဦးတစ်ယောက်မျှ ယနေ့အထိ ပြီးစီးအောင် မစစ်ဆေးရသေးသဖြင့် အချုပ်လွတ်ထုချေခွင့် လျှောက်ထားခြင်းကို ပယ်လိုက်ကြောင်း ဖော်ပြပါရှိသည်။

## တွေ့ဆုံခွင့်

၎င်းနောက် အမှုကို ဆက်လက်စစ်ဆေးရာ တရားလို ရဲမှူးဦးစိုးမြင့်အား တရားရုံးတွင် ၎င်း၏ထွက်ဆိုချက်များနှင့် ပတ်သက်၍ တရားခံအကျိုးဆောင်များဖြစ်ကြသော ဦးကိုယု၊ ဦးမောင်မောင်(၆)၊ ဦးဘိုးသာ၊ ဦးတင်မောင်တို့က မေးခွန်းများ မေးမြန်းရာ တရားလိုမှူး ဦးစိုးမြင့်က ထွက်ဆိုသည်။ ထို့နောက် တရားရုံးကို နံနက် ၁၁ နာရီခွဲတွင် ခေတ္တရပ်နားပြီး တရားခံများအား ယင်းတို့၏မိသားစုများနှင့် မွန်းလွဲတစ်နာရီအထိ တွေ့ဆုံခွင့်ကို ဆိုင်ရာတို့က စီစဉ်ပေးသည်။

## တာဝန်ကျ

မွန်းလွဲ ၁ နာရီတွင် အမှုကို ပြန်လည်စစ်ဆေးရာ တရားလိုသက်သေ ဗိုလ်ကြီးထွန်းကျော်ကို စတင်စစ်ဆေးသည်။



တရားလိုပြသက်သေ ဗိုလ်ကြီးထွန်းကျော်က ထွက်ဆိုရာတွင် မိမိသည် ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိပြီးနောက် ၁၉၆၄ ခုနှစ်ဇန်နဝါရီလတွင် မှော်ဘီဗိုလ်သင်တန်းကျောင်း ဗိုလ်သင်တန်းအမှတ်စဉ်(၂၉)သို့ တက်ရောက်ခဲ့ကြောင်း၊ သင်တန်းတက်စဉ် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် တပ်စုတစ်စုထဲဖြစ်ကြောင်း၊ ဗိုလ်သင်တန်းဆင်းပြီး ၁၉၆၄ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ခြေမြန်တပ်ရင်း(၁၀၆)တွင် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့်အတူ တာဝန်ကျခဲ့ကြောင်း။

## ပြောင်းရွှေ့

ဗိုလ်ကြီးအုန်းကျော်မြင့်သည် မိမိနှင့် အလွန်ရင်းနှီးကြောင်း၊ ၁၉၇၃ ခုနှစ်တွင် မိမိသည် ဦးစီးအရာရှိ(တ)အဖြစ် စစ်ရာထူးခန့်ရုံးတွင် တာဝန်ကျစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်သည် ရန်ကုန်တိုင်းစစ်ဌာနချုပ်သို့ ပြောင်းရွှေ့သွားရကြောင်း၊ မိမိသည် ပထမ ရန်ကုန်မြို့ ၁၇ လမ်းတွင် နေထိုင်ရာမှ ဗိုလ်ကြီးအုန်းကျော်မြင့်၏ ကူညီစီစဉ်ပေးမှုကြောင့် နဝရတ်ရိပ်သာတွင် ဗိုလ်ကြီးအုန်းကျော်မြင့်တိုက်နှင့် ကပ်လျက်တိုက်တွင် အခန်းရကြောင်း။

## အာဏာသိမ်း

ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် မိမိတို့သည် တစ်ဦး၏နေအိမ်သို့ တစ်ဦး အပြန်အလှန် ဝင်ထွက်လေ့ရှိပြီး ပြင်ပသို့ နှစ်ယောက်တည်းသွားလေ့ရှိကြောင်း၊ စသဖြင့်ထွက်ဆိုပြီး ဗိုလ်ကြီးအုန်းကျော်မြင့်သည် ၁၉၇၆ ခု မတ်လ ၅ ရက်နေ့ ညနေတွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးတင်ဦး တပ်မတော်မှနုတ်ထွက်မည့်အကြောင်းနှင့် မည်သည့်အတွက်ကြောင့် နုတ်ထွက်ရကြောင်း သူ၏ထင်မြင်ချက်များကိုလည်းကောင်း၊ မတ်လ ၆ ရက်နောက်ပိုင်း နှစ်ရက်ခန့်တွင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းရုံးအရာရှိရိပ်သာတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးကြီးလှဖေနှင့် ၎င်းတို့နှစ်ဦး သွားရောက်တွေ့ဆုံပြီး ဗိုလ်ချုပ်ကြီးတင်ဦး တပ်မှနုတ်ထွက်ရသည့်ကိစ္စ ပြောဆိုကြပုံကိုလည်းကောင်း၊ မတ်လ ၂၇ ရက် တော်လှန်ရေးနေ့မတိုင်မီ ဗိုလ်ကြီးအုန်းကျော်မြင့်သည်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးထွန်းကျော်၊ ဗိုလ်ကြီးစံကြည်၊ ဗိုလ်မှူးစိန်မြင့်တို့နှင့် တွေ့ဆုံပြီး တော်လှန်ရေးနေ့ ညစာစားပွဲတွင် ခေါင်းဆောင်ကြီးများကို လုပ်ကြံရန်စီစဉ်ပုံနှင့် အာဏာသိမ်းမည့် အစီအစဉ်များကိုလည်းကောင်း၊ မတ်လ ၂၉ ရက်နေ့ စစ်ရုံးတွင် အစည်းအဝေးကျင်းပစဉ် ခေါင်းဆောင်ကြီးများကို လုပ်ကြံအာဏာသိမ်းရန် စီစဉ်ပုံများကိုလည်းကောင်း တရားရုံးသို့ ထွက်ဆိုသွားသည်။

မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် အမှုစစ်ဆေးမှုကို ရပ်နားပြီး နက်ဖြန်နံနက် ၁၀ နာရီတွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်သည်။

✧✦✧

## ဗိုလ်ကြီးအုန်းကျော်မြင့်က သံရုံး၌ဗိုလ်လုံးရန် လာခေါ်စဉ် ငြင်းဆန်ခဲ့ပုံ မိမိသန္နိဋ္ဌာန်အလျောက် ပြောင်ချက်ပေးခဲ့ပုံ ဗိုလ်ကြီးထွန်းကျော် အစစ်ခံ

### ဖုန်းဆက်ခေါ်

ဗိုလ်ကြီးထွန်းကျော်က ဆက်လက်ထွက်ဆိုရာတွင် နိုင်ငံတော်ခေါင်းဆောင်ကြီးများ လုပ်ကြံရန်ကြံစည်ရာတွင် လူကြီးများပါဝင်သည်ဟု ထင်ကြောင်း၊ နောက်မှ ဗိုက်ကြီးအုန်းကျော်မြင့်တို့ ဦးဆောင်နေသည်ကို သိရကြောင်း၊ နောက်တစ်နေ့ (ရက်မမှတ်မိ)ညတွင် ဗိုလ်ကြီးအုန်းကျော်မြင့်အိမ်သို့သွားလည်ရာ၌ ဗိုလ်ကြီးအုန်းကျော်မြင့်က လူကြီးများစည်းဝေးလုပ်တိုင်းလက်ယားနေကြောင်း၊ သုံးလေးယောက်လောက်နှင့်လုပ်လျှင် ဖြစ်နိုင်သည်ထင်သည်ဟု ပြောကြောင်း၊ ထိုနေ့ညက ဗိုလ်ကြီးအုန်းကျော်မြင့်က ဗိုလ်ကြီးဝင်းသိန်းအား ဖုန်းခေါ်၍ရောက်လာရာ ဗိုလ်ကြီးဝင်းသိန်း(အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးကြီးမင်းခေါင်၏ ကိုယ်ရေးအရာရှိ)က သည်လူကြီးသုံးယောက်မရှိလျှင် တိုင်းပြည်ကောင်းသွားမည်ဖြစ်ကြောင်း၊ တစ်ယောက်ချင်းဖြစ်ဖြစ် လဲပစ်ချင်ကြောင်း၊ ထင်ရာမြင်ရာ ဇွတ်လုပ်ပစ်ချင်ကြောင်း စသည်ဖြင့် ပြောကြောင်း။

ဇွန်လတစ်ရက်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်လာခေါ်၍ ကားဖြင့် မြို့ထဲသို့သွားကြကြောင်း၊ နောက် ဗိုလ်ကြီးဝင်းသိန်းအား ဝင်ခေါ်ပြီး ကားပေါ်၌စကားပြောကြကြောင်း၊ ဗိုလ်ကြီးဝင်းသိန်းက ယခု ဗဟိုကော်မတီအစည်းအဝေးတွင် လုပ်လျှင်ဖြစ်နိုင်ကြောင်း၊ သို့မဟုတ် အိမ်တော်တွင် ဗဟိုကော်မတီအစည်းအဝေးအပြီး သမ္မတကြီးက တိုင်းမှူး၊ တပ်မမှူးများကို ခေါ်တွေ့စဉ် လုပ်ကြံနိုင်ကြောင်း၊ ၎င်းက ဆက်လက်၍ ထိုသို့တွေ့ဆုံစဉ် သမ္မတကြီး၊ ဗိုလ်ချုပ်ကြီးစန်းယုနှင့် ဗိုလ်မှူးကြီးတင်ဦးတို့ကို သေနတ်ဖြင့်ပစ်ပြီး တစ်ယောက်မှ

www.burmeseclassic.com

www.burmeseclassic.com



မလှုပ်ရန်နှင့် တပ်မတော်က အာဏာသိမ်းလိုက်ပြီးဖြစ်၍ မိမိတို့ ကွန်မန်ဒါ လာလိမ့်မည်ဖြစ်ကြောင်းပြော၍ ဗိုလ်ချုပ်ကြီးတင်ဦးကို ခေါ်လာပြီး ဆက်လက်လုပ်ကိုင်မည်ဟုပြောကြောင်း၊ ဆက်လက်၍ ကွန်မန်ဒါမလာမီထိန်းထားစဉ် လူကြီးတစ်ယောက်ယောက်ပါလျှင် ကောင်းမည်ထင်ကြောင်း၊ သို့ဖြစ်၍ ဗိုလ်မှူးကြီးလှဖေကော မရနိုင်ဘူးလားဟု ဗိုလ်ကြီးအုန်းကျော်မြင့်ကို မေးရာ ဗိုလ်ကြီးအုန်းကျော်မြင့်က ဗိုလ်မှူးကြီးလှဖေကို မတွေ့ရသေးကြောင်း ပြန်၍ပြောကြောင်း။

## မဖြစ်နိုင်

ထို့ပြင် ဗိုလ်ကြီးဝင်းသိန်းက ဆက်လက်၍ လေယာဉ်ကွင်းတွင် သမ္မတကြီး နိုင်ငံခြားသို့အသွား လူကြီးများလိုက်ပို့စဉ် လုပ်ကြလျှင် ပိုလွယ်၍ လွတ်လမ်းရှိသည်ဟု ပြောကြောင်း၊ တစ်နေ့တွင် ဗိုလ်ကြီးအုန်းကျော်မြင့် မိမိအိမ်သို့ရောက်လာပြီး ဗိုလ်ကြီးဝင်းသိန်းပြောသောကိစ္စကို အိမ်တော်ပုံဆွဲပြပြီးမေးရာ မိမိက မဖြစ်နိုင်သည်ကို ဗိုလ်ကြီးဝင်းသိန်းက ထင်ရာမြင်ရာလျှောက်ပြောခြင်းဟု ယူဆကြောင်း ပြောလိုက်ကြောင်း။

ဇွန်လထဲတွင် မိမိသည် ဗိုလ်ကြီးအုန်းကျော်မြင့်ကားနှင့်အတူ ဗိုလ်ကြီးကျော်ရှိန်းအိမ်သို့ သွားကြကြောင်း၊ မိမိတို့သုံးဦး အလုံလမ်းသမ္မတအိမ်တော်ဘက်ကားပတ်မောင်းလာရင်း ရှမ်းလမ်းဘက်ရောက်သောအခါ ဗိုလ်ကြီးအုန်းကျော်မြင့်က သည်ဘက်က ပိုကောင်းကြောင်း၊ သံဆူးကြိုးများ ရှိကြောင်းပြောရာ ဗိုလ်ကြီးကျော်ရှိန်းက သံဆူးကြိုးများဖြတ်ရန် ကတ်ကြေးရှာထားမည်ဟု ပြောကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်က လူစုမကွဲမီ မြန်မြန်လုပ်လိုသည်ဟု ပြောကြောင်း။

ဇူလိုင် ၂ရက် ညနေ ၅နာရီခွဲခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့် မိမိအိမ်သို့ရောက်လာပြီး ပီအက်စ်အို အားလုံးကို စုထားကြောင်း၊ အားလုံး သိကုန်ပြီဖြစ်၍ ဖမ်းကြလိမ့်မည်ဖြစ်ရာ ပစ်ဖမ်းရန်လည်း အမိန့်ပေးထားကြောင်း၊ ထို့ကြောင့် မိမိတို့နှစ်ယောက် အမေရိကန်သံရုံးတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းရန် လာခေါ်သည်ဟုပြောရာ မိမိက မလိုက်လိုကြောင်း၊ ဖမ်းလျှင် ရှင်းပြမည်ဟု ပြောလိုက်ကြောင်း။



ထိုနေ့ည ၁၁ နာရီခွဲလောက်တွင် ရန်ကုန်တိုင်း ထောက်လှမ်းရေးက မိမိကို လာခေါ်ကြောင်း၊ ဩဂုတ် ၂၄ ရက် ညနေတွင် မိမိကို အင်းစိန်ထောင်ဗူးဝတွင် ရဲမှူး ဦးစိုးမြင့်အား လွှဲပေးကြောင်း၊ ဩဂုတ် ၂၅ ရက်တွင် ရဲအုပ်ကြီးဦးမြင့်အောင်က စစ်ဆေးကြောင်း၊ စစ်ဆေးစဉ် ဖြောင့်ချက်ပေးလိုသည်ဟုပြောခဲ့ကြောင်း၊ ထို့ကြောင့် ဩဂုတ် ၂၆ ရက်တွင် အင်းစိန်မြို့နယ်ပြည်သူ့တရားရုံး၌ မိမိဆန္ဒအလျောက် ဖြစ်ပျက်ခဲ့သမျှနှင့်ပတ်သက်၍ သိသမျှကို ဖြောင့်ချက်ပေးခဲ့ပါကြောင်း စသည်ဖြင့် တရားရုံးသို့ အသေးစိတ် ထွက်ဆိုသွားသည်။

## တွေ့ခွင့်ပေး

ယနေ့ တရားရုံးစစ်ဆေးမှု ခေတ္တရပ်နားချိန်တွင် တရားခံများနှင့် ၎င်းတို့၏မိသားစုတို့အား တွေ့ဆုံခွင့် သက်ဆိုင်ရာက စီစဉ်ပေးသည်။ စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် အမှုကို ဆက်လက်စစ်ဆေးမည်ဖြစ်သည်။

www.burmeseclassic.com

## ခေါင်းဆောင်များလုပ်ကြံရန်ကြံမှုဆက်စပ် တရားလိုပြသက်သေ ဗိုလ်ကြီးစံကြည်အစစ်ခံ

### ဗိုလ်ကြီးစံကြည်

တရားလိုပြသက်သေ ဗိုလ်ကြီးစံကြည်က ထွက်ဆိုရာတွင် မိမိသည် တက္ကသိုလ်ဝင်တန်းကို ၁၉၆၀–၆၁ ခုနှစ်က အောင်မြင်ပြီး ၁၉၆၂ ခုနှစ်တွင် မေမြို့စစ်တက္ကသိုလ်အမှတ်စဉ်(၈) ဗိုလ်လောင်းသင်တန်းသို့ တက်ရောက်ခဲ့ရာ ၁၉၆၆ ခုနှစ်တွင် ကျောင်းဆင်းခဲ့ကြောင်း၊ ထို့နောက် အမှတ်(၁၀၉) ခြေမြန်တပ်ရင်းတွင် တာဝန်ထမ်းဆောင်ကြောင်း၊ ၁၉၆၉ခုတွင် မေမြို့စစ်တက္ကသိုလ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၂ ခု မေလတွင် ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း)ရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရကြောင်း။

### ကိုယ်ရံတော်

ထိုစဉ်က ဗိုလ်ချုပ်ကြီးတင်ဦးသည် ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဖြစ်ကြောင်း၊ ထိုနှစ် စက်တင်ဘာလတွင် ၎င်း၏ကိုယ်ရံတော်အရာရှိ တာဝန်ထမ်းဆောင်ရကြောင်း၊ ၁၉၇၄ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးတင်ဦးသည် ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာကြောင်း၊ မိမိသည်လည်း ကိုယ်ရံတော်အရာရှိအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်ခဲ့ရကြောင်း၊ ၁၉၇၆ ခု မတ်လ ၄ ရက် ည ၇ နာရီတွင် သမ္မတရုံးအစည်းအဝေးမှအပြန်တွင် ဗိုလ်ချုပ်က နောက်တစ်နေ့သွားရမည့် အစီအစဉ်များကို မိမိအား မှာကြားပြီး ဗိုလ်ချုပ်၏ဇနီး ဖြစ်သူ ပစ္စည်းမှာသည့်အကြောင်းကြောင့် ၎င်းသည် တမ်မတော်မှနုတ်ထွက်ရမည်ကို မိမိအား ပြောပြကြောင်း။



### တာဝန်အရ

မတ်လ ၅ ရက် နံနက်တွင် မိမိနှင့် ဗိုလ်ကြီးသန့်ဇင်မြင့်တို့သည် ဗိုလ်ချုပ်အိမ်ကို သွားခဲ့ကြောင်း၊ ဗိုလ်ချုပ်က ၎င်း၏ရာထူးမှ နုတ်ထွက်ရမည့်အကြောင်းနှင့် အလုပ်တာဝန်လွှဲပြောင်းပေးရန် စီစဉ်ထားခိုင်းကြောင်း၊ ထိုနေ့က မိမိရုံးရောက်ပြီးနောက် ရုံးတာဝန်လွှဲပြောင်းပေးရန်နှင့် အလုပ်ကို လွှဲပြောင်းလက်ခံမည့် ဗိုလ်ကြီးအုန်းကျော်မြင့်ကို အဆက်အသွယ်ပြုခဲ့ကြောင်း၊ မိမိသည် ၁၉၇၂ ခု ကာကွယ်ရေးဦးစီးချုပ်ရုံးရောက်လာစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်ကို ရန်ကုန်တိုင်းမှူး၏ ဦးစီးအရာရှိအဖြစ် တွေ့ခဲ့ရကြောင်း၊ ရင်းရင်းနှီးနှီးမရှိသော်လည်း တာဝန်အရ ဆက်ဆံခဲ့ဖူးကြောင်း။

### ပစ္စည်းမှာ

ဗိုလ်ချုပ်ရာထူးမှ ထွက်ရပြီးသော်လည်း မိမိသည် ၎င်း၏ထွက်ခွင့်ကိစ္စ၊ ပင်စင်ကိစ္စ စသည်တို့ကို ဆောင်ရွက်ပေးရန် ဆက်လက်ဝင်ထွက်နေကြောင်း၊ ဗိုလ်ချုပ်ကလည်းကောင်း၊ ဗိုလ်ချုပ်ကတော်ကလည်းကောင်း ရာထူးမှ ထွက်ရသည့်ကိစ္စနှင့်ပတ်သက်ပြီး ခံစားရချက်များကို မိမိအားပြောပြကြောင်း၊ ယင်းပြောပြချက်များတွင် အဓိကအားဖြင့် အရေးယူခံရခြင်းမှာ မတရားအရေးယူခံရခြင်းဖြစ်ပြီး ဗိုလ်မှူးကြီးတင်ဦးသည် ၎င်း၏အမှုကို အရေးယူသည့်ကိစ္စ၌ အဓိကဆောင်ရွက်သူဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦး အဆင်မပြေကြောင်းများ ပါရှိကြောင်း၊ ပစ္စည်းမှာသောကိစ္စနှင့်ပတ်သက်၍ မိမိကိုလည်း အရေးယူကောင်း ယူလိမ့်မည်ဖြစ်ကြောင်း စသည်ဖြင့်ပါရှိကြောင်း၊ ၁၉၇၆ ခု မတ် ၆ ရက်တွင် ဗိုလ်ချုပ်သည် တရားဝင် ရာထူးကထွက်ခွင့်ရကြောင်း၊ မတ် ၉ ရက်သို့မဟုတ် ၁၀ ရက် (မမှတ်မိ) ညတစ်ညတွင် ဗိုလ်ကြီးအုန်းကျော်မြင့်သည် မိမိနေထိုင်ရာအိမ်သို့ ရောက်လာကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်က ဗိုလ်ချုပ်နုတ်ထွက်ရခြင်းနှင့်ပတ်သက်၍ ၎င်းအနေဖြင့် အလွန်ဝမ်းနည်းကြောင်း၊ ပြီးခဲ့သည့် ပါတီဗဟိုကော်မတီ အစည်းအဝေး၌လည်း ဗိုလ်ချုပ်နှင့်ပတ်သက်၍ မည်သူကမျှ မဆွေးနွေးကြဘဲ ပြီးဆုံးသွားကြောင်းများကို မိမိအား ပြောပြကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေစဉ် ဗိုလ်ချုပ်နှင့် ဗိုလ်ချုပ်ကတော် ရောက်လာကြောင်း၊ ၎င်းတို့လာရခြင်းမှာ မိမိတို့မိသားစုကို အားပေးနှစ်သိမ့်ရန် လာခြင်းဖြစ်ကြောင်း၊ ထိုစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်က ကန်တော့သဖြင့် ဗိုလ်ချုပ်က တိုင်းပြည်တာဝန် ကျေပွန်စွာထမ်းဆောင်နိုင်ပါစေဟု ဆုပေးခဲ့ကြောင်း။

## အနားမှာ

မတ်လ တတိယပတ်နေ့ (မမှတ်မိ) တစ်နေ့တွင် မိမိ ဗိုလ်ချုပ်အိမ်သို့ ကားလိုင်စင်လုပ်ပေးရန် ဓာတ်ပုံသွားပို့စဉ် အိမ်ဝင်းဝ၌ ဗိုလ်ချုပ်ကတော်က မိမိအား ဗိုလ်ကြီးအုန်းကျော်မြင့် ရောက်နေကြောင်း၊ ဧည့်ခန်းမှာ ဗိုလ်ချုပ်နှင့် စကားပြောနေကြောင်း၊ ၎င်းက ဗိုလ်ချုပ်ကို မဟုတ်တာတွေ မေးနေလျှင် ပြောနေလျှင် ခက်မည်ဖြစ်သဖြင့် မိမိကို အနားမှာထိုင်ပေးရန် ပြောကြောင်း။

ဗိုလ်ကြီးအုန်းကျော်မြင့် ပြန်သွားပြီးနောက် ဗိုလ်ချုပ်က မိမိအား အုန်းကျော်မြင့်သည် ဗိုလ်ချုပ်အတွက် မခံနိုင်ဘူးဟုလာပြောနေကြောင်း၊ သို့ဖြစ်၍ ဆုံးမစကားပြောလိုက်ရကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်သည် အတော်စိတ်လှုပ်ရှားနေပုံရကြောင်း စသည်ဖြင့် ပြောပြကြောင်း။

## မေးမြန်း

မတ် ၂၀၊ သို့မဟုတ် ၂၁ ရက် ညနေတွင် ဗိုလ်ကြီးအုန်းကျော်မြင့်က ဖုန်းဆက်ခေါ်၍ ၎င်းအိမ်ရောက်သွားလျှင် ဗိုလ်ကြီးအုန်းကျော်မြင့်က မိမိအား ဗိုလ်ချုပ်အခြေအနေကို မေးရာ မိမိက ဗိုလ်ချုပ်အနေဖြင့် ၎င်း၏ဇနီးအပေါ် ပစ္စည်းမှာသောကိစ္စအတွက် မကျေမနပ်ဖြစ်နေကြောင်း၊ ဗိုလ်ချုပ်သဘောမှာ ဥက္ကဋ္ဌကြီးနှင့် ဗိုလ်ချုပ်ကြီးစန်းယု ရှိနေသမျှ ဘာမှုမလုပ်ဘဲနေသွားမည်ပြောသည်ဟု ပြန်ပြောခဲ့ကြောင်း၊ ထို့နောက် မိမိကို ဗိုလ်ကြီးအုန်းကျော်မြင့်က ခင်ဗျားဆရာ ဤသို့ဖြစ်ရခြင်းနှင့်ပတ်သက်၍ စိတ်ထဲတွင် မည်သို့မျှမဖြစ်ဘူးလား၊ ငြိမ်ခံနေမည်လား စသည်ဖြင့် မေးမြန်းခဲ့ကြောင်း။

မတ် ၂၄ သို့မဟုတ် ၂၅ ခန့်တွင် မိမိနှင့် ဗိုလ်ကြီးသန့်ဇင်မြိုင်တို့ စိမ်းရေး၌ာနစုဌ်တွေ့စဉ် မိမိက ဗိုလ်ကြီးအုန်းကျော်မြင့်အကြောင်းနှင့် ဖြစ်ပျက်ခဲ့



သမျှကို ပြောပြရာတွင် ဗိုလ်ကြီးသန့်ဇင်မြိုင်ကလည်း ဗိုလ်ချုပ်အတွက် ၎င်းတို့လည်း စိတ်ဓာတ်ရှိကြောင်း ပြန်၍ပြောကြောင်း။

## ဧည့်သည်

မတ် ၂၇ ရက်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်က မိမိထံ ဖုန်းဆက်၍သွားရာ ၎င်းအိမ်တွင် ဗိုလ်ကြီးထွန်းကျော်ကိုပါ တွေ့ရကြောင်း၊ မိမိနှင့် ဗိုလ်ကြီးထွန်းကျော်ကို ဗိုလ်ကြီးအုန်းကျော်မြင့်က မိတ်ဆက်ပေးပြီး ၎င်းသည်လည်း ဗိုလ်ချုပ်နုတ်ထွက်ရသည့်ကိစ္စအတွက် မခံမရပ်နိုင်ကြောင်း စသည်ဖြင့် ပြောပြကြောင်း၊ ဗိုလ်ချုပ်နုတ်ထွက်ရသည့်ကိစ္စအတွက် သဘောထားများကို ပြောဆိုနေစဉ် ဧည့်သည်တစ်ယောက် ရောက်လာ၍ နောက်ဖေးခန်းထဲ ဝင်နေရကြောင်း၊ ထိုသူကို မတွေ့ရသော်လည်း မေးမြန်းကြည့်ရာ ဗိုလ်ကြီးဘချစ် (ဗိုလ်မှူးကြီးသန်းတင်၏ ကိုယ်ရေးအရာရှိ)ဟု သိရကြောင်း။

ထို့နောက် ဗိုလ်ကြီးအုန်းကျော်မြင့်က နေရာတကာတွင် ချုပ်ခြယ်နေသော ခေါင်းဆောင်များကို ရှင်းပစ်ပြီး ဗိုလ်ချုပ်ကို ပြန်တင်မည်ဖြစ်ကြောင်း ပြောသောအခါ မိမိက ဗိုလ်ချုပ်သည် ဥက္ကဋ္ဌကြီးအပေါ် သံယောဇဉ်ကြီးကြောင်း၊ လက်ရှိခေါင်းဆောင်များသည် ၎င်းနှင့် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သဖြင့် သံယောဇဉ်ရှိကြောင်း၊ ကြိုက်မည်မဟုတ်ကြောင်း စသည်ဖြင့် ပြန်ပြောခဲ့ကြောင်း။

## ကူပြောပေး

၎င်းနောက် ဗိုလ်ကြီးအုန်းကျော်မြင့်က လုပ်မည်ဆိုလျှင် ယခုညအကောင်းဆုံးဖြစ်ကြောင်းပြောရာ ဗိုလ်ကြီးထွန်းကျော်ကလည်း ထိုအတိုင်းပင် ပြောကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်က ဆက်လက်၍ ယခုည ညစာစားပွဲလုပ်လျှင် အိမ်တော်ကို ဝိုင်းပြီး ၎င်းက ဗိုလ်ချုပ်ကြီးစန်းယုကိုလည်းကောင်း၊ ဗိုလ်ကြီးထွန်းကျော်က ဗိုလ်မှူးကြီးတင်ဦးကိုလည်းကောင်း ရှင်းပြီး မိမိဆရာ ဗိုလ်ချုပ်ကို အာဏာအပ်ရန် စီစဉ်ထားကြောင်း၊ သို့ဖြစ်၍ ထိုအကြံကို လက်ခံရန် ဗိုလ်ချုပ်အား မိမိက ကူပြောပေးရန် ပြောကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လုပ်ဖြစ်မဖြစ်ကို ရေဒီယိုက ကြေညာမည်ဖြစ်၍ ရေဒီယိုနားထောင်နေပါဟု မိမိအား မှာကြားခဲ့ကြောင်း၊ ထို့နောက် ဗိုလ်ကြီးအုန်းကျော်မြင့်သည် အိမ်ခန်းထဲမှ ကာဘိုင်သေနတ်တစ်လက်သွားယူပြီး မိမိအားပြသကြောင်း၊ ထို့ပြင် ဗိုလ်ကြီးသန့်ဇင်မြိုင်အတွက် ပစ္စတိုသေနတ်ကိုယူသွားရမည်ဟုပြောကြောင်း။

### မထူး

ထိုနေ့ည ၆ နာရီခွဲခန့်တွင် မိမိသည် ဗိုလ်ချုပ်အိမ်သို့သွားစဉ် ဗိုလ်ချုပ်ကတော်နှင့်တွေ့၍ ၎င်းက သည်တော်လှန်ရေးနေ့တွင် တပ်က တစ်ခုခုလုပ်မည်ဟု ကောလာဟလများ ဖြစ်နေကြောင်းပြောရာ မိမိက ဗိုလ်ကြီးအုန်းကျော်မြင့်ထံမှ ကြားရသည့်အတိုင်း လူငယ်များက တပ်ကိုစည်းရုံးပြီး ဗိုလ်ချုပ်ကို ပြန်တင်မည်ဟုပြောကြောင်း၊ ထို့ပြင် သိရ၍ အကြောင်းထူးလျှင် ပြန်လာခဲ့မည်ဟုပြောခဲ့ကြောင်း၊ သို့သော်လည်း ထိုညအဖို့ မထူးခဲ့ကြောင်း။

မတ် ၂၈ ရက်တွင်လည်း ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် မြေနီကုန်းဈေး၌ တွေ့ရာ ၂၉ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေး၌ လုပ်ကြံမည်ဖြစ်သည်ဟု မိမိအား ထပ်ပြောခဲ့ကြောင်း၊ သို့သော်လည်း မလုပ်ဖြစ်ကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်က ရှင်းပြခဲ့ကြောင်း။

ဧပြီလ ပထမပတ်ထဲ ညတစ်ညတွင် မိမိသည် ဗိုလ်ချုပ်အိမ်သို့ သွားရောက်ပြီး ၎င်းတပ်မှထွက်ရသည့်ကိစ္စနှင့် လူငယ်အချို့ မခံမရပ်နိုင်ဖြစ်နေသည့်ကိစ္စများကို ရှင်းလင်းပြောပြရာ ဗိုလ်ချုပ်က ယင်းသို့လုပ်၍မဖြစ်ကြောင်း၊ တပ်၍ မိမိမရှိလျှင် မဖြစ်ဟုသည်မှာလည်း မဟုတ်ကြောင်း၊ ပုဂ္ဂိုလ်ရေးအရ ကြည်ညိုပြီး သည်ပုဂ္ဂိုလ်ရှိမှ ဖြစ်မည်ဆိုသည်မှာ မကောင်းကြောင်း၊ ထိုပုဂ္ဂိုလ်မရှိလျှင် နောက်ပုဂ္ဂိုလ်က ဆက်လုပ်သွားမည်ဖြစ်ကြောင်း၊ အုန်းကျော်မြင့်နှင့် ပတ်သက်၍ ဗိုလ်ချုပ်ကျော်ထင်အား ပြောထားမှဖြစ်မည် စသည်ဖြင့် ပြောခဲ့ကြောင်း။

ထို့ပြင် ဗိုလ်ကြီးဝင်းထိန်ကို ဗိုလ်ကြီးအုန်းကျော်မြင့်တို့၏ အကြံများကို ပြောပြရာ ၎င်းက မိမိအား ဗိုလ်ကြီးအုန်းကျော်မြင့်ကို သတိထားနေသင့်ကြောင်း ပြောပြခဲ့ကြောင်း။



ဧပြီလထဲတွင် (နေ့မမှတ်မိ) ဗိုလ်ချုပ်အိမ်သို့သွားရာ ခြံထဲ၌ ဗိုလ်ချုပ်ကတော်နှင့်တွေ့သဖြင့် ၎င်းက တော်လှန်ရေးနေ့က ဗိုလ်ချုပ်ကို ပြန်တင်မည့်အစီအစဉ် မဖြစ်ပါလားဟုမေးရာ မိမိက ဗိုလ်ကြီးအုန်းကျော်တို့ထံမှ သိရခြင်းသာဖြစ်ကြောင်း ပြောခဲ့ကြောင်း။

မေလထဲတွင် မိမိသည် စစ်တက္ကသိုလ်သို့ပြောင်းရွှေ့ရန် စစ်ရာထူးခန့်ဗိုလ်မှူးကြီးကို သွားတွေ့ရန်သွားရာ ထိုရုံးမှာ ဗိုလ်ကြီးထွန်းကျော်နှင့်တွေ့၍ ၎င်းက ဗိုလ်ကြီးအုန်းကျော်မြင့်ကို ထိန်းနေရသည်ဟု အစချီ၍ ကြံစည်ပုံများကို ပြန်ရှင်းပြခဲ့ကြောင်း။

### ကြံစည်ပုံ

ထိုလ ၁၂၊ သို့မဟုတ် ၁၃ ရက်တွင် ဗိုလ်ကြီးဝင်းသိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနတွင်တွေ့ရာ ၎င်းကလည်း ဗိုလ်ချုပ်ကိစ္စများကို မေးမြန်း၍ ဘာမျှမလုပ်ဘူးလားဟု ပြောခဲ့ကြောင်း၊ ထို့နောက် ၁၃ သို့မဟုတ် ၁၄ ရက်တွင် ၎င်းနှင့်ထပ်တွေ့လျှင် ဗိုလ်ချုပ်နှင့် ဗိုလ်မှူးကြီးတင်ဦးတို့အကြောင်း မေးခဲ့ကြောင်း၊ လက်ရှိလူကြီးများလုပ်နေပုံကို မကြိုက်ကြောင်း၊ ထို့ပြင် ဧပြီလက ပါတီဌာနချုပ်၌ တိုင်းမှူး၊ တပ်မဟာမှူးတို့ အစည်းအဝေးလုပ်စဉ်ကလည်း ဗိုလ်ချုပ်ကို ပြန်တင်ရန် ကြံကြသေးကြောင်း စသည်ဖြင့် ကြံစည်ပုံများကို မိမိအား ပြောပြခဲ့ကြောင်း။

### မလျှော့သေး

ဇွန်လ ၆ ရက် ည ၈ နာရီခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့် မိမိအိမ်သို့ရောက်လာပြီ ၎င်းတို့ကြံစည်ခဲ့ပုံများ တစ်ခုမျှမလုပ်ဖြစ်ခဲ့ကြောင်း၊ တစ်နေ့နေ့တွင် လုပ်ဖြစ်မည်ဟု မိမိအား ပြောခဲ့ကြောင်း၊ ဆက်လက်၍ ဗိုလ်ကြီးအုန်းကျော်မြင့်က ၎င်း၏ယူဆချက်ကို ပြောပြရာတွင် နိုင်ငံရေးနှင့်ပတ်သက်၍ လက်ရှိ တစ်ပါတီစနစ် ကျင့်သုံးပုံကို မကြိုက်ကြောင်း၊ လက်ရှိ လမ်းစဉ်ပါတီကိုလည်း ဖျက်သိမ်းပစ်ရမည်ဖြစ်ကြောင်း၊ ပါတီသည် စည်းရုံးရေးထက် နေရာယူရေးကိုသာ လုပ်နေကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာပိုင်

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်းလည်း များလွန်းနေကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ဖျက်သိမ်းပစ်ရမည့်အကြောင်း၊ ၎င်းဖြစ်စေချင်သောဆန္ဒမှာ သမ္မတ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့ဆိုလျှင် လုံလောက်ပြီဖြစ်ကြောင်း၊ ယင်းအစိုးရအဖွဲ့ကို ထိန်းဖို့ အကြံပေးအဖွဲ့ ဖွဲ့ထားမည့်အကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ လူတိုင်း စားဝတ်နေရေးပြည့်စုံလျှင် မည်သည့်အမည်၊ မည်သည့်စနစ်ကိုမဆို လက်ခံကျင့်သုံးမည်ဖြစ်ကြောင်း။

စစ်ရေးနှင့်ပတ်သက်လျှင် ယခု တပ်မတော်သည် နိုင်ငံကာကွယ်ရေး၊ စည်းရုံးရေးလုပ်နေရကြောင်း၊ ကာကွယ်ရေးသက်သက်သာ ဖြစ်စေလိုကြောင်း စသည်ဖြင့် ပြောပြခဲ့ကြောင်း။

## နှုတ်ဆက်

ဇွန် ၇ ရက် ည ၉ နာရီခွဲခန့်တွင် မိမိသည် မေမြို့မသွားမီ ဗိုလ်ချုပ်အား သွားရောက်နှုတ်ဆက်ရာ ဗိုလ်ချုပ်အား ပါတီဝင်အဖြစ်မှ ရပ်စဲခံရသည်ကို သိရကြောင်း။ ထို့ကြောင့် မိမိက ယမန်နေ့ညက ဗိုလ်ကြီးအုန်းကျော်မြင့်က ဗိုလ်ချုပ်အတွက် မခံမရပ်ဖြစ်နေပုံများနှင့် ၎င်း၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးခံယူချက်များကို ပြောပြရာ ဗိုလ်ချုပ်က မိမိတို့နိုင်ငံတွင် ဆိုရှယ်လစ်စနစ်သာ ကျင့်သုံးရမည့်အကြောင်း၊ ယင်းစနစ်ကို အကောင်အထည်ဖော်ရာ၌ တစ်ပါတီစနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် သွေးဆူခြင်းမျိုးမှာ မကောင်းကြောင်း၊ လက်ရှိလူကြီးများသည် စေတနာဖြင့် အကောင်းဆုံးလုပ်နေကြခြင်းဖြစ်သည်ဟု ပြောပြကြောင်း။

ဇွန် ၈ ရက် နံနက်တွင် ဗိုလ်ချုပ်အား သွားကန်တော့ခဲ့ကြောင်း၊ ဗိုလ်ချုပ်အိမ်မှအပြန် မေမြို့သွားရန် ဘူတာကြီးသို့ ထွက်ခဲ့ကြောင်း၊ ထိုနေ့တွင် မေမြို့သို့ထွက်ခဲ့ကြောင်း။

မိမိသည် စစ်တက္ကသိုလ်၌ တာဝန်ထမ်းဆောင်စဉ် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် အဆက်အသွယ် မလုပ်ခဲ့ကြောင်း၊ မိမိသည် မေမြို့ရောက်ပြီး စိတ်တည်ငြိမ်လာမှ ဗိုလ်ချုပ်ပြောခဲ့သောစကားများ၊ သူငယ်ချင်းများပြောခဲ့သည့် စကားများနှင့် မိမိ၏အသိများနှင့် ပြန်စဉ်းစားရာတွင် ဗိုလ်ချုပ်သည် ရာထူးမှ



ထွက်ပြီးမှပြောသည့် ၎င်း၏ မကျေနပ် ခံစားရချက်များကို ဗိုလ်မှူးကြီးတင်ဦး အပေါ်တွင် ၎င်း၏ တစ်ဖက်သတ်ထင်မြင်ချက်များဖြစ်သည်ကို မြင်လာကြောင်း၊ ယခင်က ၎င်းတို့နှစ်ဦး အဆင်မပြေဖြစ်သည်ဟု တစ်ခါမျှ မကြားမတွေ့ခဲ့ရဖူးကြောင်း။

## အမှားမြင်

ဗိုလ်မှူးကြီးတင်ဦးသည် အလုပ်လုပ်ရာတွင် မှန်ကန်တိကျ ပြတ်သားသည်၊ အထက်ကို တင်ပြရာတွင်လည်း မှန်မှန်ကန်ကန်တင်ပြတတ်သည်ဟု သိရကြောင်း၊ ဗိုလ်ချုပ် ယခု အရေးယူခံရခြင်းမှာ ဥက္ကဋ္ဌကြီးက သတိပေးတားမြစ်ထားလျက် ဇနီးဖြစ်သူက တားမြစ်ချက်များကို ဖောက်ဖျက်ခဲ့သဖြင့် ဗိုလ်ချုပ်မှာ အရေးယူခံရခြင်းဖြစ်ကြောင်း၊ ယခင်က ထင်မြင်ချက်များသည် ဗိုလ်ချုပ်ပြောသကဲ့သို့ ထင်မြင်ခဲ့ခြင်းဖြစ်ပြီး မပြစ်မှားသင့်သော ပုဂ္ဂိုလ်ကြီးများကို ပြစ်မှား၍ အပြစ်ကျူးလွန်ခဲ့ရကြောင်း၊ ယခုအခါ အမှားကို ပြတ်သားစွာ သိမြင်ပြီး မှန်မှန်ကန်ကန် ဤရုံးတော်မှ တိုင်းပြည်ကို တင်ပြကြောင်း၊ ကျူးလွန်ခဲ့သောအပြစ်နှင့်ပတ်သက်၍ မေးမည့်အပြစ်ဒဏ်ကို မိမိအနေဖြင့် ခံယူရန်ရှိကြောင်း ထွက်ဆိုသွားသည်။

## မေးမြန်း

ထို့နောက် ဗိုလ်ကြီးစံကြည်က တရားလိုအကျိုးဆောင် ဦးတင်အုန်းက မေးမြန်းချက်ကို ဖြေကြားရာတွင် မတ် ၂၇ ရက်က ဗိုလ်ကြီးအုန်းကျော်မြင့်က မိမိအား ပြသော ကာဘိုင်သေနတ်မှာ ယခု ရုံးတော်သို့တင်ပြသည့် ကာဘိုင်သေနတ်ဖြစ်ကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်သည် ဗိုလ်ချုပ်ကျော်ထင်၏ ကိုယ်ရံတော်အရာရှိဖြစ်ကြောင်း၊ ကိုယ်ရံတော်အရာရှိများသည် အစည်းအဝေးခန်းထဲသို့ ဝင်မထိုင်ရသော်လည်း အစည်းအဝေးခန်းအနီး၌ လွတ်လပ်စွာ သွားလာခွင့်ရှိကြောင်း၊ လူကြီးများသည် အခြားတစ်ဦး၏ ကိုယ်ရေးအရာရှိကိုလည်း မိမိကိုယ်ရေးအရာရှိကဲ့သို့ ယုံကြည်စိတ်ချကြောင်း၊ မိမိတို့သည် လူကြီးများနှင့်အတူ သွားလာရာ၌ ၎င်းတို့၏ လုံခြုံရေးအတွက် တာဝန်ရှိ၍

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရေးအရာရှိများသည် လက်နက်ကိုင်ဆောင်လေ့ရှိကြောင်း၊ လက်နက်ကိုင်ဆောင်ခြင်းအတွက် မိမိလူကြီးကလည်းကောင်း၊ အခြားလူကြီးများကလည်းကောင်း၊ အခြားလုံခြုံရေးတာဝန်ရှိသူများကလည်းကောင်း ယုံကြည်ကြကြောင်း၊ မိမိအား ဇူလိုင် ၃ ရက်တွင် မေမြို့၌ မန္တလေးထောက်လှမ်းရေးတပ်က လာခေါ်ကြောင်း၊ ၄ ရက်တွင် ရန်ကုန်ရောက်ကြောင်း၊ နောက် ဩဂုတ်လ ၂၆ ရက်တွင် အင်းစိန်ထောင်ဗူးဝ၌ ရဲမှူးဦးစိုးမြင့်က မိမိကို လက်ခံကြောင်း၊ ၂၈ ရက်တွင် ရဲအုပ်ကြီးဦးတင်ဝင်းက စစ်ဆေးကြောင်း၊ ၂၉ ရက်တွင် အင်းစိန်မြို့နယ် ပြည်သူ့တရားရုံး၌ မိမိဆန္ဒအလျောက် အမှန်အတိုင်း ဖြောင့်ချက်ပေးခဲ့ကြောင်း။

## ဆန္ဒပြု

ဤရုံးတော်သို့ ပြီးခဲ့သည့် ၁၀ ရက်က တရားခံအဖြစ် ရုံးထုတ်သောနေ့တွင် ရောက်ဖူးကြောင်း၊ မိမိအား ရဲမှူးဦးစိုးမြင့်က ဤအမှုတွင် တရားလိုပြသက်သေအဖြစ် ပြုလုပ်လိုကြောင်း၊ ရုံးတော်သို့ တင်ပြ၍ ရုံးတော်က မိမိဆန္ဒမေးမြန်းရာ အမှုအတွက် အမှန်အကန် တင်ပြလို၍ မိမိဆန္ဒအလျောက် တရားလိုပြသက်သေအဖြစ် လုပ်လိုကြောင်း လက်ခံဆန္ဒပြုခဲ့ကြောင်း။

၎င်းနောက် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌက အမှုကို စက်တင်ဘာ ၂၇ ရက်နေ့ တနင်္လာနေ့ နံနက် ၁၀ နာရီ ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာသည်။

✧ ✦ ✧

# တရားလိုပြသက်သေ ဗိုလ်မှူးမောင်လတ် ထွက်ဆိုအစစ်ခံ

## တာဝန်

မေးမြန်းချက်များနှင့် ပတ်သက်၍ တရားခံ ဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင် ဦးကိုယု၏ မေးမြန်းချက်ကို ဖြေကြားရာ၌ မိမိသည် ဗိုလ်ချုပ်ကြီးတင်ဦး၏ ကိုယ်ရေးအရာရှိအဖြစ် ၁၉၇၂ ခုနှစ်က စတင်တာဝန်ထမ်းဆောင်ကြောင်း၊ ၁၉၆၆ ခုတွင် ကျောင်းဆင်းပြီး ၁၉၆၉ ခုနှစ်အထိ စစ်မြေပြင်သို့ ထွက်ခဲ့ရကြောင်း၊ ကရင်ပြည်နယ်၊ မင်းဘူးခရိုင် အရှေ့မြောက်ပိုင်းနယ်စပ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် တိုက်ပွဲထွက်ခဲ့ရကြောင်း၊ ကိုယ်ရံတော်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ရာတွင် သာမန်အားဖြင့် နံနက် ၇ နာရီတွင် ဗိုလ်ချုပ်အိမ်သို့ရောက်ရပြီး ထိုအချိန်မှစ၍ ဗိုလ်ချုပ်နှင့်အတူ ညနေ ၅ နာရီခန့်အထိ ရှိနေရကြောင်း၊ အစည်းအဝေးများ ညဘက်ရှိလျှင် ဆက်လက်တာဝန်ထမ်းဆောင်ရကြောင်း၊ ကိုယ်ရံတော်အရာရှိအနေဖြင့် ကာကွယ်ရေးဦးစီးချုပ်၏ လုံခြုံရေးကိုလည်း တာဝန်ယူရကြောင်း။

## အာရုံစိုက်

မတ် ၆ ရက်နေ့လယ်ပိုင်းတွင် တာဝန်လွှဲပြောင်းရန်ကိစ္စနှင့်ပတ်သက်၍ ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးတွင်တွေ့ပြီး လုပ်ငန်းတာဝန်လွှဲပြောင်းရေးကို ပြောခဲ့ကြောင်း၊ မတ် ၂၇ ရက်ညက မိမိသည် ရေဒီယို နားထောင်ခဲ့ကြောင်း၊ မိမိကို ဗိုလ်ကြီးအုန်းကျော်မြင့် ပြောလိုက်သည့် စကားအရ တပ်မတော်ကပဲ အာဏာသိမ်းလိုက်ပြီလားဟု အာရုံစိုက်နားထောင်ကြောင်း၊ မိမိသည် အိမ်တော် ထမင်းစားပွဲများသို့ ဦးစီးချုပ်များနှင့်အတူ

www.burmeseclassic.com



တက်ဖူးကြောင်း၊ တစ်နှစ်လျှင် အိမ်တော်ထမင်းစားပွဲငါးကြိမ်လောက် တက်ခဲ့ဖူးကြောင်း။

မိမိအနေဖြင့် ဗိုလ်ကြီးအုန်းကျော်မြင့်တို့ လုပ်ဖြစ်မလုပ်ဖြစ် ရေဒီယိုနားထောင်ရန် သဘောတူကြောင်း၊ အကယ်၍ လုပ်ဖြစ်၍ သူတို့လာလျှင် ဗိုလ်ချုပ်ကို သူတို့နှင့်အတူ ကူပြောပေးဖို့ သဘောတူကြောင်း။

## သတိထား

မိမိအား ဗိုလ်ချုပ်က ဗိုလ်ကြီးအုန်းကျော်မြင့်ကို သတိထားဆက်ဆံရန် ပြောစဉ်က ပထမသတိထားပြီး ဆက်ဆံကြောင်း၊ နောက်တော့ မမှတ်မိတော့ကြောင်း၊ မတ် ၂၇ ရက်က သူတို့နှင့်စကားပြောကြစဉ် သူတို့က အားရပါးရပြောပြ၍ မိမိလည်း သူတို့စကားများတွင် နစ်ဝင်ပြီး ဗိုလ်ကြီးအုန်းကျော်မြင့်ကို သတိထားဆိုသောစကားကို မေ့သွားပြီး မိမိလည်း အလိုတူအလိုပါဖြစ်သွားကြောင်း။

မိမိအနေဖြင့် ပထမဆုံးရုံးထုတ်သောနေ့က အစိုးရသက်သေလုပ်ရန်အတွက် ကြားရခြင်းဖြစ်ကြောင်း၊ သတ်မှတ်ထားသော စည်းကမ်းချက်များကို ရှင်းပြသဖြင့် မိမိဆန္ဒအရ ရုံးတော်သို့ လက်ခံမည်ဟု ပြောပြခဲ့ကြောင်း၊ စည်းကမ်းသတ်မှတ်ချက်ထဲတွင် ဤအမှုနှင့်ပတ်သက်၍ မိမိသိသမျှကို အမှန်အကန် မကွယ်မဝှက်ဘဲ ထွက်ဆိုမည်ဟု ပါရှိကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်သည် မတ်လမကုန်မီအတွင်း ဗိုလ်ချုပ်အိမ်တွင် ဗိုလ်ချုပ်နှင့် တစ်ခါမျှမတွေ့ခဲ့ဘူးဟုဆိုလျှင် မိမိ ငြင်းပယ်ကြောင်း၊ ဗိုလ်ချုပ်အိမ်တွင် ဗိုလ်ချုပ်နှင့် အုန်းကျော်မြင့်တွေ့ကြောင်း ထွက်ဆိုသွားသည်။

တရားခံဗိုလ်ကြီးဝင်းသိန်း၏ အကျိုးဆောင် ဦးမောင်မောင်(ဖ)၏ မေးမြန်းချက်နှင့်ပတ်သက်၍ မိမိနှင့် ဗိုလ်ကြီးဝင်းသိန်းသည် တွေ့ဆုံကြလျှင် ပြောကြဆိုကြကြောင်း၊ ရင်းရင်းနှီးနှီး သွားလာခြင်း၊ ကိုယ်ရေးကိုယ်တာကိစ္စ တိုင်ပင်ခြင်းမျိုး မရှိခဲ့ကြောင်း၊ မိမိသည် တာဝန်အရ နေ့စဉ်မှတ်တမ်း မရေးရကြောင်း၊ သို့သော် ရုံးအလုပ်အတွက်မှတ်ရန် လိုအပ်လျှင် ရေးကြောင်း၊ ဗိုလ်ကြီးဝင်းသိန်းနှင့် မေ ၁၂ ရက် သို့မဟုတ် ၁၁ ရက်က တွေ့သည်ဟု



မိမိထွက်ဆိုခဲ့ခြင်းမှာ မိမိစစ်ရာထူးခန့်ရုံးသို့ ၁၀ ရက် သို့မဟုတ် ၁၁ ရက်က သွားခဲ့ကြောင်း၊ ထိုရက်နှင့်ဆက်ရက်မှာ ကာကွယ်ရေးဝန်ကြီးရုံးတွင် လူကြီးများအစည်းအဝေးလုပ်၍ ဗိုလ်ကြီးဝင်းသိန်းနှင့် တွေ့ခြင်းကြောင့် မေ ၁၂ ရက် သို့မဟုတ် ၁၃ ရက်ဟု မှတ်မိခဲ့ကြောင်း။

ဗိုလ်ကြီးဝင်းသိန်းကို မိမိမှာသောဆေးမှာ ပင့်သနွေတားဆေးဖြစ်ကြောင်း၊ ထိုနေ့က ထမင်းစားနေတုန်း ဆေးပါလားဟု မိမိက မေးကြောင်း၊ မိမိက ဗိုလ်ကြီးဝင်းသိန်းကို ဆေးမှာဖို့စကြိုသို့ လက်တို့ခေါ်သွားခြင်းမဟုတ်ဘဲ မိမိကို ဗိုလ်ကြီးဝင်းသိန်းက လက်ဆွဲ၍ခေါ်သွားခြင်းသာဖြစ်ကြောင်း။

## ရင်းနှီး

တရားခံဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦး၏အကျိုးဆောင် ဦးအေးမောင် (ပန်းတနော်)၏ မေးမြန်းချက်နှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီးတင်ဦးထံတွင် မိမိ အမှုထမ်းခဲ့သည်မှာ လေးနှစ်ခန့်ရှိကြောင်း၊ တာဝန်အရ မိမိနှင့် ဗိုလ်ချုပ်တို့ ရင်းရင်းနှီးနှီးရှိခဲ့ကြောင်း။

ထိုနေ့က အိမ်ပြန်ရောက်လျှင် ဗိုလ်ချုပ်က အလုပ်မှထွက်ရမည့်အကြောင်း မိမိကို ပြောကြောင်း၊ မတ် ၆ ရက်တွင် တရားဝင်နုတ်ထွက်ကြောင်း၊ ဗိုလ်ချုပ်သည် နုတ်ထွက်ခဲ့သည့်နေ့မှစပြီး အဆောင်အယောင်အားလုံးကို အပ်လိုက်ကြောင်း၊ အိမ်မပြီးသေး၍ အိမ်တော့ ဆက်လက်နေခွင့်ပြုရန် ခွင့်တောင်းကြောင်း။

အရေးယူခံရသည့်အချိန်ကျမှ ဗိုလ်ချုပ်သည် အစ်မကြီးတို့ကို ပစ္စည်းမှာသည့်ကိစ္စ မေးနေသည်ကို တွေ့ရကြောင်း၊ မှာသည့်စာများရှိလျှင်လည်း ပေးစမ်းပါဟု မေးသည်ကို သိရကြောင်း၊ ယင်းသို့ပြုလုပ်၍ အရေးယူခံရကြောင်း အစ်မကြီးအား ပြောသည်ကို မိမိ တွေ့ရကြောင်း၊ ဗိုလ်ချုပ်က ပါတီစည်းကမ်းက သူ့ကို ဆက်လက်အရေးယူမည့်အကြောင်းနှင့် မိမိတို့ကိုလည်း အရေးယူလိမ့်မည်ကို ပြောပြကြောင်း၊ မိမိတို့အားအရေးမယူရန် လူကြီးများကို ၎င်းအနေဖြင့် ပြောပြမည်ဖြစ်ကြောင်း၊ မကြောက်ရန်နှစ်သိမ့်စကားလည်း ပြောပြကြောင်း။

မိမိအိမ်သို့ ဗိုလ်ချုပ်တို့လာ၍ တွေ့စဉ်က ဗိုလ်ကြီးအုန်းကျော်မြင့်ပြန်သွားပြီးနောက် မိုင်းဆတ်မှ ဗိုလ်ကြီးမြင့်ဆွေက မိမိကို လာနှုတ်ဆက်ခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပြန်သွားကြောင်း၊ ထိုစဉ် ဗိုလ်ချုပ်က ဗိုလ်ကြီးအုန်းကျော်မြင့်တို့အကြောင်းကို စုံစမ်းနေတာဖြစ်လိမ့်မယ်။ သတိထားပြီး ဆက်ဆံပါဟု မိမိကို ပြောဖူးကြောင်း၊ အလုပ်သမားကိစ္စဖြစ်စဉ်က ဗိုလ်ချုပ်သည် ရာထူးရှိစဉ်ကဖြစ်ကြောင်း၊ မှိုင်းရာပြည့်ကိစ္စတွင် ကျောင်းသားများဆန္ဒပြစဉ် ဗိုလ်ချုပ်ကြီးဟောင်းတင်ဦးကတော်က ကျောင်းသားနှင့်အလုပ်သမား ပူးပေါင်းဆန္ဒပြလျှင် မိမိခင်ပွန်းကို လူများက သတိရကြမှာပဲဟု မိမိကိုပြောကြောင်း၊ ဗိုလ်ကြီးသန့်ဇင်မြိုင်နှင့် မိမိကို ဗိုလ်ချုပ်က အခြားသူများနှင့်ဆက်ဆံလျှင် သတိထားဆက်ဆံရန် သတိပေးစကားပြောဖူးကြောင်း။

## ပါနီးနီး

ငင်းနောက် တရားလိုအကျိုးဆောင် ဦးတင်အုန်း၏ မေးမြန်းချက်နှင့်ပတ်သက်၍ မိမိ ရေဒီယိုနားထောင်ခြင်းမှာ ဗိုလ်ကြီးအုန်းကျော်မြင့်ပြောသည့် တပ်က အာဏာသိမ်းသည့်သတင်း ပါလာမည်လားဟု နားထောင်ခြင်းဖြစ်ကြောင်း၊ ရေဒီယိုပြီးသည်အထိ နားထောင်ခြင်းမှာ ထိုသတင်းပါနီးနီးဖြင့် နားထောင်ရခြင်းဖြစ်ကြောင်း ထွက်ဆိုသွားသည်။

ဆက်လက်၍ တရားလိုပြသက်သေ ဗိုလ်မှူးမောင်လတ်ကို ဆက်လက်စစ်ဆေးသည်။ ဗိုလ်မှူးမောင်လတ်က ထွက်ဆိုရာတွင် မိမိသည် ၁၉၅၅ ခုနှစ်က တက္ကသိုလ်ဝင်စာမေးပွဲအောင်ကြောင်း၊ ထိုနှစ်ကပင် စစ်တက္ကသိုလ်ဗိုလ်သင်တန်း အမှတ်စဉ်(၁)သို့ တက်ခဲ့ရာ ၁၉၅၉ ခုနှစ်တွင် သင်တန်းဆင်းပြီးနောက် တပ်အသီးသီးတွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြောင်း၊ ထို့နောက် ၁၉၇၃ ခုနှစ်တွင် မော်ဘီရှိ ခြေလျင်တပ်ရင်း(၁၆)သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြောင်း။

၁၉၇၆ ဇွန်လတွင် တပ်ရင်းမှူးရာထူးရ၍ ခလရ(၁၀၄) မောင်လမြိုင်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရကြောင်း။ မိမိနှင့် ဗိုလ်ကြီးအုန်းကျော်မြင့်တို့သည် ၁၉၆၇ ခု လေထီးသင်တန်းတက်စဉ်က နှစ်ရက်ခန့် ငင်းနှင့် နေခဲ့ဖူးသဖြင့် မိတ်ဆွေသဘောရှိကြောင်း၊ မိမိသည် တိုက်ဖွိုက်ရောဂါဖြစ်၍ သင်တန်း၌ နှစ်ရက်သာနေရပြီး တပ်ရင်းသို့ ပြန်ခဲ့ရကြောင်း။



## ရန်ကုန်ခေါ်

ခလရ(၁၆) မှာ မော်ဘီတွင် တပ်ရင်းရုံးစိုက်သော်လည်း ကျောင်းသားများဆန္ဒပြသည်နှင့်ပတ်သက်၍ မိမိတို့တပ်ရင်းကို မတ် ၂၂ ရက်က ရန်ကုန်ကို ခေါ်ယူခဲ့ကြောင်း၊ ၂၃ ရက်တွင် တက္ကသိုလ်များနယ်မြေကို တာဝန်ပေးသဖြင့် တပ်ခွဲတစ်ခွဲကို စက်မှုတက္ကသိုလ်၌ထားကြောင်း၊ တစ်ခွဲကို သမိုင်းကောလိပ်ကျောင်းဆောင်၌လည်းကောင်း၊ တစ်ခွဲကို ပညာရေးတက္ကသိုလ်၌လည်းကောင်း၊ တစ်ခွဲကို ဝ–သတက္ကသိုလ်၌လည်းကောင်း ထားရှိပြီး ကျန် အရန်တပ်ခွဲတစ်ခွဲနှင့် ရှေ့တန်းရုံးကို မန္တလေးကျောင်းဆောင်၌ ရုံးစိုက်ထားကြောင်း။

မတ် ၂၇ တော်လှန်ရေးနေ့ အခမ်းအနားသို့ နယ်မြေလုံခြုံရေးတာဝန်ယူထားရ၍ မိမိ မတက်ကြောင်း၊ ထိုနေ့နံနက်က မိမိ မန္တလေးကျောင်းဆောင်တွင်ရှိနေပြီး မိမိ၏ဇနီး၊ ကလေးများနှင့် ဧည့်ခန်းတွင် စကားပြောနေစဉ် မိမိ၏ ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးမြင့်မောင်က ဗိုလ်ကြီးအုန်းကျော်မြင့်ကို ခေါ်လာ၍ မိတ်ဆက်ပေးကြောင်း၊ မိမိက ၁၉၆၇ ခုနှစ်တွင် လေထီးခုန်စဉ် သိကြောင်းပြော၍ မိမိဇနီးနှင့် မိတ်ဆက်ပေးပြီး လေးဦးစကားထိုင်ပြောကြောင်း၊ မကြာမီ တယ်လီဖုန်းလာ၍ ထောက်လှမ်းရေးအရာရှိ ထွက်သွားကြောင်း။

## သံယောဇဉ်

ထို့နောက် ဗိုလ်ကြီးအုန်းကျော်မြင့်က မျက်နှာရိပ်ပြ၍ မိမိကိုခေါ်သဖြင့် အခန်းရှေ့ဝရန်တာဘက်သို့ ထွက်လိုက်သွားကြောင်း၊ မန္တလေးကျောင်းဆောင် အောက်ဆုံးထပ် စင်္ကြံဘေးရှိ ခုံတန်းရှည်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် ထိုင်မိသောအခါ ငင်းက ခေတ္တစဉ်းစားပြီး မိမိအား ညီအစ်ကိုလို ရင်းရင်းနှီးနှီး မေးခွန်းတစ်ခုမေးမည် ပြောမည်လားဟု မေးရာ မိမိက ပြောရတာပေါ့ဟု ပြန်ပြောကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်က ဗိုလ်ချုပ်ကြီးစန်းယုနှင့် ဗိုလ်ချုပ်ကြီးတင်ဦးတို့နှစ်ဦးအနက် မည်သူ့ကို ပိုပြီး သံယောဇဉ်ရှိသနည်းဟုမေးရာ မိမိက ငင်းတို့နှစ်ဦးကို ခေါင်းဆောင်အဖြစ်သာသိကြောင်း၊ မည်သူ့ကိုမှ သံယောဇဉ်ပိုသည်ဟု မရှိကြောင်း ပြန်ပြောကြောင်း၊ ထိုအခါ ငင်းက မည်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ပိုရင်းနှီးလဲဟုမေးရာ မိမိက မိမိတို့မှာ ခြေလျင်တပ်ရင်းမှာနေသည့်သူများ အနေဖြင့် ယခုလို လူကြီးများကို ရင်းနှီးရန် မလွယ်ပါဟု ပြန်ပြောကြောင်း၊ ၎င်းက ဆက်၍ ၎င်းတို့နှစ်ဦးအနက် တစ်ဦးဦးနှင့်မျှ ရင်းရင်းနှီးနှီး မနေဖူးဘူးလားဟုမေးရာ မိမိက ဗိုလ်ချုပ်ကြီးတင်ဦးနှင့်တော့ မနေဘူးပါ။ ဗိုလ်ချုပ်ကြီးစန်းယုကိုမူ မြောက်ပိုင်းတိုင်း တိုင်းမှူးအနေဖြင့် စစ်တက္ကသိုလ် အမှတ်စဉ်(၁) ဗိုလ်သင်တန်းဆင်းပွဲ ညစာစားပွဲ ဘားတင်သည့်အခမ်းအနားတွင် ၎င်းက မိမိကို ဘားတင်ပေးရပြီး အမှာစကားပြောကြောင်း၊ ယင်းအချိန်ကပဲ မိမိအနေဖြင့် နီးနီးစပ်စပ်ထိတွေ့ဖူးသည်ဟု ပြန်ပြောကြောင်း။

## ပုဂ္ဂိုလ်စွဲမရှိ

ထိုအခါ ဗိုလ်ကြီးအုန်းကျော်မြင့်က မိမိအား ဗိုလ်ချုပ်ကြီးစန်းယု၏လူဟုပြောရာ မိမိက မိမိမှာ ပုဂ္ဂိုလ်စွဲမရှိဟု ပြောကြောင်း၊ ၎င်းက ခေတ္တစဉ်းစားပြီး မိမိအား ယခု မည်သည့်တာဝန်ယူနေသနည်းဟု မေးရာ မိမိက တက္ကသိုလ်များ၏နယ်မြေလုံခြုံရေးအတွက် တာဝန်ယူထားသည်ဟုပြောကြောင်း၊ ၎င်းက အကြောင်းထူးရှိလျှင် ခေါ်ပါက အဆင်သင့်ဖြစ်မည်လားဟုမေးရာ မိမိက မိမိတို့ကိုခေါ်ရန် အကြောင်းထူးမရှိနိုင်၊ ဤနယ်မြေတွင် လုံခြုံရေးတာဝန်ပေးထားပြီးဖြစ်သည်ဟု ပြောကြောင်း။

၎င်းက အကြောင်းရှိလျှင် ခေါ်ချင်ခေါ်မည်ဖြစ်ကြောင်း၊ မိမိတို့က ကကကြည်း အရန်တပ်ဖြစ်၍ ကကကြည်းမှ ပြန်ထုတ်ချင်လည်း ပြန်ထုတ်မည်ဖြစ်ကြောင်းပြောဆိုရာ မိမိက ယင်းသို့ဆိုပါက ကာကွယ်ရေးဝန်ကြီးဌာန၊ တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးဌာနတို့မှ စစ်ဦးစီးမှူး(ပ)၊ စစ်ဦးစီးမှူး(၃)တို့၏ အမိန့်လာလျှင် ဆောင်ရွက်မည်ဟု ပြောကြောင်း။

## ထိပ်တန်းလျှို့ဝှက်ချက်

ထိုအခါ ဗိုလ်ကြီးအုန်းကျော်မြင့်က ခေတ္တစဉ်းစားပြီး မိမိအား တိတိကျကျပြောမည်၊ ယခုကိစ္စမှာ ထိပ်တန့်လျှို့ဝှက်ချက်ဖြစ်၍ ရေဒီယိုမှ မကြေညာမချင်း မည်သူ့ကိုမျှ မပြောရန်ဟုဆိုပြီး ၎င်းက ဆက်ပြောရာ



ယခုည ၇ နာရီနှင့် ၈ နာရီတွင် ရေဒီယိုနားထောင်ရန်နှင့် သတင်းအပြီးတွင် စစ်ကောင်စီက အာဏာသိမ်းကြောင်း သတင်းကြေညာမည်ဖြစ်ကြောင်း၊ ထိုအခါ မိမိ၏တပ်က အလုံလမ်းဘက်က လုံခြုံရေးအတွက် တာဝန်ယူရမည်ဖြစ်ကြောင်း၊ စစ်ကြောင်းတစ်ကြောင်းက အလုံလမ်းမှလည်းကောင်း၊ တစ်ကြောင်းက ဝင်ဆာလမ်းနှင့် ရှမ်းလမ်းမှလည်းကောင်း၊ တာဝန်ယူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကြေညာချက်အပြီး ငါးမိနစ်အတွင်းထွက်နိုင်စေရန် ယခုညတွင် တပ်စုထားဖို့လိုကြောင်း၊ တပ်ခွဲမှူးများကိုလည်း စုထားပြီး ရေဒီယိုက ကြေညာချက်ထွက်လာလျှင် ၎င်းတို့ကို ရှင်းပြပေးရန်နှင့် နောက်ဖုန်းဆက်လိုက်သည်နှင့် ထွက်လာခဲ့ရန်ပြောကြောင်း၊ ထိုအခါ မိမိက ဖုန်းဘယ်ကလာမည်လဲဟုပြန်မေးရာ ဗိုလ်ကြီးအုန်းကျော်မြင့်က လူကြီးများမအားလျှင် ၎င်းကိုယ်တိုင်ဆက်ပေးပါမည်ဟု ပြန်ပြောကြောင်း၊ ထို့နောက် စစ်ကောင်စီတွင် ဗိုလ်ချုပ်ကြီးတင်ဦး၊ ဗိုလ်ချုပ်ကျော်ထင်၊ တိုင်းမှူး ဗိုလ်မှူးကြီးအေးကို၊ ဗိုလ်မှူးကြီးသန်းတင်၊ ဗိုလ်မှူးကြီးအုန်းခင်၊ ဗိုလ်မှူးကြီးထွန်းကြည်၊ ဗိုလ်မှူးကြီးလှဖေနှင့် တိုင်းမှူး၊ တပ်မမှူးများ အကုန်ပါမည်ဟု ၎င်းက မိမိကိုပြောကြောင်း၊ ထိုအခါ မိမိက မိမိတပ်ကိုသုံးလျှင် ကားမည်မျှရမည်၊ လမ်းတွင်မည်သည့်တပ်များရှိသည်၊ မည်သို့ဆက်သွယ်ရမည် စသည်ဖြင့် မေးခဲ့ကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်က လူကြီးများအား ပြန်တင်ပြဦးမည်၊ ည ၆ နာရီ လာပြောရင်း အကြောင်းပြန်မည်ဟု ပြောသွားကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်က ဆက်လက်၍ အချိန်မီကားမရလျှင် မိမိရှိသော ကားများဖြင့် အခေါက်ခေါက်ခွဲသယ်ရန်၊ ခြေလျင်တက်သင့်တက်ရန်၊ တပ်အားလုံးသိပြီးဖြစ်၍ လမ်းတွင်ထောက်လှမ်းရေးတို့ တပ်ထိန်းတို့တွေ့လျှင် ကြေညာချက်ကို ရှင်းပြရန်၊ ရည်မှန်းချက်ရောက်အောင် ရှင်းလာရန် စသည်ဖြင့်ပြောကြောင်း။

## ရှောင်နေ

ထို့ကြောင့် မိမိအနေဖြင့် ၁၉၅၈ ခုနှင့် ၁၉၆၂ ခုနှစ်တွင် တပ်က တိုင်းပြည်အခြေအနေကို ထိန်းသိမ်းခဲ့သည့် အစဉ်အလာရှိခဲ့ဖူးသဖြင့် ကာကွယ်ရေးဦးစီးချုပ်၏ ကိုယ်ရေးအရာရှိက ယခုကဲ့သို့ လာပြောနေခြင်းမှာ ဟု[illegible]လိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



လားဟု သံသယဖြစ်မိကြောင်း၊ မိမိ တပ်ရင်းမှူးသင်တန်းတက်နေသဖြင့် မည်သို့လုပ်ရမည်ကို မသိသဖြင့် ဗိုလ်ကြီးအုန်းကျော်မြင့် ပြောပြသည့်တို့ကို မလုပ်ချင်သဖြင့် ရှောင်နေရန် ထိုညက ရန်ကင်းရှိ အစ်မအိမ်နှင့် ကမ္ဘာအေးဘုရားလမ်းမှ သူငယ်ချင်းအိမ်သို့သွား၍ ည ၁၀ နာရီအထိ အချိန်ကုန်လွန်စေခဲ့ကြောင်း၊ ထိုမှအပြန် သမိုင်းကျောင်းဆောင်မှ တပ်ခွဲနှင့် ပညာရေးတက္ကသိုလ်က တပ်ခွဲများကို ဝင်စစ်ရာ ပညာရေးတက္ကသိုလ်တပ်ခွဲမှ ဗိုလ်ကြီးမြင့်သိန်းက ည ၆ နာရီခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့် လာမေးသည်ဟု ပြောပြကြောင်း၊ ရှေ့တန်းရုံး ပြန်ရောက်သောအခါ ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးမြင့်မောင်ကလည်း ဗိုလ်ကြီးအုန်းကျော်မြင့်သည် ည ၆ နာရီခန့်တွင် လူကိုယ်တိုင်နှင့် ည ၈ နာရီခန့်တွင် ဖုန်းဆက်ကြောင်း၊ ၎င်းက မိမိ ဘယ်သွားနေသည်ကိုမေး၍ မိမိမရှိ၍ အစီအစဉ်များ ပျက်သွားသဖြင့် လူကြီးများက မကျေနပ်ကြောင်း ပြောပြီး ဖုန်းချသွားကြောင်း၊ မတ် ၂၈ ရက် တနင်္ဂနွေနေ့တွင် မိမိထံ ဗိုလ်ကြီးအုန်းကျော်မြင့် ရောက်လာပြီး ယမန်နေ့က ပြောသောစကားများကို ထပ်ပြောကြောင်း၊ ဆက်လက်၍ နက်ဖြန်နံနက် ၈ နာရီနှင့် ၁၁ နာရီတွင် ရေဒီယိုနားထောင်ရန်၊ စစ်ကောင်စီက အာဏာသိမ်းသော ကြေညာချက်ပါလျှင် မိမိတို့တပ်က ကာကွယ်ရေးဝန်ကြီး၌ အစည်းအဝေးရှိသဖြင့် လုံခြုံရေးနေရာ အပြင်စည်းကိုလာရန်ပြောကြောင်း။

## အမိန့်

ထိုအခါ မိမိက အထက်လူကြီးတစ်ဦးဦးထံ ရှင်းလင်းချက်သော်လည်းကောင်း၊ ညွှန်ကြားချက်သော်လည်းကောင်း၊ အမိန့်သော်လည်းကောင်း တစ်ခုခုပေးရန်ပြောလျှင် ဗိုလ်ကြီးအုန်းကျော်မြင့်က နောက်တစ်နေ့ နံနက် ၇ နာရီ ၎င်းထံအရောက်လာရန်ပြောကြောင်း၊ မတ် ၂၉ ရက် နံနက်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်ထံရောက်သွားသောအခါ ၎င်းက လူကြီးများသည် သမ္မတကြီးရှိနေသရွေ့ မလုပ်ဘူးဟုပြောကြောင်း၊ နောင်ကိုလည်း ပြောမည်ဟုပြောသောအခါ မိမိက လူကြီးများထံမှ အမိန့်တစ်စုံတစ်ရာ မလာလျှင် မလုပ်ဟုပြော၍ ပြန်ခဲ့ကြောင်း။



မိမိတို့တပ်သည် နောက်တစ်နေ့တွင် ခလရ(၅၁)ကို တာဝန်လွှဲပြီး တပ်ရင်းရှိရာ မှော်ဘီသို့ ပြန်ခဲ့ကြောင်း၊ ဇူလိုင်လ ၇ ရက်တွင် မိမိ မှော်ဘီတပ်မဌာနသို့ သတင်းပို့နေစဉ် တပ်မတော်ထောက်လှမ်းရေးမှ ခေါ်ယူစစ်ဆေးကြောင်း ထွက်ဆိုသွားသည်။

## တာဝန်

ထို့နောက် ဆက်လက်၍ တရားခံ ဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင် ဦးကိုယု၏ မေးမြန်းချက်ကို တရားလိုပြသက်သေ ဗိုလ်မှူးမောင်လတ်က ၁၉၅၉ ခုနှစ် ကျောင်းကဆင်းပြီး လေယာဉ်ပစ်အမြောက်တပ်၊ အမှတ်(၁) အမြောက်တပ်၊ အမှတ်(၄) အမြောက်တပ်၊ ခလရ(၃၆)၊ ခလရ(၁၆) စသည်ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော တာဝန်ထမ်းဆောင်ရပုံများကို ထွက်ဆိုသွားသည်။

၎င်းနောက် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက အမှုကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့ အမှုစစ်ဆေးရာတွင် တရားရုံး ခေတ္တရပ်နားချိန် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်မှ ၁ နာရီခွဲအထိ တရားခံများ၏ မိသားစုများနှင့် တရားခံများအား တွေ့ဆုံခွင့် သက်ဆိုင်ရာက စီစဉ်ပေးသည်။

✧ ✦ ✧

www.burmeseclassic.com

www.burmeseclassic.com

## လုပ်ကြံအာဏာသိမ်းရန် ဗိုလ်ကြီးဝင်းသိန်း လာပြောပုံများကို အစစ်ခံ မြေအောက်အဖွဲ့ဖွဲ့ပြီး ဗိုလ်ကြီးဝင်းသိန်း အတွင်းရေးမှူးလုပ်ခဲ့သည်ဆို

### ဒုဝန်ကြီး

ဆက်လက်၍ တရားလိုပြသက်သေ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသန်းတင်က ထွက်ဆိုရာတွင် မိမိသည် အလယ်ပိုင်းတိုင်းတိုင်းမှူးအဖြစ်မှ ၁၉၇၅ ခု မတ်လ ၂၈ ရက်တွင် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးတာဝန်ကို ထမ်းဆောင်ရကြောင်း၊ လက်ရှိတာဝန် မထမ်းဆောင်မီ စစ်ဘက်တာဝန်များကို အရှေ့ပိုင်းတိုင်း၊ အနောက်တောင်တိုင်း၊ အလယ်ပိုင်းတိုင်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ လက်ရှိတာဝန်ထမ်းဆောင်နေစဉ် ကိုယ်ရေးအရာရှိမှာ ဗိုလ်ကြီးဘချစ်ဖြစ်ကြောင်း၊ ဗိုလ်ကြီးဘချစ်ကို ဤရုံးရှေ့တွင် ယခု မိမိတွေ့ကြောင်း၊ ၎င်းကို မိမိသည် အရှေ့ပိုင်းတိုင်း၌ တိုင်းမှူးတာဝန်ထမ်းဆောင်စဉ်ကစပြီး သိကြောင်း၊ ဗိုလ်ကြီးဝင်းသိန်းကို မိမိ သိကြောင်း၊ ၎င်းသည် အနောက်ပိုင်းတိုင်းမှူး ဗိုလ်မှူးကြီးမင်းဂေါင်၏ ကိုယ်ရေးအရာရှိဖြစ်ကြောင်း၊ ၎င်းသည် အနောက်ပိုင်းတိုင်းမှာ တာဝန်ထမ်းဆောင်ခြင်းဖြစ်၍ ၎င်းတာဝန်ထမ်းဆောင်ခြင်းမှာ ရခိုင်ပြည်နယ်တွင်ဖြစ်ကြောင်း၊ အလယ်ပိုင်းတိုင်းမှ ပြောင်းလာပြီးနောက် မင်္ဂလာဒုံမှာ တပ်ကပေးထားသောအိမ်မှာ နေခဲ့ကြောင်း၊ ၁၉၇၅ ခု စက်တင်ဘာလထဲတွင် အမှတ်(၃၀) လောင်းဝေ့လမ်းသို့ ပြောင်းရွှေ့နေထိုင်ကြောင်း။

### မိတ်ဆက်

၁၉၇၆ ခု မတ်လ (ရက်မမှတ်မိ)တွင် မိမိကိုယ်ရေးအရာရှိ ဗိုလ်ကြီးဘချစ်က ဗိုလ်ကြီးဝင်းသိန်းနှင့် ဇနီးတို့က မိမိကို ကန်တော့လိုကြောင်း ပြော



သဖြင့် ခွင့်ပြုခဲ့ကြောင်း၊ ထို့ကြောင့် ဧပြီလ (ရက်မမှတ်မိ) ညနေတွင် ဗိုလ်ကြီးဝင်းသိန်း၊ ၎င်း၏ဇနီး တင်တင်လှနှင့် သမီးလေးတို့ အိမ်ကိုရောက်လာကြောင်း၊ မိမိတို့ အလ္လာပသလ္လာပပြောခဲ့ကြောင်း၊ ဗိုလ်ကြီးဝင်းသိန်းသည် နတ်တလင်းသားဖြစ်၍ မိမိသည် ဇီးကုန်းသားဖြစ်သဖြင့် တစ်နယ်တည်းသားများဖြစ်ကြောင်း၊ ဗိုလ်ကြီးဝင်းသိန်းက မိမိ၏ တိုက်ရည်ခိုက်ရည်ကို လေးစားသည်ဟုပြောကြောင်း၊ ၎င်းတို့ဇနီးမောင်နှံသည် မိမိကို လာရောက်တွေ့ဆုံမိတ်ဆက်သဘောပြုပြီး ပြန်သွားကြောင်း၊ ပြန်ခါနီးတွင် ၎င်းက မိမိကို နိုင်းစရာရှိနိုင်းပါဟု ပြောကြောင်း၊ မိမိက ခိုင်းစရာမရှိပါဟု ပြန်ပြောခဲ့ကြောင်း၊ ထိုစဉ်ကစပြီး ၎င်းကို မိမိ သိခဲ့ကြောင်း။

### မြေအောက်

၁၉၇၆ ဇူလိုင် ၁ ရက် ည ၇ နာရီခွဲခန့်တွင် မိမိအိမ်၌ ထမင်းစားနေစဉ် ဗိုလ်ကြီးဝင်းသိန်းရောက်လာကြောင်း၊ ထို့နောက် ဧည့်ခန်း၌ မိမိတို့ အလ္လာပသလ္လာပများကို ပြောကြောင်း၊ ဗိုလ်ကြီးဝင်းသိန်းက တိုင်းပြည်၏ စီးပွားရေးအခြေအနေသည် အလွန်ကျဆင်းနေကြောင်း၊ ဥက္ကဋ္ဌကြီးဦးနေဝင်း၊ အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးစန်းယုနှင့် ဗိုလ်မှူးကြီးတင်ဦးတို့သည် ထင်ရာမြင်ရာများလုပ်နေကြောင်း၊ ဗိုလ်ချုပ်ကြီးတင်ဦးကို ရာထူးမှချပြီးနောက် ၎င်းတို့သည် မြေအောက်အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းကြောင်း၊ ယင်းအဖွဲ့အစည်းတွင် ၎င်း(ဗိုလ်ကြီးဝင်းသိန်း)သည် အတွင်းရေးမှူးဖြစ်ကြောင်း၊ ၎င်းတို့ထဲတွင် အရာရှိတော်တော်များများပါကြောင်း၊ မိမိ စိတ်ထင် ဗိုလ်သင်တန်းကျောင်းအမှတ်စဉ်(၃၆)မှ ဆင်းခဲ့သည် အရာရှိတော်တော်များများပါသည်ဟုပြောကြောင်း။

### မအောင်မြင်

၎င်းက ဆက်လက်၍ လူကြီးများ၏အနားမှ အရာရှိများလည်းပါကြောင်း၊ ရန်ကုန်၌ တပ်ခွဲနှစ်ခွဲ အင်အားလောက်လည်းရှိကြောင်း၊ ဥက္ကဋ္ဌကြီး၊ ဗိုလ်ချုပ်ကြီးစန်းယု၊ ဗိုလ်မှူးကြီးတင်ဦးတို့ကို ၎င်းတို့က လုပ်ကြံရန်ကြံစည်ခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း၊ ဗိုလ်ချုပ်ကြီးစန်းယု အိမ်သို့လည်းတက်ပြီး တိုက်ခိုက်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ကြောင်း၊ မကြာမီ

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌကြီး နိုင်ငံခြားသွားလျှင် လေဆိပ်၌ ၎င်းတို့လုပ်ကြံရန် ကြိုးစားဦးမည် ဖြစ်ကြောင်း၊ ယင်းသို့ လုပ်ကြံမှုကို ကြိုးစားရာတွင် ၎င်းတို့အတွက် မည်သည့်ရာထူးမျှ လိုချင်၍ လုပ်ခြင်းမဟုတ်ကြောင်း။

တိုင်းပြည်အခြေအနေသည် ဆိုးရွားနေ၍ သည်အတိုင်းထားလျှင် ပို၍ဆိုးရွားလာမည်ဖြစ်သောကြောင့် လုပ်ကြံရန် ကြံစည်ရခြင်းဖြစ်ကြောင်း၊ လုပ်ကြံပြီး မိမိနှင့် ကျန်သောခေါင်းဆောင်များအား ပါဝင်စေချင်ကြောင်း စသည်ဖြင့် ဗိုလ်ကြီးဝင်းသိန်းက ပြောကြောင်း။

## မလုပ်သင့်

မိမိက တို့ငယ်ငယ်ကတည်းက တပ်ထဲဝင်ပြီး တိုင်းပြည်နှင့်ပါတီတာဝန်များကို ထမ်းဆောင်ခဲ့ကြောင်း၊ ယခု လက်ရှိတာဝန်ကိုလည်း မိမိတို့ မမျှော်လင့်ဘဲ ထမ်းဆောင်ရခြင်းဖြစ်ကြောင်း၊ လက်နက်ဖြင့်သတ်ဖြတ်ပြီး အာဏာသိမ်းယူခြင်းသည် မိမိတို့တပ်မတော်အစဉ်အလာ မဟုတ်ကြောင်း၊ ထို့ကြောင့် မလုပ်သင့်ကြောင်း၊ တစ်ခါသွေးချောင်းစီးလျှင် ဆက်တိုက်သွေးချောင်းစီးနိုင်သည် စသည်ဖြင့် မိမိက ပြန်ပြောခဲ့ကြောင်း။

ဗိုလ်ကြီးဝင်းသိန်းက ဆက်လက်၍ မိမိအား ဗိုလ်မှူးကြီးမပါလျှင်နေပါ၊ အာဏာသိမ်းလျှင် ကျန်သောခေါင်းဆောင်ကြီးများနှင့်လုပ်လျှင် လက်ခံပါဟု ပြောကြောင်း၊ ထိုအချိန်တွင် ဗိုလ်ကြီးဝင်းသိန်း၏မျက်နှာအမူအရာသည် တင်းပြီးထန်လာသောအခြေအနေရှိကြောင်း၊ ထို့ကြောင့် မိမိက ဆက်လက်၍ နောက်ဆုံးပြောချင်တာက ယင်းသို့ သွေးချောင်းစီးလုပ်ငန်းမျိုးတွင် မိမိ မပါဝင်လိုကြောင်း၊ မိမိတို့ ခေါင်းဆောင်ကြီးများနှင့် မိမိတို့သည် တိုင်းပြည်၏အကျပ်အတည်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်ထဲမှနေ၍ နှလုံးရည်နှင့် တိုက်နေကြကြောင်း၊ မကြာမီ ကောင်းလာရမည်ဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ယခုကဲ့သို လာပြောသောကိစ္စများကို မိမိအနေဖြင့် မည်သူ့မျှ ပြန်မပြောပါဟု ၎င်းအား နှစ်သိမ့်ပြီး ပြန်လွှတ်လိုက်ကြောင်း၊ ထိုအခါ ဗိုလ်ကြီးဝင်းသိန်းက မိမိအား ၎င်းအဖွဲ့နှင့် ပြန်တိုင်ပင်ဦးမည်၊ လုပ်ကြံပြီး၍ အာဏာသိမ်းပြီးလျှင်တော့ ဗိုလ်မှူးကြီးတို့လက်ခံပါဟု ထပ်၍ပြောကြောင်း၊ မိမိအားလည်း နောက်တစ်ကြိမ်ထပ်၍ တွေ့ဦးမည်ဟုပြော၍ ပြန်သွားကြောင်း။



၎င်းထွက်သွားရာနောက်သို့ မိမိ လိုက်ကြည့်ရာ ယ–၆၀၀၄ ဟု ထင်ရသော လင့်ရှိဗာကားအဖြူကြီးကို ကိုယ်တိုင်မောင်း၍ထွက်သွားကြောင်း။

## နားမယောင်ရန်

ဇူလိုင် ၂ ရက်တွင် နံနက် ၈ နာရီခွဲခန့် မိမိရုံးတက်ကြောင်း၊ ရုံးရောက်လျှင် မိမိ၏ကိုယ်ရေးအရာရှိ ဗိုလ်ကြီးဘချစ်ကို ခေါ်၍ စည်းဝေးလုပ်နေစဉ် ဘယ်မှမသွားရန်၊ မည်သူဘာပြောပြော နားမထောင်ရန်ပြောပြီး ဗိုလ်ကြီးဝင်းသိန်း၏ ဗိုလ်သင်တန်းအမှတ်စဉ်ကိုမေးရာ ဗိုလ်ကြီးဘချစ်က ဗိုလ်သင်တန်း (၃၆)ထင်သည်ဟု ပြန်ပြောကြောင်း၊ မိမိကဆက်လက်၍ တိုင်းမှူးများနှင့် ဗိုလ်မှူးကြီးမင်းဂေါင် ပြန်သွားပြီလားဟု မေးခဲ့ကြောင်း၊ ခဏမျှအကြာ အစည်းအဝေးမစမီ ဗိုလ်ကြီးဘချစ်က ဗိုလ်မှူးကြီးမင်းဂေါင်တို့ မပြန်သေးဟု ပြောကြောင်း။

ထို့နောက် ၉ နာရီခန့်တွင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဦးမောင်မောင်ခကြီးမှူးပြုလုပ်သည့် ဘတ်ဂျက်အစည်းအဝေးသို့ သွားတက်ကြောင်း၊ အစည်းအဝေး ၁ နာရီ မိနစ် ၅၀ ခန့်တွင် ပြီးကြောင်း။

## တွေ့ဆုံတင်ပြ

အစည်းအဝေးပြီးလျှင် ဝန်ကြီးဦးမောင်မောင်ခနှင့်တွေ့ပြီး ဇူလိုင် ၁ ရက်ညတွင် ဗိုလ်ကြီးဝင်းသိန်းက မိမိအားပြောပြသည့်ကိစ္စများကို မိမိအားလုံးတင်ပြရာ ဝန်ကြီးဦးမောင်မောင်ခက အရေးကြီးသည်ဟုပြော၍ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဖုန်းဆက်၍လာခွင့်တောင်းပြီး သွားကြကာ ဝန်ကြီးချုပ်ဦးစိန်ဝင်း၏ရုံးခန်းတွင် ဇူလိုင် ၁ ရက်က ဗိုလ်ကြီးဝင်းသိန်း မိမိအားပြောပြသည့် သတင်းများကို အကုန်ပြောပြခဲ့ကြောင်း၊ ဝန်ကြီးချုပ်ဦးစိန်ဝင်းက ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကျော်ထင်ကို ဖုန်းနှင့်လှမ်းခေါ်၍ ဗိုလ်ချုပ်ကျော်ထင်ရောက်လာကြောင်း၊ ဝန်ကြီးချုပ်က ထိုသတင်းအရေးကြီးသည် ဟုဆိုပြီး အထွေထွေ အတွင်းရေးမှူးထံဖုန်းဆက်ရာ လာခွင့်ပြုသဖြင့် မိမိတို့သွားကြကြောင်း၊ မိမိလည်း ဗိုလ်ချုပ်ကျော်ထင် ကားဖြင့် လိုက်သွားကြောင်း၊ အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးစန်းယုနှင့်တွေ့လျှင် ဇူလိုင် ၁ ရက်

www.burmeseclassic.com

www.burmeseclassic.com



ညက ဗိုလ်ကြီးဝင်းသိန်း ပြောသည့် စကားများကို မိမိက အစအဆုံး ပြန်လည်ပြောပြကြောင်း၊ အထွေထွေအတွင်းရေးမှူးက ဗိုလ်မှူးကြီးတင်ဦးကို ဖုန်းဆက်ခေါ်၍ ဗိုလ်မှူးကြီးတင်ဦး ရောက်လာကြောင်း၊ မိမိက အဆိုပါကိစ္စကို ပြန်တင်ပြကြောင်း၊ အထွေထွေအတွင်းရေးမှူးနှင့် ဝန်ကြီးချုပ်တို့က အရေးကြီးသောကိစ္စဖြစ်၍ အမြန်ဆုံးအရေးယူရန် ပြောသဖြင့် အရေးယူပါမည်ဟုပြောပြီး ကာကွယ်ရေး ဦးစီးချုပ်နှင့် ဗိုလ်မှူးကြီးတင်ဦးတို့ ပြန်သွားကြောင်း၊ မိမိလည်း ဝန်ကြီးဦးမောင်မောင်ခ၏ ကားဖြင့် ရုံးသို့ ပြန်ခဲ့ကြောင်း။

ဇူလိုင် ၂ ရက်နေ့စွဲဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၊ အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးစန်းယုနှင့် ဥက္ကဋ္ဌကြီး ဦးနေဝင်းတို့ထံသို့ ဇူလိုင် ၁ ရက် ညက ဗိုလ်ကြီးဝင်းသိန်းပြောသော စကားများနှင့်ပတ်သက်သော အခြေအနေကို စာရေးပြီး မိမိဝန်ကြီး ဦးမောင်မောင်ခ ထံမှတစ်ဆင့် တင်ပြခဲ့ကြောင်း။

## စာရေးပို့

ထိုစာများကို အကြမ်း မိမိကရေးပြီး စာချောကို မိမိကိုယ်ရေးအရာရှိ ဗိုလ်ကြီးဘချစ်ကို ရေးခိုင်းကြောင်း၊ ၎င်းရေးပြီးနောက် မိမိပြန်စစ်၍ စာအိတ်ဖြင့်ထည့်ပြီး သက်ဆိုင်ရာပုဂ္ဂိုလ်ကြီးများ၏ ကိုယ်ရေးအရာရှိများ၏ လက်ထဲအရောက်သွားပေးရန် ဗိုလ်ကြီးဘချစ်ကို မိမိ ညွှန်ကြားကြောင်း၊ ဗိုလ်ကြီးဘချစ်သည် သက်ဆိုင်ရာကိုယ်ရေးအရာရှိများလက်ထဲသို့ ၎င်းစာများသွားပေးခဲ့ကြောင်း၊ ဇူလိုင် ၁ ရက်ညက အဖြစ်အပျက်ကို ဝန်ကြီးချုပ်ထံ တင်ပြသည့် မိတ္တူများကိုပါ ထိုစာများနှင့် တွဲပေးလိုက်ကြောင်း၊ ယခု မိမိအားပြသောစာမှာ မိမိ ဥက္ကဋ္ဌကြီးထံ ဇူလိုင် ၂ ရက်နေ့စွဲဖြင့် ပေးခဲ့သောစာဖြစ်၍ မိမိ၏ လက်မှတ်ဖြစ်ကြောင်း ထွက်ဆိုသည်။

စာချောကို မိမိက ဗိုလ်ကြီးဘချစ်ကို ရေးခိုင်းရာ ၎င်းက ဘာမျှမပြောဘဲ ရေးကြောင်း၊ ယခု ရုံးရှေ့တွင် ဗိုလ်ကြီးဝင်းသိန်းကို တွေ့ရကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

✧ ✦ ✧

## လုပ်ကြံအာဏာသိမ်းရန် ဗိုလ်ကြီးဝင်းသိန်း လာပြောပုံများကို အစစ်ခံ မြေအောက်အဖွဲ့ဖွဲ့ပြီးဗိုလ်ကြီးဝင်းသိန်း အတွင်းရေးမှူးလုပ်ခဲ့သည်ဆို

### ဗိုလ်မှူးကြီးမင်းခေါင်

မွန်းလွဲပိုင်းတွင် အမှုကို ဆက်လက်စစ်ဆေးရာ တရားလိုပြသက်သေ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးကြီးမင်းခေါင်က တရားခံ ဗိုလ်ကြီးဝင်းသိန်းကို မိမိ ခလရ(၉၁) တပ်ရင်းမှူးလုပ်စဉ်က သိကြောင်း၊ ၁၉၇၄ ခုတွင် ကာကွယ်ရေးဝန်ကြီးရုံး၌ အိုင်ဂျီတာဝန် ထမ်းဆောင်စဉ် ၎င်းနှင့် ပြန်တွေ့ကြောင်း၊ မိမိတွင် ယခုအခါ ကိုယ်ရေးအရာရှိမရှိကြောင်း၊ ယခင်က မိမိကိုယ်ရေးအရာရှိမှာ ဗိုလ်ကြီးဝင်းသိန်းဖြစ်ကြောင်း၊ မိမိသည် လွှတ်တော်၊ ဗဟိုကော်မတီနှင့် တိုင်းမှူး တပ်မမှူးများ အစည်းအဝေးရှိ၍ ရန်ကုန်လာရလျှင် ကိုယ်ရေးအရာရှိ ဗိုလ်ကြီးဝင်းသိန်းလည်းပါကြောင်း။

### နှင်ထုတ်

၁၉၇၆ ခု ဇွန်လလယ်လောက်တွင် ဗိုလ်ကြီးဝင်းသိန်းက ၎င်း၏ဇနီး ရန်ကုန်သို့ပို့ရန် မိမိထံ ခွင့်လာတောင်းကြောင်း၊ ဇွန်၂၁ သို့မဟုတ် ၂၂ လောက် ပြန်လာပြီး နောက်တစ်ရက်တွင် မိမိရုံးခန်းသို့ စာတွဲများလာတင်ရင်း ၎င်းက ရန်ကုန်တွင် ဆူလိမ့်မည်ဟု သတင်းထူးကြားကြောင်း။ လက်ရှိခေါင်းဆောင်လုပ်သည့် လူကြီးများကိုလည်း အကြမ်းဖက်လိမ့်မည်ဖြစ်ကြောင်းပြောသောအခါ မိမိက လုပ်စမ်းပါစေ၊ တပ်တွေရှိသားပဲဟု ပြောလိုက်ကြောင်း၊ ထိုအခါ ၎င်းက တပ်ကပါလျှင်ကောဟု မိမိကိုမေးရာ မိမိက ဖြုန်းဆို ဒေါသထွက်သွားကြောင်း၊ တပ်ကိုလည်းကောင်း၊ မိမိကိုလည်းကောင်း၊ အထင်သေးခန့်သောသဘောဖြစ်သဖြင့် မိမိက လူကြီးများကိုထိလျှင် ၁၀ လောက်ကျန်

www.burmeseclassic.com

www.burmeseclassic.com



၁၀ ယောက်နှင့်၊ ငါးယောက်ကျန် ငါးယောက်နှင့်ချမည်။ မိမိအား ပေါက်ကရများ လာပြောမနေနှင့်ဟုပြော၍ နှင်ထုတ်လိုက်ကြောင်း။

ဇွန် ၂၆ ရက်တွင် ဗဟိုကော်မတီစည်းဝေးတက်ရန် မိမိသည် ဗိုလ်ကြီးဝင်းသိန်းလိုက်ပါလျက် ရန်ကုန်သို့ လာခဲ့ကြောင်း၊ ဗဟိုကော်မတီအစည်းအဝေးပြီးလျှင် ရုံး၌ အစည်းအဝေးဆက်လုပ်ကြောင်း၊ ဇူလိုင် ၂ ရက်တွင် တိုင်းမှူး၊ တပ်မမှူးများအား ဦးစီးချုပ်က ရှင်းပြရန်ရှိ၍ ကာကွယ်ရေးဝန်ကြီးရုံးသို့ လာရန်ပြောကြောင်း၊ ထိုည စည်းဝေးပွဲတွင် ဦးစီးချုပ်က မိမိ၏ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးဝင်းသိန်းက လူကြီးများကို လုပ်ကြံပြီး နိုင်ငံတော်အာဏာသိမ်းရန် ကြံစည်သည်နှင့်ပတ်သက်၍ ဗိုလ်ကြီးဝင်းသိန်းအား စစ်ဆေးနေသည်ဟု ပြောပြကြောင်း၊ ထို့နောက် မိမိတာဝန်ကိစ္စပြီး၍ စစ်ဌာနချုပ်သို့ပြန်ခဲ့ကြောင်း၊ ဗိုလ်ကြီးဝင်းသိန်း ရန်ကုန်တွင် ကျန်ခဲ့ကြောင်း ထွက်ဆိုသွားသည်။

## သိပ်မကြိုက်

တရားခံဗိုလ်ကြီးဝင်းသိန်း၏ အကျိုးဆောင် ဦးမောင်မောင်(၆)၏ မေးမြန်းချက်နှင့်ပတ်သက်၍ ဗိုလ်မှူးကြီးမင်းဂေါင်က ၁၉၆၅ ခုလောက်က ခလရ(၃၁)တွင် မိမိတာဝန်ထမ်းဆောင်စဉ် ဗိုလ်ကြီးဝင်းသိန်းသည် မိမိလက်အောက်၌ ၁၁ လခန့် တာဝန်ထမ်းဆောင်ဖူးကြောင်း၊ ၁၉၇၄ ခု မိမိ အိုင်ဂျီလုပ်စဉ် ၎င်းက တပ်နားသည်ဆို၍ ရုံး၌လာတွေ့ကြောင်း။ ထိုနှစ် ဩဂုတ်လောက်တွင် တပ်မမှူးတာဝန် ထမ်းဆောင်ရ၍ နှစ်လခန့်တွင် ဗိုလ်ကြီးဝင်းသိန်းရောက်လာကြောင်း၊ မိမိထံတွင် ကိုယ်ရေးအရာရှိအဖြစ် တစ်နှစ်နှင့်ကိုးလထမ်းဆောင်ခဲ့ကြော ်၊ ၎င်းလုပ်ငန်းဆောင်ရွက်ပုံများသိပ်မကြိုက်၍ လူလဲရန်ပင် စီစဉ်ခဲ့ကြောင်း၊ သူတို့နိုင်ငံရေးလုပ်မလုပ် မိမိမသိကြောင်း ထွက်ဆိုသွားသည်။

တရားခံ ဗိုလ်မှူးကြီးလှဖေ၏ အကျိုးဆောင် ဦးသာ၏ မေးမြန်းချက်နှင့်ပတ်သက်၍ ဗိုလ်မှူးကြီးမင်းဂေါင်က ဗိုလ်မှူးကြီးလှဖေကို သိကြောင်း၊ ၁၉၇၄ ဩဂုတ်လလောက်က ၎င်းတာဝန်ယူခဲ့ရသော တပ်မကို မိမိက တာဝန်ယူရပြီး ၎င်းက မြောက်ပိုင်းတိုင်းမှူး ဖြစ်သွားကြောင်း၊ ယခင်နှစ် တော်လှန်ရေးနေ့တွင် မိမိ စစ်တွေ၌ရှိကြောင်း ထွက်ဆိုသွားသည်။



## လုံခြုံရေး

ဆက်လက်၍ တရားလိုပြသက်သေ ဦးလသာကို စစ်ဆေးသည်။ ၎င်းကထွက်ဆိုရာတွင် မိမိသည် အမှတ်(၈၆) ပြည်လမ်း အမေရိကန်သံအမတ်ကြီးအိမ်၌ လုံခြုံရေးတာဝန်ကို ၁၉၆၀ မှ ယခုထိလုပ်ကိုင်ဆဲဖြစ်ကြောင်း၊ မိမိတာဝန်မှာ အိမ်ဝင်ဂိတ်မှ လူဝင်/ထွက်၊ ကားဝင်/ထွက် စစ်ဆေးရကြောင်း၊ မိမိတာဝန်ချိန်မှာ ညနေ ၄ နာရီမှ ည ၁၂ နာရီထိဖြစ်ကြောင်း၊ ဇူလိုင် ၂ ရက် ည ၇ နာရီခွဲခန့် မိမိအိမ်ဝင်းဂိတ်တွင်ရှိနေစဉ် ခေါ်သံကြား၍ ထွက်ကြည့်ရာ စပို့ရှပ်အဝါ၊ ဘောင်းဘီရှည်အစိမ်း လက်ဆွဲအိတ်ကိုင်ထားသော လူတစ်ယောက်ကို တွေ့ကြောင်း၊ မိမိက ကိစ္စမေးလျှင် ၎င်းက သံအမတ်ကြီးနှင့်တွေ့လိုကြောင်းပြောရာ မိမိက မရှိကြောင်းပြောရာ ထိုသူက စစ်ရုံးမှကိစ္စရှိ၍ လာရကြောင်း၊ သံအမတ်ကြီးနှင့် တွေ့ခွင့်ပြုရန် ဝင်ခွင့်တောင်းသဖြင့် မိမိက စစ်ရုံးမှ အရေးကြီးသည်ဆို၍ တံခါးဖွင့်ပေးပြီး ဂိတ်တဲသို့ ခေါ်သွားကြောင်း၊ ၎င်းသည် ဂိတ်တဲအပြင်မှာ မတ်တတ်ရပ်နေကြောင်း၊ ၎င်းသည် စိတ်လှုပ်ရှားနေပုံရပြီး စီးကရက်တစ်လိပ်ပြီးတစ်လိပ်သောက်ကာ ပြာခဏခဏချွေနေကြောင်း၊ လက်ချောင်းလေးများတုန်နေသည်ကို တွေ့ရကြောင်း၊ ခဏကြာလျှင် ၎င်းသည် ကင်းတဲနံဘေး အမှောင်ထဲတွင် သွားရပ်နေကြောင်း။

## ကြောက်နေ

မိမိ အိမ်ကြီးသို့ အကြောင်းကြားခဲ့ကြောင်း၊ မိမိက အိမ်ထဲ စားပွဲထိုးကို သံအမတ်ကြီးအား လူတစ်ယောက် တွေ့လိုကြောင်းပြောရာ စားပွဲထိုးက ရုံးကြီးမှမရိန်းထံ ဖုန်းဆက်လျှင် မရိန်းက စားပွဲထိုးမှတစ်ဆင့် နာမည်ကို မေးခိုင်းရာ မိမိကမေးသောအခါ အုန်းကျော်ဟု ဖြေကြောင်း၊ မိမိက အုန်းကျော်ဆိုလျှင် အကော်ဒီယံအုန်းကျော်လားဟုမေးရာ မဟုတ်ကြောင်းပြောသဖြင့် စားပွဲထိုးကို အကြောင်းကြားခဲ့ကြောင်း၊ ၎င်းမှ မရိန်းထံအကြောင်းကြားခဲ့ကြောင်း၊ စားပွဲထိုးက ရုံးကြီးမှ ဂျူတီအော်ဖစ်ဆာကို အကြောင်းကြားသဖြင့် ၁၅ မိနစ်ခန့်ကြာလျှင် ကားအနီကလေးဖြင့် မစ္စတာမာဖီ ရောက်လာကြောင်း၊ ၎င်းက မိမိကို လူတစ်ယောက်ရှိသလားမေးသဖြင့် ရှိကြောင်းပြောလျှင်

www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ထွက်ခိုင်းကြောင်း၊ အုန်းကျော်ဆိုသူသည် အပြင်ထွက်ရန် ကြောက်နေကြောင်း၊ ထိုအခါ မစ္စတာမာဖီက အပြင်ထွက်ရန် အင်္ဂလိပ်လိုခေါ်ကြောင်း၊ အုန်းကျော်ဆိုသူက မစ္စတာမာဖီကို အထဲဝင်လာခိုင်းကြောင်း၊ မစ္စတာမာဖီက အပြင်ထွက်ရန်ခေါ်နေကြောင်း၊ မိမိက အုန်းကျော်ကို အပြင်ထွက်သွားရန် တောင်းပန်တော့မှ ထွက်သွားကြောင်း၊ မိမိလည်း ဂိတ်ထဲဝင်သွားကြောင်း၊ မစ္စတာမာဖီက ကားထဲခေါ်သွားပြီး စကားပြောကြောင်း၊ ငါးမိနစ်ခန့်ကြာလျှင် မစ္စတာမာဖီက မိမိကိုခေါ်ကာ ကောင်စစ်ဝန်အားသွားခေါ်ခိုင်းကြောင်း၊ ကောင်စစ်ဝန်မှာ မန္တလေးက ခေတ္တလာခြင်းဖြစ်ကြောင်း၊ ကောင်စစ်ဝန်ရောက်လာလျှင် ၎င်းက နာမည်မေးသောအခါ ကပ္ပတိန်အုန်းကျော်ဟု ထိုသူက ပြန်ဖြေကြောင်း၊ ၎င်းတို့သုံးဦးစလုံး ကားပေါ်တွင်းစကားပြောပြီး ကားထွက်သွားကြောင်း။

## သပြေခက်

မိမိသည် သူ့အိတ်ကိုဖွင့်ကြည့်ရာ သပြေခက်သုံးခက် ပခုံးဒေါက်ကို တွေ့ရသဖြင့် ပြန်ပိတ်ပြီး ကင်းတဲထဲ၌ ထားလိုက်ကြောင်း၊ နာရီဝက်ခန့်ကြာလျှင် ကားပြန်လာရာ ကောင်စစ်ဝန်က အိမ်ထဲသို့ဝင်လာပြီး မစ္စတာမာဖီက ကားမောင်းထွက်သွားကြောင်း။

ည ၁၀ နာရီခန့်တွင် သံအမတ်ကြီးပြန်လာပြီး ကောင်စစ်ဝန်နှင့် ကင်းတဲရှေ့တွင် ကားထဲ၌ စကားပြောကြပြီး မိနစ်၂၀ ခန့်ကြာလျှင် ကောင်စစ်ဝန်ထွက်လာပြီး ထိုသူကျန်ရစ်ခဲ့သော အိတ်ကိုယူ၍ ဂိတ်နှင့်ကိုက်(၂၀၀)ခန့်ကွာသော အမှိုက်ပုံထဲသို့ သွားပစ်လိုက်ကြောင်း၊ ထို့နောက် ပြန်ထုတ်ယူ၍ အမှတ်(၉)ကားမှတ်တိုင် ရပ်နေစဉ် မစ္စတာမာဖီ ပြန်လာပြီး ကောင်စစ်ဝန်ကို ခေါ်သွားကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ထို့နောက် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင်ဦးကိုယု၏ မေးမြန်းချက်များကို တရားလိုပြသက်သေ ဦးလသာက ပြန်လည်ဖြေကြား ထွက်ဆိုသွားသည်။

ဆက်လက်၍ တရားလိုပြသက်သေ ဗိုလ်မှူးချစ်ခိုင်(လေ)အား စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ထိုအမှုဖြစ်စဉ်က ပြုပြင်ထိန်းသိမ်းရေးလေ



တပ်စခန်း၊ အုပ်ချုပ်ရေးအရာရှိ တာဝန်ထမ်းဆောင်နေကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်ကို မိမိ နဝရတ်ရိပ်သာ၌နေခဲ့စဉ်က အိမ်နီးနားချင်းအဖြစ် စသိကြောင်း၊ မိမိသည် ထိုစဉ်က တိုက်(၉၇)၊ အခန်း(၁)တွင်နေ၍ ၎င်းသည် ထိုတိုက် အခန်း(၄)တွင်နေကြောင်း၊ မိမိနှင့် စသိသည်မှာ ၁၉၇၂ ခုနှစ်ခန့်က ဖြစ်ကြောင်း၊ ထိုစဉ်က ၎င်းသည် ရန်ကုန်တိုင်းမှူး ဗိုလ်မှူးကြီးကျော်ထင်၏ ကိုယ်ရေးအရာရှိအဖြစ် ထမ်းဆောင်စဉ်ဖြစ်ပြီး အထိုက်အလျောက်ရင်းနှီးကြောင်း၊ သူ့အားလပ်ချိန်တွင် မိမိအိမ်သို့ရောက်လာပြီး လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး အခြေအနေများကို ပြောဖူးကြောင်း။

ယင်းသို့ ဆွေးနွေးရာတွင် လက်ရှိကုန်ဈေးနှုန်းများ ကြီးမြင့်ခြင်းပါကြောင်း၊ အထူးသဖြင့် မိမိ မှတ်သားမိသည်မှာ ၎င်းက လက်ရှိပါတီက လုပ်နေသည်ကို မကြိုက်ဟု မိမိကို ပြောလိုကြောင်း။

## ပိတ်ဆို့ပေးရုံ

ဗိုလ်ချုပ်ကြီးတင်ဦး နုတ်ထွက်ပြီး စိတ်ထင် ၅ ရက်၊ ၆ ရက်ကြာ ည ၇ နာရီခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့် မိမိအိမ်ကို ရောက်လာကြောင်း၊ ၎င်းက ကာကွယ်ရေးဦးစီးချုပ် နုတ်ထွက်ရသည့်ကိစ္စနှင့်ပတ်သက်၍ ၎င်းတို့လူငယ်များမှာ သွေးဆူပြီး ချက်ချင်း ထချချင်ပြီဟုပြောကြောင်း၊ မိမိက ခေါင်းအေးအေးထားရန် ရှင်းပြခဲ့ကြောင်း၊ ထိုအခါ သူက မိမိပြောသကဲ့သို့ ကာယကံမြောက်ဖြစ်လာခဲ့လျှင် မိမိအနေဖြင့် လေယာဉ်ပျံဖြင့် ဗုံးကြဲပေးမည်လား၊ မိမိတပ်ခွဲဖြင့် ကျိုက္ကလို့ကုန်းတံတားမှလာသော ကားများကို ပိတ်ဆို့နိုင်ပါမည်လားဟုမေးရာ မိမိက ပိတ်ဆို့ပေးရုံလောက် ဖြစ်နိုင်သည်ဟု ပြန်ပြောခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက အမှုကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်သည်။

အမှုစစ်ဆေးခြင်းရပ်နားထားစဉ် တရားခံများနှင့် ၎င်းမိသားစုများအား တွေ့ဆုံခွင့် သက်ဆိုင်ရာက စီစဉ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

## တရားဥပဒေအရ ရှောင်မပြေးဘဲရင်ဆိုင်
## ဗုံးကြီးအပိန့်ပေးရန် အုန်းကျော်မြင့်ပြောခဲ့ပုံ ဗိုလ်မှူးချုပ်စောမြထွက်ဆို

### ကားဌား

အမှုစတင်စစ်ဆေးလျှင် ယမန်နေ့က ထွက်ဆိုခဲ တရားလိုပြသက်သေ ဗိုလ်မှူးချစ်နိုင်(လေ)ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ဗိုလ်ကြီးအုန်းကျော်မြင့် ပြန်သွားသောအခါ မိမိရှင်းပြသည်ကို သဘောပေါက်သွားသည်ဟု ယူဆမိကြောင်း၊ ထို့ကြောင့် တပ်ကို စည်းရုံးခြင်း၊ အရပ်သားကို စည်းရုံးခြင်း မပြုတော့ဘဲ မေ့ပျောက်နေကြောင်း၊ ၎င်းကိုလည်း ထပ်မံဆက်သွယ်ခြင်း မပြုတော့ကြောင်း၊ စိတ်ထင် ဧပြီလအတွင်း ည ၉ နာရီကျော်ခန့်တွင် ဗိုလ်ကြီး အုန်းကျော်မြင့် မိမိအိမ်သို့ရောက်လာ၍ ဧည့်သည်တစ်ယောက်လိုက်ပို့ရန် မော်တော်ကား လာငှားကြောင်း။

### နှုတ်ဆက်

မိမိကားမှာ လင့်ရှိဗာစစ်ကား ၂၂၅၅(င)ဖြစ်ကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့် မိမိကားသော့ယူသွားပြီး အချိန်အတန်ကြာသည်အထိ ကားမထွက်၍ အခန်းပြင်ဘက်ထွက်ကြည့်ရာ ကားမီးဖွင့်ခြင်း အခက်အခဲတွေ့နေသည်ကို တွေ့ရသဖြင့် မိမိရောက်သွားသောအခါ ၎င်းနှင့်အတူ ကားရှေ့ခန်းတွင် မြောက်ပိုင်းတိုင်းမှူး ဗိုလ်မှူးကြီးလှဖေကို တွေ့ရကြောင်း၊ မိမိက နှုတ်ဆက် အလေးပြုကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်အား မိမိကား မီးဖွင့်ပုံ ပြသပြီးနောက် ၎င်းနှင့် ဗိုလ်မှူးကြီးလှဖေတို့ ကားဖြင့်ထွက်သွားကြောင်း။



### ပြောင်းရွှေ့

ဧပြီလ ၉ ရက်တွင် မိမိသည် နဝရတ်ရိပ်သာမှ မင်္ဂလာဒုံမြို့ပြင်ထိန်းသိမ်းရေးလေတပ်စခန်းအရာရှိရိပ်သာသို့ ပြောင်းရွှေ့နေထိုင်ကြောင်း၊ ဇွန် ၂၅ ရက်တွင် မိမိဖခင်ဆုံး၍ ကျောက်တံခါးမြို့သို့ ခွင့်ဖြင့်ပြန်ခဲ့ပြီး ဇူလိုင် ၁ ရက်တွင် ပြန်ရောက်ကြောင်း၊ အိမ်ပြန်ရောက်လျှင် မိမိဇနီးက မိမိခွင့်သွားစဉ် ဗိုလ်ကြီးထွန်းကျော်တို့ အိမ်ကိုရောက်လာပြီး မိမိကို လာမေးသည်ဟု ပြန်ပြောရာ မိမိသည် ဗိုလ်ကြီးထွန်းကျော် မသိ၍ ဇနီးကိုမေးလျှင် ဗိုလ်ကြီးထွန်းကျော်မှာ မိမိတို့ နဝရတ်ရိပ်သာတွင်နေစဉ်က ကပ်လျက်တိုက်မှ အပေါ်ဆုံးထပ်တွင် နေသူဖြစ်သည်ဟု ပြန်ပြောကြောင်း၊ မိမိကလည်း ရိုးရိုးလာလည်ခြင်းဖြစ်သည်ထင်၍ ၎င်းတို့ကို ပြန်ပြီး ဆက်သွယ်မေးမြန်းခြင်း မပြုခဲ့ကြောင်း။

### ခုခံလို

ဇူလိုင် ၃ ရက် ညနေ ၆ နာရီကျော်ခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်က ၎င်းသည် ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ)၏ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးတင်ဝင်းအိမ်၌ ရောက်နေကြောင်း၊ ကိစ္စရှိ၍ လာစေလိုကြောင်းပြောကြားသဖြင့် မိမိရောက်သွားသောအခါ ဗိုလ်ကြီးတင်ဝင်းအိမ် ဧည့်ခန်းတွင် ၎င်းအား တွေ့ရကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်က မိမိအား ၎င်းကို ထောက်လှမ်းရေးမှ လိုက်ဖမ်းနေသဖြင့် ၎င်းကို ကူညီရန်နှင့် မိမိတွင်ရှိသည့် တပ်ဖြင့် ခုခံလိုသည်ဟု ပြောကြားကြောင်း။

### ပိတ်ဆို့ပေး

မိမိက ၎င်းကို ထောက်လှမ်းရေးက လိုက်ဖမ်းရအောင် ဘာလုပ်ခဲ့သနည်းဟုမေးလျှင် ၎င်းက သွေးဆူပြီး ချက်ချင်းထချရန် စီစဉ်နေသည်ကို သက်ဆိုင်ရာသိသွား၍ လိုက်ဖမ်းနေခြင်းဖြစ်သည်ဟု ပြောပြကြောင်း၊ ၎င်းက ဆက်လက်၍ မိမိ၏တပ်ခွဲကို မြန်မြန်ထုတ်ရန် တိုက်တွန်းကြောင်း၊ မိမိက တပ်ခွဲထုတ်ပြီး ဘာလုပ်ရမှာလဲ ဘယ်သွားရမှာလဲဟု မေးလျှင် ဘီ၊ စီ၊ အမ်၊ ပီ ဂိတ်နားမှထွက်ပြီး ပြည်လမ်းမကြီး ပိတ်ဆို့ပေးပါဟု ပြန်ပြောကြောင်း။

www.burmeseclassic.com



## ဗုံးကြဲခွင့်

မိမိက ခင်ဗျားလုပ်ပုံက အဓိပ္ပာယ်မရှိကြောင်း၊ ရန်သူမည်သည့်နေရာတွင် ရှိကြောင်းလည်း မသိကြောင်းပြောလျှင် ၎င်းက ဆက်လက်၍ ဒုတိယ ကာကွယ်ရေးဦးစီးချုပ်(လေ)ထံမှ လေယာဉ်ပျံနှင့် ဗုံးကြဲခွင့်တောင်းလျှင် ပေးပါမည်လားဟု ပြန်မေးကြောင်း၊ မိမိက ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ) ကပေးလျှင် ဖြစ်နိုင်ကြောင်းကို ပြန်ပြောလျှင် ၎င်းက ကာကွယ်ရေးဦးစီးချုပ်(လေ) ထံမှ ဗုံးကြဲခွင့်အမိန့်တောင်းမည်။ ခြေလျင်တမ်ရင်း(၉၁)နှင့် ခမရ(၁၀၆) တို့ကိုလည်း တပ်များထုတ်ရန်လိုအပ်ပါက ဦးစီးချုပ်၏အမိန့်ကို သုံးတန်လျှင် သုံးပြီး တောင်းမည်ဟု ပြောပြကြောင်း။

## ဖုန်းဆက်

ထို့နောက် ၎င်းက မိမိအား ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ)ထံမှ ဗုံးကြဲရန် လေယာဉ်တောင်းလျှင် ရနိုင်မည်လားဟု ထပ်မေးကြောင်း၊ ထို့ကြောင့် မိမိက ၎င်းကို ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်တွေ့ပေးလျှင် ပြဿနာ အားလုံး ရှင်းလင်းသွားမည်ဟု စဉ်းစားမိပြီးဖြစ်သည့်အလျောက် ဒုတိယ ကာကွယ်ရေးဦးစီးချုပ်(လေ)ထံသွားလျှင် ကောင်းမည်၊ ၎င်းကပေးလျှင် ဖြစ်နိုင်သည်ဟု ပြောရာ ဗိုလ်ကြီးအုန်းကျော်မြင့်က သဘောတူ၍ ဗိုလ်ကြီးတင်ဝင်း အား ဒုတိယကာကွယ်ရေ ဦးစီးချုပ်(လေ)နှင့် တွေ့ခွင့်ရရန် စီစဉ်စေကြောင်း၊ တွေ့ခွင့်ရသဖြင့် မိမိနှင့် ဗိုလ်ကြီးတင်ဝင်း တို့သည် ဗိုလ်ကြီးအုန်းကျော်မြင့်ကို ခြေလျင်လိုက်ပို့ကြောင်း။

## လိုက်ဖမ်း

ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ) အိမ်ဧည့်ခန်းတွင် ဒုတိယကာကွယ် ရေးဦးစီးချုပ်(လေ)၊ ဗိုလ်ကြီးအုန်းကျော်မြင့်၊ ဗိုလ်ကြီး တင်ဝင်းနှင့် မိမိတို့ တွေ့ကြောင်း၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ)ကို ဗိုလ်ကြီးအုန်းကျော်မြင့် က ဗိုလ်ချုပ် ကျွန်တော့်ကို ကယ်ပါဦးဟုပြောလျှင် ဗိုလ်ချုပ်က ဘာကိစ္စလဲဟု ပြန်မေးကြောင်း၊ ၎င်းက ဆက်လက်၍ ဗိုလ်ချုပ် ဗိုလ်ချုပ်ကြီးဟောင်းတင်ဦး၊



ဗိုလ်ချုပ်စိန်ဝင်း၊ ဗိုလ်မှူးချုပ်ချစ်လှိုင်၊ ဗိုလ်မှူးချုပ်စောဖြူ၊ ဗိုလ်မှူးကြီးစိန်လွင် စသည့်လူကြီးများ အာဏာပြန်ရရန် ကြံစည်လုပ်ကိုင်ခဲ့ခြင်းကို ထောက်လှမ်း ရေးက သိသွား၍ လိုက်ဖမ်းနေကြောင်း၊ ထို့ကြောင့် ပြန်ခုခံရန် ဗိုလ်ချုပ်အနေဖြင့် လေယာဉ်ပျံနှင့် ဗုံးကြဲရန် အမိန့်ချပေးပါဟု ပြောကြောင်း။

## ယုံကြည်

ဗိုလ်မှူးချုပ်စောဖြူက ၎င်း၏ကိစ္စမှာ ကြောက်စရာကြီးဖြစ်ကြောင်း၊ ယင်းသို့ ဥပဒေကို မချိုးမဖောက်စေချင်ကြောင်း၊ ၎င်းလုပ်ခဲ့သည့် အစီအစဉ် နှင့်ပတ်သက်၍ မိမိ (ဗိုလ်မှူးချုပ်စောဖြူ)အနေဖြင့် ဘာမျှ မသိကြောင်း၊ မိမိ (ဗိုလ်မှူးချုပ်စောဖြူ)အနေဖြင့် အထက်လူကြီးများအပေါ် ယုံကြည်မှု အပြည့်အဝ ရှိသည်ဟု ပြန်ပြောကြောင်း၊ ထိုအခါ ဗိုလ်ကြီးအုန်းကျော်မြင့်က ဗိုလ်ချုပ် မကယ်လျှင် စစ်ခုံရုံးအတင်ခံရပြီး အသတ်ခံရမှာပဲဟု ပြန်ပြောကြောင်း၊ မိမိ (ဗိုလ်မှူးချုပ်စောဖြူ)ကိုယ်တိုင် ၎င်း၏ဆရာထံ လိုက်ပို့မည်ဖြစ်ကြောင်း စသည်ဖြင့် ပြန်ပြောကြောင်း။

ထို့နောက် ဗိုလ်ချုပ်နှင့် ဗိုလ်ကြီးတင်ဝင်းတို့သည် ဗိုလ်ကြီးအုန်းကျော် မြင့်ကို လိုက်ပို့ရန် ဗိုလ်ချုပ်ကားဖြင့် ခေါ်သွားကြောင်း၊ မိမိလည်း အိမ်သို့ ပြန်လာခဲ့ကြောင်း၊ ဇူလိုင် ၇ ရက်တွင် မိမိကို တပ်မတော်ထောက်လှမ်းရေးမှ ခေါ်ယူစစ်ဆေးကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

## တာဝန်ထမ်း

၎င်းနောက် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင် ဦးကိုယု နှင့် တရားခံဗိုလ်မှူးကြီးလှဖေ၏အကျိုးဆောင် ဦးဘိုးသာတို့က မေးမြန်းသည် ကို တရားလိုပြသက်သေ ဗိုလ်မှူးချစ်ခိုင်(လေ)က ပြန်လည်ထွက်ဆိုသည်။ ဆက်လက်၍ တရားလိုပြသက်သေ ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်မှူးချုပ်စောဖြူကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် လက်ရှိရာထူးကို ၁၉၇၄ ခုနှစ်က စတင်ထမ်းဆောင်ခဲ့ကြောင်း၊ မိမိကိုယ်ရေးအရာရှိမှာ ဗိုလ်ကြီး တင်ဝင်းဖြစ်ကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်ကို ဗိုလ်ချုပ်ကျော်ထင်၏ ကိုယ်ရေး

www.burmeseclassic.com

www.burmeseclassic.com



အရာရှိဟု မိမိသိကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနတွင် စစ်ဦးစီး ဗိုလ်မှူးကြီး (လေ)အဖြစ် မိမိတာဝန်ထမ်းဆောင်စဉ် ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီဝင် တစ်ယောက်လည်းဖြစ်၍ ထိုစဉ်က ဗိုလ်ချုပ်ကျော်ထင်မှာ ရန်ကုန်တိုင်းမှူးဖြစ်ပြီး ၎င်းလည်း ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်တစ်ယောက်ဖြစ်ရာ ၎င်း၏ကိုယ်ရေးအရာရှိ ဗိုလ်ကြီးအုန်းကျော်မြင့်ကို သိကြောင်း။

## တွေ့ဆုံ

ဇူလိုင် ၃ ရက် ည ၈ နာရီခန့်က မိမိအိမ်ပြန်ရောက်လျှင် ဗိုလ်ကြီးတင်ဝင်းက ဧည့်သည်တစ်ယောက် အရေးကြီးသောကိစ္စ တင်ပြစရာရှိသည်ဟု မိမိကို သတင်းပို့သဖြင့် မိမိက ဧည့်ခန်း၌ တွေ့ဆုံကြောင်း၊ ဧည့်သည်ဆိုမှာ ဗိုလ်ကြီးအုန်းကျော်မြင့်ပင်ဖြစ်ကြောင်း၊ ထိုစဉ်က ဗိုလ်ကြီးအုန်းကျော်မြင့်သည် မိမိနှင့်အတူ ခပ်နီးနီးတွင်လည်းကောင်း၊ ဗိုလ်မှူးချစ်ခိုင်က ခပ်လှမ်းလှမ်းတွင်လည်းကောင်း၊ ဗိုလ်ကြီးတင်ဝင်းက မတ်တတ်ရပ်လျက်လည်းကောင်း ရှိနေကြောင်း။

ဗိုလ်ကြီးအုန်းကျော်မြင့်က မိမိအား ၎င်းကို အကူအညီပေးပါဟုပြောရာ မိမိက ဘာအကူအညီလဲဟုမေးလျှင် ၎င်းကို အမ်အိုင်လိုက်နေကြောင်း၊ ဗိုလ်မှူးကြီးသန်းတင်ကိုလည်း ဖမ်းထားပြီထင်သည်ဟု ပြောပြကြောင်း၊ မိမိက ဘာလုပ်ပေးရမည်လဲဟုမေးလျှင် ၎င်းက ကျွန်တော်တို့ အရာရှိငယ်တစ်စုတပ်ခွဲတစ်ခွဲဖြင့် အာဏာသိမ်းဖို့ အဆင်သင့်ရှိနေပြီဟုပြောကြောင်း၊ ၎င်းက ဆက်လက်၍ ဗိုလ်မှူးချုပ်ချစ်လှိုင်နှင့် မိမိအပါအဝင် တိုင်းမှူးများကို ခေါင်းဆောင်တင်မြှောက်မည်ဟုပြောကြောင်း၊ မိမိက အာဏာသိမ်းဖို့ဆိုတာ ဘာမကျေနပ်သလဲဟုမေးလျှင် ၎င်းက တိုင်းပြည်မှာ စီးပွားရေးအဆင်မပြေသည့်အကြောင်းနှင့် ပါတီဗဟိုကော်မတီထဲတွင် လက်ဝဲဆန်သည့်လူများကို မကျေနပ်ဟုပြောကြောင်း၊ မိမိက စိတ်ဆိုးပြီး ငါ စစ်သားကွ၊ မင်းတို့အကုန်လုံးမှားတယ်၊ ဥက္ကဋ္ဌကြီးနှင့် ဗိုလ်ချုပ်ကြီးစန်းယုတို့ ခေါင်းဆောင်ကြီးတွေအပေါ်မှာ ငါ ယုံကြည်လေးစားတယ်၊ သူတို့အနေဖြင့် တိုင်းပြည်ကောင်းအောင် နေ့မအိပ်ညမအိပ်ကြိုးစားပြီး လုပ်နေတယ် စသည်ဖြင့် ပြောပြခဲ့ကြောင်း။



## စဉ်းစား

ခဏမျှငြိမ်သက်နေကြပြီး မိမိအနေဖြင့် ဗိုလ်ကြီးအုန်းကျော်မြင့်ကို မည်သို့ဆွဲခေါ်ရန်စဉ်းစားပြီး မိမိကပင် ဘာလုပ်ပေးရမလဲဟုမေးပြီး တစ်ဆက်တည်း ၎င်းအနေဖြင့် ယခုအခါ ကိုယ်ထိလက်ရောက်ကျူးလွန်သေးခြင်းမရှိကြောင်း၊ တောခို၍လည်းရမည်မဟုတ်ကြောင်း၊ တောခိုလျှင်လည်း အသတ်ခံရမည်ဖြစ်ကြောင်း၊ အကောင်းဆုံးမှာ ၎င်း၏ဆရာထံ သွားရန်ဖြစ်၍ မိမိကိုယ်တိုင် လိုက်ပို့ပြီး ၎င်း၏ဆရာကိုလည်း ပြောပြပေးမည်ဖြစ်ကြောင်း ပြောလျှင် ၎င်းက ကျွန်တော့်ဆရာထံပို့လျှင် ဆရာက ၎င်းအား အမ်အိုင်လက်သို့အပ်လိုက်မှာပဲဟု ပြန်ပြောကြောင်း။

## တစ်ပါတည်း

ထို့နောက် မိမိလည်း လေယာဉ်ပျက်သည့်ကိစ္စအတွက် အပြင်ထွက်ရန် အကြောင်းရှိလာသဖြင့် ဗိုလ်ကြီးတင်ဝင်းအား စီစဉ်ခိုင်းပြီး ဗိုလ်ကြီးအုန်းကျော်မြင့်အား တစ်ပါးတည်းခေါ်ကြောင်း၊ ၎င်းက သူ့တွင် ကားပါလာသဖြင့် နောက်ကလိုက်လာမည်ဟုပြောကြောင်း၊ မိမိက ၎င်းကားဖြင့်လိုက်လာလျှင် အခြားသို့ထွက်သွားမည်စိုးသဖြင့် မိမိကားပေါ်တက်ရန် အမိန့်ပေးလိုက်ကြောင်း၊ ၎င်း၏ကားကို မိမိကားမောင်းသမားအား မောင်းစေပြီး မိမိကားကို ဗိုလ်ကြီးတင်ဝင်းအား မောင်းစေကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်သည် ဗိုလ်ကြီးတင်ဝင်းဘေးတွင် ဝင်ထိုင်ပြီး ကားမောင်းထွက်ခဲ့ကြောင်း။

## လုံခြုံရေး

မိမိသည် လေယာဉ်ပျက်ကျသည့်ကိစ္စအတွက် ကျဆုံးသူလေယာဉ်မှူးများ၏ဇနီးများထံဝင်၍ အားပေးနှစ်သိမ့်စကားပြောကြားပြီး ဗိုလ်ချုပ်ကျော်ထင်အိမ်သို့ဆက်ထွက်ရာ ည ၁၀ နာရီခွဲခန့်တွင်ရောက်ကြောင်း၊ မိမိတို့ရောက်လျှင် ဦးစီးချုပ်အပြင်ထွက်လာကြောင်း၊ ၎င်းကိုကြည့်ရသည်မှာ သိနှင့်နေပုံရကြောင်း၊ မိမိက ဗိုလ်ချုပ်ကို အရေးကြီးသောကိစ္စပြောစရာရှိသည်ဟုပြောပြီး မိမိကားတွင် ဗိုလ်ကြီးအုန်းကျော်မြင့်ပါလာသည်ဟုပြောလျှင် ၎င်းက

www.burmeseclassic.com



လုံခြုံရေးလုပ်ထားရဲ့လားဟု ပြန်မေး၍ မိမိက ကားပေါ်တွင် ဗိုလ်ကြီးတင်ဝင်း ပါလာသည်ဟုပြောကြောင်း။

## ညွှန်ကြား

ငင်းက သူ့ထံမှ ဗိုလ်ကြီးအုန်းကျော်မြင့် ထွက်သွားသည်မှာ နှစ်ညခန့် ရှိပြီဟုပြန်ပြောပြီး မိမိက ငင်းတို့အာဏာသိမ်းရန် ကြံစည်ကြပုံကို တင်ပြကြောင်း၊ ငင်းက ရန်ကုန်တိုင်းကွပ်ကဲမှုရုံးသို့ပို့လျှင် ကောင်းမလားဟုမေးပြီး ကွပ်ကဲမှုရုံးသို့သွားလျှင် မိမိကားဖြင့်လိုက်ရန်ပြောပြီးမှ သွားနှင့်ရန် ထပ်ပြော ကြောင်း၊ ထို့နောက် သွားဖုန်းဆက်ပြီး ဗိုလ်ချုပ်ပြန်ထွက်လာလျှင် မိမိတို့ လည်း ရန်ကုန်တိုင်း ကွပ်ကဲမှုရုံးသို့ ထွက်ခဲ့ရာ ထိုရုံးရောက်လျှင် ဒုကာကွယ် ရေးဦးစီးချုပ်(ကြည်း)ဗိုလ်မှူးချုပ်အေးကို၊ တိုင်းမှူး ဗိုလ်မှူးကြီးတင်စိန်နှင့် ဦးစီးအရာရှိ သုံးလေးဦးကိုတွေ့ရကြောင်း၊ ဗိုလ်မှူးကြီးတင်စိန်က ငင်း၏ဦးစီး အရာရှိအား ဗိုလ်ကြီးအုန်းကျော်မြင့်ကို အပေါ်ခေါ်သွားရန် ညွှန်ကြားကြောင်း။

## ပြန်ခဲ့

သုံးမိနစ်ခန့်ကြာလျှင် ဗိုလ်ချုပ်ကျော်ထင်ရောက်လာပြီး ဗိုလ်ချုပ်နှင့် မိမိတို့ ကွပ်ကဲမှုရုံးအပေါ်ထပ်တွင် စကားပြောကြ၍ ၁၅ မိနစ်ခန့်ကြာလျှင် ဗိုလ်မှူးကြီးမျိုးအောင်နှင့် ဗိုလ်မှူးကြီးအောင်ဌေးတို့ရောက်လာကြောင်း၊ မိမိ တို့ ခဏစကားပြောပြီးနောက် ဗိုလ်မှူးကြီးမျိုးအောင်၊ ဗိုလ်မှူးကြီးအောင်ဌေး တို့က ဗိုလ်ကြီးအုန်းကျော်မြင့်ကို ခေါ်သွားကြောင်း၊ ည ၁၂ နာရီခန့်တွင် မိမိတို့ ပြန်လာခဲ့ကြကြောင်း။

မိမိကို ဗိုလ်ကြီးအုန်းကျော်မြင့် အကူအညီတောင်းခြင်းမှာ မိမိက လက်နက်ကိုင်အဖွဲ့ကို အုပ်ချုပ်ကွပ်ကဲသူတစ်ယောက်ဖြစ်၍ မိမိလက်အောက် တွင် လေယာဉ်ပျံများလည်းရှိသဖြင့် လေယာဉ်ပျံနှင့် လက်နက်ပစ္စည်းများ အကူအညီတောင်းခြင်းဖြစ်သည်ဟုထင်ကြောင်း၊ မိမိနှင့် ဗိုလ်ကြီးအုန်းကျော် မြင့်တို့ တွေ့စဉ်က တရားဥပဒေကို ရှောင်မပြေးရန်နှင့် ဥပဒေအရ ရင်ဆိုင်ရန် အကြံလိပ်လိုပြောခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။



## တာဝန်ထမ်း

ဆက်လက်၍ တရားလိုပြသက်သေ ဗိုလ်ကြီးတင်ဝင်းကို စစ်ဆေးသည်။ ငင်းက ထွက်ဆိုရာတွင် လက်ရှိ ဒု-ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ကိုယ်ရံ တော်အရာရှိအဖြစ် ၁၉၇၄ ဧပြီ နောက်ဆုံးပတ်တွင် စတင်တာဝန်ထမ်း ဆောင်ကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်ကို မိမိသိကြောင်း၊ မိမိသည် ဒုကာကွယ် ရေးဦးစီးချုပ်(လေ)၏ ကိုယ်ရံတော်တာဝန်ထမ်းဆောင်ချိန်မှစ၍ အလုပ်ဝတ္တရား ဆက်သွယ်ဆောင်ရွက်ရာမှ ဗိုလ်ကြီးအုန်းကျော်မြင့်ကို သိခဲ့ရကြောင်း စသည် ဖြင့် ငင်းက မိမိအိမ်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် ဗိုလ်မှူးချုစ်ခိုင်(လေ)တို့ စကားပြောကြပုံ၊ ငင်းတို့သုံးဦး ဒု-ကာကွယ်ရေးဦးစီးချုပ်(လေ)ထံ သွားကြပုံ၊ ထို့နောက် ဒု-ကာကွယ်ရေးဦးစီးချုပ်(လေ)တို့ ဗိုလ်ချုပ်ကျော်ထင်အိမ်နှင့် ရန်ကုန်တိုင်း ရှေ့တန်းကွပ်ကဲရေးရုံးများသို့ သွားကြပုံများကို ရှင်းလင်းထွက် ဆိုသွားသည်။

## ခွင့်ယူ

ထို့နောက် တရားလိုပြသက်သေ ဒေါ်အေးမြင့်သန်းကို ဆက်လက်စစ် ဆေးသည်။ ငင်းက ထွက်ဆိုရာတွင် မိမိခင်ပွန်းမှာ ဗိုလ်မှူးချစ်ခိုင်ဖြစ်ကြောင်း၊ ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်း(မင်္ဂလာဒုံ)တွင် နေထိုင်ကြောင်း၊ ယခင်က နဝရတ်ရိပ်သာ တိုက် (၉၇)၊ အခန်း (၁) တွင်နေစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်ကို သိကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်သည် ထိုတိုက်အခန်း(၄)တွင် နေကြောင်း၊ မင်္ဂလာဒုံသို့ ၁၉၇၆ ခု ဧပြီလ ၁၉ ရက်တွင် ပြောင်းရွှေ့ခဲ့ပြီး ဗိုလ်ကြီးအုန်း ကျော်မြင့်တို့ တစ်ခေါက်လာကြောင်း၊ ထိုစဉ်က ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် အခြားတစ်ဦးပါကြောင်း၊ ထိုသူကို မသိကြောင်း၊ ငင်းတို့လာစဉ်က မိမိခင်ပွန်း မှာ ဖခင်ဆုံးသဖြင့် ခွင့်ယူပြီး ကျောက်တံခါးသွားနေကြောင်း၊ ခင်ပွန်းမရှိ ကြောင်းနှင့် သွားရသည့်ကိစ္စကို ပြောပြလိုက်ကြောင်း၊ မိမိခင်ပွန်းပြန်လာလျှင် လည်း ဗိုလ်ကြီးအုန်းကျော်မြင့်တို့ လာသွားသည်ဟု ပြန်ပြောပြခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။ ငင်းအား တရားခံ ဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင် ဦးကိုယုက မေးမြန်းသည်ကို ဖြေကြားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## ညစာစားပွဲ

ဂျင်းနောက် တရားလိုပြသက်သေ မောင်တင်ထွေးကို စစ်ဆေးသည်။ ဆက်လက်၍ တရားလိုပြသက်သေ ဗိုလ်ကြီးအောင်ကြည်ဦးကို စစ်ဆေးရာတွင် ၎င်းက မိမိ၏လက်ရှိတာဝန်မှာ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး၏ အတွင်းရေးမှူးဖြစ်ကြောင်း၊ ၁၉၇၆ ခု မတ်လအတွင်းက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဋ္ဌမအစည်းအဝေးပြီးနောက် သမ္မတအိမ်တော်ဝင်း၌ ပြုလုပ်သော ညစာစားပွဲသို့ မိမိ ဝန်ကြီးနှင့်အတူ လိုက်ပါသွားကြောင်း။

## လက်တို့ခေါ်

အိမ်တော်ဝင်းထဲတွင် မိမိသည် အခြားဝန်ကြီးများ၏ အတွင်းရေးမှူးများဖြစ်ကြသော ဒုတိယဝန်ကြီးချုပ်၏ အတွင်းရေးမှူး ဦးညွန့်ရွှေ၊ ဗိုလ်ကြီးစိုးတင့်၊ ဦးမောင်မောင်လေးနှင့် အမည်မသိ သုံးလေးဦးနှင့်အတူ စကားပြောနေစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်သည် မိမိတို့နားရောက်လာပြီး စကားပြောနေကြကြောင်း။ ခဏအကြာ ၎င်းက မိမိအား ပြောစရာရှိ၍ဆိုပြီး လက်တို့ခေါ်သွားကြောင်း၊ (၄-၅-၁၀)လှမ်းအရောက် သမ္မတအိမ်တော်ဝင်းအတွင်း ထွန်းညှိထားသော မီးခလုတ်များနှင့် မိန်းဆွစ်မည်သည့်နေရာတွင် ရှိသနည်းဟုမေးလျှင် မိမိက ကိစ္စကိုမေးသောအခါ ၎င်းက တို့လုပ်စရာရှိသည်၊ ကြည့်ထားရမည်ဟု ပြန်ပြောကြောင်း၊ မိမိက အလှတပ်ဆင်ထားသော မီးများဖြစ်၍ သစ်ပင်များ၌ ရှိမည်ဖြစ်၍ ကြည့်စရာမလိုဟု ပြန်ပြောခဲ့ပြီး မိမိက မူလနေရာသို့လည်းကောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်က အခြားဘက်သို့လည်းကောင်း ထွက်ခဲ့ကြောင်း။

## သတ်မှတ်

မတ် ၂၇ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတက်ရန် တော်လှန်ရေးပန်းခြံသို့ ဝန်ကြီးနှင့်အတူ မိမိလိုက်သွားကြောင်း၊ အခမ်းအနားအပြီး အမှတ်(၁၄)အင်ယားလမ်းသို့ ဝန်ကြီးနှင့် မိမိတို့ ဆက်သွားခဲ့ကြောင်း၊ ထိုနေရာသို့ ရောက်လျှင် မိမိသည် ဒု-ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်ရေးအရာရှိ ဗိုလ်ကြီးမြင့်သိန်းနှင့် ပီအက်စ်အိုများအတွက် သတ်မှတ်ထားသောနေရာ၌ စကားပြောနေစဉ် ၁၀ မိနစ်ခန့်အကြာ ဗိုလ်ကြီးအုန်းကျော်မြင့် ရောက်လာပြီး မိမိတို့နှင့် စကားဝင်ပြောကြောင်း၊ ၎င်းက မိမိကို ပြောစရာရှိသည်ဆိုပြီး လက်ကုတ်၍ စားရိပ်သာနောက်ဖေးလမ်းကြားကလေးသို့ ခေါ်သွားကြောင်း၊ ၎င်းက နံပါတ်ဝမ်းကို ဇီးရိုးဝမ်း၊ နံပါတ်တူးကို ဇီရိုးတူး၊ ဗိုလ်မှူးကြီးတင်ဦးကို ဇီရိုးသရီးဟု သတ်မှတ်ထားကြောင်း။

မိမိကို တစ်ခုခိုင်းလိုကြောင်း၊ လုပ်မလုပ်မေးပြီး အရေးကြီးသော တယ်လီဖုန်းလိုင်းများကို လေ့လာထားရန်နှင့် လူသုံးလေးယောက်ခန့် မွေးထားပေးရန် ပြောကြားကြောင်း၊ မိမိက လေ့လာစရာမလိုကြောင်းနှင့် ရှိသောတယ်လီဖုန်းအိပ်ချိန်းများကို ပြန်ပြောကြောင်း၊ ထိုစဉ် လုံခြုံရေးအရာရှိ ဗိုလ်ကြီးလောရှည် ရောက်လာ၍ ပြောလက်စ,စကားပြတ်သွားကြောင်း၊ ထိုနေ့နံနက် ၁၀ နာရီခန့်တွင် မိမိသည် ဝန်ကြီးနှင့်အတူ ပြန်ခဲ့ကြောင်း ထွက်ဆိုသွားသည်။



## တွေ့ဆုံခွင့်

ထို့နောက် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌက အမှုကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်သည်။ အမှုစစ်ဆေးခြင်း ရပ်နားစဉ် တရားခံများနှင့် ၎င်းတို့၏ မိသားစုများတွေ့ဆုံခွင့် ဆိုင်ရာက စီစဉ်ပေးသည်။

✧ ✦ ✧

www.burmeseclassic.com

## ခေါင်းဆောင်ကြီးများ လုပ်ကြံရန်ကြံမှုစစ် နိုင်ငံရေးဦးလှိုင်ခွင့်တောင်းသည်ကို ငြင်းဆန်ခဲ့

နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုကို ယနေ့ နံနက်က ဆက်လက်စစ်ဆေးသည်။

ယနေ့ ဆက်လက်စစ်အေးရာတွင် ယမန်နေ့က စစ်ဆေးဆဲ တရားလိုပြသက်သေ ဗိုလ်ကြီးအောင်ကြည်ဦးကို စစ်ဆေးသည်။ ၎င်းက ဆက်လက်ထွက်ဆိုရာတွင် ဧပြီလ နောက်ဆုံးအပတ်တွင် ဗိုလ်ကြီးအုန်းကျော်မြင့် မိမိထံ ဖုန်းဆက်ပြီး လာဖြစ်အောင်လာခဲ့ရန် မှာသော်လည်း မသွားခဲ့ပါ။ နောက်တစ်ရက်နှစ်ရက်အကြာ ၎င်းကိုယ်တိုင် သူ၏ ဘီ–၆၀၀ စစ်ကားဖြင့် မိမိအိမ်သို့ရောက်လာပြီး လမ်းလျှောက်ရန် အတင်းခေါ်၍ မိမိလည်း အားနာသဖြင့် လိုက်သွားကြောင်း၊ လမ်းတွင် ၎င်းက လေ့လာနိုင်းတာတွေ လေ့လာပြီးပြီလားဟု မေးလျှင် မိမိက သိပြီးဖြစ်၍ လေ့လာရန်မလိုပါဟု ပြန်ပြောရာ ၎င်းက ဆက်လက်၍ နေရာတွေအသေအချာသိရန် လေ့လာဖို့ လူတစ်ယောက်နှစ်ယောက် လောက်မွေးထားဖို့နှင့် လိုသည့်အခါ ခိုင်းလို့ရတာပေါ့ဟုပြော၍ မိမိအား ရန်ကုန်တိုင်း ကွပ်ကဲမှုရုံးမှ ဖုန်းနံပါတ်များကို မှတ်ထားရန်ပေးသော်လည်း မိမိ မှတ်မထားလိုက်ကြောင်း၊ ထို့နောက် ၎င်းက စီးပွားရေးနှင့်ပတ်သက်၍ ဘာလုပ်သင့်သည်ကို အကြံတောင်းသေးကြောင်း၊ မကြာမီ အိမ်ဘက်သို့ပြန်ခဲ့ပြီး ၎င်းပြန်ထွက်သွားကြောင်း။

မေလ ပထမပတ် နံနက် ၈နာရီခန့်တွင် ဝန်ကြီးချုပ်ရုံး အစည်းအဝေးသို့ မိမိ ဝန်ကြီးနှင့်အတူ ရောက်သွားခဲ့ကြောင်း၊ ဝန်ကြီးများ အစည်းအဝေးစလျှင် ဗိုလ်မှူးမောင်ကိုစားပွဲ၌ မိမိ သတင်းစာဖတ်နေကြောင်း၊ နံနက် ၁၀ နာရီခန့်



တွင် ဗိုလ်ကြီးအုန်းကျော်မြင့် ရောက်လာကြောင်း၊ မိမိတို့နှင့် ခဏစကားပြောပြီး သူက မိမိကို ပခုံးပုတ်၍ ပြောစရာရှိသည်ဟု ခေါ်သွားပြီး လှေကားအဆင်း မြေစိုက်ထားသည့် အုတ်ခုံကလေးဘောင်ပေါ်၌ထိုင်၍ စကားပြောကြကြောင်း၊ ထိုအခါက ၎င်းက မိမိကို လေ့လာပြီးပြီလား၊ ယခု ၎င်းတို့ တော်လှန်ရေးလုပ်ချင်ကြောင်း၊ သည်လူကြီးသုံးယောက် ရှိနေလျှင် ရှုပ်နေ၍ ရှင်းပစ်ရမည်ဖြစ်ကြောင်း ပြောလျှင် မိမိက တော်လှန်ရေးလုပ်သည်မှာ မလွယ်ကြောင်း၊ ၎င်းတွင် အရည်အချင်း ဘယ်လောက်ရှိသလဲ၊ အုပ်ချုပ်နိုင်စွမ်း ရှိသလား၊ အင်အားကော မည်မျှရှိသလဲ၊ ဖွဲ့စည်းပုံက ဘယ်လိုလဲဟု ပြန်မေးကြောင်း။

### ပိုင်သည်ပြော

ထိုအခါ ၎င်းက ခေါင်းဆောင်မည့်သူက ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးတင်ဦးရှိကြောင်း၊ သည့်အပြင် လူများလည်း ၎င်းတို့တာဝန်နှင့် ၎င်းတို့ရှိပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံများနှင့် မည်သူတွေပါသည်ကို မိမိသိဖို့မလိုကြောင်း ပြန်ပြောလျှင် မိမိက ထိုကိစ္စများကို သိသွားလျှင် သေဒဏ်အထိ ပေးနိုင်သည်ဟုပြောရာ ၎င်းက တို့ပိုင်ပါသည်ဟု ပြန်ပြောကြောင်း။

ဇူလိုင် ၁၃ ရက်တွင် မိမိကို ရန်ကုန်တိုင်း ထောက်လှမ်းရေးက စစ်မေးရန်အတွက် လာခေါ်ကြောင်း၊ ဩဂုတ် ၂၅ ရက်တွင် ရဲအုပ်ကြီးဦးမောင်မောင်ကြီးက မိမိကို လာစစ်ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ထို့နောက် တရားလိုအကျိုးဆောင် ဦးတင်အုန်းနှင့် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင် ဦးကိုယုတို့က မေးမြန်းသည်။

### မိုးလှိုင်ခွင့်

၎င်းနောက် တရားလိုပြသက်သေ ဗိုလ်မှူးကြီးအောင်ဌေးကို စစ်ဆေးသည်။ ဗိုလ်မှူးကြီးအောင်ဌေးက ထွက်ဆိုရာတွင် မိမိလက်ရှိတာဝန် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ညွှန်/ချုပ်အဖြစ် ၁၉၇၆ ဇူလိုင် ၃၁ ရက်က စတင်ထမ်းဆောင်ကြောင်း၊ လက်ရှိတာဝန်မထမ်းဆောင်မီက တပ်မတော်ထောက်လှမ်းရေး

www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ အဆိုပါတာဝန်ကို ထမ်းဆောင်ခဲ့စဉ်က ၁၉၇၆ ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် စစ်ဦးစီးမှူးဒုတိယတန်း ဗိုလ်မှူးတင်မောင်က မိမိအား အမေရိကန်သံအမတ်ကြီး မစ္စတာသြစဗွဲက ဗိုလ်မှူးကြီးတင်ဦးကို အရေးကြီးသောကိစ္စကြောင့် ငါးမိနစ်ခန့် တွေ့လိုပါသည်ဟု တင်ပြသဖြင့် မိမိက ဗိုလ်မှူးကြီးတင်ဦးအား ဆက်လက်အကြောင်းကြားခဲ့ကြောင်း၊

နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ဒဂုံရိပ်သာ၌ ဗိုလ်မှူးကြီးတင်ဦးက အမေရိကန်သံအမတ်ကြီးကို တွေ့ဆုံရာ မိမိရှိနေကြောင်း၊ အမေရိကန်သံအမတ်ကြီးက ဇူလိုင် ၂ ရက် ည ၈ နာရီခန့်တွင် ပြည်လမ်းခြောက်မိုင်ခွဲ ၎င်းနေအိမ်သို့ တမ်မတော်အရာရှိတစ်ယောက် ရောက်လာကြောင်း၊ ဂိတ်ဝ အစောင့်နှင့် ထိုအရာရှိတွေ့ဆုံလျှင် မိမိကို တွေ့လိုကြောင်းပြောသဖြင့် မိမိမရှိ၍ အစောင့်၏အကြောင်းကြားချက်အရ တာဝန်မှူးနှင့် ထိုအရာရှိ တွေ့ခဲ့ကြောင်း၊ တာဝန်မှူး မစ္စတာမာဖီကို ထိုအရာရှိက ၎င်းတို့၏ နိုင်ငံခေါင်းဆောင်ကြီးများကို လုပ်ကြံပြီး အာဏာသိမ်းမည့်အစီအစဉ်ပေါ်သွား၍ ၎င်းနှင့်အပေါင်းအပါများကို လိုက်ဖမ်းနေကြောင်း ပြောပြခဲ့ကြောင်း၊ တာဝန်မှူးက သံအမတ်ကြီးမရှိသဖြင့် လက်ထောက်မစ္စတာဘူလင်တန်ကို ဆက်သွယ်သတင်းပေးပို့ပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မစ္စတာဘူလင်တန်နှင့် မစ္စတာမာဖီတို့နှစ်ယောက်သည် ထိုအရာရှိကို တွေ့ဆုံခဲ့ကြောင်း၊ ထိုစဉ်က မိမိသည် ပါကစ္စတန်သံအမတ်ကြီး၏ ထမင်းစားပွဲသို့ တက်ရောက်နေခဲ့ကြောင်း၊ မစ္စတာဘူလင်တန်က ထိုအရာရှိက ၎င်းတို့ကိစ္စပြောပြပြီး နိုင်ငံရေးခိုလှုံခွင့်တောင်းသည်ဟု မိမိကို ဆက်လက်တင်ပြကြောင်း၊ မိမိက နိုင်ငံရေးခိုလှုံခွင့်မပြုနိုင်ဟု ငြင်းဆန်ခဲ့ပြီး ခိုလှုံခွင့်မပြုခဲ့ကြောင်း၊ ထို့နောက် မစ္စတာဘူလင်တန်နှင့် တာဝန်မှူး မစ္စတာမာဖီတို့က ကားဖြင့် ထိုအရာရှိကို မြို့ထဲတစ်နေရာသို့ လိုက်ပို့ပေးလိုက်သည်ဟု သံအမတ်က ပြောခဲ့ကြောင်း၊ ထိုကိစ္စမှာ တမ်မတော်ထဲမှကိစ္စဖြစ်၍ (ဗိုလ်မှူးကြီးအောင်ဌေး)နှင့်သာ သက်ဆိုင်ကြောင်း၊ ဗိုလ်မှူးကြီးတင်ဦးက ပြောကြားလိုက်ပြီး အမေရိကန်သံအမတ်ကြီးလည်း ပြန်သွားကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။



## ပေါက်ကြားနိုင်

ထို့နောက် တရားလိုပြသက်သေ ဗိုလ်ကြီးကျော်ရှိန်းကို ဆက်လက်စစ်ဆေးသည်၊ ဗိုလ်ကြီးကျော်ရှိန်းက ထွက်ဆိုရာတွင် ဗိုလ်ကြီးအုန်းကျော်မြင့်ကို မိမိသိကြောင်း၊ ၎င်းနှင့်အတူ ဗိုလ်သင်တန်းအမှတ်စဉ်(၂၉) ဆင်းဘက်ဖြစ်ကြောင်း၊ ၁၉၇၃ ခု ခလရ(၂၀) စစ်တွေမှ ခမရ(၁၀၆) ပြောင်းလာပြီး ရန်ကုန်၌ ၎င်းနှင့်ပြန်တွေ့ကြောင်း၊ (ရက်မမှတ်မိသော) ဇွန်လ ၈ နာရီခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် ဗိုလ်ကြီးထွန်းကျော်တို့ မိမိအိမ်ရောက်လာကြောင်း၊ မိမိက ဧည့်ခံစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်က ဇွန် ၂၈၊ ၂၉၊ ၃၀ တွင် ဗဟိုကော်မတီအစည်းအဝေးရှိမည်၊ တိုင်းမှူး၊ တပ်မဟာမှူးများ အစုံတက်လိမ့်မည်။ ထိုစဉ်လိုအပ်လျှင် တမ်မတော်က အာဏာသိမ်းလိမ့်မည်၊ ထို့ကြောင့် မိမိအနေဖြင့် လိုအပ်လျှင်သုံးရန် အင်အားအခြေအနေကို တွက်ချက်ထားရန်နှင့် တာဝန်ပေးလျှင်လည်း တာဝန်ယူရန်ပြောကြောင်း၊ မိမိက ထိုကိစ္စမှာ မိမိအထက်အရာရှိ နောက်တန်းမှူးကို သတင်းပို့ဖို့ လိုမလိုမေးရာ ၎င်းက လောလောဆယ် သတင်းမပို့ရန်၊ ပေါက်ကြားသွားနိုင်ကြောင်းနှင့် လုပ်ဖြစ်ချင်မှ လုပ်ဖြစ်မှာဟု ပြန်ပြောကြောင်း၊ မိမိက အခြေအနေနှင့်ယှဉ်ရမည့် တာဝန်ကို မေးရာ'၎င်းအိမ်သို့ နှစ်ရက်လောက်ကြာလျှင် လာခဲ့ဖို့မှာပြီး ၎င်းတို့ပြန်သွားကြောင်း။

## တံဆိပ်ပါမှ

နောက်နှစ်ရက်ခန့်တွင် ဗိုလ်ကြီးထွန်းကျော်အိမ်သို့ မိမိသွားကြောင်း၊ ဗိုလ်ကြီးထွန်းကျော်မှာ မိမိအိမ်သို့ ဗိုလ်ကြီးအုန်းကျော်မြင့်နှင့်အတူ လာသူဖြစ်ပြီး စစ်ရာထူးခန့်ရုံးတွင် တာဝန်ထမ်းဆောင်ကြောင်း၊ ၎င်းအိမ်ရောက်လျှင် ရုပ်ရှင်သွားကြည့်ကြောင်းနှင့် တိုက်ခန်း(နံပါတ်မမှတ်မိ)၌ ရှိမည်ဟု စာရေးထားခဲ့သဖြင့် ထိုစာအတိုင်း တိုက်ခန်းသို့သွားရာ ဗိုလ်ကြီးအုန်းကျော်မြင့်ကို တွေ့၍ ၎င်းကားဖြင့် မိမိတို့ တမ်မတော်ကပွဲရုံသို့ သွားပြီး ဗိုလ်ကြီးထွန်းကျော်ကို ဝင်ခေါ်ခဲ့ပြီး မိမိတို့သုံးယောက်သည် ထိုကားဖြင့် ထွက်ခဲ့ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



၍ကားဖြင့်ထွက်လာစဉ် ကာကွယ်ရေးဝန်ကြီးရုံး၊ စုံစမ်းရေးဂိတ်ရောက်လျှင် အာဏာသိမ်းသောနေ့ရောက်လျှင် ထိုဂိတ်မှ လမ်းထောင့်အထိ မိမိက တာဝန်ယူရန်နှင့် မည်သည့်ကားမှ အဝင်မခံဘဲ လူသာလျှင် အသိအမှတ်ပြု တံဆိပ်ပါမှ ဝင်ခွင့်ပြုရန် ဗိုလ်ကြီးအုန်းကျော်မြင့်က ပြောကြောင်း။

ကားဖြင့် ဆက်ထွက်လာရာ ယခု ပြောခဲ့သည့်တာဝန်မှာ နံပါတ်(၁) တာဝန်ဖြစ်ကြောင်း၊ နံပါတ်(၁)မလုပ်ဖြစ်လျှင် ဝင်ဆာလမ်းထိပ်နှင့် ဗိုလ်ရှုခံထောင့်ကို တာဝန်ယူရမည်ဖြစ်ကြောင်း၊ သမ္မတအိမ်ဘက်မှထွက်လာလျှင် မည်သည့်ကားမှ အဖြတ်မခံရန်နှင့် ပြောမရပါက ကားဘီးပစ်ဖောက်ရန် ၎င်းက ဆက်ပြောကြောင်း။

## ဆက်သား

ကားသည် ရှမ်းလမ်းဘက်သို့ရောက်လျှင် နံပါတ်(၂)တာဝန်ကို ယူပြီးလျှင် သမ္မတအိမ်တော်ဝင်းထဲမှ အာဏာသိမ်းသည့် ပစ်ခတ်သံကြားလျှင် ရှမ်းလမ်းဘက်မှ အိမ်တော်ထဲသို့ဝင်ပြီး အသိအမှတ်ပြုတံဆိပ်ပါသော မိမိလူများကို ထုတ်ယူရမည်ဟု ၎င်းက ထပ်ပြောကြောင်း၊ မိမိက ဝင်းထရံ သံဆူးကြိုးများမြင်၍ သံဆူးကြိုးဖြတ်ကတ်ကြေးလိုမည်ဟုပြောရာ မိမိဘာသာရှာယူခဲ့ရန် ၎င်းက ပြောကြောင်း၊ ထို့နောက် မိမိတို့ ဗိုလ်ကြီးထွန်းကျော်အိမ်သို့ ကားဖြင့် ပြန်ခဲ့ကြောင်း၊ ဗိုလ်ကြီးထွန်းကျော်အိမ်ရောက်လျှင် မိမိက အသိအမှတ်ပြုတံဆိပ်နှင့် မိမိလူ မည်သို့ သိနိုင်မည်လဲဟု မေးလျှင် ဗိုလ်ကြီးအုန်းကျော်မြင့်က မိမိတို့လူများမှာ အသိအမှတ်ပြုတံဆိပ်ပါမည်ဖြစ်ကြောင်းနှင့် တံဆိပ်ကိုမူ လုပ်ဖြစ်၍ နီးလျှင်ပြပါမည်ဟု ပြန်ပြောကြောင်း၊ ၎င်းက ဆက်လက်၍ လုပ်ဖြစ် မလုပ်ဖြစ် အကြောင်းကြားမည်၊ အခြားနည်းဖြင့် အကြောင်းမကြားနိုင်လျှင် ရေဒီယိုမှ ကြေညာမည်ဖြစ်၍ နံနက် ၁၀ နာရီမှ စနားထောင်ပါ။ ကြေညာသံကြားလျှင် မိမိ ထုတ်လုပ်နိုင်သောအင်အားဖြင့် ဝင်ဆာလမ်းထောင့်သို့ လာခဲ့ပါဟု မှာကြောင်း၊ ထိုအခါ ဗိုလ်ကြီးထွန်းကျော်က ဘယ်လိုလုပ်သိမလဲဟု ဝင်မေးလျှင် ဗိုလ်ကြီးအုန်းကျော်က ဆက်သားလွှတ်ထားမည်ဟု ပြန်ပြောကြောင်း။



မိမိက ဆက်၍ အခြေအနေမေးနေစဉ် ဗိုလ်ကြီးထွန်းကျော်၏ဇနီးနှင့် ကလေးများ ရုပ်ရှင်ကပြန်လာ၍ စကားပြတ်သွားပြီး မိမိလည်း ပြန်ခဲ့ကြောင်း၊ ဗိုလ်ကြီးကျော်ရှိန်းက ဆက်လက်၍ မိမိထွက်ဆိုခဲ့သည့် အင်အားဆိုသည်မှာ အင်အား (၅၀၊ ၆၀)ခန့်ရှိကြောင်းနှင့် ကျန်လူများမှာ ဆေးအဆင့်နိမ့်နေကြောင်း၊ မိမိကပြောလျှင် ဗိုလ်ကြီးအုန်းကျော်မြင့်က ရပါသည်ဟု ပြန်ပြောကြောင်း။

## မတွေ့တော့

ဇွန် ၂၇-၂၈ ရက်ခန့် နံနက် ၈ နာရီခန့်တွင် ဦးစီးချုပ်ကားဖြင့် ဗိုလ်ကြီးအုန်းကျော်မြင့် ရောက်လာပြီး ၎င်းပြောသောကိစ္စမှာ လုပ်ဖြစ်မည်မထင်ကြောင်း၊ လူကြီးများ ညှိနှိုင်းနေ၍ အေးအေးဆေးဆေး ပြီးသွားမည်ထင်ကြောင်း ပြော၍ ပြန်သွားကြောင်း၊ ထို့နောက် ၎င်းတို့နှင့် အဆက်အသွယ်မရှိ၊ မတွေ့တော့ကြောင်း၊ ပထမအကြိမ် ဗိုလ်ကြီးအုန်းကျော်မြင့် အိမ်လာစဉ်က လိုအပ်လျှင် ကက(ကြည်း)၏ ညွှန်ကြားချက်ပေးထားမည်ဟုပြောခဲ့ကြောင်း ထွက်ဆိုသွားသည်။

ထို့နောက် တရားခံဗိုလ်ကြီးလအုန်းကျော်မြင့်၏အကျိုးဆောင် ဦးကိုယု၏ မေးမြန်းချက်ကို ဗိုလ်ကြီးကျော်ရှိန်းက မိမိအိမ်သို့ ၎င်းတို့နှစ်ဦး လာစဉ်က ထိုကိစ္စနှင့် ပတ်သက်၍ ဗိုလ်ကြီးအုန်းကျော်မြင့်က စတင် ပြောခြင်းဖြစ်ပြီး ဗိုလ်ကြီးထွန်းကျော်လည်း ဝင်ပြောကြောင်း၊ စကားပြောစဉ် အဓိကအကြောင်းအချက်များကို ဗိုလ်ကြီးအုန်းကျော်မြင့်ကပြောပြီး လိုအပ်ချက်များကို ဗိုလ်ကြီးထွန်းကျော်က ဖြည့်စွက်ပေးကြောင်း၊ မိမိတို့တပ်သည် ရန်ကုန်တိုင်းအောက်တွင်ရှိ၍ တိုင်းက တိုက်ရိုက်တာဝန်ပေးနိုင်ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

မွန်းလွဲပိုင်း ဆက်လက်စစ်ဆေးလျှင် တရားလိုပြသက်သေ ရဲအုပ်ကြီး ဦးလှမောင်ကို စစ်ဆေးသည်။

www.burmeseclassic.com

www.burmeseclassic.com



## သေနတ်

ရဲအုပ်ကြီးဦးလှမောင်က ထွက်ဆိုရာတွင် မိမိသည် ရန်ကုန်တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး လက်နက်လိုင်စင်ဌာနစု ဌာနမှူးတာဝန် ထမ်းဆောင်လျက် ရှိကြောင်း၊ မိမိဌာနစု၏တာဝန်မှာ ထုတ်ပေးထားသော လက်နက်များ လိုင်စင်သက်တမ်း တိုးမြှင့်ရန် လုပ်ဆောင်ပေးရကြောင်း၊ ယခု မိမိကိုပြ သောစာရွက်မှာ ဗိုလ်ကြီးအုန်းကျော်မြင့်အား အငှားပါမစ်အဖြစ် ထုတ်ပေးထား သော မှတ်တမ်းစာတွဲဖြစ်ကြောင်း၊ ဖိုင်တွဲမှ ယခုပြသောစာမှာ ဗိုလ်ကြီးအုန်း ကျော်မြင့် လက်နက်ကိုင်ဆောင်ခွင့် လျှောက်ထားသော လျှောက်လွှာဖြစ် ကြောင်း၊ ယင်းလျှောက်ထားချက်နှင့် တိုင်းလက်ထောက်ရဲမှူးကြီး၏ ထောက်ခံ ချက်ဖြင့် ဗိုလ်ကြီးအုန်းကျော်မြင့်အား ဝေါလ်တားအမျိုးအစား ဒသမ ၂၂ ပစ္စတို၊ အမှတ် ၂၁၈၆၈ အဲလ်အာရ်တစ်လက်ကို ၁၉၇၂ ခု မေလ ၂၇ ရက်က ထုတ် ပေးခဲ့ကြောင်းနှင့် ၎င်းက လက်ခံရရှိကြောင်း၊ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ (၃၁-၁၂-၇၆)တွင် ၎င်းသေနတ်လိုင်စင်ရက် ကုန်ဆုံးကြောင်း၊ ထုတ်ပေးသော သေနတ်မှာ ရုံးရှေ့တွင် မိမိအားပြသော သေနတ်ဖြစ်ကြောင်းနှင့် သေနတ်နှင့် လိုင်စင်ပါ ထုတ်ပေးခဲ့ပုံကို ထွက်ဆိုသွားသည်။

ထို့နောက် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင်ဦးကိုယုက မေးမြန်းသည်ကို ရဲအုပ်ကြီးဦးလှမောင်က ပြန်ကြားထွက်ဆိုသည်။

ဆက်လက်၍ တရားလိုပြသက်သေ ဗိုလ်ကြီးစိန်သောင်းကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိသည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တွင် တပ်ရေးဗိုလ်ကြီးအဖြစ် ၁၉၇၅ ခု ဧပြီလမှစတင်၍ ထမ်းဆောင်ကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်ကို ၁၉၆၇ ခု ဗဟိုထောက်လှမ်းရေးတပ်တွင် သင်တန်း တက်စဉ် စတင်သိခဲ့ကြောင်း၊ မိမိက ရန်ကုန်တိုင်းမှူး၏ ကိုယ်ရေးအရာရှိအဖြစ် နှင့် ၎င်းက ဆက်ဆံရေးအရာရှိအဖြစ် ထမ်းဆောင်ခဲ့ဖူးကြောင်း၊ ယခု အမှု ဖြစ်စဉ် ၎င်းသည် ကာကွယ်ရေးဦးစီးချုပ်၏ ကိုယ်ရံတော်အရာရှိဖြစ်ကြောင်း။



## ရိုးရိုးဖြေ

၁၉၇၆ ခု ဇွန် ၂၀ တို့မဟုတ် ၂၁ ရက် ညနေ ၅ နာရီခွဲခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်ထံမှ မိမိဆရာ သစ်လုပ်ငန်းကော်ပိုရေးရှင်းသို့ ပြောင်း ရွှေ့ခြင်းနှင့်ပတ်သက်၍ ပြောစရာရှိသဖြင့် လာရန် ခေါ်၍ မိမိသွားခဲ့ကြောင်း၊ မိမိနှင့်တွေ့လျှင် မိမိ တာဝန်ထမ်းဆောင်သော နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် အင်အားကိုမေး၍ မိမိက တပ်ခွဲနှစ်ခွဲ၊ တပ်စုငါးစုခန့်ရှိကြောင်းဖြေကြားလျှင် ၎င်းက အရေးပေါ်တပ်ထုတ်ရန် မည်မျှကြာသလဲ၊ ဘယ်လောက်ရမလဲဟု မေးကြောင်း၊ မိမိက လက်နက်ကိုင်တပ်စုတစ်စုနှင့် လက်နက်မဲ့တစ်စုနှစ်စုတော့ ရမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်က မြန်ပြီး လက်နက်မဲ့က နည်းနည်းကြာမည် ဟု ပြောလိုက်ကြောင်း၊ ၎င်းက မိမိတို့ အင်-ဒီ-စီအနေဖြင့် လုံခြုံရေးတာဝန်ကျ လျှင် ကာကွယ်ရေးဝန်ကြီးရုံးအနီး၌ အတွင်းစည်းကျမည်ဟု ပြောကြောင်း၊ မိမိကလိုလျှင် ဖုန်းဆက်လိုက်ပါဟုပြော၍ မိမိအိမ်၌ ဧည့်သည်ရှိနေသဖြင့် ခွင့်တောင်းပြန်ခဲ့ကြောင်း၊ ဤကိစ္စကို ၎င်းသည် ကာကွယ်ရေးဦးစီးချုပ်၏ ကိုယ်ရံတော်ဗိုလ်ကြီးဖြစ်၍ ကာကွယ်ရေးဦးစီးချုပ်က မေးခိုင်းသည်ထင်၍ ရိုးရိုးသားသားဖြေခဲ့ကြောင်း၊ မည်သူ့မျှ ပြန်လည်မတင်ပြခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ထို့နောက် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင် ဦးကိုယု နှင့် တရားလိုအကျိုးဆောင် ဦးဘမောင်တို့က မေးမြန်းသည်ကို ဗိုလ်ကြီးစိန် သောင်းက ထွက်ဆိုသည်။

ဆက်လက်၍ တရားလိုပြသက်သေ ဗိုလ်ကြီးသောင်းလွင်ကို စစ်ဆေး သည်။

၎င်းက ထွက်ဆိုရာတွင် ၁၉၇၃ ခုတွင် လက်ရှိတာဝန် ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း) စီမံရေးဌာနစု၌ စစ်ဦးစီးမှူး(တ)အဖြစ် တာဝန်ထမ်းဆောင်ခဲ့ ကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်စဉ် ဗိုလ်ကြီးစံကြည်သည် ဗိုလ်မှူးချုပ်တင်ဦး ၏ ကိုယ်ရံတော်အရာရှိဖြစ်ကြောင်း၊ ထို့နောက် ဗိုလ်မှူးချုပ်တင်ဦး ဗိုလ်ချုပ် ကြီးဖြစ်သွားပြီး ကာကွယ်ရေးဦးစီးချုပ် ဖြစ်သွားသောအခါ ဗိုလ်ကြီးစံကြည် လည်း ဗိုလ်ချုပ်၏ ကိုယ်ရံတော်အရာရှိအဖြစ် ဆက်လက်ထမ်းဆောင်ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးစံကြည်သည် မိမိတို့ဌာနစုသို့ ရုံဖန်ရံခါ လာတတ်ကြောင်း၊ ၁၉၇၆ ခု မတ်တွင် ဗိုလ်ချုပ်တင်ဦး နုတ်ထွက်သွားပြီး မိမိဌာနသို့ ဗိုလ်ကြီးစံကြည် အလည်ရောက်လာကြောင်း၊ ထိုစဉ် ၎င်းက ဗိုလ်ချုပ်ကြီးတစ်ဦး နုတ်ထွက်ရခြင်းမှာ ၁၉၇၃ ခုနှစ်တွင် ဗိုလ်ချုပ်ဇနီးက နိုင်ငံခြားမှပစ္စည်းမှာ၍ ဖြစ်သည်ဟု ပြောသွားကြောင်း။

၁၉၇၆ ခု ဧပြီလတွင် ဗိုလ်ကြီးစံကြည် မိမိရုံးသို့ ရောက်လာကြောင်း၊ ၎င်းနှင့် ဗိုလ်ကြီးဝင်းထိန်တို့ မိမိစားပွဲ၌ စကားပြောနေသည်ကို တွေ့ရကြောင်း၊ မိမိအလုပ်များနေ၍ ခဏကြာလျှင် ရေသောက်စဉ် ဗိုလ်ကြီးဝင်းထိန်နှင့်ဆုံ၍ ဘာတွေပြောနေကြသလဲဟု မိမိက မေးလျှင် ၎င်း(ဗိုလ်ကြီးဝင်းထိန်)က ဗိုလ်ကြီး စံကြည်ကို တစ်ယောက်ယောက်က ချဉ်းကပ်၍ အာဏာသိမ်းပြီးလျှင် ဗိုလ်ချုပ်ကြီးတင်ဦးကို အာဏာလက်ခံလား လာမေးနေသည်ဟု ဖြေကြောင်း၊ ၎င်း(ဗိုလ်ကြီးစံကြည်)က ဗိုလ်ချုပ်ကို သွားမေးတော့ ဗိုလ်ချုပ်က နံပါတ်ဝမ်း သမ္မတကြီးရှိနေသမျှ ငါ ဘာမှမလုပ်၊ ဘာမှမစဉ်းစားဘူးဟု ပြန်ပြောကြောင်း၊ မိမိက ချဉ်းကပ်သူမည်သူလဲဟု မေးလျှင် ဗိုလ်ကြီးအုန်းကျော်မြင့်ဟု ပြန်ဖြေကြောင်း။

ထို့နောက် မြေပုံခန်းဝတွင် မိမိနှင့် ဗိုလ်ကြီးစံကြည်တို့တွေ့ရာ မိမိက ခင်ဗျား ရှုတ်ရှုတ် ရှုတ်ရှုတ် လျှောက်မလုပ်နှင့်ဟု ၎င်းကိုပြောလျှင် ၎င်းက ငါ ရှုတ်ရှုတ် ရှုတ်ရှုတ်လုပ်တာ မဟုတ်ပါဘူး၊ ဦးစီးချုပ်ဟောင်းအား သူတို့ ပြောချင်တဲ့စကားကို ငါက အရင်ကိုယ်ရံတော်အရာရှိဖြစ်နေတော့ ငါ့ကို လာပြောခိုင်းတာပဲ၊ ငါလည်း ဘာလုပ်ရမှန်းမသိဘူး၊ သူတို့ပြောတဲ့အတိုင်း ငါပြန်ပြောလိုက်တယ်၊ ဗိုလ်ချုပ်ကြီးပြောတဲ့စကားအတိုင်းပဲ၊ အပိုအလိုမရှိ သူတို့ကို ငါ ပြန်ပြောလိုက်တယ် စသည်ဖြင့် ပြောကြောင်း ထွက်ဆိုသွားသည်။

ထို့နောက် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင်ဦးကိုယုနှင့် တရားခံဗိုလ်ချုပ်ကြီးဟောင်းဦးတင်ဦး၏ အကျိုးဆောင် ဦးအေးမောင်(ပန်းတနော်)တို့၏ မေးမြန်းချက်ကို တရားလိုပြသက်သေ ဗိုလ်ကြီးသောင်းလွင်က ပြန်လည်ထွက်ဆိုသွားသည်။



ထို့နောက် တရားလိုပြသက်သေ ဗိုလ်ကြီးရဲဦးကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိသည် အမြောက်နှင့် သံချပ်ကာယန္တရားတပ်ညွှန်ကြားရေးမှူးရုံး ဦးစီးအရာရှိ(တ)ဖြစ်ကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် မိမိတို့ ဗိုလ်သင်တန်းအမှတ်စဉ်(၂၉)တွင် အတူတူဖြစ်ခဲ့ကြောင်း၊ မိမိလက်ရှိတာဝန်ထမ်းဆောင်စဉ် ၎င်းလည်း ကာကွယ်ရေးဦးစီးချုပ်၏ ကိုယ်ရံတော်အရာရှိတာဝန် ထမ်းဆောင်နေသည်ကို တွေ့ရကြောင်း။

### သံချပ်ကာကား

၁၉၇၆ ခု ဇွန်လလယ်လောက်တွင် ဗိုလ်ကြီးအုန်းကျော်မြင့် မိမိအိမ်သို့ လာကြောင်း၊ ၎င်းက ပြောစရာရှိသည်ဟု ခေါ်သဖြင့် ၎င်း၏ကားဖြင့် မိမိလိုက်သွားကြောင်း၊ ကားပေါ်တွင် ၎င်းက မိမိအား ရန်ကုန်မြို့တွင်း၌ သံချပ်ကာကားများထားသော နေရာကိုမေး၍ မိမိက ကားထားသုံးနေရာကို ပြောပြကြောင်း၊ ထိုကားများ တာဝန်ခွဲဝေပုံကို မေး၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က တိုက်ရိုက်တာဝန်ပေးသည်ဟု ဖြေခဲ့ကြောင်း၊ ထိုကားများကို ဦးစီးအရာရှိများက တာဝန်ပေးမပေးမေးရာ မိမိက မပေးဟု ဖြေခဲ့ကြောင်း၊ ထို့နောက် ၎င်းက မိမိတို့နိုင်ငံတွင် စီးပွားရေးအခြေအနေဆိုးကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ အပြောင်းအလဲလုပ်ဖို့လိုကြောင်း၊ ယင်းသို့ စီးပွားရေးအပြောင်းအလဲလုပ်ဖို့လို၍ လုပ်ခဲ့လျှင် တာဝန်ယူနိုင်မည်လားဟု မိမိကို မေးကြောင်း၊ ထိုအခါ မိမိက မည့်သည့်တာဝန်မျိုးလဲ၊ မည်သည့်တာဝန်ယူရမည်နည်း၊ မည်သည့်တာဝန်ခံအရာရှိက ခိုင်းမှာလဲဟု မေးရာ ၎င်းက သိဖို့မလို၊ တာဝန်ယူ မယူသာ ထပ်မေး၍ မိမိက သိချင်သည်များမသိရလျှင် တာဝန်မယူမနိုင်ဟု ဖြေခဲ့သဖြင့် ၎င်းက ဤကိစ္စကို ဤမှာပဲ မေ့ပစ်လိုက်တော့၊ ဤကိစ္စ ကားထဲမှာပဲ ထားခဲ့တော့ဟု ပြောပြီး မိမိကို အိမ်ပြန်ပို့ခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

၎င်းအား တရားလိုအကျိုးဆောင်နှင့် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်တို့၏ အကျိုးဆောင်တို့က မေးမြန်းသည်။

www.burmeseclassic.com



ဆက်လက်၍ တရားလိုပြသက်သေ ဗိုလ်ကြီးဝင်းမောင်ကို စစ်ဆေးသည်။

**အေးအေးနေ**

၎င်းက ထွက်ဆိုရာတွင် မိမိသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးကြီးထွန်းကြည်၏ ကိုယ်ရေးအရာရှိဖြစ်ကြောင်း၊ တိုင်းမှူးနှင့်အတူ လွှတ်တော်အစည်းအဝေးသို့ မိမိသည် မတ် ၃ ရက်တွင် ရန်ကုန်သို့ ထွက်ခဲ့ကြောင်း၊ ရန်ကုန်ရောက်ပြီးနောက် မတ်လ ၆ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သို့ သတင်းသွားပို့စဉ် ဗိုလ်ချုပ်ကြီးတင်ဦး နုတ်ထွက်မည်ဟု သတင်းကြားခဲ့ရကြောင်း၊ ညတွင် မြန်မာ့အသံသတင်းမှလည်း ကြားရကြောင်း။

နောက်နှစ်ရက်ခန့်အကြာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးဝင်းသိန်းနှင့် တည်းခိုရိပ်သာတွင် စကားပြောနေစဉ် ၎င်းက ဗိုလ်ချုပ်ကြီးနုတ်ထွက်ရခြင်းမှာ သူ့ဇနီးကြောင့်ဖြစ်ကြောင်းနှင့် တိုက်ဆောက်ခြင်း၊ တိုင်းများမှ ပစ္စည်းများမှာခြင်းကြောင့် ဖြစ်ကြောင်းကိုပြောပြပြီး (ဗိုလ်ချုပ်)နုတ်ထွက်ရခြင်းမှာ တပ်မတော်အတွက် နစ်နာကြောင်း၊ ဗိုလ်ချုပ်ကြီးစန်းယုနှင့် ဗိုလ်မှူးကြီးတင်ဦးတို့ကြောင့်ဖြစ်၍ ထိုနှစ်ယောက်ကို ရှင်းပစ်ချင်သည်ဟုပြောကြောင်း၊ မိမိက ဗိုလ်ချုပ်ကြီးတင်ဦးကပင် သူ့အပြစ်နှင့်သူ ဝန်ခံနုတ်ထွက်သွားပြီဖြစ်၍ အေးအေးနေရန် ပြန်ပြောခဲ့ကြောင်း၊ ထို့နောက် မိမိတို့လည်း အစည်းအဝေး တာဝန်များပြီး၍ မော်လမြိုင်သို့ ပြန်ခဲ့ကြောင်း။

မေလ ပထမပတ်တွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးရှိ၍ ရန်ကုန်သို့ ရောက်ခဲ့ရပြန်ကြောင်း၊ ရိပ်သာ၌ပင် တည်းခိုကြောင်း၊ တာဝန်နှင့် သတင်းတပ်ဖွဲ့သို့သွားစဉ် ဗိုလ်ကြီးဝင်းသိန်းလည်း ကိစ္စရှိ၍ လိုက်ပါပြီး သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသန်းတင်၏ အတွင်းရေးမှူး ဗိုလ်ကြီးဘချစ်ထံ ခေတ္တဝင်ကြကြောင်း၊ ဗိုလ်ကြီးဝင်းသိန်းနှင့် ဗိုလ်ကြီးဘချစ်တို့ စကားတိုးတိုးဖြင့် ပြောနေကြကြောင်း၊ ၁၀ မိနစ်ခန့်ကြာလျှင် ဧည့်သည်ဝင်လာ၍ စကားပြတ်သွားကြောင်း၊ ၎င်းတို့ ဘာပြောနေသည်ဟု မိမိ မသိကြောင်း၊ ရန်ကုန်ရောက်၍ သုံးညခန့်အကြာ ညဘက်တွင် မိမိနှင့် ဗိုလ်ကြီးဝင်းသိန်းတို့



မြို့ထဲလျှောက်လည်ပြီး အပြန်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်တို့ တိုက်သို့ ဝင်ခဲ့ကြကြောင်း၊ အိမ်ခန်းထောင့်တွင် သူတို့နှစ်ယောက် စကားတိုးတိုးပြောနေကြောင်း၊ စကားသံကျယ်လာသဖြင့် မိမိနားထောင်ကြည့်လိုက်သောအခါ တစ်ယောက်က ပါတီဌာနချုပ်မှာချမည်၊ တစ်ယောက်က ဗဟိုကော်မတီအစည်းအဝေးကျင်းပသည့် အိမ်တော်မှာချမည်၊ ဒါက ပိုကောင်းသည် စသည်ဖြင့် ကြားရသဖြင့် မိမိသည် ဗိုလ်ကြီးဝင်းသိန်းပြောဖူးသည့် ဗိုလ်ချုပ်ကြီးစန်းယုနှင့် ဗိုလ်မှူးကြီးတင်ဦးကို ရှင်းပစ်ရမည်ဟု စကားကို သတိရကြောင်း၊ ထို့ကြောင့် မိမိက သူတို့ထံသွားပြီး နေကြပါဦး၊ အသေခံပြီး လုပ်ကြမှာလားဟု မေးလျှင် ဗိုလ်ကြီးအုန်းကျော်မြင့်က အသေခံပြီးမလုပ်ပါဘူး၊ ခိုင်းမှာပေါ့ဟု ပြောကြောင်း၊ မိမိက ခိုင်းစရာရှိ၍လားဟုမေးလျှင် ၎င်းက မရှိသေးဘူး၊ ခမရ(၁၀၆)မှာ စည်းရုံးလျှင် တပ်ခွဲတစ်ခွဲတော့ ရမှာပေါ့ဟု ပြန်ပြောကြောင်း၊ မိမိက ပြောနေတာ လွယ်လိုက်တာဟု ပြောပြီးနောက် ဗိုလ်ကြီးဝင်းသိန်းနှင့် မိမိတို့ ဧည့်ရိပ်သာသို့ ပြန်ခဲ့ကြောင်း၊ ဧည့်ရိပ်သာတွင် ဗိုလ်ကြီးဝင်းသိန်းကို ဗိုလ်ကြီးအုန်းကျော်မြင့်နှင့်ပတ်သက်၍ မေးရာ ၎င်းက ဗိုလ်ကြီးအုန်းကျော်မြင့်သည် တကယ်ခံစားချက်ရှိ၍ တကယ်ချမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦး နုတ်ထွက်သည့်နေ့က ၎င်း၏ရုံးခန်းသို့သွားပြီး ကန်တော့ခဲ့ပြီး ခိုင်းစရာရှိလျှင်ခိုင်းပါဟု ပြောခဲ့ကြောင်း၊ လိုအပ်လျှင် ဆရာဖြစ်သူ ဗိုလ်ချုပ်ကျော်ထင်ကိုပင် သတ်မည်ဟုပြောကြောင်း၊ နောက်နှစ်ရက်ခန့်အကြာ ညဘက်တွင် ရိပ်သာဆင်ဝင်အောက်၌ မိမိနှင့် ဗိုလ်ကြီးဝင်းသိန်း ထပ်တွေ့စဉ် နံပါတ်ဝမ်းကိုပါ လိုအပ်လျှင် လုပ်ကြံမည်ဟု ၎င်း(ဗိုလ်ကြီးအုန်းကျော်မြင့်)က ပြောခဲ့သည်ဟု ပြောပြကြောင်း၊ နောက်တစ်ရက် အစည်းအဝေးပြီးလျှင် မိမိသည် တိုင်းမှူးနှင့်အတူ မော်လမြိုင်သို့ ပြန်ခဲ့ကြောင်း။

ဇွန် ၂၄ ရက်တွင် ပါတီဗဟိုကော်မတီအစည်းအဝေးအတွက် တိုင်းမှူးနှင့် ရန်ကုန်သို့ရောက်ခဲ့ကြောင်း၊ ထိုည ၉ နာရီခန့်တွင် မိမိတည်းခိုးရာသို့ ဗိုလ်ကြီးအုန်းကျော်မြင့် ရောက်လာကြောင်း၊ ၎င်းက ဗိုလ်မှူးကြီးလှမေကို လာစောင့်နေသည်ဟုပြောကြောင်း၊ ဆက်လက်၍ ၎င်းတို့လုပ်သည့်အလုပ်တွင် ကွန်မင်ဒါလိုသည်ဟုပြောပြီး မိမိဆရာ၏ သဘောထားကိုမေး၍ မိမိဆရာ

www.burmeseclassic.com

www.burmeseclassic.com



သည် ခေါင်းဆောင်များ၏ တပည့်ဖြစ်ပြီး ခေါင်းဆောင်များအပေါ် သစ္စာရှိသည်ဟု ပြန်ပြောခဲ့ကြောင်း၊ ထို့နောက် ဗိုလ်မှူးကြီးလှဖေနှင့်အတူ အပေါ်သို့တက်လိုက်သွားကြောင်း ထွက်ဆိုသွားသည်။ ဆက်လက်၍ တရားလိုအကျိုးဆောင်က မေးမြန်းသည်ကို ပြည့်စွက်ထွက်ဆိုသွားသည်။

တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက အမှုကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုသည်။

အမှုစစ်ဆေးခြင်းရပ်နားစဉ် တရားခံများနှင့် ၎င်း၏ မိသားစုများ တွေ့ဆုံခွင့်သက်ဆိုင်ရာက စီစဉ်ပေးသည်။

✧ ✦ ✧

## လေယာဉ်ကွင်း၌ လုပ်ကြံမည့်အစီအစဉ်ရှင်းပြ အင်အားရှိလျှင် အာဏာသိမ်းမည် အင်အားမရှိလျှင် လုပ်ကြံမည်ဟုဆို

နိုင်ငံတော်ခေါင်းကြီးများအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုကို ယနေ့နံနက်က ဆက်လက်စစ်ဆေးသည်။

ယနေ့ စစ်ဆေးရာတွင် ယမန်နေ့က ထွက်ဆိုခဲ့သော တရားလိုပြသက်သေ ဗိုလ်ကြီးဝင်းမောင်နှင့် တရားလိုပြသက်သေများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးမောင်မောင်၊ ဗိုလ်ကြီးဟန်ဇော်၊ ဦးချိုဦး၊ ဗိုလ်ကြီးမောင်ဒွေးတို့က ထွက်ဆိုပြီး တရားလို တရားခံရှေ့နေများက မေးမြန်းကြသည်ကို ထွက်ဆိုသွားသည်။

ပထမဦးစွာ ယမန်နေ့က ထွက်ဆိုခဲ့သော တရားလိုပြသက်သေ ဗိုလ်ကြီးဝင်းမောင်က တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၊ တရားခံ ဗိုလ်ကြီးဝင်းသိန်းနှင့် တရားခံ ဗိုလ်မှူးကြီးလှဖေတို့၏ အကျိုးဆောင်များမေးမြန်းချက်တို့ကို ထွက်ဆိုသွားသည်။

### လုပ်ကြံ

ထို့နောက် တရားလိုပြသက်သေ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကို စစ်ဆေးသည်။ ၎င်းကထွက်ဆိုရာတွင် ၁၉၇၄ ခုမှစ၍ လက်ရှိတာဝန် ကာကွယ်ရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံး၊ စစ်ဦးစီးမှူး(ပထမတန်း)နှင့် ဒုတိယညွှန်ကြားရေးမှူးတာဝန် ထမ်းဆောင်နေကြောင်း၊ ဗိုလ်မှူးကြီးလှဖေကို မိမိသည် ငယ်စဉ်ကပင်သိကြောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၃)၌ တပ်စုတစ်စုထဲဖြစ်ပြီး ဗထူးတိုက်ခိုက်ရေးကျောင်း၌လည်း အတူတူတာဝန်ထမ်းခဲ့ဖူးကြောင်း၊ မိမိတို့ချင်းလည်းကောင်း၊ မိသားစုချင်းလည်းကောင်း၊

www.burmeseclassic.com



ရင်းနှီး၍လည်းကောင်း၊ ရန်ကုန်လာလျှင် မိမိအိမ်သို့လည်းကောင်း၊ ရုံးသို့လည်းကောင်း လာလေ့ရှိကြောင်း၊ မိမိကလည်း ၎င်းထံသွားလေ့ရှိကြောင်း၊ ၁၉၇၆ ခု မတ် ၁၆ ရက် ညနေ ၅နာရီကျော်ခန့်တွင် ၎င်းတည်းခိုရာ အရာရှိရိပ်သာသို့ မိမိရောက်သွားကြောင်း၊ ၎င်းရန်ကုန်လာခြင်းမှာ ပြည်သူ့လွှတ်တော် အစည်းအဝေးတက်ရန်ဖြစ်ကြောင်း၊ ၎င်း၏အခန်းတွင် မိမိတို့ စကားပြောနေစဉ် မိမိက ဘာအကြောင်းထူးသလဲဟုမေးလျှင် ၎င်းက ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးတင်ဦး နုတ်ထွက်ခြင်းနှင့်ပတ်သက်၍ အောက်ခြေတွင် မပြေမလည်ဖြစ်နေကြောင်း၊ အရာရှိငယ် ဗိုလ်ကြီးများက နိုင်ငံတော်သမ္မတကြီးကိုဖမ်းပြီး ပါတီအထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးစန်းယု၊ ဗိုလ်မှူးကြီးတင်ဦးတို့ကို လုပ်ကြံလိမ့်မည်ဖြစ်သည်ဟု ကြားရကြောင်း၊ ထိုကိစ္စကို မတ် ၂၇ ရက်တွင်လုပ်မည်ဟု ကြားရကြောင်း၊ အင်အားရှိလျှင် အာဏာသိမ်းမည်၊ အင်အားမရှိလျှင် လုပ်ကြံမည်ဟု ကြားကြောင်း၊ ထိုကိစ္စအတွက် ခေါင်းဆောင်ရှာနေကြောင်း စသည်ဖြင့်ပြောပြလျှင် မိမိက ဘယ်ကဗိုလ်ကြီးများလဲဟု မေးလိုက်ကြောင်း၊ ထိုအခါ ၎င်းက ကြည်းတပ်ကကော၊ လေတပ်ကကော၊ သံချပ်ကာတပ်ကကောပါသည်ဟု ဆက်ပြောကြောင်း။

## ပြောကြ

နောက်နေ့ မတ် ၁၇ ရက် မိမိရုံးသို့ရောက်လျှင် အဆိုပါသတင်းကို သက်ဆိုင်ရာသို့ ဆက်ပို့လိုက်ကြောင်း၊ ထိုနေ့ည ၈ နာရီခန့်တွင် မိမိအိမ်သို့ ပဲခူးတိုင်းဒေသပါတီကော်မတီဥက္ကဋ္ဌ အငြိမ်းစား ဒုတိယဗိုလ်မှူးကြီးဘိုနီလာလည်ကြောင်း၊ ၎င်းနှင့်မိမိမှာ လွတ်လပ်ရေးကြိုးပမ်းမှုတစ်လျှောက်လုံး လုပ်ဖော်ကိုင်ဖက်ဖြစ်၍ ရင်းနှီးခြင်း၊ ၎င်းမှာ ပါတီဗဟိုကော်မတီဝင်ဖြစ်ခြင်း၊ ယုံကြည်စိတ်ချရသူဖြစ်ခြင်းတို့ကြောင့် ဗိုလ်မှူးကြီးလှဖေပြောသော သတင်းကို မိမိက ၎င်းအား ပြောပြလိုက်ကြောင်း။

မတ် ၁၈ ရက်တွင် မိမိလည်း တာဝန်အရ ပုသိမ်သို့ထွက်သွားကြောင်းဖြင့် ထွက်ဆိုသွားသည်။ ထို့နောက် ၎င်းအား တရားခံဗိုလ်မှူးကြီးလှဖေ၏ အကျိုးဆောင် ဦးဘိုးသာက မေးမြန်းသည်ကို ပြန်လည်ထွက်ဆိုသည်။



ထို့နောက် တရားလိုပြသက်သေ ဗိုလ်ကြီးဟန်ဇော်ကို ဆက်လက်စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိသည် မြောက်ပိုင်းတိုင်းမှူး၏ ကိုယ်ရေးအရာရှိ၏ တာဝန်ကို ၁၉၇၄ ခု ဩဂုတ်က စတင်ထမ်းဆောင်ခဲ့သည်မှာ ယခုအထိဖြစ်ကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်ကို မိမိသည် ကာကွယ်ရေးဦးစီးချုပ်၏ ကိုယ်ရံတော်အရာရှိအဖြစ် နောက်ဆုံး ထမ်းဆောင်ခဲ့သည်ကို သိကြောင်း၊ ၎င်းနှင့် မိမိတို့သည် ၁၉၆၅ ခုတွင် အမှတ်(၁၀၆) ခြေမြန်တပ်ရင်း၌ တာဝန်ထမ်းဆောင်ခဲ့စဉ်က သိကြောင်း၊ ၁၉၆၅ ခု ဒီဇင်ဘာလမှ ၁၉၆၉ ခုနှစ်ထိ အတူတူ တာဝန်ထမ်းဆောင်ခဲ့ကြောင်း။

၁၉၇၆ ခု မတ်လ ပထမပတ်တွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးတင်ဦး ရာထူးမှနုတ်ထွက်စတွင် ကာကွယ်ရေးဝန်ကြီးရုံး၌ အစည်းအဝေးနှင့် လွှတ်တော်အစည်းအဝေးတက်ရန် တိုင်းမှူးနှင့် မိမိသည် ရန်ကုန်သို့ လိုက်ပါခဲ့ကြောင်း၊ အစည်းအဝေးအပြီး နောက်တစ်နေ့တွင် မိမိသည် မိမိတိုင်းမှူးကို ဂျီသရီးများ ရုံးခန်းရှေ့၌ စောင့်နေစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်က လူတွေ အတော်ဒုက္ခရောက်နေပြီ ဘယ်လိုလုပ်မလဲဟု ပြောနေသံ ၎င်းရုံးခန်းထဲမှ ကြားလိုက်ရကြောင်း၊ ၎င်းရုံးခန်းထဲတွင် အခြားကိုယ်ရေးအရာရှိနှစ်ဦးသုံးဦးရှိနေသည်ကို တွေ့ရသော်လည်း မည်သူများဟု မသိကြောင်း၊ ထို့နောက် တိုင်းမှူးလာသည်ကို မိမိတွေ့သဖြင့် ၎င်းနှင့်အတူ ရိပ်သာသို့ ပြန်ခဲ့ကြောင်း။

## အကြံကြီးကြံ

နောက်တစ်နေ့တွင် ရုံးတာဝန်ဖြင့် ရာထူးခန့်ရုံးသို့ ရောက်ခဲ့ကြောင်း၊ ထိုရုံးတွင် ဗိုလ်ကြီးထွန်းကျော်နှင့်တွေ့လျှင် ၎င်းက ဗိုလ်ကြီးအုန်းကျော်မြင့် အကြံကြီးကြံနေကြောင်း၊ အာဏာသိမ်းရန် ကြံနေကြောင်းပြော၍ မိမိက ကြည့်လုပ်ရန်နှင့် စိတ်ဆန္ဒစောစရာမလိုပါဟု ပြောလိုက်ကြောင်း၊ ဗိုလ်ကြီးထွန်းကျော်က အချိန်တန်လျှင် သူ့ဟာသူ ဖြစ်သွားမှာဟု ပြောခဲ့ကြောင်း၊ ၎င်း(ဗိုလ်ကြီးအုန်းကျော်မြင့်)က မင်းအချိန်က ဘယ်လောက်ကြာအောင်စောင့်ရမှာလဲဟု ပြန်မေးကြောင်း၊ မိမိ(ဗိုလ်ကြီးထွန်းကျော်)က မိမိတို့သင်္ချိုင်းတမ်းနှင့် မှီချင်မှမှီမည်ဟု ပြန်ပြောခဲ့ကြောင်း၊ ထိုအခါ ၎င်း(ဗိုလ်ကြီးအုန်းကျော်မြင့်)

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်အတော်ကျသွားသည်ဟု ဗိုလ်ကြီးထွန်းကျော်က မိမိ (ဗိုလ်ကြီးဟန်ဇော်) ကို ပြန်ပြောကြောင်း၊ မိမိလည်း ကြည့်ထိန်းရန် ပြောပြီးပြန်ခဲ့ကြောင်း၊ ဗိုလ်ကြီးထွန်းကျော်ထံမှ ပြန်လာပြီး တစ်ညနေတွင် ၎င်း၏ပြောပြချက်များကို မိမိတိုင်းမှူးကို ပြန်လည်တင်ပြခဲ့ကြောင်း၊ တိုင်းမှူးက ၎င်းတို့ စိတ်ဆန္ဒစော နေခြင်းဖြစ်၍ ထိုကိစ္စမျိုးမှာ တစ်ခါနှစ်ခါ လူစုတိုင်ပင်လိုက်လျှင် အဖမ်းခံရမှာပဲ ဟု ပြောကြောင်း။

## ခေါင်းဖြူ

၁၉၇၆ ခု ဇွန် ၂၄ ရက်တွင် ဗဟိုကော်မတီအစည်းအဝေးတက်ရန် တိုင်းမှူးနှင့်အတူ ရန်ကုန်သို့လာခဲ့ကြောင်း၊ ထိုနေ့ နေ့လယ်တွင် မိမိတိုင်းမှူး ကို ကာကွယ်ရေးဝန်ကြီးရုံး၌ လိုက်ရာစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်က ၎င်းရုံး ခန်းထဲမှ ထွက်ခေါ်၍ ဝင်လိုက်သွားကြောင်း၊ ထိုအခါ ဗိုလ်ကြီးအုန်းကျော်မြင့် က ၎င်းအနေဖြင့် တိုင်းပြည်နှင့်ချီ စဉ်းစားနေ၍ ညည အိပ်မရကြောင်း၊ တိုင်းပြည်စီးပွားရေးနှင့်ပတ်သက်၍ ဘာလုပ်လျှင်ကောင်းမည်ကို မိမိထံ အကြံ တောင်းကြောင်း၊ ထိုအခါ မိမိက ထိုကိစ္စများစဉ်းစားနေ၍ ၎င်းခေါင်းဖြူ နေသည်ဟု ပြောကြောင်း၊ ထို့နောက် ၎င်းကဆက်၍ ပြည်သူ့ရဲတပ်ဖွဲ့နှင့် ပတ်သက်၍ ဘာလုပ်လျှင်ကောင်းမည်လဲဟုမေးရာ မိမိက ပြည်သူ့ရဲတပ်ဖွဲ့ နှင့်ပတ်သက်၍ သူ့လုပ်ငန်းနှင့်သူ ရှိပြီးဖြစ်ကြောင်း မှန်မှန်ကန်ကန်ဖြစ်အောင် လုပ်ပေးနိုင်လျှင် ပြီးသားပဲဟု ပြန်ပြောကြောင်း။

## သီးသန့်ဖွဲ့ထား

ဗိုလ်ကြီးအုန်းကျော်မြင့်က မိမိပြောသလို သူ့ကဏ္ဍနှင့်သူ ရှိတာ ဟုတ်သော်လည်း အဓိကရုဏ်းများဖြစ်လျှင် တုတ်များ၊ ဒိုင်းများကိုင်သည့် အဖွဲ့များကိုလည်း သီးသန့်ဖွဲ့ထားဖို့လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သယံဇာတ ပစ္စည်းပေါ၍ မည်သည့်နိုင်ငံနှင့်ဖြစ်ဖြစ် ဖက်စပ်လုပ်လိုက်လျှင်ရကြောင်း၊ အဓိကကုန်ပစ္စည်းလောက်ပဲ အစိုးရကကိုင်ပြီး ကျန်သည်တို့ကို လွှတ်ပေးသင့် ကြောင်း၊ တစ်ချိန်တွင် လိုအပ်လာ၍ မိမိတို့ကို တာဝန်ပေးလျှင် လုပ်နိုင်ရန် လေ့လာထားရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြောင်း။



မိမိက အကယ်၍ လိုအပ်၍ အထက်ကအမိန့်ပေးလာလျှင် လုပ်ရမည်ဖြစ် သည်ဟုပြောပြီး မိမိလည်း ပြန်ခဲ့ကြောင်း။

## ကောင်လီနှင့်တူ

ဇွန် ၂၇ ရက် နံနက်တွင် မိမိသည် နံနက်စာစားရန် စစ်ရုံးရိပ်သာ ထမင်းစားခန်းသို့ဝင်သွားလျှင် ဗိုလ်ကြီးဝင်းသိန်းနှင့် ဗိုလ်ကြီးဝင်းမောင်တို့ကို တွေ့ရသဖြင့် ၎င်းတို့နှင့် ဝင်စားကြောင်း၊ ခဏကြာလျှင် ဗိုလ်ကြီးဝင်းမောင် တယ်လီဖုန်းလာ၍ ထသွားလျှင် ဗိုလ်ကြီးဝင်းသိန်းက မိမိကို အနားတိုးခိုင်းပြီး ၎င်းတို့အလုပ်လုပ်ဖို့ အစီအစဉ်ရှိကြောင်း၊ တိုင်းပြည်တွင် နံပါတ်ဝမ်းရယ်၊ နံပါတ်တူးရယ်၊ မျက်မှန်ကြီးရယ်၊ အက်စ်ဝမ်းရယ် ချယ်လှယ်နေကြောင်း၊ သူတို့ကိုရှင်းပစ်လျှင် ကောင်းသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့တွင် တပ်ခွဲနှစ်ခွဲ ရှိကြောင်း စသည်ဖြင့်ပြောလျှင် မိမိက ၎င်းကို 'ကောင်လီ'လုပ်ချင်၍လား၊ ကောင်လီနှင့်လည်းတူကြောင်း ပြောပြီး ပြန်ထွက်လာခဲ့ကြောင်း၊ နံပါတ်ဝမ်း မှာ သမ္မတကြီး၊ နံပါတ်တူးမှာ ပါတီအတွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်စန်းယု၊ မျက်မှန်ကြီးမှာ အမျိုးသားထောက်လှမ်းရေးမှူးချုပ် ဗိုလ်မှူးကြီးတင်ဦးတို့ကို ဆိုလိုခြင်းဖြစ်ပြီး အက်စ်ဝမ်းမှာ မည်သူ့ကိုဆိုသည်ကို မိမိ မသိကြောင်း။

ထိုအခါ ဗိုလ်ကြီးဝင်းသိန်း မိမိနောက်က လိုက်လာပြီး ဗိုလ်ကြီးအုန်း ကျော်မြင့်နှင့် တွေ့မတွေ့နှင့် ဘာမျှမပြောဘူးလားဟုမေးလျှင် မိမိက ၂၄ ရက်တွင် မိမိနှင့်တွေ့သော်လည်း ဘာမှမပြောပါဟု ပြန်ပြောခဲ့ကြောင်း၊ ထိုနေ့ နေ့လယ်စားစားချိန် မိမိက တိုင်းမှူးအား ဗိုလ်ကြီးဝင်းသိန်းပြောသည် ကို ပြန်လည်တင်ပြလျှင် တိုင်းမှူးက ဗိုလ်ကြီးအုန်းကျော်မြင့်တို့ကို တောပြော တောင်ပြော မပြောရန် သတိပေးလိုက်ပါဟု ပြန်ပြောကြောင်း။

## ဗုံးသံကြား

ဇွန် ၂၇ ရက်တွင် ဗိုလ်ကြီးအုန်းကျော်မြင့် ရောက်လာကြောင်း၊ ထိုည တွင် ဗုံးပေါက်သံတစ်ခု ကြားသည်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းကွပ်ကဲမှုရုံး သွားမေးမည်ဆိုပြီး ၎င်းကားဖြင့် မိမိတို့ ထွက်ခဲ့ကြောင်း၊ လမ်းတွင်

www.burmeseclassic.com

www.burmeseclassic.com



နံနက်က ဗိုလ်ကြီးဝင်းသိန်းပြောပြသော ကိစ္စများကို ပြောပြပြီး တောပြောတောင်ပြောတွေပြောလျှင် ဒုက္ခရောက်မည်ဟု မိမိက ပြောကြောင်း၊ ၎င်းက မိမိကိုလည်း အေးအေးဆေးဆေးပြောသင့်သလောက် ပြောရဦးမည်ဟု ပြန်ပြောခဲ့ကြောင်း၊ ရန်ကုန်တိုင်း ကွပ်ကဲမှုရုံးတွင် ဗုံးပေါက်မှုသတင်းကို စုံစမ်းပြီး ပြန်ထွက်ခဲ့ကြောင်း၊ ထို့နောက် အိမ်ပြန်ရောက်ပြီးနောက် ၎င်းက ဗိုလ်ကြီးထွန်းကျော်အိမ်သွားကြရန် ပြောသဖြင့် မိမိလိုက်သွားကြောင်း၊ ဗိုလ်ကြီးထွန်းကျော်အိမ်ရောက်လျှင် ဗိုလ်ကြီးအုန်းကျော်မြင့်က ဝင်းသိန်းက တို့လုပ်မည့် အစီအစဉ်များကို မိမိ(ဗိုလ်ကြီးဟန်ဇော်)အား ပြန်ပြောကြောင်းပြောလျှင် ဗိုလ်ကြီးထွန်းကျော်က ဝင်းသိန်း ယောင်ဖွာယောင်ဖွာလုပ်သဖြင့် ၎င်းတို့ ဒုက္ခရောက်မည်ဖြစ်ကြောင်း။

## ချီးဘရိန်း

ဗိုလ်ကြီးထွန်းကျော်ကပင် ဆက်လက်၍ ဝင်းသိန်းသည် အလွန်ပြင်းထန်နေကြောင်း၊ သို့သော်လည်း ချီးဘရိန်းသာဖြစ်ကြောင်း၊ ၂၈ ရက် ဗဟိုကော်မတီ စည်းဝေးလုပ်လျှင် လုပ်ကြရန် ၂၇ ရက် ညကတည်းက သေနတ်နှင့်စင်မြင့်အောက်တွင် သွားအိပ်စောင့်ပြီး လူကြီးတွေလာမှ သေနတ်နှင့်ပစ်မည်ပြောသည့်ကောင်ဟုလည်း ဆက်ပြောကြောင်း။

ဗိုလ်ကြီးထွန်းကျော်က ဗိုလ်ကြီးအုန်းကျော်မြင့်အား မင်းတို့ ဘယ်လောက်အဆင်သင့်ဖြစ်နေပြီလဲဟုမေးလျှင် အခြေအနေပေးသည့်နေ့တွင် လုပ်မည်ဖြစ်ကြောင်း မင်္ဂလာဒုံလေဆိပ်တွင် လုပ်မည်ဖြစ်ပြီး ဝင်းသိန်းလည်း လာမည်ဖြစ်၍ တပ်ခွဲနှစ်ခွဲလည်းရှိကြောင်း၊ အနီးကပ်လုပ်ဖို့က မိမိတစ်ဦးတည်း သိပ်မလွယ်၍ ဗုံးနှင့် ဝိုင်းပစ်ဖို့ လေးငါးယောက်လိုကြောင်း၊ ကျန်သည်တို့ကို ဗိုလ်ကြီးထွန်းကျော်က တပ်ခွဲနှစ်ခွဲဖြင့် ဆက်လုပ်ဖို့လိုကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်က ပြောကြောင်း၊ မိမိက ရမ်းပစ်လျှင် အခြားလူများပါ ဒုက္ခရောက်ကုန်ပြီး ၎င်းတို့ဆရာများကိုပါ ထိကုန်မည်ဟုပြောလျှင် ထိုကိစ္စမှာ လွယ်ကြောင်း၊ ဟိုရောက်လျှင်ပြမည်၊ ၎င်းတို့နှင့်လိုက်ခဲ့ဟု မိမိကိုခေါ်ကြောင်း၊ ဆက်လက်၍ ထိုကိစ္စပြီးလျှင် မိမိတို့ လေယာဉ်ပျံဆီသို့ပြေးရမည်ဖြစ်ကြောင်း၊ ဘီစီအမ်ပီဂိတ်တွင် ၎င်းတို့အဖွဲ့များရှိကြောင်းပြောလျှင် မိမိက ယင်းသို့လုပ်လျှင် တိုင်းပြည်ကို မည်သူထိန်းမှာလဲဟု မေးကြောင်း၊ ထိုအခါ ဗိုလ်ကြီးအုန်းကျော်မြင့်က မိမိ သိစရာမလိုကြောင်း၊ ကွန်ပတ်မင့်တ်စနစ် ကျင့်သုံးမည်ဖြစ်၍ ဤမျှသိရလျှင် တော်ပြီဟု ပြန်ပြောကြောင်း၊ မိမိက ထိုပုံအတိုင်းဆိုလျှင် ဒုက္ခရောက်မည်ဟုပြောလျှင် ဗိုလ်ကြီးအုန်းကျော်မြင့်က ၎င်းတို့ အခြေအနေကောင်းကြောင်း၊ သတင်းပေါက်စရာရှိလျှင် ယခုလောက်ဆိုလျှင် ပေါက်ပြီဖြစ်ကြောင်း၊ မိမိခေါ်လိုက်လျှင် သူ့ဟာသူ အားလုံးရောက်လာမှာပါ စသည်ဖြင့် ပြန်ပြောကြောင်း။

## ဝန်ကြီးလုပ်

၁၉၇၆ ဇူလိုင် ရက် ရိပ်သာထမင်းစားခန်း၌ မိမိ နံနက်စာစားနေစဉ် ဗိုလ်ကြီးဝင်းသိန်းရောက်လာ၍ ၎င်းတို့ခေါ်လျှင် လာမလားဟုမေးကြောင်း၊ ဆက်၍ ဘာမှ ယူလာစရာမလိုပြောလျှင် မိမိက ၎င်းဆရာမပါဘဲ ဘယ်မှ သွားမည်မဟုတ်ဟု ပြန်ပြောလိုက်ကြောင်း၊ ဆက်လက်၍ မိမိက ၎င်းအား ဘယ်လောက်အရည်အချင်းရှိသလဲ၊ လုပ်ပြီးလျှင် မည်သူက ထိန်းမလဲဟုမေးရာ ၎င်းက ဦးစိုးချုပ်ဟောင်းကြီးတို့ရှိကြောင်း၊ မည်သူမည်သို့ လုပ်မည်ကို ၎င်းက ဆက်ပြောကြောင်း၊ ထိုကိစ္စပြီး၍ တပ်ထဲ၌ ဆက်နေလျှင် ဗိုလ်မှူးအရပ်ဘက်သွားလျှင် ၁၃၀၀–၁၄၀၀ စားပေါ့။ ၎င်းအနေဖြင့် အရပ်ဝတ်လဲမည်ဟုပြောကြောင်း၊ မိမိက ၎င်းအား ကုန်သွယ်ရေးဝန်ကြီးလုပ်ပါဟုပြောပြီး ထမင်းစားခန်းမှ ထွက်ခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ထို့နောက် တရားလိုအကျိုးဆောင် ဦးဘမောင်နှင့် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏အကျိုးဆောင် ဦးကိုယု၊ တရားခံဗိုလ်ကြီးဝင်းသိန်း၏အကျိုးဆောင် ဦးမောင်မောင်(၆)၊ တရားခံဗိုလ်မှူးကြီးလှဖေ၏အကျိုးဆောင် ဦးဘိုးသာ တို့က မေးမြန်းသည်ကို ဗိုလ်ကြီးဟန်ဇော်က ထွက်ဆိုသွားသည်။

## တစ်တိုက်ထဲ

ဆက်လက်၍ တရားလိုပြသက်သေ ဦးချိုဦးကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိသည် သတ္တုတွင်းဝန်ကြီးဌာန ရုံးအဖွဲ့ခွဲမှူးတာဝန်ကို

www.burmeseclassic.com



၁၉၇၆ မတ် ၁၀ ရက်မှ စတင်ထမ်းဆောင်ကြောင်း၊ ဗိုလ်ကြီးဘချစ်ကို မိမိသည် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး အတွင်းရေးမှူးအဖြစ်သိကြောင်း၊ လုပ်သက်ခွင့်သုံးလယူပြီး မေ ၁၀ ရက် အလုပ်ပြန်ဝင်မှ ၎င်းကို သိကြောင်း၊ နေကြသည်မှာလည်း ဦးဝိစာရတိုက်တစ်တိုက်ထဲဖြစ်ပြီး တစ်ရုံးတည်း ဖြစ်၍ အလုပ်သို့ ၎င်း၏ကားဖြင့် အတူသွားပြန်လိုက်လေ့ရှိကြောင်း။

ဇွန် ၂၆ သို့မဟုတ် ၂၇ ညတစ်ညတွင် ဗိုလ်ကြီးဘချစ် မိမိအိမ်သို့ ရောက်လာပြီး ဗိုလ်ကြီးအုန်းကျော်မြင့် ဖုန်းဆက်၍ ခဏလိုက်ခဲ့ရန်ခေါ်၍ လိုက်သွားခဲ့ကြောင်း။ ဗိုလ်ကြီးအုန်းကျော်မြင့်အိမ်၌ ၎င်းတို့နှစ်ဦး စကားပြောကြရာတွင် ဗိုလ်ကြီးဘချစ်က ဗိုလ်ချုပ်ကြီးစန်းယု အဖမ်းခံရသည်ဟူသော ကောလာဟလကိစ္စကိုပြောပြီး ကုန်ဈေးနှုန်းများ ကြီးမြင့်၍ လူများညည်းတွားနေကြသည့်ကိစ္စကိုပြောပြီး မိမိက ပြန်ရန်ပြောသဖြင့် မိမိတို့ ပြန်ခဲ့ကြကြောင်း ထွက်ဆိုသွားသည်။

၎င်းနောက် တရားလိုပြသက်သေ ဗိုလ်ကြီးမောင်ဒွေးကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိသည် ကာကွယ်ရေးဦးစီးချုပ်ရုံး စစ်ဦးစီးမှူး(တ) တာဝန်ကို ထမ်းဆောင်ကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်ကို ကာကွယ်ရေးဦးစီးချုပ်၏ ကိုယ်ရံတော်အရာရှိအဖြစ် သိကြောင်း။

၁၉၇၆ မတ်လ ၂၃ ရက်တွင် ရုံးအုပ်ဆရာတင်မြိုင်ထံမှ မိမိအား ဗိုလ်ကြီးအုန်းကျော်မြင့်က ဗိုလ်မှူးစိန်မြင့်နှင့် အဆက်အသွယ်ရပြီးဖြစ်၍ စခန်းရုံးမှ ၎င်းအတွက် ကာဘိုင်တစ်လက် ထုတ်ပေးရန် ဖုန်းဆက်သည်ဟု သတင်းပို့သဖြင့် မိမိက ဆရာတင်မြိုင်အား ထုတ်ပေးရန်ပြောခဲ့ကြောင်း၊ ထို့ကြောင့် ဆရာတင်မြိုင်က တပ်ကြပ်ကြီးစာရေးသိန်းမြင့်ကို စခန်းရုံးတွင် သေနတ်ထုတ်ရန် ခိုင်းလိုက်ကြောင်း၊ ၁၀ နာရီခန့်တွင် ဆရာသိန်းမြင့်က သေနတ်ထုတ်မည့်ပြေစာ၌ အရာရှိက လက်မှတ်ထိုးရန်လာပြောသဖြင့် မိမိက ပြေစာကို ယူကြည့်ရာတွင် ဗိုလ်ကြီးအုန်းကျော်မြင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ရုံးဟု တွေ့ရကြောင်း၊ ပြေစာအောက်ပိုင်းတွင် 'ဗိုလ်ကြီးအုန်းကျော်မြင့်' နာမည်လက်မှတ်ထိုးရန် ပါရှိကြောင်း၊ ထို့ကြောင့် တပ်ကြပ်ကြီးသိန်းမြင့်က မိမိအား ဗိုလ်ကြီးအုန်းကျော်မြင့်ကိုယ်စားထိုးပေးရန် ပြောသဖြင့် မိမိလည်း



ဗိုလ်ကြီးအုန်းကျော်မြင့်ရုံးတွင် မရှိသဖြင့် ၎င်းကိုယ်စား လက်မှတ်ရေးထိုးပေးလိုက်ကြောင်း။

## ကာဘိုင်ထုတ်

မတ် ၂၃ ရက်နေ့ နံနက် ၁၁ နာရီခန့်တွင် တပ်ကြပ်ကြီးသိန်းမြင့် ကာဘိုင်သေနတ်ထုတ်လာပြီး ဗိုလ်ကြီးအုန်းကျော်မြင့် ရုံးခန်းထဲဝင်သွားသည်ကို တွေ့ကြောင်း၊ ကာဘိုင်သေနတ်ကို ၎င်း၏စားပွဲညာဘက် သံမဏိဗီရိုတွင် မှီပြီးထောင်ထားသည်ကို မြင်ခဲ့ကြောင်း။

မတ်လ ၂၄ ရက်တွင် ဆရာတင်မြိုင်ထံမှ မိမိအား ဗိုလ်ကြီးအုန်းကျော်မြင့်က ကာဘိုင်သေနတ်ကို ရန်ကုန်တိုင်း ကွပ်ကဲမှုရုံးသို့ ပို့ပေးရန်ဖုန်းဆက်၍ တပ်ကြပ်ကြီးမောင်မောင်ကို ခိုင်းလိုက်သည်ဟု သတင်းပို့ကြောင်း၊ ၈ နာရီခွဲခန့်တွင် ဆရာမောင်မောင်က ကာဘိုင်သေနတ်ကို သွားပို့ခဲ့ပြီးပြီဟု မိမိအား သတင်းပို့ကြောင်း။

ဇူလိုင် ၃ ရက် နံနက် ၇ နာရီခွဲ့ခန့်တွင် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ရုံးသို့ လာခဲ့ကြောင်း၊ ရုံးလာစဉ် ကားထဲတွင် မိမိထိုင်သည့် ညာဘက်ဘေး၌ ခေါက်ကာဘိုင်သေနတ်ကို တွေ့ရကြောင်း၊ ရုံးရောက်လျှင် ယာဉ်မောင်းတပ်ကြပ်သန်းမြင့်ကို ခေါ်၍ ကားထဲတွင်ထားသော အူဇီသေနတ် ဘယ်မှာထားသလဲဟု မေးရာ ၎င်းက ဗိုလ်ကြီးအုန်းကျော်မြင့်အိမ်တွင် ယူထားသည်ဟု ပြန်ဖြေကြောင်း၊ ထို့ကြောင့် မိမိသည် တပ်မတော် ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်အား ဗိုလ်ကြီးအုန်းကျော်မြင့်အိမ်တွင် အူဇီသေနတ်ယူထားကြောင်း သတင်းပို့လျှင် ၎င်းက အူဇီသေနတ်ကို ဗိုလ်ကြီးအုန်းကျော်မြင့်အိမ်မှ သိမ်းထားပြီးဖြစ်သည်ဟု ပြောကြောင်း။

## သိမ်းဆည်း

ထိုနေ့နံနက် ၁၀ နာရီခန့်တွင် ကက(လှမ်း)မှ စစ်ဦးစီးမှူး(၃)ဗိုလ်မှူးခင်ထွန်း၊ စစ်ဦးစီးမှူး(တ) ဗိုလ်ကြီးတင်ဦးတို့ မိမိရုံးခန်းသို့ ရောက်လာပြီး ဗိုလ်ကြီးအုန်းကျော်မြင့် ရုံးခန်းကို မိမိနှင့်အတူ ရှာဖွေလိုကြောင်းပြောသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ သွားရှာကြကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့် ရုံးခန်းထဲမှ သံမဏိဗီရို ဒုတိယအဆင့်တွင် ဒသမ ၃၈ ဘို့ စပါယ်ရှယ် ခြောက်လုံးပူးတစ်လက်နှင့် အတူ ကာဘိုင်ကျည်ခါးပတ်တစ်ခု (ယင်းခါးပတ်၌ အကန့်ခြောက်ကန့်ရှိ၍ ကျည်အပြည့်ပါပြီး ကျည် ၁၂၀ ရှိသည်)တွေ့ရှိရသော လက်နက်ခဲယမ်းများ အနက် ယင်းသေနတ်ကို ဗိုလ်ကြီးတင်ဦးလက်သို့အပ်လိုက်ကြောင်း၊ ကာဘိုင် ကျည်နှင့် ယင်းခါးပတ်ကို မူလတွေ့ရှိသော သံမဏိဗီရိုထဲ၌ပင် သိမ်းဆည်းထား လိုက်ကြောင်း၊ ၎င်း၏ရုံးခန်း၌ တွေ့ရသည့် ၎င်းနှင့်ပတ်သက်သော အသုံး အဆောင်ပစ္စည်းများကို သီခြားဗီရိုတစ်လုံးတွင် သိမ်းဆည်းထားခဲ့ကြောင်း။

ဇူလိုင် ၅ ရက် နံနက် ၈ နာရီခန့်တွင် တပ်ကြပ်သန်းမြင့်ကိုခေါ်ပြီး မော်တော်ကားထဲမှ ခေါက်ကာဘိုင်ကို ယူလာရန် အမိန့်ပေးခဲ့၍ ၎င်းသည် ခေါက်ကာဘိုင်နှင့် ကျည်အိမ်တစ်ခုယူ၍ မိမိကို လာအပ်လျှင် ကျည်အိမ်တွင် ကျည်ဆန်အတောင့် ၂၀ ဖြည့်ထားသည်ကို တွေ့ရကြောင်း၊ မိမိသည် ကာဘိုင် ကို ပြေစာလုပ်ပြီး စခန်းရုံးတပ်ထောက်သို့ အပ်နှံလိုက်ရာ ၎င်းက ကာဘိုင်ထုတ် စဉ်က ကျည်အိမ်မပါသဖြင့် လက်မခံဘဲ မိမိထံ ပြန်ပို့ခဲ့ကြောင်း၊ ကျည်အိမ် နှင့် ကျည်ဆန်များကို ဗိုလ်ကြီးအုန်းကျော်၏ သံမဏိဗီရို ဒုတိယထပ်တွင် သိမ်းထားခဲ့ကြောင်း၊ ထိုနေ့နံနက် ၁၁ နာရီတွင် ဗိုလ်ကြီးအုန်းကျော်မြင့် အသုံးပြုသော မော်တော်ကားကို စစ်ဆေးရန် ဗိုလ်ကြီးအောင်ဗွေးက ညွှန်ကြား ကြောင်း၊ ထိုကားကို မိမိစစ်ဆေးရာ ၎င်းအသုံးပြုသော အရာရှိဆောင်း ဦးထုပ်တစ်လုံးနှင့် သော့တွဲတစ်တွဲကို ကားထဲမှတွေ့ရပြီး ကား၏လေကာမှန် အနည်းငယ်အက်နေသည်ကို တွေ့ရကြောင်း၊ ကားမှာ မာဇဒါ ဘီ(၆၀၀) အမှတ်–၁၃၃၈(င)ဖြစ်ကြောင်း၊ ဦးထုပ်နှင့်သော့တွဲကို ၎င်းရုံးခန်း သံမဏိဗီရိုတွင် သိမ်းပြီး ကားကို အမှတ်(၁)တပ်ခွဲ မော်တော်ယာဉ်သို့ ပြန်ပို့ခဲ့ကြောင်း။

## ခေါက်ကာဘိုင်

ဩဂုတ် ၃၀ ရက်တွင် ၎င်းရုံးခန်း သံမဏိဗီရိုထဲတွင် သိမ်းဆည်းထား သော အရာရှိဆောင်းဦးထုပ်တစ်လုံး၊ သော့တွဲတစ်တွဲ၊ ကာဘိုင်ယမ်းခါးပတ် တစ်ခု၊ ကာဘိုင်ကျည်အိမ်တစ်ခု၊ ကာဘိုင်ကျည်ဆံ ၂၀ ကို ပြည်သူ့ရဲတပ်ဖွဲ့



သတင်းဖွဲ့မှုးရုံးမှ ရဲအုပ်ကြီးဦးကျော်စိန်အား မိမိ လွှဲအပ်ခဲ့ကြောင်း၊ ကာဘိုင် သေနတ်တွင် ကျည် ၁၂၀ ပါကြောင်း၊ ခေါက်ကာဘိုင်ကို ဗိုလ်ကြီးအုန်းကျော် မြင့်ကိုယ်စား ရရှိကြောင်း၊ လက်မှတ်ထိုးပေးလိုက်သည့် စာရွက်ဖြစ်ကြောင်း၊ ယခု မိမိကိုပြသော ခေါက်ကာဘိုင်မှာ ဗိုလ်ကြီးအုန်းကျော်မြင့်ရုံးခန်း သံမဏိဗီရို ၌ မှီပြီးထောင်ထားသော သေနတ်ဖြစ်ကြောင်း၊ ယင်းခေါက်ကာဘိုင်သေနတ် ကို ကာကွယ်ရေးဦးစီးချုပ်စီးသော မာစီဒီးကားပေါ်တွင် ဗိုလ်ကြီးအုန်းကျော်မြင့် ထိုင်သောနေရာအောက်တွင် မိမိတွေ့ကြောင်းနှင့် ရုံးတော်တွင် သက်သေခံအဖြစ် တင်ပြခဲ့သော သေနတ်များ၊ ကျည်များ၊ ကျည်အိမ်နှင့် ယမ်းခါးပတ် စသည် တို့ကို ၎င်းတို့ ရှာဖွေတွေ့ရှိပြီး ဗိုလ်ကြီးအုန်းကျော်မြင့်၏ သံမဏိဗီရိုတွင် သည်းဆည်းထားခဲ့သည့် ပစ္စည်းများဖြစ်ကြောင်း ထွက်ဆိုသည်။

ထို့နောက် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက အောက်တိုဘာ ၄ ရက် တနင်္လာ နေ့ နံနက် ၁၀ နာရီတွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုသည်။

✧ ✦ ✧

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်ကြီးနေဝင်းသည် တပ်မတော်ဝင်
## လူကြီးများအပေါ် မပြစ်မှားသင့်တာပြစ်မှားခဲ့
## ခေါင်းဆောင်များလုပ်ကြံရန်ကြံမှု အုန်းကျော်မြင့်ဖြောင့်ချက်ပေး

### တက္ကသိုလ်ဆက်

ယနေ့စစ်ဆေးရာတွင် ဗိုလ်ကြီးအုန်းကျော်မြင့်၏ ဖြောင့်ဆိုချက်ကို တင်ပြရာ ယင်းဖြောင့်ဆိုချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျွန်တော်သည် ပျော်ဘွယ်မြို့နယ် ကံဖျားရွာမှာ အဖဦးလှသာ၊ အမိဒေါ်ရင်မိုးတို့က ၁၉၄၀ ခုမှ မွေးဖွားခဲ့ပါသည်။ မွေးဖွားခဲ့တဲ့ သားသမီးများအနက် သတ္တမမြောက်သားဖြစ်ပါသည်။ မူလတန်းကို ကံဖျားရွာတွင် ကျောင်းနေခဲ့ပါသည်။ အလယ်တန်းကို ယင်းတော်အလယ်တန်းကျောင်းတွင် နေခဲ့ပါသည်။ အထက်တန်းကို ပျော်ဘွယ်အထက်တန်းကျောင်းတွင် နေခဲ့ပြီး ၁၉၅၇ ခုနှစ်မှာ ၁၀ တန်းစာမေးပွဲအောင်မြင်ပြီး ယင်းတော် အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာအဖြစ် တစ်နှစ်ခွဲလုပ်ခဲ့ပါသည်။ မန္တလေးတက္ကသိုလ်သို့ ဆက်လက်၍ ပညာသင်ကြားပါသည်။

### တပ်ဦးဝင်

၁၉၆၂ ခု မတ်လမှာ ဥပစာဝိဇ္ဇာ(ခ)တန်းကို အောင်ခဲ့ပါသည်။ တက္ကသိုလ်ကျောင်းမှာ နေစဉ်အတွင်းမှာ ကျောင်းသားသမဂ္ဂမှာ ဝင်ရောက်အရွေးခံခြင်း မလုပ်ခဲ့ပါ။ ပထမနှစ်မှာ ကျောင်းသားတပ်ဦးကောင်စီဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။ နှစ်ကုန်နီးသောအခါမှာ ကျောင်းသားအဖွဲ့အစည်းကနေပြီး ထောက်ကူပေးပြီး ဆက်သွယ်လုပ်နေတာကို ကြား၍ စုံစမ်းရာ ဟုတ်



မည်မထင်ပါသဖြင့် နောင် ၂ နှစ်မှာ ဘယ်ကျောင်းသားအဖွဲ့ထဲမှာမှ မပါဝင်တော့ပါ။ မပါသည့်အပြင် ဒုတိယ ၂ နှစ်မှာ ဘယ်အသင်းမှ မဲမပေးခဲ့တော့ပါ။

### တပ်စုမှူး

၁၉၆၄ ခုနှစ်မှာ မော်ဘီမှာဖွင့်တဲ့ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၉) တက်ရောက်အောင်မြင်ပြီး ဒုတိယဗိုလ်အဖြစ်နှင့် အမှတ်(၁၀၆) ခြေမြန်တပ်ရင်းမှာ တပ်စုမှူးအဖြစ်နှင့် သွားရောက်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အမှတ်(၁၀၆) ခြေမြန်တပ်ရင်းမှာ ၅ နှစ် တာဝန်ထမ်းဆောင်ပြီး ရန်ကုန်တိုင်း စစ်ဌာနချုပ်သို့ စစ်ဦးစီးမှူး(တတိယတန်း) ဆက်ဆံရေးအဖြစ် တာဝန်ထမ်းဆောင်ရပြီးနောက် စစ်ဦးစီးမှူး(တတိယတန်း)ထောက်လှမ်းရေးတာဝန် ထမ်းဆောင်ပြီး ထို့အပြင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှာပဲ တိုင်းမှူးရဲ့ ဦးစီးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ပါသည်။

### ကိုယ်ရံတော်

ဗိုလ်မှူးကြီးကျော်ထင်အား ဒု-ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးချုပ် စစ်ရုံးသို့ပြောင်းသောအခါ ဒုကာကွယ်ရေးဦးစီးချုပ် ကိုယ်ရံတော် ဗိုလ်ကြီးအနေနဲ့ ပါသွားပြီးတာဝန်ထမ်းဆောင်ပါသည်။ ဗိုလ်ချုပ်ကျော်ထင် ကာကွယ်ရေးဦးစီးချုပ် ကိုယ်ရံတော် ဗိုလ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ပြီး အချိန်အထိဖြစ်ပါသည်။

### စိတ်မကောင်း

၁၉၆၇ ခု မတ် ၆ ရက်နေ့ နံနက်ကျတော့ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးတင်ဦးအား ကာကွယ်ရေးဦးစီးချုပ်အဖြစ်မှလည်းကောင်း၊ အစိုးရဝန်ကြီးအဖွဲ့မှလည်းကောင်း၊ နုတ်ထွက်ရတော့မည်ဆိုသောသတင်းကို နံနက်ပိုင်းတွင် ကြားသိပါသည်။ ထိုသို့ကြားသိရ၍ အင်မတန်စိတ်မကောင်းဖြစ်မိပါတယ်။

### ပစ္စည်းမှာ

ဘယ်လိုဖြစ်ရတယ်ဆိုတဲ့ဥစ္စာကို ဦးစီးချုပ်ရဲ့ကိုယ်ရံတော်ဗိုလ်ကြီးဖြစ်ကဲ့ ဗိုလ်ကြီးစံကြည်ဆီသွားပြီးတော့ မေးမြန်းပါသည်။ ဗိုလ်ကြီးစံကြည်က

www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမ နိုင်ငံခြားက စစ်သံတွေနဲ့ ပစ္စည်းမှာတဲ့ကိစ္စ၊ သူတို့သားငယ် မကျန်းမမာဖြစ်နေစဉ်က ဗိုလ်ကြီးကတော်က ရာထူးအရှိန်အဝါကိုသုံးပြီးတော့ ဆေးတွေကို မတရားသုံးတယ်၊ ဆရာဝန်တွေကို မောက်မောက်မာမာဆက်ဆံတယ်။ သူတို့သား နိုင်ငံခြားဆေးကုသွားပြီး ပြန်လာတဲ့အခါမှာ နိုင်ငံခြားငွေ တချို့မအပ်ဘူးလို့ ပြောသံကြားတယ်။

## မကျေနပ်

မတ်လ ၆ ရက်နေ့ည ကျွန်တော့်အိမ်က ကားနဲ့ စစ်ရုံးအရာရှိကြီးရိပ်သာမှာ ဗိုလ်မှူးကြီးလှဖေကို သွားတွေ့ပါသည်။ ကျွန်တော်က စပြီးတော့ ဗိုလ်မှူးကြီး အခြေအနေတွေ ဘယ်လိုမေးတဲ့အခါ ဗိုလ်မှူးကြီးလှဖေက ဘာများထူးလဲကွာ၊ သူတို့ လုပ်ချင်ရာသာ လုပ်နေကြတာပဲ ပြောပါသည်။ ကျွန်တော်က ဗိုလ်ချုပ်ကြီးတင်ဦးထွက်ရတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ စစ်ရုံးမှာတော့ တော်တော်ဂယက်ရိုက်တယ်၊ အရာရှိငယ်တွေဆိုရင် မကျေနပ်ကြဘူးလို့ ကြားရတယ်၊ ဒီလိုပြောတဲ့အခါမှာ အေးလေကွာ ဘယ်တတ်နိုင်မလဲပြောပြီး တခြားအလွှာပသလွှာပပြောပြီး ပြန်လာခဲ့ပါသည်။

## ဖောက်သည်ချ

ဗိုလ်ကြီးစံကြည်နဲ့ စစ်ရုံးမှာတွေ့တဲ့အခါမှာ ဗိုလ်ချုပ်ကြီး ထွက်ရတဲ့ရတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ မကျေနပ်ကြောင်း ဗိုလ်မှူးကြီးတင်ဦးနဲ့ ဗိုလ်ချုပ်ကြီးစန်းယုတို့ရှိနေရင်တော့ အကုန်လိုက်ပြီး တွယ်နေဦးမှာပဲ၊ သူတို့မရှိမှဘဲ ကောင်းမယ်ဟု ဗိုလ်ကြီးစံကြည်က ပြောပါသည်။ နောက်ရက်တွေမှာ ကျွန်တော် ဗိုလ်ကြီးထွန်းကျော်ကို တွေ့တဲ့အခါမှာ အခြေအနေတွေက ဘယ်လိုတွေလဲကွဆိုပြီးတော့ ဗိုလ်ကြီးစံကြည်တို့ဆီကတော့ ဒီလိုဒီလို သတင်းရတယ်၊ ဗိုလ်ချုပ်ကြီးတင်ဦး ပြုတ်တဲ့ကိစ္စ အခြေအနေသတင်းကို ပြန်ပြီး ဖောက်သည်ချပြောပါသည်။ အဲဒီအခါမှာ ဗိုလ်ကြီးထွန်းကျော်က အေးကွ၊ ဘာတတ်နိုင်တာလိုက်လို့ ပြောပြီးတော့ တပ်က ပါမယ်ဆိုရင်တော့ တပ်နဲ့ပြန်လုပ်ရင်ရမယ်ဟု ပြောပါသည်။



## ကန်တော့

ဗိုလ်ချုပ်ကြီးတင်ဦးပြုတ်ပြီး မကြာမီ တစ်ရက်နှစ်ရက်မှာ ကျွန်တော် ဗိုလ်ကြီးစံကြည်အိမ်ကို သွားပါသည်။ ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကိုယ်ရံတော် ဗိုလ်ကြီးတာဝန်များကိုလွှဲရန် ကိစ္စအတွက် သွားပါသည်။ ရောက်ပြီး ၁၅ မိနစ်လောက် ဟိုအကြောင်း ဒီအကြောင်းပြောပြီး ဗိုလ်ချုပ်ကြီးတင်ဦးနှင့်ဇနီး ရောက်ရှိလာပါသည်။ ကျွန်တော်တို့က ထိုင်နေရာမှထပေးပြီး ခရီးဦးကြိုပြုကာ ဗိုလ်ကြီးစံကြည်က ကျွန်တော့်ဘက်ကိုလှည့်ပြီး ဗိုလ်ကြီးအုန်းကျော်မြင့်လို့ ပြောပြပါသည်။ ဗိုလ်ချုပ်ကြီးတင်ဦးက အေးကွာ နေကောင်းကြသလား၊ ကျွန်တော်က ကောင်းပါတယ်ခင်ဗျာဟုပြောပြီး ဗိုလ်ချုပ်ကြီးတင်ဦးနဲ့ ဇနီးအား ထိုင်၍ကန်တော့ရာ ကန်တော့စရာမလိုပါဘူး၊ အလေးပြုရင်ပြီးတာပါပဲ ပြောပါသည်။ ကျွန်တော်က ဗိုလ်ချုပ် အခုလိုဖြစ်ရတာ စိတ်မကောင်းကြောင်းပြောလိုက်ပါသည်။

## အခြေအနေ

မတ်လ ၂၀ ရက်ခန့်လောက်မှာ ကျွန်တော် အိမ်မှနေပြီး ဗိုလ်ကြီးစံကြည် ကျွန်တော့်အိမ်လာရန် ဖုန်းဆက်၍လာရာ အခြေအနေက ဘယ်လိုလဲ မေးပါသည်။ ဗိုလ်ကြီးစံကြည်က ဗိုလ်ချုပ်ကတော့ အေးအေးပဲ၊ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်ချုပ်ကြီးစန်းယုတို့ရှိနေသမျှ သူ့အနေနဲ့ ဘာမှ မလုပ်ဘူးလို့ ပြောတယ်ဆိုပြီး မကြာခင်မှာ ပြန်သွားပါသည်။

## မတွေ့ရ

မတ်လကုန်ခါနီးတစ်ရက် နံနက်မှာ ကျွန်တော် ဗိုလ်ချုပ်ကျော်ထင်ကို အလုံလမ်း၊ သမ္မတအိမ်တော်သို့ပို့ပြီး ဒုဝန်ကြီးချုပ်ဦးလွင်၏ ကိုယ်ရေးအရာရှိ (ပီအေ) ဦးညွန့်ရွှေကား ခဏငှားပြီး ကိုယ်တိုင်မောင်းပြီး ဗိုလ်ချုပ်ကြီးတင်ဦး အိမ်ကို သွားပါသည်။ ဗိုလ်ချုပ်ကတော်နှင့် တွေ့ရပြီး ဗိုလ်ချုပ်အိပ်ပျော်နေတယ်လို့ ပြောပါသည်။ မတွေ့ရ၍ ပြန်လာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆရာယောင်း

မကြာမီ ညတစ်ညမှာ ကျွန်တော်တစ်ယောက်တည်း ဗိုလ်ချုပ်ကြီးတင်ဦး အိမ်သို့ ကျွန်တော့်အား ထုတ်ပေးထားတဲ့ မာဇဒါ ၆၀၀ ကားနဲ့သွားပါသည်။ အိမ်ရောက်တဲ့အခါ ဗိုလ်ချုပ်ကတော်နဲ့ စတွေ့ပြီး ဗိုလ်ချုပ်ကြီးနဲ့ ခဏတွေ့ချင်လို့ လာတာပါလို့ ပြောပါသည်။ ဗိုလ်ချုပ်ကတော်က ဘာကိစ္စရှိလို့လဲ၊ ဘေးက လူလာလို့ရှိရင် ဘာများလဲလို့ အစ်မတို့က ကြောက်နေတာပဲ၊ မတွေ့လို့မရဘူးလား ပြောပါသည်။ ကျွန်တော်က ပြောစရာရှိလို့၊ ကျွန်တော်တို့ကို ကြောက်စရာမလိုပါဘူး၊ ကိုယ့်ဆရာသမားယောင်းဆီလာတာပဲ၊ ကန်တော့လည်းကန်တော့ချင်တယ်၊ လက်ဖက်ခြောက်နဲ့ ပဲပုပ်လည်း အစ်မတို့အတွက် ယူလာတယ်၊ ၁၅ မိနစ်လောက်ကြာသောအခါ ဗိုလ်ချုပ်ကြီးတင်ဦး အိမ်ပေါ်က ဆင်းလာပြီး ကျွန်တော်နှင့်တွေ့တဲ့အခါမှာ ဗိုလ်ချုပ် နေကောင်းသလားမေးပြီး ကျွန်တော် ကန့်တော့ရန်လာကြောင်းပြောပြီး ကန်တော့ပါသည်။ ဟိုတစ်နေ့က လည်း ကန်တော့ပြီးပြီပဲကွာ မလိုပါဘူးပြောပြီး ပြန်ထိုင်ပါသည်။

## ခွင့်တောင်း

ကျွန်တော် ဗထူးမှာ တပ်ခွဲမှူးသင်တန်းတက်တဲ့အကြောင်းနဲ့ ထွေရာလေးပါးစကားပြောကြပါသည်။ ကျွန်တော်က ဗိုလ်ချုပ်ကြီးနဲ့ (နှစ်)ယောက်တည်း ပြောလိုကြောင်းခွင့်တောင်းပါသည်။ ပထမ ခွင့်မပြုပါ။ ဘာတွေပြောမှာလဲကွာ၊ မပြောပါနဲ့လို့ တားပါသည်။ ကျွန်တော် ပြန်ခါနီးတဲ့အခါမှာ မင်းသိပ်ပြောနေချင်ပုံပေါက်တယ်၊ ဘာတွေပြောမှာလဲ ကဲ –ပြောစမ်းပါဦး၊ ကျွန်တော်က ဗိုလ်ချုပ် အခုလိုဖြစ်တဲ့ဥစ္စာကို ကျွန်တော်တို့လူငယ်တွေ စိတ်မကောင်းကြဘူး၊ တစ်ခုခုလုပ်ချင်နေကြတယ်၊ တိုင်းပြည်အခြေအနေကလည်း မကောင်းဘူး၊ ဗိုလ်ချုပ်က ဘာလုပ်ချင်တာလဲကွာ၊ မလုပ်ကြပါနဲ့၊ လူကြီးတွေရှိကြတာပဲ၊ ဗိုက်ချုပ်ကြီးနေဝင်းတို့၊ ဗိုလ်ချုပ်ကြီးစန်းယုတို့ဟာ တို့ရဲ့မိဘတွေဆိုလည်း ဟုတ်တယ်၊ မလုပ်အပ်တာတွေ မလုပ်ကြပါနဲ့ကွာလို့ ပြန်ပြောပါသည်။



## ကျရာတာဝန်

ငါ့အနေနဲ့ဆိုရင် လုပ်ခဲ့တုန်းက လုပ်ခဲ့ပြီးပြီ။ မင်းတို့လူငယ်တွေဆိုတာ ဒီလိုပဲခံစားရရင် လုပ်ချင်ကိုင်ချင်တာတွေရှိမယ်၊ ဒီဟာ ခဏပဲ သွေးပူနေတုန်းဖြစ်တာပါ၊ နောက်ကျတော့ သွေးအေးသွားမှာပါ၊ ငါ့အနေနဲ့ဆိုရင် တိုင်းပြည်အတွက် အနှစ်(၃၀)လောက် လုပ်ခဲ့ပြီးပြီ၊ အခုအချိန်မှာ ငါ့ရဲ့ **Service** ဟာ မလိုတော့ဘူးဆိုတာ ဒီအတိုင်းနေရုံပါပဲ၊ တိုင်းပြည်ချောက်ထဲကျမယ်ဆိုရင်တော့ တိုင်းသူပြည်သားတစ်ယောက်အနေနဲ့ ကျရာတာဝန်ကို လုပ်ရမှာပေါ့ကွာဟုပြောပြီး မကြာခင်မှာ ကျွန်တော် ပြန်ခဲ့ပါသည်။

## ပြဿနာရှိ

ဗိုလ်ကြီးစံကြည်နဲ့ ဒီကြားထဲ တွေ့တဲ့အခါမှာ ဗိုလ်ချုပ်အခြေအနေ ဘယ်လိုလဲလို့မေးရာ ဗိုလ်ကြီးစံကြည်က ဗိုလ်ချုပ်အနေနဲ့တော့ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်ချုပ်ကြီးစန်းယုတို့ရှိနေရင် သူ ဘာမှမလုပ်ဘူးလို့ပြောတယ်၊ မတ်လ ၂၀ ရက်ကျော်လောက်မှာ ကျွန်တော်နှင့် ဗိုလ်ကြီးထွန်းကျော်တို့တွေ့ပြီးတော့ တော်လှန်ရေးနေ့ည ထမင်းစားပွဲမှာ တစ်ခုခုလုပ်ကိုင်ရမလားလို့ စဉ်းစားဆွေးနွေးကြပါသည်။ ဗိုလ်ကြီးထွန်းကျော်က တပ်ရဖို့က ပြဿနာရှိတယ်၊ ကျွန်တော်ကလည်း အေးကွာ တပ်ရရင်တော့ ကောင်းမှာပဲဟု ပြောမိကြပါသည်။

ဘယ်လိုလုပ်ရင်ဖြစ်နိုင်မလဲ စဉ်းစားတဲ့အခါမှာ တပ်ရလို့ရှိရင် အတွင်းအပြင်ညှိနှိုင်းပြီးတော့လုပ်ရင် ဖြစ်နိုင်တယ်၊ စစ်ရုံးလုံခြုံရေးအတွက်တော့ ဗိုလ်မှူးစိန်မြင့် စခန်းမှူးနဲ့ ဆက်သွယ်ကြည့်ရမယ်ထင်တယ်လို့ ပြောတဲ့အခါမှာ ဗိုလ်ကြီးထွန်းကျော်ကလည်း ဖြစ်နိုင်ကြောင်း ပြောပါသည်။ ကျွန်တော် ဗိုလ်မှူးစိန်မြင့်အိမ်ကို တော်လှန်ရေးနေ့မတိုင်မီ သွားပြီးတဲ့အခါကျတော့ လူငယ်တွေကတော့ တစ်ခုခုလုပ်ချင်နေကြတယ်၊ လုပ်ဖြစ်ရင် ဗိုလ်မှူးအနေနဲ့ စစ်ရုံးလုံခြုံရေးတာဝန်ကို ယူပေးဖို့ပြောပါသည်။ ဗိုလ်မှူးစိန်မြင့်က ခင်ဗျားတို့ ဘာလုပ်မှာလဲ၊ စစ်ရုံးလုံခြုံရေးတာဝန်က ကျုပ်တာဝန်ပဲဗျာ၊ ဘယ်လိုလုပ်ကြမှာ မေးပါသည်။ ကျွန်တော်က တော်လှန်ရေးနေ့ ညစာစားပွဲမှာ တပ်နဲ့တစ်ခုခုလုပ်ပြီး ဗိုလ်ချုပ်ကြီးတင်ဦးကို ပြန်တင်ချင်တယ်၊ ဗိုလ်မှူးစိန်မြင့်က ဘာထူးမှာလဲ

www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ဗိုလ်ချုပ်တင်ဦးအကြောင်း ဘယ်လောက်သိလို့လဲလို့ ပြောပြီး နောက်ဆုံးအနေနဲ့ လုံခြုံရေးတာဝန်ကို ယူပေးမည်ဟု လက်ခံလိုက်ပါသည်။

### တာဝန်ပေး

တော်လှန်ရေးမတိုင်မီ ဗိုလ်ကြီးစံကြည်နဲ့ ထပ်တွေ့ချိန်မှာ တော်လှန်ရေးနေ့ညကို ထမင်းစားပွဲမှာ တစ်ခုခုလုပ်မယ်ဆိုရင် ဗိုလ်ကြီးသန့်ဇင်မြိုင်ကို တစ်ယောက်ယောက်အတွက် တာဝန်ယူပေးဖို့ တာဝန်ပေးရင် ရနိုင်ကြောင်း ပြောပါတယ်။

### အသံလွှင့်ရေး

တော်လှန်ရေးနေ့မတိုင်မီ ၄-၅ ရက်အလိုမှာ ကျွန်တော်တို့ တစ်တိုက်တည်းနေတဲ့ ဗိုလ်မှူးချစ်ခိုင်(လေ)အိမ်ကို သွားပါသည်။ လက်ရှိအခြေအနေများကို သူတစ်ပြန်ကိုယ်တစ်ပြန်ပြောကြပြီး ကျွန်တော်က လူငယ်တွေ တော်တော်များများကတော့ မကျေနပ်ဘူး၊ ဗိုလ်ချုပ်တင်ဦးကို ပြန်တင်ချင်တာပဲ၊ အေးဗျာ လုပ်နိုင်ရင်တော့ကောင်းမှာပဲ၊ အဲဒီညလုပ်ဖြစ်လို့ရှိရင် ဗိုလ်ချုပ်ကြီးတင်ဦး ပြန်တင်တဲ့အကြောင်း အသံလွှင့်ဖို့လိုလိမ့်မယ်၊ အဲဒါဆို ဘယ်လိုလုပ်ရင်ဖြစ်နိုင်မယ် အကြံဉာဏ်တောင်းပါတယ်၊ အသံလွှင့်ရုံကို တပ်နဲ့သိမ်းပြီးမှ အသံလွှင့်လို့ရတာမဟုတ်ဘူး၊ တစ်ခုခုလုပ်ဖြစ်မှ ရုံးကနေပြီး တယ်လီဖုန်းနဲ့ အသံလွှင့်ရုံတာဝန်များကို ဆက်ပြီး ကိုယ်က အသေးစိတ် (Dictate)လုပ်ပြီး အဲဒါကို လွှင့်ပေးပါလို့ပြောရင် ရပါတယ်ဟုပြောပါသည်။

### ပြန်တင်

တော်လှန်ရေးနေ့မတိုင်မီ ၂ ရက်လောက်အလိုမှာ ခလရ(၁၆)မှ ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးမောင်လတ်နှင့် တွေ့ဆုံရန် ရန်ကုန်တက္ကသိုလ်မန္တလေးဆောင်ကို သွားပါတယ်၊ ရောက်သောအခါ လက်ရှိအခြေအနေနဲ့ပတ်ပြီး ဗိုလ်ချုပ်ကြီးတင်ဦးကိစ္စနဲ့ပတ်သက်ပြီး လူငယ်တွေအများကြီး မကျေနပ်ကြောင်း အခြေခံပြီးပြောပါသည်။ ဗိုလ်မှူးအနေနဲ့ လက်ခံဆိုလို့ရှိရင် ကျွန်တော်တို့ လူငယ်တွေက တစ်ခုခုလုပ်တဲ့အခါမှာ ဗိုလ်မှူးတပ်ကို သုံးချင်တယ်လို့



ပြောတဲ့အခါ ခင်ဗျားတို့က ဘာလုပ်ကြမှာလဲ ပြန်မေးပါသည်။ တော်လှန်ရေးနေ့ ညစာစားပွဲမှာ တပ်နဲ့ တစ်ခုခုလုပ်ပြီး ဗိုလ်ချုပ်ကြီးတင်ဦးကို ပြန်တင်ဖို့ လုပ်ချင်တယ်၊ နောက် သူ့အနေနဲ့လိုလို့ရှိရင် အသုံးပြုပါ ရပါတယ်လို့ လက်ခံလိုက်ပါသည်။

### လက်ခံ

တော်လှန်ရေးနေ့မရောက်ခင်မှာ ဗိုလ်မှူးမောင်လတ်ရဲ့တပ် ရနိုင်ကြောင်း၊ ဗိုလ်မှူးစိန်မြင့်အနေနဲ့လည်း လက်ခံတယ်ဆိုတဲ့အကြောင်း၊ အတွင်းပိုင်းအတွက် ဗိုလ်ကြီးသန့်ဇင်မြိုင်ကို သုံးရင် ရနိုင်ကြောင်းများကို ဗိုလ်ကြီးထွန်းကျော်နှင့် အကျိုးအကြောင်းတွေ ပြောပြထားပါတယ်။

### သေနတ်ထုတ်

မတ်လ ၂၃ ရက်နေ့ စစ်ရုံးစခန်းမှာ အပ်ထားတဲ့ ဗိုလ်ချုပ်ကျော်ထင်ကိုယ်ပိုင် သေနတ်ခေါက်ကာဘိုင်ကို စစ်ရုံးက ကျွန်တော် ထုတ်ယူခဲ့ပါတယ်၊ တော်လှန်ရေးနေ့မနက်မှာ စစ်ရေးပြအခမ်းအနားကို ဗိုလ်ချုပ်ကျော်ထင်အား ပို့ပေးရန်သွားတဲ့အခါမှာ ၎င်းခေါက်ကာဘိုင်ကို ယူသွားပါသည်။ စစ်ရေးပြအခမ်းအနားပြီးတဲ့အခါမှာ အမှတ်(၁၄) အင်းယားလမ်း ဗိုလ်ချုပ်ကို ပို့ပေးရန် ဆက်လိုက်သွားပါတယ်၊ အမှတ်(၁၄)အင်းယားလမ်းမှာ ဝန်ကြီးဗိုလ်မှူးကြီးစိန်လွင်နဲ့ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးအောင်ကြည်ဦးနဲ့ တွေ့ဆုံတဲ့အခါမှာ ဗိုလ်ချုပ်ကြီးတင်ဦး ထွက်ရတဲ့ကိစ္စကို အခြေခံပြီး ပြောကြရင်းနဲ့ ညစာစားပွဲမှာ တစ်ခုခုလုပ်ရင် ဖြစ်နိုင်တယ်ကွလို့ ကျွန်တော်ကပြောပါသည်။ လုပ်ရင် သူ့အနေနဲ့လည်း လုပ်ချင်ကြောင်းပြောပါတယ်၊ ဒါဖြင့်ရင် ညစာစားပွဲမှာ ထွန်းတဲ့ မီးခလုတ်တွေ ဘယ်နေရာမှာရှိတယ်ဆိုတာ သိသလားမေးရာ မသိဘူး၊ အိမ်တော်တွင်းက တယ်လီဖုန်းအဆက်အသွယ်မှ ဖြတ်ဖို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်က ဆက်သွယ်နေတဲ့ Wirelessကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးတာဝန်ကို ယူလို့ရှိရင် ရမလားလို့မေးတယ်၊ ရတာပေါ့ကွာလို့ပြောပါတယ်၊ အေး လုပ်ဖြစ်ရင် ငါပြောမယ်၊ ကျွန်တော် ပြောပါသည်။

✧ ✦ ✧

www.burmeseclassic.com

www.burmeseclassic.com



### စစ်ရုံးပို့

အမှတ်(၁၄)အင်းယားလမ်းက ပြန်လာပြီးတော့ စစ်ရုံးမှာရှိတဲ့ ဦးစီးချုပ်အတွက် **အေးဂျင့်သေနတ်နှင့်** ဘာရက်တာပစ္စတို(ကျွန်တော့်အတွက်) သွားရောက်ထုတ်ယူပါသည်။ ကျည်ဆန်ပါပါသည်။ တော်လှန်ရေးနေ့ ညစာစားပွဲမှာ လုပ်ဖြစ်ရင် ဗိုလ်ချုပ်ကြီးတင်ဦးအားခေါ်၍ စစ်ရုံးသို့ပို့ပေးရန် ဗိုလ်ကြီးစံကြည်က တာဝန်ယူပါသည်။

### အဆင်မပြေ

၂၇-၃၀ ၇၆ နေ့ ညနေ ၁၈:၀၀ နာရီကျော်ခန့်တွင် ကျွန်တော်က ဗိုလ်ချုပ်ကျော်ထင်ကို တော်လှန်ရေးနေ့ ညစာစားပွဲအတွက် အလုံလမ်းအစိုးရဂေဟာသို့ လိုက်ပို့ပါသည်။ ထိုစဉ်က ကျွန်တော်ကိုင်ဆောင်နေကျ ပွိုင့် ၂၂ ပစ္စတိုနှင့် အေးဂျင့်သေနတ်ကို ကျွန်တော် အိတ်ထဲ ထည့်သွားပါသည်။ အိမ်တော်အတွင်း ခဏနားနေစဉ် ဗိုလ်ကြီးသန့်ဇင်မြိုင် ဝင်ဆာလမ်းဘက်ဂိတ်မှ ဝင်လာတာကို တွေ့ရပါတယ်။ ကျွန်တော်က မင်းသေနတ်လိုမယ်ဆိုရင် ငါ့မှာ အပိုတစ်လက်ပါတယ်လို့ ပြောလိုက်တယ်၊ မကြာမီ ကျွန်တော် အပြင်ထွက်၍ အိမ်သို့ ပြန်သွားပါသည်။ ၎င်းနောက် ဗိုလ်ထွန်းကျော်နှင့်တွေ့၍ အတွင်းကတော့ လူမရှိလို့ အဆင်မပြေဘူး၊ ဗိုလ်မှူးမောင်လတ်တပ်များ ရနိုင်မလား၊ ငါသွားကြည့်ဦးမယ်ပြောပြီး မန္တလေးဆောင်ကို ကျွန်တော် ဆက်သွားပါသည်။

### ကင်းစစ်

မန္တလေးဆောင်ရောက်တဲ့အခါမှာ ဗိုလ်မှူးမောင်လတ် မတွေ့ပါ။ ဗိုလ်မှူးမောင်လတ် ကင်းစစ်သွားနေကြောင်းပြောသဖြင့် သူရှိမည်ထင်သည့်နေရာကို ဖုန်းဆက်ကြည့်ရာ မတွေ့သဖြင့် ပြန်လာခဲ့ပါသည်။ ဗိုလ်ကြီးထွန်းကျော်ကို ဝင်၍ ဗိုလ်မှူးမောင်လတ်နှင့် မတွေ့ခဲ့ကြောင်းပြောပြီး မလုပ်ဖြစ်တော့ဘူးဆို၍ အိမ်တော်တွင်းသို့ ကျွန်တော် ပြန်သွားပါသည်။ အိမ်တော်တွင်းရောက်တဲ့အခါမှာ ဗိုလ်ကြီးဘချစ်၊ ဗိုလ်ကြီးသန့်ဇင်မြိုင်တို့နဲ့ တွေ့တယ်၊ တပ်အဆင်မပြေဘူး မလုပ်ဖြစ်ဘူးလို့ ပြောပါတယ်။



### လူစုခွဲ

၂၈-၃-၇၆ နေ့ ညနေပိုင်းတွင် ဗိုလ်ကြီးထွန်းကျော်၊ ဗိုလ်ကြီးစံကြည်နှင့် ကျွန်တော်တို့ ကျွန်တော့်အိမ်လာတွေ့ပြီး ၂၉-၃-၇၆ နေ့ ကာကွယ်ရေးဦးစီးချုပ်ရုံးတွင်ပြုလုပ်မည့် တပ်မတော်ပါတီကော်မတီအစည်းအဝေးတွင် ဗိုလ်ချုပ်ကြီးစန်းယု တက်ရောက်မည်ဖြစ်ကြောင်း၊ ၎င်းအစည်းအဝေးတွင် ကျွန်တော်၊ ဗိုလ်ကြီးထွန်းကျော်၊ ဗိုလ်ကြီးသန့်ဇင်မြိုင်၊ ဗိုလ်ကြီးဘချစ်တို့ ပေါင်း၍ ဗိုလ်ချုပ်ကြီးစန်းယုအား အကျုပ်ကိုင်ပြီး ဗိုလ်ချုပ်ကြီးတင်ဦးကို ဗိုလ်ကြီးစံကြည်မှခေါ်စေ၍ အာဏာပြန်အပ်နိုင်းရန် ဆွေးနွေးသည်။ ဗိုလ်ကြီးဘချစ်က ကျွန်တော် ဒီကိုအလာမှာ ကားမှန်ကို လောက်စလုံးထိပြီး မှန်အက်သွားတယ်၊ အတိတ်နိမိတ်တွေလည်း မကောင်းဘူးဗျာ၊ ဖြည်းဖြည်းလုပ်ကြတာပေါ့၊ နက်ဖြန်တော့ မလုပ်ကြပါနဲ့၊ အခြေအနေစောင့်ကြသေးတာပေါ့ဗျာ ပြောသဖြင့် မလုပ်ဖြစ်တော့ဘူးဟုဆိုပြီး အားလုံး လူစုခွဲပြီး ပြန်ကြပါသည်။

### ဆန္ဒမစောနှင့်

၁၉၇၆ ခု ဧပြီလ(သို့)မေလအတွင်းတွင် ကျွန်တော်သည် ဗိုလ်မှူးကြီးလှဖေနှင့်တွေ့၍ တော်လှန်ရေးနေ့တုန်းက ကျွန်တော်တို့ စီစဉ်သေးတယ်၊ တပ်မရတာနဲ့ အစီအစဉ်ပျက်သွားတယ်၊ လူငယ်တွေအနေနဲ့ ခုလည်း တချို့က လုပ်ချင်နေကြသေးတယ်လို့ပြောတယ်၊ ဗိုလ်မှူးကြီးလှဖေက အခြေအနေကြည့်ကြကွာ၊ ဆန္ဒမစောကြနဲ့ပြောပါသည်။ ဇွန်လအတွင်းမှာ ဗိုလ်မှူးကြီးလှဖေနဲ့ ထပ်တွေ့ကြတဲ့အခါမှာ ဗဟိုကော်မတီမှာ အပြင်က တပ်မရ၍ မလုပ်ဖြစ်ကြောင်း၊ လုပ်ဖြစ်ရင် နောက်တက်မယ့်အဖွဲ့မှာ ဗိုလ်မှူးကြီးလှဖေအား ပြည်ထဲရေးဝန်ကြီးအဖြစ် လျာထားကြောင်း ပြောပြပါသည်။ ဗိုလ်မှူးကြီးလှဖေက မလုပ်ကြပါနဲ့ကွာ၊ ငါ့ကို ထည့်မစဉ်းစားကြပါနဲ့၊ မင်းတို့ကိစ္စ မင်းတို့ဟာမင်းတို့ လုပ်ကြပြောပြီး ကျွန်တော်က ဗိုလ်မှူးကြီးလှဖေအား နောက်တစ်ကြိမ် စစ်ရုံးအရာရှိရိပ်သာမှာ တွေ့တဲ့အခါမှာ ဗိုလ်ကြီးဟန်ဇော်ကို ကျွန်တော်တို့အနေနဲ့ တစ်ခုခုလုပ်တဲ့အခါမှာ သုံးချင်တယ်ပြောပြတယ်၊ မင်းတို့ညှိကြပေါ့ဟု ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မေ(သို့)ဇွန်လအတွင်းမှာ ဗိုလ်ကြီးဝင်းသိန်းနှင့် အလုံလမ်းအိမ်တော်ဝင်းမှာ တွေ့ရာ ဗိုလ်ကြီးဝင်းသိန်ကစ၍ ဘယ်လိုလဲ အခြေအနေလို့မေးပါတယ်၊ ကျွန်တော်က ဘာမှ မထူးဘူး၊ အေးအေးဆေးဆေးပဲ၊ ဘာမှမလုပ်ရင် ဘာမှမ ထူးဘူးပေါ့ ပြောတဲ့အခါမှာ ဗိုလ်ကြီးဝင်းသိန်းက လုပ်မယ့်လူ ရှိတယ်၊ တကယ်ချရဲ့သလား မေးတယ်၊ မင်းမှာ ဘယ်သူတွေရှိလို့လဲ မေးတဲ့အခါမှာ ငါ့မှာရှိပါတယ်၊ ဘယ်သူတွေဆို မင်းနောက်တော့ သိမှာပေါ့ဟုပြောပါသည်။

## တက်ကြွမှုရှိ

နောက် ဗိုလ်ကြီးထွန်းကျော်နဲ့ တွေ့တဲ့အခါမှာ ဗိုလ်ကြီးဝင်းသိန်းက တော့ ချမယ့်လူတွေ ရှိတယ်လို့ပြောတယ်၊ ကျွန်တော်က ပြန်ပြောပါသည်။ မကြာမီ ဗိုလ်ကြီးဝင်းသိန်း၊ ဗိုလ်ကြီးဝင်းမောင်တို့ ညတစ်ညမှာ ကျွန်တော့် အိမ်ကိုလာပါတယ်၊ ဗဟိုကော်မတီအစည်းအဝေးမှာ လုပ်ရင်ဖြစ်နိုင်ကြောင်း ပြောပါတယ်၊ ထိုအချိန်မှာ ဗိုလ်ကြီးထွန်းကျော်လည်း ရှိပါတယ်၊ အဲဒီက ပြန်သွားပြီးတော့ နောက်ပိုင်း ဗိုလ်ကြီးထွန်းကျော်နဲ့တွေ့အခါမှာ ကျွန်တော်က ဝင်းသိန်းတို့က ဘယ်လိုအခြေအနေလဲ ဟုတ်ပါ့မလားလို့မေးတဲ့အခါ ဗိုလ်ကြီးထွန်းကျော်က ဝင်းသိန်းက တကယ်လုပ်မယ့်ကောင်၊ သူအနေနဲ့ တက်ကြွမှုရှိတယ်၊ တကယ်လုပ်မယ့်ပုံပဲ ပြောပါသည်။

## လက်နက်ပို့

အဲဒီလိုပြောပြီး မကြာမီ ညတစ်ညမှာ ကျွန်တော် ဗိုလ်ကြီးထွန်းကျော်၊ ဗိုလ်ကြီးဝင်းသိန်းတို့ တွေ့ဆုံကြပြီး ဗဟိုကော်မတီအစည်းအဝေးတွင် လုပ်ရေး အတွက် တိုင်ပင်ကြရာ ဗိုလ်ကြီးဝင်းသိန်းက ငါနဲ့ ဝင်းမောင်နဲ့ အတွင်းကို ဝင်မယ်၊ မင်းတို့ အပြင်ကလုပ်ကြပြောတဲ့အခါ ကျွန်တော်က အပြင်ကတပ်ရဖို့ ကိစ္စ အခက်အခဲရှိတယ်၊ မင်းတို့အတွင်းက ဘယ်လိုလုပ်မှာလဲပြောတဲ့အခါ ဗိုလ်ကြီးဝင်းသိန်းက ငါ့အနေနဲ့ လက်နက်ကို ညကတည်းက ကြိုတင်ပို့ထားရင် လည်းဖြစ်တယ်၊ အစည်းအဝေးစင်မြင့်အောက်မှာ ညထဲက ဝင်နေလည်းရတယ် ပြောတဲ့အခါ ကျွန်တော်က မနက်စောစောကျတော့ မိုင်းရှာတဲ့အဖွဲ့နဲ့တွေ့ပြီး



ဗိုလ်ကြီးဝင်းသိန်းတို့ ဘာလုပ်နေကြတာလဲ မေးရင် မင်းဘယ်လိုဖြေမလဲ ပြောလိုက်ရာ အားလုံးရယ်ကြပြီး မဖြစ်နိုင်ဘူးကွာဆိုပြီး အစီအစဉ်ကိုဆက်ပြီး မဆွေးနွေးတော့ပါ။

## ဗဟိုအစည်းအဝေး

ဇွန်လဆန်းပိုင်းတွင် ကျွန်တော်နှင့် ဗိုလ်ကြီးထွန်းကျော်တို့သည် ခမရ(၁၀၆)မှ ဗိုလ်ကြီးကျော်ရှိန်းအိမ်သို့ တပ်ရရှိရေးကိစ္စပြောရန် သွားကြပါ သည်။ ရောက်တဲ့အခါမှာ ကျွန်တော်က ကဲ– ဗိုလ်ထွန်းလာတဲ့ကိစ္စပြောလိုက် ကွာဟုပြောရာ ကျွန်တော်တို့အားလုံး ဆက်လက်၍ ဗဟိုကော်မတီအစည်းအစား မှာ တစ်ခုခုလုပ်ဖြစ်ရင် ဗိုလ်ကြီးကျော်ရှိန်းအနေနဲ့ ပါဝင်လုပ်ဆောင်လိုမှု ရှိမရှိ ဆွေးနွေးကြရာ ဗိုလ်ကြီးကျော်ရှိန်းက လုပ်မည်ဖြစ်ကြောင်း လက်ခံပါ သည်။ နောက် စနေ၊ တနင်္ဂနွေနေ့တွင် အားတဲ့အခါ မြို့ထဲကို လာခဲ့ရန်မှာ ထားပြီး ပြန်ခဲ့ပါသည်။

## ဆက်သွယ်

နောက် စနေ့နေ့ညတစ်ညတွင် ဗိုလ်ကြီးကျော်ရှိန်း မြို့ထဲလာပါသည်။ ကျွန်တော်နှင့် ဗိုလ်ကြီးထွန်းကျော်တို့က တွေ့ဆုံ၍ စစ်ရုံးတွင် လုံခြုံမှုယူက မည်သည့်နေရာများတွင်ယူရန်၊ အလုံလမ်းအိမ်တော်တွင် တာဝန်ယူရပါက မည်သည့်နေရာမှယူရန် နေရာများလိုက်ပြပါသည်။ နောက် အကယ်၍ လုပ် ဖြစ်ရင် တစ်နည်းနည်းနှင့် ဆက်သွယ်မယ်ကွာဟု ပြန်ကြပါသည်။ လူအုပ် ခွဲပါသည်။

## တည်နေရာ

ဇွန်လဆန်းပိုင်း တစ်မနက်တွင် ကျွန်တော်တို့ ရုံးအောက်ထပ်ရှိ အမြောက်နှင့်သံချပ်ကာ ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်ကြီးရဲဦးကို သွားရောက် တွေ့ဆုံပါသည်။ ဗိုလ်ကြီးရဲဦးအား နေ့လယ်ပိုင်းတွင် အားရင် ခင်ဗျားအိမ်ကို လာချင်တယ်လို့ပြောပြီး လိပ်စာတောင်းပါသည်။ နေ့ခင်းကျတဲ့အခါမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကားထဲခေါ်လာပြီး ကားကိုပတ်မောင်း၍ ရန်ကုန်ထဲတွင် ယူထားသော သံချပ်ကာကားများ၏ နေရာများမေးပါသည်။ ဗိုလ်ကြီးရဲဦးက အတိအကျ မသိပါဘူး၊ တို့ရုံးမှာ တပ်တည်နေရာတွေရှိပါတယ်၊ မင်းလိုချင်ရင် ရပါတယ်။

## လှုပ်ရှားခွင့်

ကျွန်တော်က ဆက်လက်၍ ကျွန်တော်တို့လူငယ်တွေအနေနဲ့ အရေးကြီးတဲ့ကိစ္စ တစ်ခုခုလုပ်မယ်ဆိုရင် ခင်ဗျားအနေနဲ့ အားကိုးရတဲ့နေရာက ပါနေမှာပါလို့ ပြောတဲ့အခါမှာ သူငယ်ချင်းတို့ အရေးကြီးတဲ့ကိစ္စဆိုတာ ဘာလဲ လူကြီးတွေပါမှာလား၊ ဘာမှန်းမသိဘဲ ဘယ်လိုပြောမလဲ၊ အေးလေ ကျွန်တော်က ခင်ဗျား စဉ်းစားပေါ့ဗျာ၊ ပါနိုင်မယ်ဆိုရင် အကြောင်းပြန်ပေါ့ပြောပြီး ကားကို ကန်တော်မင်ပန်းခြံအနီးအတိုင်းမောင်း၍ အဲဒီမှာ တချို့တင့်ကားတွေတော့ ရှိတယ်လို့ ဗိုလ်ကြီးရဲဦးက ပြောပြပါသည်။ ဗိုလ်ကြီးရဲဦးက ဆက်လက်ပြီး ဒီကားတွေ Moveအတွက်ကတော့ ကကသံညွှန်ကြားရေးမှူးနဲ့ ရန်ကုန်တိုင်းမှူးတို့ရဲ့စာနဲ့ လက်မှတ်နဲ့ ခွင့်ရမှ လှုပ်ရှားလို့ရမယ်လို့ ပြောပါတယ်။ အဲဒီကိစ္စကို နောက်ထပ်ဗိုလ်ကြီးရဲဦးနဲ့ တွေ့ဆုံဆွေးနွေးခြင်း မပြုတော့ပါ။

## မလွယ်ဘူး

ဗိုလ်ကြီးလှဖေနဲ့ တွေ့သောအခါ သံချပ်ကာကားကိစ္စ စုံစမ်းကြည့်တယ်။ ဗိုလ်မှူးကြီးစိန်ထွန်းနဲ့ ရန်ကုန်တိုင်းမှူးတို့ အမိန့်ရမှ လှုပ်ရှားနိုင်မယ်ဆိုတော့ မလွယ်ဘူးလို့ သိရတယ်ပြောတဲ့အခါ ဗိုလ်မှူးကြီးလှဖေက အေးလေ၊ တွေ့ရင် မေးကြည့်သေးတာပေါ့ ပြောသွားပါသည်။

## အမိန့်

ဇွန်လအတွင်းမှာ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ဗိုလ်ကြီးစိန်သောင်း ကျွန်တော့်အိမ်သို့ ဖုန်းဆက်ခေါ်၍ ရောက်လာပါသည်။ ကျွန်တော်က သူငယ်ချင်း ကျွန်တော်တို့လူတွေ တစ်ခုခုလုပ်ရင် ခင်ဗျားဆီမှာ ရှိတဲ့တပ်နဲ့ စစ်ရုံးရဲ့လုံခြုံရေးယူလို့ရမလားမေးရာ သူ့ဆီမှာ နှစ်စုခန့်ရှိကြောင်း၊ ရနိုင်



ကြောင်း လက်ခံပါသည်။ နောက်တစ်ပတ်လောက်ကြာသောအခါ ကျွန်တော် တစ်ခါ ဖုန်းဆက်ခေါ်လာတယ်။

ဗိုလ်မှူးကြီးမျိုးအောင် နယ်ဘက်ပြောင်းရေးကိစ္စနဲ့ပတ်သက်ပြီး ဒီဗဟိုကော်မတီအစည်းအဝေးအပြီးလောက်မှာ အမိန့်ထွက်လိမ့်မယ်ထင်တယ်၊ ခင်ဗျားအနေနဲ့ကော နယ်ဘက်ကို လိုက်မလား၊ ကိုယ့်ကိစ္စ အသေအချာ စဉ်းစားပေါ့ဗျာလို့ ပြောပါတယ်၊ အရင်ပြောထားတဲ့ စစ်ရုံးလုံခြုံရေးကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုလဲ လို့မေးကြည့်ရာ ရပါတယ်၊ နေရာတွေလည်း ကြည့်ထားပါတယ် ပြောပြီး ပြန်သွားပါသည်။

## သင့်တဲ့အချိန်

ဇွန်လကုန်ခါနီးတွင် ကျွန်တော်သည် စစ်ရုံးအရာရှိရိပ်သာသွား၍ ဗိုလ်ကြီးဟန်ဇော်နှင့် တွေ့ဆုံပါသည်။ ဗိုလ်ကြီးဟန်ဇော်အား သူငယ်ချင်းတို့ တစ်ခုခုချမယ်ဆိုရင် မင်းပါမလားမေးရာ ဟာ ... ဘာတွေလဲ၊ သင့်ရင် ပါရမပေါ့ဆိုပြီး မကြာမီမှာ မြို့ထဲက လက်ပစ်ဗုံးတွေခွဲသံ ကြားရပါတယ်။ ကျွန်တော်နှင့် ဗိုလ်ကြီးဟန်ဇော် ကားနဲ့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုရုံးကို သွားပါသည်။ လမ်းမှာ ဗိုလ်ကြီးဟန်ဇော်က သူငယ်ချင်းတို့က ဘာလုပ်ကြမှာလဲ၊ ဝင်းသိန်းကတော့ လေဆိပ်မှာ ဘာလုပ်မယ် ညာလုပ်မယ် ပြောနေပါလား၊ ဘယ်လိုလဲ မေးရာ ကျွန်တော်က သိသင့်တဲ့အချိန်ကျရင် သိရမှာပေါ့ဗျာဆိုပြီး စကားပြတ်သွားပါသည်။

ဇွန်လ ၆ ရက်နေ့ခန့် ညပိုင်းတွင် ကျွန်တော်သည် ကားပစ္စည်းယူရန်နှင့် ဗိုလ်ချုပ်ကြီးဟောင်းတင်ဦး၏ အခြေအနေကို သိလို၍ ဗိုလ်ကြီးစံကြည်အိမ်ကို သွားပါသည်။ ဗိုက်ကြီးစံကြည်နဲ့တွေ့ပြီး လက်ရှိစီးပွားရေးအခြေအနေများနှင့် ပါတီအနေနှင့် တစ်ပါတီစနစ် လုပ်နေတဲ့အကြောင်း၊ စီးပွားရေးနဲ့ ပတ်သက်လို့ အခြားနိုင်ငံတွေနဲ့ ဖက်စပ်ပူးပေါင်းလုပ်ကိုင်ဖို့၊ အခြေခံစားကုန်နှင့် ပြည်တွင်းဖြစ် ပစ္စည်းတွေကို ဖြန့်ဖြူးရေးမှာ လျှော့ပေါ့ပေးဖို့၊ နိုင်ငံခြားက တင်သွင်းတဲ့ပစ္စည်းတွေကို အကန့်အသတ်နဲ့ ပုဂ္ဂလိကဖြန့်ဖြူးခွင့်ပေးဖို့ ကောင်းကြောင်းများကို ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရင်နီးမှု

ဗိုလ်ချုပ်ကြီးတင်ဦးအနေနဲ့ ဘယ်လိုအခြေအနေလဲလို့ မေးတယ်။ ဗိုလ်ကြီးစံကြည်က အခြေအနေအရတော့ ပြောင်းလာတယ်လို့ ပြောတယ်။ ကျွန်တော်က ဗိုလ်ချုပ်ကြီးတင်ဦးကို ပုဂ္ဂိုလ်ရေးအရရင်းနှီးမှု၊ ကြည်ညိုမှုကြောင့် မဟုတ်ကြောင်း၊ တိုင်းပြည်ကို ခေါင်းဆောင်နိုင်တဲ့ အရည်အချင်းရှိသူအနေနဲ့ ယုံကြည်ကြောင်း၊ ၎င်း၏လုပ်ရည်ကိုင်ရည်ကို ယုံကြည်ကြောင်း၊ ဗိုလ်ချုပ်ကြီး တစ်ဦးအနေဖြင့် အစိုးရမှ နိုင်ငံခြားသို့ သံတမန်အဖြစ်စေလွှတ်ရန် ကမ်းလှမ်း ပါက လက်မခံစေလိုကြောင်း၊ အကယ်၍ လက်ခံပါက ကျွန်တော်တို့အနေဖြင့် တင်ရန်ခေါင်းဆောင် မရှိကြောင်း၊ ဗိုလ်ချုပ်ကြီးတင်ဦးအနေဖြင့် ဗိုလ်မှူးချုပ် ဟောင်းကျော်ဇော၊ ဗိုလ်မှူးချုပ်ဟောင်းမောင်မောင်တို့နှင့် လက်တွဲပြီးလုပ်လို က ၎င်း၏သဘောအတိုင်း လုပ်နိုင်ကြောင်း စသည်ဖြင့် ဗိုလ်ချုပ်ကြီးတင်ဦး အား ပြောပေးရန် ဗိုလ်ကြီးစံကြည်အားပြောရာ ဗိုလ်ကြီးစံကြည်က အားလုံး ပြောပြပေးမယ်၊ ပြီးရင် အကြောင်းပြန်မယ် ပြောပြီး ကျွန်တော် ပြန်လာခဲ့ပါ သည်။

## နှစ်ယောက်တည်း

ခန့်မှန်းခြေ ဇွန်လ ၈ ရက်နေ့လောက် ည ၈ နာရီကျော်ခန့်မှာ ကျွန် တော် ကားနှင့် တစ်ဦးတည်း ဗိုလ်ချုပ်ကြီးတင်ဦးအိမ်သို့ သွားပါသည်။ ဗိုလ်ချုပ်ကတော်နဲ့ တွေ့ပါတယ်။ ဘာကိစ္စရှိလို့လဲ မေးပါတယ်။ ကျွန်တော်က ဗိုလ်ချုပ်ကြီးနှင့် စကားပြောစရာရှိလို့ ပြောတဲ့အခါမှာ ဗိုလ်ချုပ်ကတော်က ဗိုက်ချုပ်တော့ ဘုရားစာဖတ်လိုက်၊ ခြင်းလုံးခတ်လိုက်နဲ့ပဲ အချိန်ကုန်နေတာပဲ ပြောပြီး မကြာမီ ဗိုလ်ချုပ်ကြီးတင်ဦး အောက်ထပ်သို့ဆင်းလာသည်။ တွေ့တွေ့ ချင်း ဗိုလ်ချုပ်က နေကောင်းရဲ့လားဆိုပြီးတော့ အာလာပသလ္လာပပြောကြပါ သည်။ ၁၀ မိနစ်ခန့် ကြာတဲ့အခါမှာ ကျွန်တော်က ဗိုလ်ချုပ်ကြီးနှင့် နှစ် ယောက်တည်း စကားပြောချင်ပါတယ်၊ ခွင့်ပြုပါလို့ ပြောတဲ့အခါ ဗိုလ်ချုပ်ကြီးက ဒီအတိုင်းပဲပြောပါလို့ ပြောပါသည်။ ကျွန်တော်က နှစ်ယောက်တည်းပြောချင် တယ်လို့ပြောပြီး ဆောင်မှာရှိတဲ့ လူရွယ်တစ်ဦးကို မျက်နှာရိပ်ကဲ ပြလိုက်ပါတယ်။



## အနိုင်တိုက်

အခန်းထဲတွင် ကျွန်တော်တို့နှစ်ယောက်တည်းရှိနေစဉ် ကျွန်တော်က စ၍ ဗိုလ်ချုပ်ဖြစ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့လူငယ်တွေအနေ နဲ့ စိတ်မကောင်းကြဘူး၊ တိုင်းပြည်အခြေအနေနဲ့ ပတ်သက်လို့လည်း တပ်မတော် အနေနဲ့ စစ်အုပ်ချုပ်ရေးမှာ ရန်ကုန်မြို့တွင်း အကြာကြီးတာဝန်ယူထားရတာ တွေကိုလည်း မကြိုက်ဘူး။ တကယ်လို့ ဆူပူမှုတွေဖြစ်လာရင်လည်း အစိုးရဏ်း နှိမ်နင်းမှုအတွက် ပြည်သူ့ရဲတပ်ဖွဲ့အနေနဲ့ပဲ တာဝန်ယူပါစေပေါ့။ ပြည်သူ့ရဲ တပ်ဖွဲ့ မလုံလောက်ဘူးဆိုရင် ထပ်ပြီးတော့ဖွဲ့ပေါ့။ သူပုန်နဲ့ ပက်သက်လို့လည်း ပဲ တိကျပြတ်သားတဲ့ Policy နဲ့ အနိုင်တိုက်ရင်တိုက် သို့မဟုတ်ရင်လည်းပဲ ငြိမ်းချမ်းရေးပဲ ခေါ်ရင်လည်းခေါ် လုပ်ဖို့ကောင်းတယ်လို့ ပြောတယ်။

## ငြိမ်းချမ်းရေး

ဗိုလ်ချုပ်ကြီးတင်ဦးက ဒို့တပ်မတော်အနေနဲ့ General Staff ကို ကောင်းကောင်းစစ်တိုက်နိုင်အောင် ဖွဲ့စည်းဖို့၊ ကျန်တဲ့လက်ရုံးဝန်ထမ်းတွေက ကောင်းကောင်းစစ်တိုက်နိုင်အောင် ဖြည့်ဆည်းပေးဖို့ ဖွဲ့ဖို့တော့လိုတယ်။ သူပုန်နဲ့ပတ်သက်လို့ ငြိမ်းချမ်းရေးဆွေးနွေးတဲ့ကိစ္စကို ကျွန်တော်က ပြောတဲ့ အခါမှာ ဗိုလ်ချုပ်ကြီးတင်ဦးက တွေ့ဆုံဆွေးနွေးဖို့ကိစ္စလား၊ ဟာ ... အဲဒါ တွေမပြောနဲ့၊ မပြောနဲ့ဟု တားပါသည်။

## စစ်ရုံးပို့

စီးပွားရေးနဲ့ပတ်သက်ပြီး ကျွန်တော်က တိုင်းပြည်စီးပွားရေးအခြေအနေက တော့ ချွတ်ခြုံကျပြီး ကုန်ဈေးနှုန်းကလည်း သိပ်တက်နေတာပဲ။ စီးပွားရေးကို တခြားနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကောင်းတယ်။ ဥပမာ ပင်လယ်ငါး ဖမ်းလုပ်ငန်းကိစ္စဆိုရင် ဂျပန်တို့၊ တခြားဥရောပက ငါးဖမ်းပညာကျွမ်းကျင်တဲ့ နိုင်ငံတွေနဲ့ ဖက်စပ်လုပ်လို့ရှိရင် ငါးဖမ်းလုပ်ငန်း တစ်မျိုးတည်းကိုကပဲ နိုင်ငံခြားဝင်ငွေ အများကြီးရနိုင်တယ်ဟု ပြောတဲ့အခါမှာ ဗိုလ်ချုပ်ကြီးတင်ဦး

www.burmeseclassic.com

www.burmeseclassic.com



က ဟုတ်တယ်၊ တို့ရဲ့ပင်လယ်ကမ်းရိုးတန်းဟာ အရှည်ကြီးပဲ။ ငါးဆိုတဲ့အမျိုးဟာ (၃)နှစ်တစ်ကြိမ်လောက် ပြန်းတယ်။ စနစ်တကျလုပ်နိုင်လို့ရှိရင် အများကြီးရနိုင်တယ်။

### မထွက်သေး

ကျွန်တော်က ရေနံကိစ္စမှာလည်း ဗိုလ်ချုပ် ကြည့်ပါ၊ ကမ်းလွန်ရေနံဟာ ကျွန်တော်တို့ဆီမှာ (၁) ပင်လယ်ရေနက်ထဲမှာ ရေနံတူးဖို့ကို ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေရှိသလား၊ မရှိဘူး။ (၂) အဲဒီလိုတူးတဲ့အခါမှာသုံးဖို့ စက်ပစ္စည်းကိရိယာတွေ ကျွန်တော်တို့ဆီမှာ ရှိသလား၊ မရှိဘူး။ (၃) ဒါဖြင့်ရင် လူမရှိ ပစ္စည်းမရှိရင် ငွေအားသုံးပြီးတော့လုပ်ဖို့ နိုင်ငံခြားငွေရှိသလား၊ မရှိဘူး။ နောက်ဆုံး ဘာဖြစ်သလဲ၊ ခုလည်း သူများနဲ့ပဲ ဖက်စပ်လုပ်ရတာပဲ မဟုတ်လား။ လုပ်တဲ့အခါမှာလည်း မပိုင်ဘူး။ တချို့ Data တွေဆိုရင် အဲဒီနိုင်ငံခြားသားတွေက ပြောသလောက်၊ ပေးသလောက်ပဲ ကျွန်တော်တို့ သိရတယ်။ ခုထိလည်း မထွက်သေးဘူး။ ဒီအတိုင်းဆိုတော့ မလွယ်ပါဘူးဟု ပြောပါသည်။

### မဲချယူ

ကျွန်တော်က ဆက်လက်၍ တိုင်းပြည်အခြေအနေလည်း ကြည့်ပါဦး။ အခု ပါတီက လူတွေက အပြင်မှာ တစ်သိန်းခွဲ နှစ်သိန်းလောက်တန်တဲ့ကားတွေကို၊ တစ်သောင်းရှစ်ထောင်ကျော်လောက်နဲ့ သူတို့ဟာသူတို့ ဈေးဖြတ်ပြီး မဲချယူနေကြတယ်လို့ ကြားတယ်လို့ ကျွန်တော်က ပြောတယ်။ အဲဒီတော့ ဗိုလ်ချုပ်ကြီးတင်ဦးက ဒီလို တိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို မင်းရဲ့ဗိုလ်ချုပ်ကျော်ထင် ပြောပြပါလားဆိုတဲ့အခါ ကျွန်တော်က ကျွန်တော် မပြောရဲဘူး။ သူတို့လည်း ဘာတတ်နိုင်မှာလဲ၊ မျှောလိုက်နေရတာပဲလို့ ထင်တယ်လို့ ကျွန်တော်က ပြောပါတယ်။ မကြာခင်မှာ ကျွန်တော်လည်း အိမ်ကို ပြန်လာခဲ့ပါတယ်။



### ရိပ်သာသွား

ဗိုလ်ကြီးစံကြည် မမြို့(ပြင်ဦးလွင်)သို့ပြောင်းပြီးနောက် ၁/၂ ရက်ခန့်အကြာမှာ ဗိုလ်ကြီးမြင့်သိန်း(ရေ)က ကျွန်တော့်အား စံကြည်က သူပြောခိုင်းထားတဲ့ကိစ္စ အားလုံးအိုကေလို့ ပြောခဲ့ကြောင်း ကျွန်တော့်ကို ပြန်ပြောတယ်။ ဇူလိုင်လ ၁ ရက်နေ့ညမှာ ဗိုလ်ကြီးဝင်းသိန်းက ကျွန်တော့်အား တယ်လီဖုန်းဆက်ခေါ်၍ ကျွန်တော်နှင့် ဗိုလ်ကြီးထွန်းကျော်တို့ စစ်ရုံးအရာရှိရိပ်သာသို့ သွားပါတယ်။ ရောက်တဲ့အခါမှာ ဗိုလ်ကြီးဝင်းသိန်းက ဝင်းသိန်းရဲ့ကားကို သူ့အစ်ကိုအိမ်မောင်းပြီး ကျွန်တော်က ၎င်းနောက်မှ ကျွန်တော့်ကားနှင့်လိုက်သွားပါသည်။ ၂၈ လမ်း၊ ၎င်းအစ်ကိုအိမ်မှာ ကားထားပြီးတဲ့အခါမှာ ကျွန်တော့်ကားနှင့် ကျွန်တော်တို့သုံးဦးမောင်းသွားပြီး ထောင်ကြီးကွေ့အနားရောက်မှာ ကားကိုရပ်ပြီး ကားပေါ်မှာ ဆွေးနွေးကြပါသည်။

### အပြောင်းအလဲ

ဗိုလ်ကြီးဝင်းသိန်းက ငါကွန်မင်ဒါနဲ့ သွားတွေ့တယ်။ Commander ဆိုတာ ဗိုလ်မှူးကြီးသန်းတင်ကို ဆိုပါတယ်။ ကွန်မင်ဒါက ပြောတယ်။ ပါတီထိပ်ပိုင်းတွေတော့ အပြောင်းအလဲ ဖြစ်နေတယ်။ အခြေအနေစောင့်ကြည့်ဖို့လည်း ပြောတယ်လို့ ပြောပြီးနောက် ပြန်ကြပါသည်။

### အလုပ်ရှုပ်

နောက်တစ်နေ့ ဇူလိုင် ၂ ရက်နေ့ ညနေ ၂ နာရီကျော်ခန့်မှာ ဗိုလ်ချုပ်ကျော်ထင်အား ဝန်ကြီးချုပ်ရုံးသို့လာရန် ခေါ်သဖြင့် ကျွန်တော်လည်း လိုက်ပါသွားပါသည်။ ဝန်ကြီးချုပ်ရုံးမှာ နာရီဝက်ခန့်နေပါသည်။ အဲဒီလိုနေစဉ်အတွင်းမှာ ကျွန်တော်က ဗိုလ်မှူးကြီးသန်းတင်၏ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးဘချစ်ကအစ်ကိုရေ အခြေအနေကတော့မကောင်းဘူး။ ဝင်းသိန်း မနေ့ညက ဆရာသမားဆီသွားပြီး ဘာတွေပြောတယ်တော့မသိဘူး ပြောပြီး တယ်လီဖုန်း ချလိုက်ပါတယ်။ မကြာမီမှာ ဝန်ကြီးချုပ်ရုံးကနေပြီးတော့ ဝင်ဒါမီယာ ဗိုလ်ချုပ်ကြီးစန်းယုဆီကို သွားပါတယ်။ ခန့်မှန်းခြေ (၄)နာရီလောက်မှာ ဗိုလ်ချုပ်နဲ့အတူ စစ်ရုံး

www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်လာခဲ့ပါတယ်။ ရုံးမှာ လူကြီးတွေအနေနှင့် အလုပ်ရှုပ်နေကြပါတယ်။ ညနေ ၆ နာရီခွဲခန့်လောက်မှာ ဗိုလ်ချုပ်တို့စစ်ဦးစီး(ပ) အခန်းဘက်ကို ညနေစာစားဖို့ သွားတဲ့အချိန်မှာ ကျွန်တော်ဟာ ရုံးက ကလေးတွေကို အိမ်ပြန်ပြီး ထမင်းစားဦးမယ်လို့ပြောပြီး ဦးစီးချုပ်၏ကားနှင့် ပြန်ခဲ့ပါသည်။

## ခိုလှုံခွင့်

ပထမတွင် ဗိုလ်ကြီးထွန်းကျော် အိမ်ဝင်ပြီး ဗိုလ်ကြီးထွန်းကျော်အားတို့ကိစ္စတွေတော့ ပေါက်ကုန်ပြီနဲ့တူတယ်။ ဗိုလ်မှူးကြီးသန်းတင်တို့ အဖမ်းခံရပြီလား မသိဘူး။ တို့ သံရုံးတစ်ခုခုမှာ နိုင်ငံရေးခိုလှုံခွင့်တောင်းရင် ကောင်းမယ်ထင်တယ်လို့ ပြောတဲ့အခါမှာ ဗိုလ်ကြီးထွန်းကျော်က ဘယ်လိုက ဖြစ်ကုန်တာလဲကွာ၊ ဝင်းသိန်းပဲ ထင်တယ်ကွာ၊ ငါတော့ ကိစ္စမရှိဘူး။ မင်းအနေနဲ့တော့ နိုင်ငံရေးခိုလှုံခွင့်တောင်းရင်တောင်း ဆိုပြီး ကျွန်တော် ဆင်းလာပြီး ကျွန်တော့်အိမ်ကို ဆက်သွားပါတယ်။ ၎င်းနောက် ကျွန်တော့်ကားနဲ့ လမ်း(၅၀)မှာ ကျွန်တော့်မိတ်ဆွေ မှာထားသော လေယာဉ်လက်မှတ်ကို သွားပေးပြီး ကြက်တန်းနားအရောက်တွင် ကျွန်တော့်အပေါ်က ယူနီဖောင်းအင်္ကျီကို အိမ်မှအဆင်သင့်ယူလာသော အင်္ကျီလက်တိုနှင့်လဲဝတ်၍ ကားကိုဆက်မောင်းသွားရာ ကမာရွတ်တံတားဖြူအကျော် ဇွပ်ကျယ်စက်လမ်းထဲ ကိုက် ၁၀၀ လောက်အရောက် ကားကိုမောင်း၍ ကားပေါ်တွင် သော့နှင့်ဦးထုပ်ကို ထားခဲ့ပြီး အနီးမှာရှိတဲ့ အမေရိကန်သံအမတ်ကြီးအိမ်ကို သွားပါသည်။ သံအမတ်ကြီးနှင့်ဇနီးပါတီသွားနေသည်ဟု အပေါက်စောင့်သော အဘိုးကြီးမှပြော၍ အတွင်းခေတ္တဝင်နေပြီး စောင့်နေပါသည်။ မကြာမီ အပြင်မှ Duty Officer လာ၍ ကျွန်တော့်အား ဘာကိစ္စလဲလို့ မေးပါသည်။ (ကျွန်တော်က သံအမတ်ကြီးနဲ့ တွေ့လိုကြောင်း၊ နိုင်ငံရေးခိုလှုံခွင့်တောင်းလိုကြောင်း ပြောပါသည်။) ပြောတဲ့အခါအဲဒါဆိုရင် သံအမတ်ကြီးမှ ပြောနိုင်မယ်။ ဘယ်လိုဖြစ်လို့ နိုင်ငံရေးခိုလှုံခွင့်တောင်းချင်တာလည်း မေးတဲ့အခါ ကျွန်တော့်ရဲ့နာမည်နဲ့ အဆင့်အတန်းကို ပြောပြပြီး ကျွန်တော်တို့ တပ်မတော်က Captain (၆)ယောက်လောက်က အစိုးရကို မကျေနပ်လို့ Overghrow လုပ်ဖို့ ကြံစည်တာ လူကြီးတွေသိကုန်



ပြီ။ တချို့လည်း အဖမ်းခံရပြီး ကျုပ်လည်း ဒီအချိန်ဆိုရင် အမ်အိုင်က လိုက်ရှာနေပြီဟု ပြောပြပါသည်။

## ခဏဝင်

မကြာမီ ဒုသံအမတ်ရောက်လာပြီး အထက်ပါအတိုင်း အကျိုးအကြောင်းပြောပြပါသည်။ ဒုသံအမတ်က သံအမတ်ကြီးပြန်လာမှ အကျိုးအကြောင်းသိရမည်ဆိုပြီး ကားကို လမ်းပေါ်မှာ မြို့ထဲသုံးလေးပတ်လောက် မောင်းပါသည်။ တက္ကသိုလ်ရိပ်သာလမ်းရှိ သံအမှုထမ်းများ(အမေရိကန်)ရိပ်သာသို့ ခဏဝင်၍ ဒုသံအမတ်ဆိုသူက ဖုန်းဆက်ပါသည်။ မကြာမီ ပြန်လာပြီး သံအမတ်ကြီး၎င်းအိမ်တွင် ပြန်ရောက်နေကြောင်းပြော၍ သံအမတ်ကြီးနေအိမ်သို့ သွားပါသည်။ ဒုသံအမတ်ကြီးအိမ်ဝင်းအတွင်း ဝင်သွားပြီး ကျွန်တော်နှင့် Duty Officer ဆိုသူတို့အား ဟံသာဝတီအဝိုင်းဘက်ထိ တစ်ပတ်မောင်းပါသည်။

## မပေးနိုင်

ပြန်လာတဲ့အခါမှာ ဒုသံအမတ်ဆိုသူက သံအမတ်ကြီး အိမ်ဝင်းအနီးလမ်းပေါ်မှစောင့်နေပြီး ကျွန်တော့်အား နိုင်ငံရေးခိုလှုံခွင့် မပေးနိုင်ကြောင်း၊ ကျွန်တော့်အနေနှင့် သံအမတ်ကြီးကို တွေ့ချင်ရင် တွေ့ရမယ်။ တွေ့ရင် ကျွန်တော်တို့အစိုးရကို အသိပေးပြီးမှ Ackowledge လုပ်ရမယ်။ ဒါမှမဟုတ်ရင် မြို့ထဲ မင်းသွားချင်တဲ့နေရာကို ပြန်ပို့ပေးမယ်ပြောရာ ကျွန်တော်က ဆူးလေဘုရားလမ်းကို လိုက်ပို့ခိုင်းပါသည်။

## တစ်နေ့ရှောင်

ဗဟိုမီးသတ်နားအရောက်တွင် ကျွန်တော် ဆင်းနေခဲ့ပါသည်။ ၎င်းမှ ၂၈ လမ်းရှိ ကျွန်တော့်အသိ မောင်တင်ထွေး အိမ်ကိုသွားပြီးတော့ ညအိပ်ပါသည်။ မနက်မှာ ၃၃ လမ်းရှိ ဦးဘရင်အိမ် သွားပြီးတော့ တစ်နေ့လုံးရှောင်နေ၍ ညနေ ၅ နာရီကျော်မှာ ဘိုကလေးဈေးလမ်းရှိ မိတ်ဆွေ ဦးစိန်ငွေးဆီကိုသွား၍ ကားငှားပါသည်။ ၎င်း၏မာဇဒါဖယ်မလီယာကားဖြင့် ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းမောင်း၍ မင်္ဂလာဒုံရှိ ဗိုလ်ကြီးတင်ဝင်း(လေ)အိမ်သို့ ၆ နာရီကျော်ခန့်မှာ ရောက်ပါသည်။

## ဇုံးကြီ

အိမ်ရောက်ပြီး ခဏအကြာမှာ ဗိုလ်မှူးချစ်ခိုင်(လေ)အိမ်ကို ဖုန်းဆက်ပါသည်။ မကြာမီ ဗိုလ်မှူးချစ်ခိုင် ရောက်လာပါတယ်။ ဗိုလ်မှူးချစ်ခိုင်က ကျွန်တော့်အား တပ်မတော်ထောက်လှမ်းရေးမှ လိုက်နေကြောင်း၊ ဘာလုပ်ရမလဲ မသိဘူး ပြောနေစဉ် ဗိုလ်ကြီးတင်ဝင်း ပြန်ရောက်လာပါသည်။ သူတို့လည်း ကျွန်တော့်ကို အမ်အိုင်က လိုက်နေကြောင်းပြော၍ လေတပ်က လေယာဉ်ရနိုင်မယ်ဆိုင်တော့ ကောင်းမယ်၊ လေယာဉ်နဲ့ သမ္မတအိမ်နဲ့ ဗိုလ်ချုပ်ကြီးစန်းယုအိမ်ကိုဗုံးကြဲပြီး ဗိုလ်မှူးချစ်ခိုင်တစ်ခွဲနဲ့ တစ်နေရာရာကပိတ်၊ ခြေလျင်တပ်ခွဲ (၂)ခွဲလောက်လည်း ကျွန်တော်ထွက်ပြီး ပြောမယ်ဆိုရင်တော့ ရရင်ရမယ်။ ဒါပေမဲ့ ကျွန်တော် ထွက်ဖို့ကလည်း မလွယ်ဘူး၊ ထောက်လှမ်းရေးကမိမှာပဲ။ အဲဒီလို လွတ်လမ်းမရှိတဲ့ အခါကျတော့ ကြံမိကြံရာတွေ စိတ်ထဲရတာတွေကို လျှောက်ပြောနေမိတယ်။

## မကူညီနိုင်

ဗိုလ်မှူးချစ်ခိုင်(လေ)က လေယာဉ်ရဖို့တော့ ဗိုလ်ချုပ်ကို ပြောကြည့်ပေါ့။ အကြံဉာဏ်တောင်းကြည့်ပေါ့။ ပြောပြီးတော့ မကြာမီ ကျွန်တော်၊ ဗိုလ်မှူးချစ်ခိုင်၊ ဗိုလ်ကြီးတင်ဝင်းတို့ ဗိုလ်ချုပ်စောဖြူအိမ်ကို သွားပါသည်။ ရောက်တဲ့အခါ ဗိုလ်ချုပ်က ဟာ ... ခင်ဗျားကို လိုက်ရှာနေတယ်၊ ခင်ဗျားအိမ် ဖုန်းဆက်လို့လည်း မရဘူး။ ကျွန်တော်က ကျွန်တော်တို့ တပ်ခွဲ(၂)ခွဲလောက်နဲ့ လူငယ်တွေ မဟုတ်တာလုပ်မှာကို လူကြီးတွေသိကုန်ပြီး ကျွန်တော့်ကို အမ်အိုင်ကဖမ်းဖို့ လိုက်နေတယ်။ အဲဒါ ဗိုလ်ချုပ် ကျွန်တော်ကိုကူညီ ပြောတဲ့အခါမှာ ဗိုလ်ချုပ်က ကျုပ် ဘာမှမကူညီနိုင်ဘူး။ ခင်ဗျားတို့ ဘာတွေလျှောက်လုပ်ကြတာလဲ။ ရာဇဝတ်သားဟာ ပြေးလို့မလွတ်ဘူး။ ခင်ဗျား ဘယ်တွေပြေးနေလို့ကော ရမှာလဲ။ ခင်ဗျားဆရာ ဗိုလ်ချုပ်ကျော်ထင် ရှိတာပဲ။ သူ့ဆီကိုသွားပါ



ပြောတဲ့အခါမှာ ကျွန်တော်တော့ မသွားရဲဘူး ပြောတဲ့အခါ၊ မသွားရဲရင် ကျုပ်လိုက်ပို့ပေးမယ် ပြောပြီးတော့ မကြာခင်မှာ ကျွန်တော်က ဗိုလ်ချုပ် လိုက်ပို့ပေးပါ ပြောပါတယ်။ ဗိုလ်ချုပ်က ကောင်းပြီ ကျုပ်လိုက်ပို့ပေးမယ်လို့ ပြောတယ်။

## သတင်းပို့

မကြာခင်မှာ ကျွန်တော့်ကို ဗိုလ်ချုပ်စောဖြူက သူ့ကားပေါ်ခေါ်ပြီး (၅၀၂)လေတပ်စခန်းကို လေယာဉ်ပျက်ကျတဲ့ကိစ္စနဲ့ ပတ်သက်လို့ ခဏဝင်ပြီးတော့ ဗိုလ်ချုပ်ကျော်ထင်အိမ်ကို လိုက်ပို့ပါသည်။ ဗိုလ်ချုပ်ကျော်ထင်အိမ်ရောက်တဲ့အခါမှာ ဗိုလ်ချုပ်စောဖြူ ဆင်းသွားပြီး ဗိုလ်ချုပ်ကျော်ထင်အား သတင်းပို့ပါသည်။ မကြာမီ ကျွန်တော့်ကို ဗိုလ်ချုပ်စောဖြူကားနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုရုံးကို လိုက်ပို့ပါသည်။ ဗိုလ်ချုပ်ကျော်ထင်က ၎င်းရဲ့ကားတစ်စီးနဲ့ နောက်မှလိုက်လာပါသည်။

## စစ်ဆေး

ရန်ကုန်တိုင်း ကွပ်ကဲမှုရုံး ရောက်တဲ့အခါမှာ ခဏထိုင်နေစဉ် ဗိုလ်ချုပ်ကျော်ထင်က မင်းတို့ဟာ ဘာတွေလုပ်ပြီး ဘာတွေဖြစ်ကြတာလဲကွာ၊ ငါ မနေ့ညကစပြီး ခုအထိ တစ်မှေးမှ မအိပ်ရဘူး၊ ဟုတ်တိုင်း မှန်တာတွေသာ ပြောလိုက် ပြောပြီး မကြာခင်မှာ ဗိုလ်မှူးကြီးအောင်ဌေးနှင့် ဗိုလ်မှူးကြီးမျိုးအောင်တို့ တပ်မတော်ထောက်လှမ်းရေးမှ ရောက်လာပြီး ခဏထိုင်နေပြီး ဗိုလ်မှူးကြီးအောင်ဌေးနှင့် ဗိုလ်မှူးကြီးမျိုးအောင်တို့က ကျွန်တော့်ကို တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံးသို့ ခေါ်သွားပါသည်။ ရုံးရောက်တဲ့အခါ ဒုဗိုလ်မှူးကြီးကျော်ထွန်း တွေ့ပြီး မေးမြန်းစစ်ဆေးတဲ့အလုပ်တွေကို လုပ်ပါတယ်။

## ဖြစ်မှားခဲ့

ကျွန်တော့်ဆရာသမားဖြစ်တဲ့ ဗိုလ်ချုပ်ကျော်ထင်ထံမှာလည်း ခွင့်မတောင်းဘဲ တိုင်းပြည်က လူကြီးတွေအပေါ်မှာ မဖြစ်မှားသင့်တာတွေကို ဖြစ်မှားကြံစည်မိအောင် ဖြစ်သွားရပါတယ်၊ ဗိုလ်ချုပ်ကြီးနေဝင်း ဆိုရင် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ ဗိုလ်သင်တန်းတက်စဉ်က ကာကွယ်ရေးဦးစီးချုပ်အဖြစ်နဲ့ ရှိခဲ့တဲ့ တပ်မတော်ဖခင်ပါ။ ဗိုလ်ချုပ်ကြီးစန်းယုဟာ ဆိုရင်လည်းပဲ အဲဒီအချိန်က ဒုကာကွယ်ရေးဦးစီးချုပ်အဖြစ်နဲ့ ကျွန်တော်တို့သင်တန်းကို လာဆင်းပေးခဲ့ပါတယ်။ ဗိုလ်မှူးကြီးတင်ဦးဆိုရင်လည်း ကျွန်တော် တပ်မတော်ထောက်လှမ်းရေးမှာ ထောက်လှမ်းရေးသင်တန်းများ တက်စဉ်က ကျောင်းအုပ်အဖြစ် ဆရာသမားအရင်းပါ။

မိဘစကား နားမထောင်ခဲ့တာတွေ၊ မိမိရဲ့ဆရာသမားတွေကို မပြစ်မှားသင့်ဘဲ ကြံစည်မိတာ ကျွန်တော့်အတွက် ဘယ်တော့မှ ဖြေသိမ့်လို့မရနိုင်တဲ့အမှားတွေ ဖြစ်ပါတယ်။ အမှားတွေကို သိတဲ့အခါမှာ အမှန်ကိုရောက်အောင်ဝန်ခံပြီးပါပြီ။ အဲဒီလို ပြစ်မှားမိလို့လည်း ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ယခုတည်းက စပြီးတော့ ခံစားနေရပါပြီ။ နောင်ဆိုရင် နိုင်ငံရေးနဲ့ပတ်သက်တာဆိုရင်လည်း ဘယ်တော့မှ မလုပ်တော့ဘူးလို့ ဆုံးဖြတ်ပြီးတဲ့အကြောင်း၊ အခုလိုပြောတဲ့အခါမှာ ကျွန်တော် မျက်ရည်မဆည်နိုင်ကြောင်း လူကြီးတွေသိရင်တော်ပါပြီ။ ကျွန်တော့်အပြစ်ကိုတော့ ပေးချင်ရာသာ ကျွန်တော့်ကိုပေးပါတော့ဟု ဖြောင့်ဆိုချက်ပေးသွားသည်။

✧ ✦ ✧

## အုန်းကျော်မြင့်အား သေနတ်ပေးခဲ့ပုံ အစစ်ခံ

### ချောမွေ့

တရားလိုပြသက်သေ ဗိုလ်ကြီးမောင်ဒွေးက ထွက်ဆိုရာတွင် ကာဘိုင်သေနတ်ထုတ်ယူစဉ်က လက်မှတ်ရေးထိုးခိုင်းလိုက်ခြင်းမှာ ထုတ်ယူခွင့်အတွက် မဟုတ်ဘဲ သေနတ်ကို လက်ခံရရှိသည့်အကြောင်းသာ လက်မှတ်ရေးထိုးပေးလိုက်ခြင်းဖြစ်ကြောင်း၊ ယင်းသို့ လက်မှတ်ရေးရိုးရခြင်းမှာလည်း ကာကွယ်ရေးဦးစီးချုပ်ရုံး၌ အရာရှိနှစ်ဦးသာရှိသဖြင့် တစ်ယောက်မရှိသည့်အခါ တစ်ယောက်က ရုံးလုပ်ငန်းချောမွေ့စေရန်နှင့် လုပ်ငန်းနှောင့်နှေးမှုမရှိစေရန် သဘောဖြင့်ကိုယ်စားထိုးပေးလိုက်ခြင်းဖြစ်ကြောင်း။

### ပေးအပ်

ဇူလိုင် ၃ ရက် နံနက် ၂ နာရီခွဲခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့် ရုံးခန်းမှ ဖိုင်တင်သော စင်ပေါ်ရှိ အရာရှိလက်ဆွဲအိတ်ထဲတွင် တွေ့ရသော ပစ္စတိုသေနတ်တစ်လက် (ကျည်ကပ်နှင့် ကျည်ဆန်ငါးတောင့်ပါသည်)နှင့် ၎င်းအမည်ပါ ဒိုင်ယာရီစာအုပ် အပါအဝင် အခြားပစ္စည်းများကို မိမိသည် တပ်မတော်ထောက်လှမ်းရေး ဒုတိယညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ထွန်းထံ ပေးအပ်ခဲ့ကြောင်း ထွက်ဆိုသွားသည်။

ထို့နောက် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင် ဦးကိုယု၏ မေးမြန်းချက်များနှင့် ပတ်သက်၍ ဗိုလ်ကြီးမောင်ဒွေးက ထွက်ဆိုသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## အသိအမှတ်ပြု

ယင်းသေနတ်ကို ရုံးမှလက်ခံရရှိသည်ဟု အသိအမှတ်ပြုပေးသည့်သဘော သာဖြစ်ကြောင်း၊ အဇ္ဇီသေနတ်ထားသည့်နေရာတွင် ကာဘိုင်သေနတ် ရောက်နေ သည့်အတွက် ယာဉ်မောင်းကို မေးခြင်းဖြစ်ကြောင်း၊ သက်သေခံအမှတ်(၁၉) သေနတ်နှင့်အိတ်ကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီခန့်က တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံး ဦးစီး(တ) ဗိုလ်ကြီးတင်ဦး ထံသို့အပ် လိုက်ကြောင်း၊ ကာဘိုင်သေနတ်ကို ဇူလိုင်လ ၅ ရက် နံနက် ၉ နာရီခန့်က တပ်ထောက်ဌာနသို့ အပ်လိုက်ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

## ရင်းနီး

ဆက်လက်၍ တရားလိုပြသက်သေ ပဲခူးတိုင်းဒေသပါတီကော်မီ ဥက္ကဋ္ဌ ဦးဘိုနီကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ကာကွယ်ရေးဝန်ကြီးဌာန လေ့ကျင့်ရေးဌာနမှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကို မိမိသိကြောင်း၊ ၎င်းနှင့် မိမိတို့သည် ဗမာ့ကာကွယ်ရေးတပ်မတော်သို့ ဝင်စဉ်ကလည်းကောင်း၊ ဂျပန် ခေတ် ဗိုလ်သင်တန်းအမှတ်စဉ်(၂)သို့ တက်စဉ်ကလည်းကောင်း၊ သောင်းကျန်း သူများ တိုက်ခိုက်ခဲ့စဉ်ကလည်းကောင်း အတူတူဖြစ်သဖြင့် ရင်းနှီးကြောင်း။ ပြည်သူ့လွှတ်တော်ပဋ္ဌမအစည်းအဝေး ကျင်းပစဉ်ကာလ မတ် ၁၇ ရက်ညက ၎င်းအိမ်သို့ မိမိရောက်သွားကြောင်း။

## မကျေလည်

မိမိတို့စကားပြောစဉ် ၎င်းက မိမိအား သတင်းတစ်ခုပြောပြကြောင်း၊ ထိုသတင်းမှာ ဗိုလ်ချုပ်ကြီးတင်ဦး နုတ်ထွက်သည့်ကိစ္စနှင့် ပတ်သက်ပြီး တပ်ထဲတွင် အောက်ခြေ၌ မကျေမလည်ဖြစ်နေကြောင်း၊ ဗိုလ်ကြီးအဆင့်ရှိ အရာရှိငယ်တစ်စုက စည်းရုံးပြီး နိုင်ငံတော်သမ္မတကြီးနှင့် ပါတီဥက္ကဋ္ဌကြီးကို ဖမ်းမည်၊ ပါတီအထွေထွေအတွင်းရေးမှူးနှင့် နိုင်ငံတော်ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးစန်းယုနှင့် အမျိုးသားထောက်လှမ်းရေးမှူးချုပ် ဗိုလ်မှူးကြီးတင်ဦး တို့ကို သုတ်သင်မည်။



## ခေါင်းဆောင်ရှာ

ထိုထဲတွင် ကြည်းတပ်၊ လေတပ်နှင့် သံချပ်ကာတပ်တို့လည်း ပါသည်။ အင်အားရှိလျှင် အာဏာသိမ်းမည်၊ အင်အားမရှိလျှင် လုပ်ကြံမှုပဲလုပ်မည်။ ထိုလုပ်ကြံမှုကို မတ် ၂၇ တွင် လုပ်မည်ဖြစ်ကြောင်းနှင့် ယခု ၎င်းတို့ခေါင်း ဆောင် လိုက်ရှာနေကြောင်း စသည်ဖြင့် သတင်းရသည်ဟုလည်းကောင်း (ဒုဗိုလ်မှူးကြီးမောင်မောင်)က မိမိအား ပြောပြကြောင်း၊ ထို့ကြောင့် မိမိသည် ထိုသတင်းကို သက်ဆိုင်ရာသို့ မတ် ၁၉ ရက်က ပို့လိုက်ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

## စခန်းရောက်

၎င်းနောက် တရားလိုပြသက်သေ ဗိုလ်ကြီးကျော်ဝင်းကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိ၏တာဝန်မှာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး တပ်ထောက်အရာရှိဖြစ်ကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန စခန်းရုံးသို့ ၁၉၇၃ ခု မတ်လ ၂၃ ရက် နံနက် ၁၀ နာရီခန့်တွင် မိမိအား ဗိုလ်မှူးစိန်မြင့်က ကာကွယ်ရေးဦးစီးချုပ်၏ ကိုယ်ပိုင်ခေါက်ကာဘိုင်သေနတ် လာထုတ်ပါက ထုတ်ပေးရန် မှာကြောင်း။

## လက်မှတ်ထိုး

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကျော်ထင် ဒုတိယကာကွယ်ရေးဦးစီးချုပ် ဖြစ်စဉ်က ၁၉၇၄ ခု မေ ၇ ရက်တွင် ထိုသေနတ်ကို စခန်းရုံးက ခေတ္တထိန်း သိမ်းထားခြင်းဖြစ်ကြောင်း၊ ၎င်းကို ဗိုလ်ကြီးအုန်းကျော်မြင့်ကအပ်ပြီး မိမိက လက်ခံထားခြင်းဖြစ်ကြောင်း၊ ၎င်းသေနတ်နံပါတ်မှာ (၇၆၃၁၁၄)ဖြစ်ကြောင်း၊ ထိုစဉ်က မိမိသည် ပြေစာများကို ပြုစုရကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်အနေ ဖြင့် လက်ခံမည်ဟု ယူဆ၍ ပြေစာတွင် သေနတ်ထုတ်ယူသူဟူသောနေရာ၌ ၎င်းအမည်ကို ရေးပေးခဲ့ကြောင်း၊ မိမိပြုစုခဲ့သော ပြေစာရိုက်ပြီး မကြာမီ ဦးစီးချုပ်ရုံးမှ တပ်ကြပ်ကြီးသိန်းမြင့် ရောက်လာ၍ မိမိက အရာရှိလက်မှတ် ထိုးရန် ပေးလိုက်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



## နှုတ်ဖြင့်အပ်

၎င်းက (တကကသိန်းမြင့်)က ပြေစာပြန်ပေးသောအခါ ဗိုလ်ကြီးအုန်းကျော်မြင့် မရှိ၍ ဗိုလ်ကြီးမောင်ဒွေး လက်မှတ်ထိုးထားသည်ဟု ပြောကြောင်း၊ မိမိလည်း သေနတ်ထုတ်ပေးလိုက်ကြောင်း၊ ယခု ရုံးရှေ့တွင်ပြသော သေနတ်ဖြစ်ကြောင်း၊ ဗိုလ်မှူးစိန်မြင့်က စာဖြင့်ရေး၍ အမိန့်မပေးသော်လည်း ၎င်းလက်အောက်တွင် အမှုထမ်းသော ဦးစီးအရာရှိဖြစ်သဖြင့် နှုတ်ဖြင့်ညွှန်ကြားလျှင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လာအပ်စဉ်ကလည်း စာနှင့်လာအပ်ခြင်းမဟုတ်ဘဲ နှုတ်ဖြင့်သာ အပ်ခြင်းဖြစ်ကြောင်း။

## အရေးတကြီး

မတ် ၂၇ ရက် နံနက် ၁၁ နာရီခန့်တွင် တော်လှန်ရေးပန်းခြံ၌ စစ်ရေးပြပွဲပြီးသောအခါ စခန်းမှူးရုံးသို့ ပြန်ရောက်လျှင် တာဝန်ကျ ဒုတိယအရာခံဗိုလ်အုန်းမြင့်က ဗိုလ်ကြီးအုန်းကျော်မြင့် သေနတ်ထုတ်ရန် ဂျူတီခန်းတွင် စောင့်နေသည်ဟု သတင်းပို့ကြောင်း၊ တာဝန်ကျရုံးခန်းတွင် တာဝန်ကျ တပ်ကြပ်ကြီးအုန်းသွင်၊ တပ်ထောက်ဌာနမှ တပ်ကြပ်ကြီးအုန်းမောင်၊ လက်နက်တိုက်မှ တပ်ကြပ်ဝေလွင်တို့ကို မိမိတွေ့ရကြောင်း၊ ဆရာအုန်းမောင်က စခန်းမှူးထံမှ ဗိုလ်ကြီးအုန်းကျော်မြင့်အား ကို့တ်စပါယ်ရှယ် သေနတ်တစ်လက်နှင့် ဘာရက်တာပစ္စတို သေနတ်တစ်လက် ထုတ်ပေးလိုက်ရန်နှင့် ကာကွယ်ရေးဦးစီးချုပ် အရေးတကြီး ခရီးသွားစရာရှိ၍ ချက်ချင်းထုတ်ပေးရန် တယ်လီဖုန်းဖြင့် မှာကြားသည်ဟု သတင်းပို့သဖြင့် မိမိလည်း ပြေစာများလုပ်၍ ဗိုလ်ကြီးအုန်းကျော်မြင့်အား လက်မှတ်ရေးထိုးစေပြီး ထုတ်ပေးလိုက်ကြောင်း။

ပထမပြေစာတွင် ၃၈ ဗို့ သေနတ်နှင့်အတူ ကျည်ဆန် ၁၂ တောင့်၊ တိုက်တံတစ်ချောင်း၊ အညွှန်းစာအုပ်တစ်အုပ်နှင့် သေနတ်ထည့်သေတ္တာတစ်လုံး ပါကြောင်း၊ သေနတ်နံပါတ်မှာ(၂၀၅၈၄၆)ဖြစ်၍ မိမိက ထုတ်ပေးသူအဖြစ် လက်မှတ်ထိုးခဲ့ကြောင်း၊ သေနတ်ထုတ်ပေးရာတွင် အထောက်အထားအဖြစ် စခန်းမှူး၏ နှုတ်မိန့်အရ ထုတ်ပေးသည်ဟု မှတ်တမ်းတင်ထားကြောင်း၊ ဒုတိယ



ပြေစာတွင် ဘာရက်တာပစ္စတိုသေနတ်တစ်လက်၊ ကျည် ၁၄ တောင့်၊ ကျည်အိမ်နှစ်ခု ထုတ်ပေးရာတွင် သေနတ်နံပါတ်မှာ ဒီ(၄၆၀၇၅)ဖြစ်ပြီး အထောက်အထားနှင့် ထုတ်ပေးသူမှာလည်း ပထမပြေစာအတိုင်းဖြစ်ကြောင်း။

## ခွင့်ပြုချက်

ယင်းပစ္စည်းများကို တပ်ရင်းဗဟိုကင်းလက်နက်တိုက်မှ ထုတ်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ လက်နက်ထုတ်ပေးပြီးကြောင်း မည်သူ့မျှ ပြောစရာမလိုသဖြင့် မပြောခဲ့ကြောင်း၊ နောက်မှ မိမိသိရသည်မှာ ဆရာအုန်းမောင်ထံ လက်နက်ထုတ်ပေးရန် ဖုန်းလာစဉ်က တစ်ဖက်မှဖုန်းကို ဗိုလ်ကြီးအုန်းကျော်မြင့်ကပြောခြင်းဖြစ်ပြီး ၎င်းက ကာကွယ်ရေးဦးစီးချုပ် ခရီးသွားရန်ရှိ၍ ကို့စ်စပါယ်ရှယ် သေနတ်နှစ်လက် ထုတ်ပေးရန်နှင့် စခန်းမှူး၏ ခွင့်ပြုချက် ရပြီးဖြစ်ကြောင်းကိုလည်းကောင်း၊ နောက်တစ်ကြိမ် ဖုန်းလာရာတွင် တစ်ဖက်မှဖုန်းကို စခန်းမှူးက ပြောခြင်းဖြစ်ပြီး ဗိုလ်ကြီးအုန်းကျော်မြင့်အား ဘာရက်တာပစ္စတိုသေနတ်တစ်လက်နှင့် ကို့တ်စပါယ်ရှယ်တစ်လက် ထုတ်ပေးရန်ကိုလည်းကောင်း အသီးသီး ပြောကြားခြင်း ဖြစ်သည်ဟု ဆရာအုန်းမောင်က မိမိအား ပြောပြကြောင်း။

## ပြန်အပ်

မတ် ၂၇ ရက်မှာ ရုံးပိတ်ရက်ဖြစ်သော်လည်း အရေးကြီးလျှင်ကြီးသလို ရုံးပိတ်ရက်များတွင် ယခုကဲ့သို့ သေနတ်ထုတ်ပေးခြင်းမျိုး ရှိခဲ့ကြောင်း၊ ၁၉၇၄ ခု ဧပြီ ၃၀ ရက်က စခန်းမှူးအမိန့်အရ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း)အတွက် အူဇီသေနတ်နှစ်လက် ထုတ်ပေးခဲ့ရာ နံပါတ်မှာ ၄၁၈၂ နှင့် ၄၁၈၄ တို့ဖြစ်ပြီး ၎င်းသေနတ်နှစ်လက်နှင့်အတူ ကျည်ဆန် ၂၄၀၊ ကျည်အိမ်လေးခု၊ လွယ်ကြိုးနှစ်ချောင်း၊ ဆီဘူးနှစ်ဘူး၊ တိုက်တံနှစ်ချောင်း၊ ဘရပ်ရှ်နှစ်ခုတို့ကိုလည်း ထုတ်ပေးခဲ့ကြောင်း၊ ယင်းပစ္စည်းတို့ကို ထုတ်ပေးသူအဖြစ် မိမိကလည်းကောင်း၊ ထုတ်ယူသူအဖြစ် ဗိုလ်ကြီးအုန်းကျော်မြင့်ကလည်းကောင်း လက်မှတ်ထိုးခဲ့ကြကြောင်း၊ အဆိုပါ သေနတ်နှစ်လက်အနက်

www.burmeseclassic.com



တစ်လက် နံပါတ် ၄၁၈၈၂ ကို ၁၉၇၄ ခု မေလ ၇ ရက်တွင် ၎င်းကပြန်အပ်ကြောင်း၊ သေနတ်နှင့်အတူ ကျည်ဆန် ၁၂၀၊ ကျည်အိမ်နှစ်ခု၊ လွယ်ကြိုးတစ်ခု၊ တိုက်တံတစ်ချောင်း၊ ဆီဘူးတစ်ဘူးနှင့် ဘာရပ်ရှ်တစ်ခုကို ပြန်အပ်ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

### ရက်ချိန်း

ထို့နောက် တရားခံ ဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင် ဦးကိုယု၏ မေးမြန်းချက်ကို ဗိုလ်ကြီးကျော်ဝင်းက ထွက်ဆိုသွားသည်။ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက အမှုကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုသည်။

### ဝိုင်းအုံကြည့်

ပထမဦးစွာ တရားလိုပြသက်သေ ဦးမောင်မောင်ဦးကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိသည် ၁၉၇၂ ခုတွင် တပ်မတော်ဗိုလ်ကြီးအဖြစ်မှ အငြိမ်းစားယူခဲ့ကြောင်း၊ လက်ရှိ မိမိနေထိုင်ရာ ခြောက်မိုင် ဇွပ်ကျယ်စက်အနီးတွင် နေခဲ့သည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ ၁၉၇၆ ခု ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီကျော်ခန့်တွင် မိမိအိမ်နှင့် ကိုက် ၅၀ အကွာ၌ ကားတစ်စီးကို လူများဝိုင်းအုံကြည့်နေသဖြင့် မိမိ သွားကြည့်သောအခါ စစ်ကား ဘီ-၆၀၀၊ မာဇဒါ နံပါတ် ကြယ်/၃၁၃၈(င)ကို တွေ့ရကြောင်း။

### ဖုန်းဆက်

ယင်းကားသည် ယမန်နေ့ညကပင် ထိုနေရာ၌ ရပ်ထားသည်ဟု အချို့က ပြောသဖြင့် မိမိက ကားကိုမကိုင်ရန်နှင့် ပစ္စည်းများမယူရန်ကို ပြောခဲ့ကြောင်း၊ ထိုစဉ် မိမိအိမ်ရှင် ဦးသာဦး ရောက်လာပြီး ကားနှင့်ပတ်သက်၍ သက်ဆိုင်ရာသို့ ဖုန်းဆက်အကြောင်းကြားရန် အကြံပေး၍ မိမိသည် အိမ်နားမှဖုန်းဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တာဝန်မှူးရုံးသို့ ဖုန်းဆက်ရာ မရသဖြင့်



တပ်ထိန်းသို့ ဖုန်းဆက်ပြီး အကြောင်းကြားခဲ့ကြောင်း၊ မိမိ ဖုန်းဆက်ပြီး တစ်နာရီခန့်အထိ ကားကိုလာမယူသေးကြောင်း၊ မိမိလည်း ကိစ္စဖြင့် မြို့ထဲသွားပြီး ညနေ ၄ နာရီခန့် အိမ်ပြန်ရောက်လျှင် ကားကို တပ်မတော်မှလာဆွဲယူသွားပြီဖြစ်သည်ဟု သိရကြောင်း၊ မိမိသည် ကား၏အနီးသို့ သွားကြည့်ခဲ့ရာ တံခါး၌ သော့တန်းလန်းရှိပြီး ကားထဲ ညာဘက်ထိုင်ခုံပေါ်တွင် တပ်မတော်အရာရှိဆောင်း ဦးထုပ်တစ်လုံး တင်ထားသည်ကို တွေ့ရကြောင်း၊ ယခုတရားရုံးဆောင်တွင်ရှိသောကားမှာ မိမိ တွေ့ခဲ့သောကားဖြစ်ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

### သတင်းပို့

ထို့နောက် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏အကျိုးဆောင် ဦးကိုယုကမေးမြန်းသည်ကို ဦးမောင်မောင်ဦးက ထွက်ဆိုသည်။ ဆက်လက်၍ အမှတ်(၁)တပ်ထိန်းတပ်ခွဲ(ရေ)မှ တပ်ကြပ်ကြီးအေးချို့ကို စစ်ဆေးသည်။ ၎င်းကထွက်ဆိုရာတွင် ၁၉၇၆ ခု ဇူလိုင် ၃ ရက် နံနက် ၉ နာရီနှင့် ၁၀ နာရီကြား၌ ဦးမောင်မောင်ဦး ဆိုသူက ဖုန်းဆက်၍ ဖုန်းကို မိမိလက်ခံကြောင်း၊ ၎င်းကပြည်လမ်း ခြောက်မိုင်ခွဲ ဇွပ်ကျယ်စက်အနီးတွင် တပ်မတော်မှ ကားတစ်စီးရပ်ထားသည်မှာ ယမန်နေ့ညကပင်ဖြစ်သည်ဟု အကြောင်းကြားသဖြင့် မိမိက ကားအမှတ်ကိုမေးလျှင် ၎င်းက ကြယ်/၃၁၃၈(င) ဖြစ်သည်ဟု ပြန်ကြားကြောင်း။ မိမိလည်း အမှတ်(၁)မော်တော်ယာဉ်တပ်ခွဲသို့ ဖုန်းဆက်အကြောင်းကြားပြီး သွားဆွဲသင့်ကဆွဲရန် ပြောခဲ့ကြောင်း။

နေ့လယ် ၂ နာရီခန့်တွင် ကားအခြေအနေကို သိလို၍ မော်တော်ယာဉ်တပ်သို့ ဖုန်းဆက်ရာ ယင်းကိစ္စကို ဗိုလ်ကြီးတင်အေး ကိုယ်တိုင်ဆောင်ရွက်နေကြောင်း၊ ကားမှာ ကာကွယ်ရေးဦးစီးချုပ် ကိုယ်ရေးအရာရှိ၏ကားဖြစ်၍ မည်သူမျှမကိုင်တွယ်ရဟု ပြောကြားကြောင်း၊ သို့နှင့် ညနေ ၃ နာရီခန့်တွင် မိမိသည် တာဝန်မှူး ဗိုလ်ကြီးသိန်းတင်အား ယင်းကိစ္စများကို သတင်းပို့ခဲ့ကြောင်း ထွက်ဆိုသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## တပ်ခွဲမှ

ငင်းနောက် အမှတ်(၁)မော်တော်ယာဉ်တပ်ခွဲမှ ဗိုလ်ကြီးတင်အေးကို စစ်ဆေးသည်။ ၎င်းတို့ ထွက်ဆိုရာတွင် မိမိ၏အဓိကတာဝန်မှာ မော်တော်ယာဉ်များနှင့်ပတ်သက်၍ လုပ်ဆောင်ပေးရကြောင်း၊ ၁၉၇၅ ခု မေလ ၇ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်၏ကိုယ်ရေးအရာရှိ ဗိုလ်ကြီးအုန်းကျော်မြင့်ကို မော်တော်ယာဉ်အမှတ် ကြယ်/၃၁၃၈(င) ဘီ-၆၀၀ မာဇဒါကားကို ထုတ်ပေးခဲ့ကြောင်း၊ ၁၉၇၆ ခု ဇူလိုင် ၃ ရက်နေ့နံနက် ၁၀ နာရီခန့်တွင် တပ်ကြပ်ကြီးအေးချိုက စစ်ယာဉ်အမှတ် ကြယ်/၃၁၃၈(င) ဘီ-၆၀၀ တပ်တွင်ရှိမရှိမေးပြီး ထိုကားသည် ခြောက်မိုင်ခွဲ စွပ်ကျယ်စက်အနီး၌ ရပ်ထားသည်မှာ တစ်ရက်ခွဲခန့်ရှိပြီဟု သတင်းပို့သဖြင့် မိမိသည် တပ်မှူးဗိုလ်ကြီးသန်းဆွေထံ သတင်းဆက်ပို့ပြီး ၎င်း၏ညွှန်ကြားချက်အရ ကားကို မိမိအဖွဲ့နှင့် သွားကြည့်စစ်ဆေးကြောင်း။

## လွှဲပြောင်း

ကားတွင် အရာရှိဆောင်းဦးထုပ်တစ်လုံးနှင့် သော့တွဲတစ်တွဲကို တွေ့ရကြောင်း၊ ကားကို မော်တော်ယာဉ်တပ်ခွဲသို့ ဆွဲယူခဲ့ကြောင်း၊ ၁၉၇၆ ခု ဇူလိုင် ၁၂ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆေးရေးဌာနမှ စစ်ဦးစီးမှူး(၃) ဗိုလ်မှူးသိန်းဟန်၏ ခွင့်ပြုချက်အရ ဗိုလ်ကြီးမောင်ခွေးအား ကားနှင့်အတူ ဦးထုပ်၊ သော့တွဲတို့ကို လွှဲပြောင်းထုတ်ပေးခဲ့ကြောင်း၊ ဇူလိုင် ၃၀ ရက်တွင် ဗိုလ်ကြီးမောင်ခွေး၏ ညွှန်ကြားချက်အရ တပ်သားခင်ဇော်က ၎င်းကားကို လာရောက်အပ်နှံသဖြင့် လက်ခံခဲ့ကြောင်း။ ကားရှေ့မှန် ကွဲနေသည်ကို တစ်စုံတစ်ရာမပြင်ဘဲ ထားခဲ့ကြောင်း၊ ယခု ရုံးဘေးတွင် ရပ်ထားသောကားမှာ မိမိတို့ သွားရောက်ဆွဲယူခဲ့သောကားဖြစ်ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

## သေနတ်ထုတ်

ထို့နောက် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင်က မေးမြန်းသည်ကို ဗိုလ်ကြီးတင်အေးက ထွက်ဆိုသွားသည်။ ဆက်လက်၍ ကာကွယ်ရေး



ဦးစီးချုပ်ရုံး ရုံးအုပ် အရာခံဗိုလ်တင်မြိုင်ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ၁၉၇၆ ခု မတ် ၂၃ ရက် နံနက် ၁၀ နာရီခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်က မိမိထံ တယ်လီဖုန်းဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ပြောင်းလာစဉ်က ကာကွယ်ရေးဝန်ကြီးဌာနတွင် အပ်ထားသော ကာဘိုင်သေနတ်ကို ထုတ်ယူပြီး သူ့စားပွဲနားတွင် ထောင်ထားရန်၊ သေနတ်ထုတ်ရန် စခန်းရုံးသို့ အကြောင်းကြားထားပြီးဖြစ်သည်ဟု ပြောကြောင်း၊ မိမိက သေနတ်ထုတ်ရန် အရာရှိလက်မှတ်ထိုးမှ ရမည်ဟု ပြန်ပြောလျှင် ၎င်းက ဗိုလ်ကြီးမောင်ခွေး ရှိသလားဟု မေးကြောင်း၊ ရှိသည်ဟု မိမိကဖြေလျှင် သူ့(ဗိုလ်ကြီးမောင်ခွေး)ကို လက်မှတ်ထိုးခိုင်းရန် ၎င်းက ဆက်ပြောကြောင်း။

## လက်မှတ်ထိုး

မိမိလည်း ၎င်း၏အမှာအတိုင်း ဗိုလ်ကြီးမောင်ခွေးကို ပြောပြ၍ ဗိုလ်ကြီးမောင်ခွေးက ထိုးပေးမည်ဟုပြောကြောင်း၊ သို့နှင့် အစီအစဉ်များလုပ်၍ ဆရာသိန်းမြင့် ကာဘိုင်သေနတ်နှင့်လွယ်ကြိုးကို ထုတ်ယူလာပြီး ဗိုလ်ကြီးအုန်းကျော်မြင့် စားပွဲအနီး သံမဏိဗီရို၌ ထောင်ထားကြောင်း၊ မိမိကိုပြသော သေနတ်မှာ ဗိုလ်ကြီးအုန်းကျော်မြင့် ထုတ်ခိုင်းသည့် ကာဘိုင်သေနတ်အမှတ် ၇၆၃၁၀၄ ဖြစ်ကြောင်း။

## တာဝန်ဆင်း

ညနေ ၄ နာရီခန့်တွင် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ၎င်း(ဗိုလ်ကြီးအုန်းကျော်မြင့်)ပြန်လာကြောင်း၊ မိမိလည်း ၎င်းအား သေနတ်ကိုပြပြီး ထုတ်ယူပြီးကြောင်း၊ သတင်းပို့ခဲ့ကြောင်း။

မတ် ၂၄ ရက် နံနက်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်က မိမိထံဖုန်းဖြင့် ထုတ်ထားပြီးသော သေနတ်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုရုံးသို့ ပို့ပေးပါရန် မှာကြားသဖြင့် ပို့ပေးခဲ့ကြောင်း၊ ထိုစဉ်က ၎င်းသည် ကာကွယ်ရေးဦးစီးချုပ်၏ ကိုယ်ရံတော်အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တရားခံ ဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင်က မေး ၂၂ မြန်းသည်ကို အရာခံဗိုလ်တင်မြိုင်က ထွက်ဆိုသွားသည်။

၎င်းနောက် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ တပ်ရေးဗိုလ်ကြီး ဝင်းလွင်ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိသည် လက်ရှိတာဝန်ကို ၁၉၇၄ ခု ဖေဖော်ဝါရီလ ၂ ရက်မှ စတင်ထမ်းဆောင်ကြောင်း၊ စခန်းမှူးမှာ ဗိုလ်မှူးစိန်မြင့် ဖြစ်ကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်သည် ရန်ကုန်တိုင်းမှူး၏ ကိုယ်ရေးအရာရှိ ဖြစ်စဉ်ကလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်၏ ကိုယ်ရုံတော်အရာရှိ ဖြစ်စဉ်ကလည်းကောင်း စခန်းရုံးသို့ ဝင်ထွက်သွားလာခဲ့ကြောင်း၊ ဗိုလ်မှူးစိန်မြင့်၏ ရုံးခန်းသို့ မကြာခဏလာကြောင်း၊ ၎င်းက စခန်းမှူးကို အဘဟုလည်းကောင်း၊ စခန်းမှူးက ၎င်းကို ပီအက်စ်အိုကြီးဟုလည်းကောင်း ခေါ်ကြကြောင်း၊ ၎င်းတို့ ပြောဆိုပုံမှာ အလွန်ရင်းနှီးပုံရကြောင်း။

## ဖျက်ဆီးပစ်

မတ် ၂၇ ရက် တပ်မတော်နေ့ ညစာစားပွဲကို မိမိနှင့် ဗိုလ်ကြီးတစ်စုတို့ သွားကြပြီး အပြန်တွင် စခန်းရုံးတွင် ရုပ်ရှင်ပြသည်ကို သွားကြည့်နေသည့် ဇနီးထံလိုက်သွားစဉ် စတီးဝပ်လမ်းနှင့် အလံပြဘုရားလမ်းဆုံတွင် ဗိုလ်မှူးစိန်မြင့်ကိုတွေ့၍ ပြန်ရောက်ကြောင်း သတင်းပို့ခဲ့ကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန လုံခြုံရေးစကားဝှက်ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးဌာနစုမှ ထုတ်ပေးလေ့ရှိကြောင်း၊ စခန်းမှူးရုံးမှ စခန်းမှူးအနေဖြင့် သီးခြားစကားဝှက် မထုတ်ကြောင်း၊ စကားဝှက်ကို စခန်းမှူးထံ တင်ပြပြီး စခန်းမှူးတာဝန်ကျ တပ်ကြပ်ကြီးများကိုပြပြီး ဖျက်ဆီးပစ်ရကြောင်း၊ ၁၉၇၆ ခု မတ် ၂၇ ရက်နေ့အတွက် စခန်းမှူးက သီးခြားစကားဝှက်အား မိမိအားမပေးကြောင်း၊ အခြားလူများကို ပေ ,မပေး မသိကြောင်း။

## နုတ်ထွက်စာ

၁၉၇၆ ခု ဇွန်(သို့)ဇူလိုင်လလောက်တွင် စခန်းမှူး၏နုတ်ထွက်စာ ရုံးအုပ်မှတစ်ဆင့် မိမိထံ ရောက်လာကြောင်း၊ မိမိက နုတ်ထွက်စာကို လက်



မှတ်ရေးထိုးပြီး ဘယ်မှဆက်မပို့ဘဲ သိမ်းထားလိုက်ကြောင်း၊ တပ်ကြပ်ကြီးအောင်မြတ်မှတစ်ဆင့် စခန်းမှူးက ၎င်း၏နုတ်ထွက်စာကို သက်ဆိုင်ရာသို့ တင်ပြပေးရန်မှာကြောင်း၊ နောက်တစ်နေ့ညနေတွင် စခန်းမှူး ဗိုလ်မှူးစိန်မြင့်ရောက်လာပြီး ၎င်းနုတ်ထွက်စာကိုပေးရန်နှင့် မိမိကမပို့လျှင် ၎င်းကိုယ်တိုင်ပို့မည်ဟုပြောလျှင် မိမိက ဘာကြောင့်ထွက်ရမှာလဲ၊ လုပ်ငန်းလည်း အားလုံးအဆင်ပြေသားပဲဟုပြောရာ ၎င်းက လူတစ်ယောက်၏သိက္ခာကို စော်ကား၍ ထွက်ခြင်းဖြစ်ကြောင်း ပြောသဖြင့် မိမိလည်းမမေးတော့ကြောင်း၊ ယခု မိမိကိုပြသောစာမှာ စခန်းမှူးနုတ်ထွက်စာ ဖြစ်ကြောင်း စသဖြင့် ထွက်ဆိုသွားသည်။

၎င်းနောက် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင်က မေးမြန်းသည်ကို ဗိုလ်ကြီးဝင်းလွင်က ထွက်ဆိုသွားသည်။

ဆက်လက်၍ တရားလိုပြသက်သေ အင်းစိန်မြို့နယ် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ဝင်းကိုစစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိရုံး၌ ဗိုလ်ကြီးအုန်းကျော်မြင့်သည် ၁၉၇၆ ခု စက်တင်ဘာ ၉ ရက်က လာရောက်ဖြောင့်ချက်ပေးကြောင်း၊ ထိုနေ့က အဖွဲ့ဥက္ကဋ္ဌ မိမိနှင့် အဖွဲ့ဝင်များမှာ ဦးခင်မောင်နှင့် ဦးစောအေးရွှေတို့ဖြစ်ကြကြောင်း၊ ဖြောင့်ချက်ပေးရန် ရဲအုပ်ကြီးဦးတင်ဝင်းက ၎င်းကိုခေါ်လာကြောင်း၊ ပဏာမစစ်မေးရာ၌ မိမိက ဖြောင့်ချက်ပေးခြင်းနှင့် ပတ်သက်၍ နှိပ်စက်ညှဉ်းပန်းမှု၊ သွေးဆောင်ဖြားယောင်းမှု၊ အတင်းအကြပ်ပေးခိုင်းမှု ရှိ, မရှိမေးရာ ၎င်းက မည်သူကမှ နှိပ်စက်ညှဉ်းပန်းမှု၊ သွေးဆောင်ဖြားယောင်းမှု၊ တိုက်တွန်းမှုမရှိဘဲ ၎င်းဆန္ဒအရပေးလိုခြင်းဖြစ်သည်ဟု ဖြေကြောင်း။

ရုံးတော်တွင် သက်သေခံအဖြစ် သုံးနိုင်သည်ကို သိပါလားဟုမေးရာ ၎င်းက ယခုမှ သိပါသည်ဟု ဖြေကြောင်း၊ ဖြောင့်ချက်ပေးသဖြင့် သက်သာရာရချင်မှုရမည်ဟု မိမိက ပြောပြပြီး ပေးလိုသောဆန္ဒ ရှိမရှိမေးရာ ၎င်းက ပေးလိုပါသည်ဟု ပြန်လည်ဖြေကြားခဲ့၍ မိမိတရားစီရင်ရေးအဖွဲ့နှင့် သက်သေများသည် ၎င်း၌ ဒဏ်ရာရှိမရှိ စစ်ဆေးခဲ့ရာ ဘာမျှမတွေ့သည့်ပြင် ၎င်းကလည်း ဒဏ်ရာမရှိပါဟု ဖြေခဲ့ကြောင်း၊ တရားရုံး ပတ်ဝန်းကျင်တွင် လက်နက်ကိုင်တပ်ဖွဲ့မှ ရှိမရှိကြည့်စေလိုကြောင်း၊ ထို့နောက် တစ်နာရီ စဉ်းစားချိန်

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့ကြောင်း၊ အချိန်စေ့သော် ထပ်မံ၍ ၎င်း၏ဆန္ဒကိုရယူရာ ၎င်းကဖြောင့်ချက်ပေးလိုပါသည်ဟု ပြန်ဖြေသဖြင့် ရာဇဝတ်ပုံစံ ၆၉ တွင် တရားခံက မိမိဆန္ဒသဘောအရ ဖြောင့်ချက်ပေးလိုပါသည် မှတ်တမ်းတင်ပြီး ဖြောင့်ချက်များကို ၎င်းကပြောပြသည့်အတိုင်း မှတ်တမ်းတင်ခဲ့ကြောင်း။

ဖြောင့်ချက်ပေးစဉ် မြင်နိုင် ကြားနိုင်သော နေရာတွင် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ မတွေ့ရကြောင်း၊ ဖြောင့်ချက်ကို တရားသူကြီးအဖွဲ့ဝင် ဦးစောအေးရွှေက ရေးမှတ်ခဲ့ကြောင်း၊ ဖြောင့်ချက်ကို မွန်းလွဲ ၁ နာရီမှ ည ၈ နာရီအထိ ယူခဲ့ပြီး ၎င်းအား ဖတ်ပြခဲ့ကြောင်း၊ တရားခံ၊ သက်သေများနှင့် တရားစီရင်ရေးအဖွဲ့ဝင်များသည် ဖြောင့်ချက်၏စာမျက်နှာတိုင်း၌ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ (၎င်းဖြောင့်ချက်ကို ရုံးတော်သို့ အပြည့်အစုံတင်ပြသည်) ဖြောင့်ချက်ယူပြီး ရမန်ကို အကျဉ်းထောင်သို့ ပေးလိုက်ကြောင်း၊ ဖတ်ပြသောဖြောင့်ချက်မှာ ဗိုလ်ကြီးအုန်းကျော်မြင့် ပေးခဲ့သောဖြောင့်ချက် မှန်ကန်ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ထို့နောက် တရားခံ ဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင် ဦးကိုယုက မေးမြန်းသည်ကို ဦးစိန်ဝင်းက ဖြောင့်ချက်ပေးစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်ကို ဘယ်ကလာသလဲဟု မိမိမမေးခဲ့ကြောင်း၊ ဖြောင့်ချက်ပေးပြီး ပြန်ခေါ်သွားကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

၎င်းနောက် တရားလိုပြသက်သေ ကုန်သွယ်ရေး(၅)မှ အထည်အလိပ်အင်ဂျင်နီယာ ဦးစိန်ဝင်းကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ဗိုလ်ကြီးအုန်းကျော်မြင့်ကို မိမိသည် ဒေါက်တာခင်မောင်တူက မိတ်ဆက်ပေးသဖြင့် ၁၉၇၀ ပြည့်နှစ် အလယ်ပိုင်းလောက်က စသိကြောင်း၊ ၁၉၇၆ ဇူလိုင် ၃ ရက် ညနေ ၅ နာရီခွဲခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်သည် မိမိထံသို့ ကားခဏငှားရန် လာပြောကြောင်း၊ ထိုစဉ်က ၎င်းသည် ယာဝေယံရုပ်အစင်း အဝါရောင်ရှိနိုင်လုံချည့်စိမ်း ဝတ်ထားကြောင်း၊ မျက်နှာတွင် စိတ်လှုပ်ရှားနေပုံရသဖြင့် မိမိက အိမ်ကအမျိုးသမီးနှင့် စိတ်ဆိုးလာပြီး အခြားအမျိုးသမီးတစ်ယောက်နှင့် သွားတွေ့ရန် ယခုကဲ့သို့ ကားလာငှားခြင်းဖြစ်သည်ယု ယူဆမိကြောင်း။

မိမိကားမှာ ဖယ်မလီယာ တံခါးလေးပေါက် အပြာရောင် ဆ/၆၂၀၈ ဖြစ်ကြောင်း၊ မိမိကားဖြင့် ၎င်းမယူသွားမီ ၎င်းအိမ်သို့ ဖုန်းဆက်ကြည့်ရာ



၎င်း၏ဇနီးနှင့် တွေ့ရပြီး ဗိုလ်ကြီးအုန်းကျော်မြင့် ဘယ်သွားသည်ကို မသိကြောင်း၊ စကားမပြောသည်မှာ နှစ်လခန့်ရှိပြီဖြစ်ကြောင်းနှင့် ယမန်နေ့ညက အိမ်မပြန်ကြောင်း စသည်တို့ကို သိရသဖြင့် မိမိယူဆချက် မှန်သည်ဟုထင်မိကြောင်း၊ ထို့နောက် ၎င်းထွက်သွားကြောင်း၊ ည ၁၀ နာရီခွဲခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့် ငှားရမ်းသော မိမိကားမှာ ထောက်လှမ်းရေးအမှတ်(၇)သို့ ရောက်နေသည်ဟု ဖုန်းဆက်ကြောင်း၊ ကားကို ဇူလိုင်လ ၈ ရက်တွင် ပြန်ရကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ဆက်လက်၍ တရားလိုပြသက်သေ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ အရာခံဗိုလ်ဖေအုန်းမြင့်ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် စခန်းမှူးရုံးသို့ မိမိသည် ၁၉၇၆ ခု ဇန်နဝါရီ ၅ ရက်က ရောက်ကြောင်း၊ စခန်းမှူးမှာ ဗိုလ်မှူးစိန်မြင့်ဖြစ်ကြောင်း၊ ၎င်းနှင့် မိမိတို့သည် ၁၉၄၉ ခု မတ် ၃ ရက်မှ စသိခဲ့ကြောင်း၊ ၁၉၇၆ ခု မတ် ၂၇ ရက်မှ ၂၈ ရက် နံနက် ၇ နာရီအထိ တာဝန်ကျကြောင်း၊ မတ် ၂၇ ရက် နံနက် ၉ နာရီခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်က တယ်လီဖုန်းဖြင့် သေနတ်ထုတ်လိုကြောင်းပြောရာ မိမိက သေနတ်ပေးပိုင်ခွင့် မရှိကြောင်း၊ စခန်းမှူးကို တင်ပြပါမည်ဟု ပြောခဲ့ကြောင်း၊ စခန်းမှူးအား မိမိသတင်းပို့လျှင် စခန်းမှူး ဗိုလ်မှူးစိန်မြင့်က ထောက်(၄) ကြည်းပုံစံဖြင့် ထုတ်ပေးရန်ပြော၍ မိမိက တပ်ထောက်ဗိုလ်ကြီး ဗိုလ်ကြီးကျော်ဝင်းထံ ဖုန်းဆက်သတင်းပို့ခဲ့ကြောင်း၊ နေ့လယ် ၁၂ နာရီခန့်တွင် အရပ်ဝတ်ဖြင့် လူတစ်ယောက်ဝင်လာပြီး ၎င်းထုတ်ခိုင်းထားသော သေနတ် ရ,မရ လာမေးကြောင်း၊ မိမိက သေနတ်ထုတ်ရန်နေရာ မဟုတ်ကြောင်းပြောလျှင် ၎င်းက ဗိုလ်ကြီးအုန်းကျော်မြင့် ဖြစ်သည်ဟု ပြောသဖြင့် ၎င်းအတွက် ဗိုလ်ကြီးကျော်ဝင်းတို့ ပြေစာရိုက်နေပါသည်ဟု ပြန်ဖြေလျှင် ၎င်းလည်း မိမိအခန်းမှ ထွက်သွားကြောင်း။

နှစ်နာရီခန့်ကြာလျှင် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် ဗိုလ်ကြီးကျော်ဝင်းတို့ သေနတ်နှင့် စာရွက်စာတမ်းများပါ ယူလာပြီး မိမိရုံးခန်းသို့ ရောက်လာကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်သည် လက်မှတ်ရေးထိုးပြီး သေနတ်ကိုစစ်ဆေး၍ ထွက်သွားကြောင်း၊ ညနေ ၅ နာရီခွဲခန့် တာဝန်မှူးရုံးခန်းသို့ မိမိရောက်စဉ် တပ်မှူး ဗိုလ်မှူးစိန်မြင့်က ဗိုလ်ကြီးထွန်းအေးအား အမှတ်(၂)ဂိတ်တွင်

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူရန် ညွှန်ကြားနေကြောင်း၊ ထိုနေ့က ဗိုလ်ကြီးအုန်းကျော်မြင့် သေနတ်နှစ်လက် ထုတ်ယူသွားကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

တရားသူကြီးအဖွဲ့ဥက္ကဌက အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်သည်။

✧ ✦ ✧

## အုန်းကျော်မြင့် လက်နက်လာထုတ်ပုံ ထွက်ဆို

### အမိကတာဝန်

ပထမဦးစွာ တရားလိုပြသက်သေ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံးမှ စစ်ဦးစီးမှူး(တတိယတန်း) ဗိုလ်ကြီးတင်ဦးကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိ၏အမိကတာဝန်မှာ ပါတီဗဟိုကော်မတီအစည်းအဝေး၊ ပါတီဗဟိုအလုပ်အမှုဆောင်အစည်းအဝေး၊ ပြည်သူ့လွှတ်တော်အစည်းအဝေး၊ တပ်မတော်ပါတီကော်မတီအစည်းအဝေးနှင့် တိုင်းမှူး တပ်မမှူးများ အစည်းအဝေးတို့တွင် တပ်မတော်ထောက်လှမ်းရေးအဖွဲ့အနေဖြင့်လည်းကောင်း၊ အမျိုးသားထောက်လှမ်းရေးတပ်ဖွဲ့အနေဖြင့်လည်းကောင်း အမိန့်အရ လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရကြောင်း။

၁၉၇၆ ခု ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီခန့်တွင် အမိန့်အရ စစ်ဦးစီး(၃) ဗိုလ်မှူးချစ်ထွန်းနှင့် မိမိတို့သည် ဗိုလ်ကြီးမောင်ခွေးကို ဝင်ရောက်ပြောဆိုပြီး ၎င်းနှင့်အတူ မိမိတို့သည် ဗိုလ်ကြီးအုန်းကျော်မြင့် ရုံးခန်းသို့ သွားရောက်ရှာဖွေခဲ့ရာ ရုံးခန်းရှိ သံမဏိဗီရိုဒုတိယဆင့်၌ ပွိုင့် ၃၈ စပါယ်ရှယ်ခြောက်လုံးပြူး တစ်လက် (အိတ်နှင့်ထည့်လျက်)နှင့် ကာဘိုင်ကျည်ခါးပတ် (ကျည်ကပ်ခြောက်ကပ်ပါပြီး တစ်ကပ်လျှင် ကျည်ဆန် ၂၀ ကျစီရှိသည်)တစ်ခုကိုတွေ့ရကြောင်း။ ယခု ရုံးရှေ့တွင် မိမိအားပြသသော ခြောက်လုံးပြူးသေနတ်မှာ ဗိုလ်ကြီးအုန်းကျော်မြင့်ရုံး သံမဏိဗီရိုမှ ရှာဖွေတွေ့ခဲ့သော သေနတ်ဖြစ်ကြောင်း၊ သေနတ်နံပါတ်မှာ အဲလ်ဒဗလျူ ၂၀၅၈၄၆ ဖြစ်ကြောင်း၊ ယခု မိမိကိုပြသော ကာဘိုင်ကျည်ခါးပတ်နှင့် ကျည်ဆန်မှာလည်း မိမိတို့ ရှာဖွေတွေ့ခဲ့သော ပစ္စည်းများ ဖြစ်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ သံမဏိဗီရိုမှာ မိမိတို့မရှာဖွေမီအထိ ဗိုလ်ကြီးအုန်းကျော်မြင့် သုံးသည့်ဗီရိုဖြစ်ကြောင်း၊ တွေ့ရှိသောပစ္စည်းများကို တပ်မတော်ထောက်လှမ်းရေး ဒုတိယညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ထွန်းအား အပ်ခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ထို့နောက် တရားခံ ဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင် ဦးကိုယု နှင့် တရားလိုအကျိုးဆောင် ဦးဘမောင်တို့၏ မေးမြန်းချက်ကို ဗိုလ်ကြီးတင်ဦး က ထွက်ဆိုသွားသည်။

ဆက်လက်၍ တရားလိုပြသက်သေ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး တပ်ထောက်ဗိုလ်ကြီးထွန်းအေးကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ၁၉၇၂ ခုမှစ၍ စခန်းမှူးရုံး၌တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၁၉၇၆ ခု မတ်လ ၂၇ ရက်ည ကျင်းပသည့် တပ်မတော်နေ့ ညစာစားပွဲသို့ မိမိမတက်ရောက်ခဲ့ကြောင်း၊ ထိုနေ့ညတွင် စခန်း၌ စခန်းမှူးဗိုလ်မှူးစိန်မြင့်နှင့် မိမိတို့အရာရှိနှစ်ဦးသာ ကျန်ခဲ့ကြောင်း၊ ဗိုလ်မှူးစိန်မြင့် ညစာစားပွဲ မသွားခြင်းမှာ ယခင်နှစ်များကလည်း မသွားခဲ့ဘဲ စခန်းလုံခြုံရေးအတွက် နေခဲ့ခြင်းဖြစ်ကြောင်း၊ ထိုည ၇ နာရီခွဲခန့်တွင် မိမိအိမ်၌ရှိနေစဉ် ရဲဘော်တစ်ယောက်လာပြီး မိမိအား ဗိုလ်မှူးစိန်မြင့်ကခေါ်ကြောင်း ပြောသဖြင့် အရပ်ဝတ်နှင့်ပင် ၎င်းအိမ်သို့ သွားရောက်ခဲ့ကြောင်း။

၎င်းအိမ်သို့ရောက်လျှင် စခန်းမှူးက မိမိအား ယခုည ထူးထူးခြားခြား ဖြစ်လိမ့်မည်ဟုပြောရာ မိမိက ဘာတွေဖြစ်မှာလဲဟု မေးသော်လည်း ပြန်မဖြေဘဲ ၎င်းက ဆက်လက်၍ မော်တော်ယာဉ်ဂိတ်သို့သွား၍ ရုပ်ရှင်ပြသည့်နေရာတွင် လူဝင်လူထွက် စစ်ဆေးပြီး လက်မှတ်မပါသူများအား ဝင်ခွင့်မပြုရန်နှင့် ယူနီဖောင်းဝတ်သွားရန်ပြောကြောင်း၊ မိမိက သေနတ်ယူသွားရန်လိုမလိုမေးရာ ၎င်းက ယူသွားရန်ပြောကြောင်း၊ မိမိလည်း ၎င်း၏အမှာစကားအတိုင်း မော်တော်ယာဉ်ဂိတ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြောင်း၊ ထိုညက စကားဝှက်ကို မိမိမသိပါ၊ စခန်းမှူးအားလည်း မမေးပါ။ ရုပ်ရှင်ပြသည့်နေရာတွင် တပ်စိတ်တစ်စိတ် တိုးချထားသည်ကို တွေ့ရကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေစဉ် ည ၁၀ နာရီခွဲခန့်၌ ရဲဘော်တစ်ယောက်လာပြီး မိမိအား



စခန်းမှူး ခေါ်နေကြောင်းနှင့် ရုပ်ရှင်ပြသည့်နေရာတွင်ရှိကြောင်း သတင်းပို့သဖြင့် စတီးဝပ်လမ်းနှင့် အလံပြဘုရားလမ်းထောင့်တွင် စခန်းမှူးအား မိမိသွားတွေ့ကြောင်း၊ ထိုစဉ်က စခန်းမှူးသည် ယူနီဖောင်းဝတ်ထားပြီး ဘာရက်တာပစ္စတိုသေနတ်ကို ဘောင်းဘီနောက်အိတ်၌ ထိုးထားသည်ကို မီးရောင်ရှိနေ၍ သေသေချာချာ မြင်ရကြောင်း၊ ၎င်းက မိမိအား ယနေ့ညအကြောင်း မထူးတော့၍ အိမ်ပြန်ပြီး အရပ်ဝတ်လဲရန် ပြောသဖြင့် မိမိပြန်ခဲ့ကြောင်း။

ဗိုလ်ကြီးအုန်းကျော်မြင့်ကို လုပ်ငန်းနှင့်ပတ်သက်၍ မိမိသိသော်လည်း ခင်မင်ရင်းနှီးမှုမရှိကြောင်း၊ ၎င်းသည် စခန်းမှူးရုံးသို့ ရံဖန်ရံခါ လာတတ်ကြောင်း၊ ၎င်းက စခန်းမှူးကို အဘဟုခေါ်၍ ၎င်းတို့ချင်း ရင်းနှီးသည်ဟု ဟုဆကြောင်း၊ စခန်းရုံးအရာရှိများက ဗိုလ်မှူးစိန်မြင့်အား ဗိုလ်မှူးဟုပဲခေါ်ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ထို့နောက် ၎င်း(ဗိုလ်ကြီးထွန်းအေး)အား တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင်က မေးမြန်းသည်ကို ထွက်ဆိုသွားသည်။

## အသွင်းအထုတ်

ဆက်လက်၍ တရားလိုပြသက်သေ ကာကွယ်ရေးဝန်ကြီးဌာန စခန်းရုံးမှ တပ်ကြပ်ဝေလွင်ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ၁၉၇၄ ခု ဖေဖော်ဝါရီလတွင် လက်နက်တိုက်သို့ အပြီးလွှဲပြောင်း တာဝန်ထမ်းဆောင်ရကြောင်း မိမိ၏အဓိကတာဝန်မှာ လက်နက်အသွင်းအထုတ်တာဝန်ဖြစ်ကြောင်း၊ ယခု မိမိကိုပြသော သက်သေခံပစ္စည်းကို မိမိသိကြောင်း။

၁၉၇၆ ခု မတ် ၂၃ ရက်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်အတွက် ကာဘိုင်သေနတ်ထုတ်ပေးသည့်ပြေစာ၌ ဗိုလ်ကြီးမောင်ဒွေး လက်မှတ်ထိုးထား၍ ယင်းပြေစာကို မိမိတွေ့ရကြောင်း၊ ယင်းပြေစာကို တပ်ကြပ်သိန်းမြင့် လာရောက်ပေးသည်ကို မိမိတွေ့ရကြောင်း၊ ယင်းပြေစာတွင် ထုတ်ပေးသူအဖြစ် တပ်ထောက်ဗိုလ်ကြီးကျော်ဝင်းက လက်မှတ်ရေးထိုးကြောင်း၊ လက်နက်တိုက်မှ ကာဘိုင်သေနတ်ယူပြီး တပ်ကြပ်သိန်းမြင့်အား တပ်ထောက်ရုံးခန်း၌ ပေးလိုက်ကြောင်း၊ သေနတ်အပ်စဉ်က ဘာမျှမပါ၍ ထုတ်ပေးသောအခါတွင်လည်း

www.burmeseclassic.com



သေနတ်တစ်မျိုးတည်းသာ ထုတ်ပေးကြောင်း၊ ယင်းသေနတ်ကို ၁၉၇၃ ခုနှစ်ခန့်တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ်က ပြန်အပ်ထားသည်ဟုထင်ကြောင်း။

၁၉၇၆ မတ် ၂၇ ရက်တွင် တော်လှန်ရေးပန်းခြံမှ ပြန်အလာ စခန်းရုံးအရောက်တွင် တပ်ကြပ်ကြီးအုန်းသွင်နှင့် ဒုတိယအရာခံဗိုလ်ဖေအုန်းမြင့်တို့က သေနတ်ထုတ်ပေးရမည်ဟုပြောလျှင် မိမိက ရုံးပိတ်ရက်ဖြစ်၍ သေနတ်ထုတ်ပေးချိန်မဟုတ်ဟု ပြန်ပြောကြောင်း၊ ဒုတိယအရာခံဗိုလ်ဖေအုန်းမြင့်က စခန်းမှူးအမိန့်အရ ထုတ်ပေးရမည်ဟု ပြောကြောင်း၊ မိမိက မည်သူ့အား ဘာသေနတ်ထုတ်ပေးရမလဲဟုမေးလျှင် ဗိုလ်ကြီးအုန်းကျော်မြင့်အား အေးဂျင့်နှင့် ဘာရက်တာ ထုတ်ပေးရမည်ဟု ၎င်းကပြောကြောင်း၊ မိမိက အေးဂျင့်သေနတ်မှာ ဗိုလ်ကြီးများကိုင်တာမဟုတ်ဘဲ လူကြီးများကိုင်တာဟု ပြောခဲ့ကြောင်း၊ ယင်းသို့ပြောရခြင်းမှာလည်း အစဉ်အလာအရ ဗိုလ်မှူးကြီးများနှင့် ဝန်ကြီးများကိုသာ ထုတ်ပေးခဲ့ရ၍ဖြစ်ကြောင်း။

## သေနတ်ယူ

ထို့နောက် တပ်ကြပ်ကြီးအုန်းမောင်က တပ်ထောက်ဌာနစိတ်တွင် ပြေစာသွားရေးပြီး မိမိကလက်နက်တိုက်တွင် သေနတ်နံပါတ်များသွားယူပြီး ဆရာအုန်းမောင်ကို နံပါတ်များသွားပေးခဲ့ကြောင်း၊ အစီအစဉ်များလုပ်ပြီးသောအခါ တာဝန်မှူးရုံးခန်းတွင် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် ဗိုလ်ကြီးကျော်ဝင်းတို့ကိုတွေ့ရကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်၏ ဘီစီနံပါတ်ကိုမသိ၍ ၎င်းအားမေးပြီး ပြေစာတွင် မိမိရေးထည့်လိုက်ကြောင်း၊ ယင်းပြေစာတွင် ထုတ်ပေးသူ ဗိုလ်ကြီးကျော်ဝင်းနှင့် လက်ခံရရှိသူ ဗိုလ်ကြီးအုန်းကျော်မြင့်တို့က လက်မှတ်ရေးထိုးကြောင်း။

ပြေစာတစ်စောင်တွင် အေးဂျင့်သေနတ်တစ်လက်၊ ကျည် ၁၂ တောင့်၊ တိုက်တံတစ်ခု၊ အညွှန်းစာအုပ်တစ်ခု၊ စက္ကူသေတ္တာဘူးတစ်ဘူး ပေးကြောင်းကို ၎င်းအခြားပြေစာတွင် ဘာရက်တာပစ္စတိုတစ်လက်၊ ကျည် ၁၄ တောင့်၊ ကျည်ကပ်နှစ်ခု ထုတ်ပေးကြောင်းကို ရေးသားထားကြောင်း၊ မိမိကိုပြသောသေနတ်နှင့် ကျည်ဆန်များမှာ ထိုနေ့က ဗိုလ်ကြီးအုန်းကျော်မြင့်အား ထုတ်ပေးခဲ့သော ပစ္စည်းများဖြစ်ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။



## သတင်းပို့

ဆက်လက်၍ တရားလိုပြသက်သေ ကာကွယ်ရေးဝန်ကြီးဌာန စခန်းရုံးမှ တပ်ကြပ်ကြီးအုန်းသွင်အား စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ၁၉၇၆ ခု မတ် ၂၇ ရက်တွင် စခန်းရုံး၌ တာဝန်ကျကြောင်း၊ ထိုနေ့မွန်းတည့် ၁၂ နာရီခန့်တွင် စခန်းမှူး ဗိုလ်မှူးစိန်မြင့်က တယ်လီဖုန်းဖြင့် ဗိုလ်ကြီးအုန်းကျော်မြင့် လာလိမ့်မည်၊ ၎င်းလာလျှင် လက်နက်ထုတ်ပေးလိုက်ဟု မှာ၍ မိမိက ဘာလက်နက်ထုတ်ပေးရမလဲဟု မေးလျှင် ဗိုလ်မှူးက အေးဂျင့်တစ်လက်နှင့် ဘာရက်တာတစ်လက်ဟု ပြန်ပြောကြောင်း၊ မိမိလည်း ဒုတိယအရာခံဗိုလ်ဖေအုန်းမြင့်အား သတင်းဆက်ပို့ကြောင်း၊ မကြာမီ ဆရာဝေလွင်နှင့် ဆရာအုန်းမောင်တို့က ပြေစာနှင့် လက်နက်ထုတ်ရေး စီစဉ်ပေးကြောင်း စသည်ဖြင့် ဗိုလ်ကြီးအုန်းကျော်မြင့် ထိုနေ့က လက်နက်လာထုတ်ပုံကိုပါ ထွက်ဆိုသွားသည်။

## စကားတိုးတိုး

ထို့နောက် တရားလိုပြသက်သေ ခလရ(၁၆)မှ ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးမြင့်မောင်ကို စစ်ဆေးသည်။ ၎င်းကထွက်ဆိုရာတွင် ၁၉၇၆ ခု မတ်လ ၂၇ ရက် နံနက်တွင် ဗိုလ်မှူးမောင်လတ်ကို ၎င်း၏ဇနီးနှင့် ကလေးများသည် မော်ဘီမှ မိမိတို့တာဝန်ကျရာ မင်္ဂလာဒုံ လေးဆောင်၌ လာတွေ့ကြောင်း၊ ထို့ကြောင့် ၎င်းမိသားစုနှင့် မိမိတို့သည် ဗိုလ်မှူးမောင်လတ် ရုံးခန်းတွင်ထိုင်၍ စကားပြောနေကြစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်သည် ဘီ-၆၀၀ အမျိုးအစားကားဖြင့် ရောက်လာကြောင်း၊ ထို့နောက် ၎င်းအပါအဝင် မိမိတို့စုပြီး စကားပြောနေစဉ် ဖုန်းလာ၍ မိမိထသွားကြောင်း၊ ထိုစဉ် ဗိုလ်မှူးမောင်လတ်နှင့် ဗိုလ်ကြီးအုန်းကျော်မြင့်တို့သည် အပြင်ထွက်သွားပြီး ဝရန်တာရှိ စာသင်ခုံတွင်ယှဉ်၍ စကားတိုးတိုးပြောနေကြကြောင်း၊ မိမိလည်း ဖုန်းဆက်ပြီး ဗိုလ်မှူးမောင်လတ် မိသားစုနှင့်သာ ဆက်စကားပြောနေကြောင်း၊ ၎င်းတို့နှစ်ဦး ခေါင်းချင်းဆိုင် စကားပြောနေပြီး ဗိုလ်ကြီးအုန်းကျော်မြင့် ပြောသည်ကများကြောင်း၊ နာရီဝက် ကျော်ကျော်ခန့်ပြောပြီး ဗိုလ်ကြီးအုန်းကျော်မြင့် ပြန်ထွက်သွားကြောင်း၊ ညနေ

www.burmeseclassic.com

www.burmeseclassic.com



၅ နာရီခန့်တွင် ဗိုလ်မှူးမောင်လတ် အပြင်ထွက်သွားကြောင်း၊ ညနေ ၆ နာရီခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့် ၎င်း၏ကားလေးဖြင့် ရောက်လာပြီး ၎င်းက ဗိုလ်မှူးမောင်လတ်အား လာမေးကြောင်း၊ ၎င်းကြည့်ရသည်မှာ အရေးတကြီးဖြစ်နေကြောင်း၊ ၎င်းပြန်သွားပြီးနောက် ည ၈ နာရီခန့်တွင် ၎င်းကပင်ထပ်၍ ဖုန်းဆက်ပြီး ဗိုလ်မှူးမောင်လတ် ပြန်ရောက်မရောက် မေးသေးကြောင်း၊ ည ၁၀ နာရီခွဲကျော်ခန့်တွင် ဗိုလ်မှူးမောင်လတ် ပြန်လာ၍ မိမိလည်း ထိုကိစ္စကို သတင်းပို့ခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ထို့နောက် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင်နှင့် တရားလိုအကျိုးဆောင်တို့က မေးမြန်းသည်ကို ဗိုလ်ကြီးမြင့်မောင်က ထွက်ဆိုသွားသည်။

## ရုပ်ရှင်ပြ

ဆက်လက်၍ တရားလိုပြသက်သေ ကာကွယ်ရေးဝန်ကြီးဌာန စခန်းရုံးမှ ဒုတိယအရာခံဗိုလ်မင်းကြည်ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ၁၉၇၆ မတ် ၂၇ ရက်က တပ်မတော်နေ့ညတွင် စခန်းရုံး၌ ရုပ်ရှင်နှစ်ကားပြကြောင်း၊ မိမိသည် ဧည့်ခံကြိုဆိုရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ပြစက်၊ ပိတ်ကားရရှိရေးတာဝန် ဆောင်ရွက်ရကြောင်း၊ ထိုနေ့ညနေ ၅ နာရီခွဲခန့်တွင် မိမိ စခန်းတာဝန်မှူးရုံးအနီးတွင်ရှိစဉ် စခန်းမှူး ဗိုလ်မှူးစိန်မြင့်ကို အရပ်ဝတ်ဖြင့် လမ်းပေါ်တွင် တွေ့ရကြောင်း၊ ရုပ်ရှင်ပြနေစဉ် ည ၈ နာရီခန့်တွင် ဗိုလ်မှူးအား ယူနီဖောင်းဝတ်ဖြင့် ထပ်တွေ့ရကြောင်း၊ ထိုစဉ်က ၎င်း၏ဘောင်းဘီအိတ်၌ သေနတ်တစ်လက် ထိုးထားသည်ကို တွေ့ရကြောင်း၊ ဗိုလ်ကြီးထွန်းအေးကိုလည်း အလားတူ ယူနီဖောင်းဝတ်ဖြင့် တွေ့ရကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

## ဖြောင့်ချက်ဖတ်

ထို့နောက် တရားလိုပြသက်သေ အစ်းစိန်မြို့နယ် တရားသူကြီးအဖွဲ့ဝင် ဦးတင်မောင်ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိပါသော တရားစီရင်ရေးအဖွဲ့၌ မိမိက ဥက္ကဋ္ဌ၊ ဦးခင်မောင်ရီနှင့် ဦးထွန်းစိန်တို့က အဖွဲ့ဝင်



များဖြစ်ကြောင်း၊ ယခု မိမိကိုရုံးရှေ့၌ပြသော ဖြောင့်ချက်မှာ ၁၉၇၆ ခု ဩဂုတ် ၂၈ ရက် နံနက် ၁၁ နာရီခန့်တွင် ဗိုလ်ကြီးဘချစ်ပေးသော ဖြောင့်ချက်ဖြစ်ကြောင်း၊ ၎င်းကို ဖြောင့်ချက်ပေးရန် ရဲအုပ်ကြီးဦးဘရွှေက ခေါ်လာကြောင်း၊ မိမိက ၎င်းဆန္ဒအရပေးခြင်း ဟုတ်မဟုတ် မေးမြန်းစစ်ဆေးခြင်းနှင့် သိသင့်သိထိုက်သော ကိစ္စအဝဝကို ရှင်းလင်းခြင်းများ ဆောင်ရွက်ရာ ၎င်းက မိမိဆန္ဒအလျောက် ဖြောင့်ပေးလိုကြောင်း ပြောကြားသဖြင့် တစ်နာရီအချိန်ပေး စဉ်းစားစေပြီး ၎င်း(ဗိုလ်ကြီးဘချစ်)ပေးသောဖြောင့်ချက်ကို အဖွဲ့ဝင် ဦးခင်မောင်ရီက သက်သေနှစ်ဦးရှေ့၌ မှတ်တမ်းတင်ကြောင်း၊ ဖြောင့်ချက်ကို ပြန်ဖတ်ပြပြီး ၎င်းနှင့် သက်သေနှစ်ဦးအပါအဝင် တရားစီရင်ရေးအဖွဲ့ဝင်များ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ဖြောင့်ချက်ပေးနေစဉ် တရားစီရင်ရေးအဖွဲ့က မည်သည့်မေးခွန်းမျှ မမေးခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။ (ဖြောင့်ချက်ကို တရားရုံးတော်သို့ အပြည့်အစုံ ဖတ်ကြားတင်ပြသည်။)

## အဆင့်ဆင့်တင်

ဆက်လက်၍ တရားလိုပြသက်သေ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) တာဝန်ဌာနစုမှ ဗိုလ်မှူးထွန်းရှိန်ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိ၏အဓိကတာဝန်မှာ လက်နက်ခဲယမ်းမီးကျောက် မှာယူရေး၊ ဝယ်ယူရေး၊ သိုလှောင်ဖြန့်ဖြူးရေး၊ ဖျက်ဆီးရေး၊ ပြန်လည်သိမ်းယူရေးကိစ္စများကို ဆောင်ရွက်ရကြောင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် အဓိကပုဂ္ဂိုလ်များ (ဗိုလ်မှူးကြီးမှအထက်) လုံခြုံရေးအတွက် သေနတ်ထုတ်ပေးရကြောင်း၊ ထိုပုဂ္ဂိုလ်များအတွက် ပိုအပ်လျှင် အချိန်မရွေးပေးနိုင်ရန် ကာကွယ်ရေးဝန်ကြီးဌာန စခန်းရုံး၌ထုတ်ပေးထားကြောင်း၊ ယခု တရားရုံးရှေ့တွင် မိမိအားပြသော အေးဂျင့်သေနတ်မှာ အဓိကပုဂ္ဂိုလ်များကို ထုတ်ပေးသော သေနတ်ဖြစ်ကြောင်း၊ ယခင်က ကာရက်တာပစ္စတိုသေနတ်ကို ထုတ်ပေးခဲ့သော်လည်း အသုံးပြုရာတွင် စိတ်မချရ၍ အေးဂျင့်သေနတ်ဖြင့် ပြောင်းထုတ်ပေးခြင်းဖြစ်ကြောင်း၊ ယခုပြသည့် ၄၅ မီလီမီတာအုဇီမောင်းပြန်သေနတ်မှာလည်း ထိုပုဂ္ဂိုလ်များ အနီးကပ်လုံခြုံရေးအတွက် ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ယင်းသေနတ်မျိုးကို ထုတ်ပေး သည်

www.burmeseclassic.com

www.burmeseclassic.com



အခါတွင် မိမိရုံးမှ စခန်းရုံးသို့ စာဖြင့် မည်သူ့အတွက် မည်သည့်သေနတ် အမျိုးအစားနှင့် ကျည်ဆန်မည်မျှ ထုတ်ပေးပါဟု အကြောင်းကြားရကြောင်း၊ ဤအကြောင်းကြားစာရမှ စခန်းရုံးအနေဖြင့် ယင်းလက်နက်များကို ထုတ်ပေးရကြောင်း၊ ယင်းလက်နက်များကို ထုတ်ပေးရာတွင် အရေးကြီးလျှင် အရေးကြီးသကဲ့သို့ အဆင့်ဆင့် တင်ပြရကြောင်း၊ မိမိတို့ထံမှ အမိန့်ရ၍ ထုတ်ပေးသည့်အခါ ပြေစာတစ်စောင်ကိုလည်း ပြန်ပို့ပေးရန်မှာကြားကြောင်း၊ ယခု မိမိအားပြသည့် ပို့ုင့် ၃၈ အေးဂျင့်သေနတ်ပြေစာနှင့် ဘာရက်တာပစ္စတို အငှားထုတ်ပေး ပြေစာတို့နှင့် ပတ်သက်၍ မိမိတို့ဌာနမှ ယင်းသေနတ်နှစ်လက်ကို ထုတ်ပေးရန် စခန်းရုံးသို့ ညွှန်ကြားထားခြင်းမရှိကြောင်း၊ ဤသို့ ထုတ်ပေးခဲ့ကြောင်းကို စခန်းရုံးမှ မိမိတို့ဌာနသို့ အစီရင်ခံခြင်းလည်း မရှိကြောင်း၊ ယင်းလက်နက်များကို စခန်းရုံးမှ ၎င်းဆန္ဒအလျောက် ထုတ်ပေးပိုင်ခွင့်မရှိကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ထို့နောက် တရားခံ ဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင်က မေးမြန်းသည်ကို ဗိုလ်မှူးထွန်းရှိန်က ထွက်ဆိုသည်။

တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက အမှုကို အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်း ချိန်းဆိုသည်။

✧ ✦ ✧

## ထမင်းစားပွဲ သေနတ်ယူလာရန် ပြောသည်ဆို ဗိုလ်ကြီးဘချစ်က ကြံစည်ခဲ့ပုံ ဖြောင့်ချက်ပေး

၁၉၇၆ ခု ဩဂုတ်လ ၂၈ ရက်နေ့က အင်းစိန်မြို့နယ် တရားသူကြီးအဖွဲ့ဝင် ဦးတင်မောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော တရားစီရင်ရေးအဖွဲ့ရှေ့တွင် ဗိုလ်ကြီးဘချစ်၏ဖြောင့်ဆိုချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျွန်တော်သည် ၁၉၄၃ စက်တင်ဘာလ ၂၃ ရက်နေ့တွင် (ဘ)ဦးဘရှင် (မိ)ဒေါ်ထွေးတို့မှ ပဲခူးမြို့နယ် ကျိုးနီကန်ကျေးရွာတွင် မွေးဖွားပါသည်။ မွေးသားချင်း လေးယောက်အနက် တတိယမြောက်သား ဖြစ်ပါသည်။ ကျွန်တော်သည် ၁၉၅၀ ခုနှစ်မှစတင်၍ ပဲခူးမြို့ ဦးစံအေးမူလတန်းကျောင်းတွင် နှစ်တန်းထိ နေထိုင်ပြီး ၁၉၅၃ ခုနှစ်တွင် ပဲခူးမြို့ အမျိုးသားတန်းမြင့်ကျောင်း၌ ၁၉၆၀ ခုနှစ် တတိယတန်းမှ တက္ကသိုလ်ဝင်တန်းထိ ပညာသင်ကြားခဲ့ပါသည်။ ၎င်းနှစ်မှာပင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ကျရှုံးခဲ့ပါသည်။

### တပ်ထဲဝင်

၁၉၆၁ ခုနှ် ဇန်နဝါရီ ၅ ရက်နေ့တွင် ရန်ကုန်မြို့ရှိ စစ်သားစုဆောင်းရေးတပ်မှတစ်ဆင့် တပ်မတော်တွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ပါသည်။ လေ့ကျင့်ရေးသင်တန်းကို ထိုနှစ်မှာပင် လေ့ကျင့်ရေးကျောင်း၌ တက်ရောက်ခဲ့ပြီး သင်တန်းပြီးဆုံးချိန်တွင် စစ်ကိုင်းရှိ တပ်မဟာခြေလျင်ဌာနချုပ်တွင် တပ်သားအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုနှစ်ထဲမှာပင် တပ်မဟာများ ဖျက်သိမ်းသဖြင့် အောင်လံမြို့ရှိ ခလရ(၈)သို့ တပ်သားအဆင့်ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုခလရ(၈)၌ပင် ၁၉၆၅ ခုနှစ်တွင်

www.burmeseclassic.com

www.burmeseclassic.com



တန်းမြင့်ကျောင်းထွက်လက်မှတ်ရစာမေးပွဲကို တပ်မတော် စာပေးစာယူသင်တန်းဖြင့် အောင်မြင်ခဲ့ပါသည်။ ၎င်းနှစ်မှာပင် ဒုတာကအဆင့်သို့ တိုးမြှင့်ခံခဲ့ရပါသည်။ ၁၉၆၇ ခုနှစ်တွင် ခလရ(၈)မှ တပ်ရင်းမှူးဖြစ်သူ ဒုတိယမှူးကြီးဖော်ဘနှင့်အတူ ဘိုကလေးမြို့ရှိ ခလရ(၃၇)သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုနှစ်မှာပင် (တက)အဆင့်သို့ ရရှိခဲ့ပါသည်။ ၁၉၆၈ နှစ်ဦးပိုင်းတွင် တပ်ရင်းတစ်ရင်းလုံး ဘိုကလေးမြို့မှ မြစ်ကြီးနားသို့ ပြောင်းရွှေ့ရသဖြင့် ၎င်းတပ်နှင့်ပင်အတူ ပါသွားခဲ့ရပါသည်။ ၎င်းနှစ်မှာပင် ဗိုလ်လောင်းသင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုရာ အောင်မြင်ခဲ့ပါသည်။

၁၉၆၉ ခု ဖေဖော်ဝါရီလတွင် ခလရ(၄၇)မှ ဗိုလ်မောင်ထီး၏သမီး မချိုချိုမာနှင့် အိမ်ထောင်ကျခဲ့ပါသည်။ ထိုနှစ် ဧပြီလတွင် ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၃၉)သို့ တက်ရောက်သင်ကြားခဲ့ပြီး နိဂုံးဘာလ ကျောင်းဆင်းချိန်တွင် ဒုဗိုလ်အဆင့်နှင့် ကချင်(၅)တပ်ရင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ထိုအချိန်တွင် (ရပခ)တိုင်းမှူးမှာ ဗိုလ်မှူးကြီးသန်းတင် ဖြစ်ပါသည်။ ကချင်(၅)တပ်ရင်း၌ ၁၉၇၂ ခုနှစ်အထိ ဗိုလ်အဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုတာဝန်ထမ်းဆောင်ချိန် တာဝန်အတွင်း၌ (ဗကပ)များနှင့် တရုတ်ဖြူများကို တိုက်ပွဲတွင် စွမ်းစွမ်းတမံဖြင့် ဦးဆောင်တိုက်ခိုက်ခဲ့၍ ကျွန်တော့်အား အချိန်မစေ့မီ ဒုဗိုလ်အဆင့်မှ ဗိုလ်အဆင့်သို့ တိုက်ပွဲထူးချွန်မှုကြောင့် ရရှိခဲ့ပါသည်။

## ကိုယ်ရေးအရာရှိ

၁၉၇၂ ခုနှစ်ထဲ၌ပင် ကျွန်တော်သည် ကချင်(၅)တပ်ရင်း တာလေမြို့မှ ပုသိမ်မြို့ရှိ ခလရ(၃၈)သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုအချိန်တွင် တိုင်းမှူးမှာ ဗိုလ်မှူးကြီးသန်းတင် ဖြစ်ပါသည်။ ကျွန်တော်အား (ဗကပ)များကို ကွန်မင်ဒိုနည်းဖြင့် (ရပခ)မှာကဲ့သို့ပင်ချေမှုန်းရန် တိုင်းမှူး ဗိုလ်မှူးကြီးသန်းတင်က တာဝန်ပေးပါသည်။ ကျွန်တော်လည်း စွန့်စွန့်စားစား တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၇၄ ခု နှစ်ဦးပိုင်းတွင် ခလရ(၃၈)မှ (နတခ)သို့ လုံခြုံရေးတပ်စုမှူးအဖြစ်နှင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုနှစ်



ထဲ၌ပင် တိုင်းမှူး ဗိုလ်မှူးကြီးသန်းတင်သည် (နတခ)မှ (လပခ)သို့ ပြောင်းရွှေ့သွားရာ ကျွန်တော်လည်း အတူပါသွားခဲ့ပါသည်။ ထိုနှစ် ဇူလိုင်လပိုင်းတွင် ကျွန်တော်သည် တိုင်းမှူး၏ကိုယ်ရေးအရာရှိ ဗိုလ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရပါသည်။

၁၉၇၅ ခုနှစ် မတ်လ လွှတ်တော်အစည်းအဝေးမှ ဗိုလ်မှူးကြီးသန်းတင်အား ဒုဝန်ကြီးအဆင့်သို့ တာဝန်ပေးသဖြင့် ဗိုလ်မှူးကြီးသန်းတင်သည် တောင်ငူမြို့မှ မင်္ဂလာဒုံရှိ တပ်မတော်ပိုင် အဆောက်အဦသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ကျွန်တော်လည်း ဗိုလ်မှူးကြီးနှင့်အတူ ၎င်း၏ကိုယ်ရေးအရာရှိအဖြစ်နှင့် တစ်ပါတည်း ပြောင်းရွှေ့လာခဲ့ရပါသည်။ နေထိုင်ရန် အိမ်မရသဖြင့် ဗိုလ်မှူးကြီးအိမ်တွင်ပင် လေးလခန့် နေထိုင်ခဲ့ပါသည်။ ၎င်းနှစ် ဇူလိုင်လပိုင်းတွင် တိုက်(၁၉)၊ အခန်း(၁၅) ရန်ကုန်မြို့ရှိ မင်းမနိုင်တိုက်ခန်းရရှိ၍ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ ဒုဝန်ကြီးနှင့်အတူ ဝန်ကြီးများရုံးရှိ သတ္တုတွင်းဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်နေခဲ့ပါသည်။

## ရင်းနှီး

ထိုအချိန်မှစ၍ အခြားလူကြီးများ၏ ကိုယ်ရေးအရာရှိများနှင့် ရင်းနှီးခဲ့ရပါသည်။ ထိုသို့ရင်းနှီးခဲ့ရသည့် ကိုယ်ရေးအရာရှိများမှာ ၁။ ဗိုလ်ကြီးအုန်းကျော်မြင့်၊ ၂။ ဗိုလ်ကြီးဝင်းသိန်း၊ ၃။ ဗိုလ်ကြီးဟန်ဇော်၊ ၄။ ဗိုလ်ကြီးဝင်းမောင်၊ ၅။ ဗိုလ်ကြီးအောင်ကြည်ဦး၊ ၆။ ဗိုလ်ကြီးဟန်မျိုးလတ်၊ ၇။ ဗိုလ်ကြီးစိုးတင့် အစရှိသူတို့နှင့် ခင်မင်ရင်းနှီးခဲ့ပါသည်။

၁၉၆၇ ခုနှစ် မတ်လ ၆ ရက်နေ့ ည ၈ နာရီခန့်တွင် ကျွန်တော် စစ်ရုံးရှိ အရာရှိရိပ်သာ ဘိလိယက်ခုံ၌ ဗိုလ်မှူးတင်ဋ္ဌေး၊ ဗိုလ်မှူးမင်းနိုင်တို့နှင့်အတူ ဘိလိယက်ထိုး ကစားနေပါသည်။ ည ၈ နာရီခန့် သတင်းလာချိန်၌ ကာကွယ်ရေးဦး စီးချုပ် ဗိုလ်ချုပ်ကြီးတင်ဦး ရာထူးမှ နုတ်ထွက်သွားကြောင်း သတင်းကြေညာသည်ကို ကြားသိခဲ့ရပါသည်။ ထိုသတင်းဆုံးချိန်၌ ဗိုလ်ကြီးဝင်းသိန်း ကျွန်တော်တို့ ဘိလိယက်ထိုးသောနေရာသို့ ဝင်လာပြီး ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးတင်ဦး တပ်မတော်မှ နုတ်ထွက်သွားသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်တွင် အစဉ်အလာရှိသည့်ပုဂ္ဂိုလ်များ မကျန်တော့ကြောင်း ခပ်ကျယ်ကျယ်ပင် ဗိုလ်ကြီးဝင်းသိန်းမှ ပြောပြီး ဝင်လာပါသည်။ ၎င်းသည် ကျွန်တော်တို့ထိုင်နေသော ခုံတန်းရှည်ပေါ်သို့ လာရောက်ထိုင်ပြီး ကျွန်တော့်အနီးကပ်ကာ ဗိုလ်ချုပ်ကြီးတင်ဦး ရာထူးမှ နုတ်ထွက်သွားရခြင်းသည် တပ်မတော်အတွက် အလွန်နာကြောင်း၊ အစဉ်အလာရှိသည့် ပုဂ္ဂိုလ်များ တပ်မတော်တွင် မရှိသလောက် ဖြစ်တော့ကြောင်း၊ ၎င်းမှပင် ကျွန်တော့်ဆရာနှင့် ဗိုလ်မှူးကြီးခင်အုန်းတို့ကိုလည်း တပ်မတော်အတွင်းမှ နယ်ဘက်သို့ ပထုတ်လိုက်သည့်အတွက် တပ်မတော်တွင် အလွန်ပင် နစ်နာကြောင်း၊ အစဉ်အလာရှိသည့် ပုဂ္ဂိုလ်များမရှိတော့ကြောင်းပြောပြီး ဗိုလ်ချုပ်ကြီးတင်ဦး နုတ်ထွက်သွားခြင်းအတွက် မင်းဆရာစိတ်ရော ဘယ်လိုနေမည်လဲဟုမေးရာ ကျွန်တော်ကမသိကြောင်း ပြောပါသည်။ ထို့နောက် ဗိုလ်ကြီးဝင်းသိန်း ဘိလိယက်ခုံမှ ပြန်ထွက်သွားပါသည်။ ကျွန်တော်သည် ည ၉ နာရီထိ ဘိလိယက်ကစားပြီး အိမ်သို့ပြန်လာပါသည်။ ဗိုလ်ချုပ်ကြီးတင်ဦး ရာထူးမှ နုတ်ထွက်ရခြင်းကို ကျွန်တော်ကြိုတင်မသိပါ။

## တီးခေါက်ကြည့်

နောက်နှစ်ရက်ခန့်အကြာ စိတ်အထင် တနင်္ဂနွေ သုံးနာရီခွဲအချိန်ခန့်တွင် ကျွန်တော် စစ်ရုံးရိပ်သာသို့ ဘိလိယက်ကစားရန် ရောက်ရှိနေစဉ်တွင် ဗိုလ်ကြီးဝင်းသိန်း ဘိလိယက်ခုံသို့ တက်လာပြီး ကျွန်တော့်ကို အောက်ရိပ်သာတွင် လက်ဖက်ရည်သောက်ပါဟု ခေါ်သဖြင့် ကျွန်တော် လိုက်သွားခဲ့ပါသည်။ အရာရှိကြီးများ တည်းခိုဆောင်အောက်ရှိ လက်ဖက်ရည်သောက်ခန်းတွင် ဗိုလ်ကြီးဝင်းသိန်းက ကျွန်တော့်ကို လက်ဖက်ရည် မှာတိုက်ပါသည်။ ၎င်းက ကျွန်တော့်အား ဗိုလ်ချုပ်ကြီးတင်ဦး ရာထူးမှနုတ်ထွက်ရခြင်းအတွက် တပ်မတော်တွင် နာကြောင်း။

မင်းဆရာနှင့် ဗိုလ်မှူးခင်အုန်းတို့ တပ်မတော်မှ နယ်ဘက်ရောက်သွားရခြင်းမှာလည်း တပ်မတော်တွင် အလွန်နာကြောင်း၊ ဗိုလ်ချုပ်ကြီးတင်ဦး နုတ်ထွက်ရခြင်းနှင့်ပတ်သက်ပြီး မင်းဆရာစိတ် ဘယ်လိုနေသလဲဟု ကျွန်တော့်အားမေးပါသည်။ ကျွန်တော်က မသိကြောင်းပြောပြီး မင်းဆရာရော ဘယ်လိုနေသလဲဟု ပြန်မေးရာ ၎င်းက ငါ့ဆရာက ဗိုလ်ချုပ်ကြီးစန်းယု၏လူဖြစ်ကြောင်း ပြန်ပြောပါသည်။ ကျွန်တော်လည်း လက်ဖက်ရည်သောက်ပြီး၍ ၎င်းအား နှုတ်ဆက်ပြီး ထပြန်လာချိန်တွင် ၎င်းက ကျွန်တော့်အား ဗိုလ်ချုပ်ကြီးတင်ဦး ထွက်ရခြင်းနှင့်ပတ်သက်ပြီး မင်းဆရာသဘောထားကို နည်းနည်းပါးပါး တီးခေါက်ကြည့်စမ်းပါဟု ပြောပါသည်။ ကျွန်တော်လည်း အေးကွာဟု ပြောပြီး ဘိလိယက်ခုံသို့ ပြန်လာ၍ ဘိလိယက်ကစားပါသည်။ ည ၆ နာရီခန့်တွင် ကျွန်တော် အိမ်သို့ ပြန်လာခဲ့ပါသည်။



## ကန်တော့ချင်

၁၉၇၆ ခုနှစ် မတ်လ ဒုတိယပတ်လောက်တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမအစည်းအဝေးတွင် နေ့ရက်မမှတ်မိပါ နေ့တစ်နေ့၌ ဗိုလ်ကြီးဝင်းသိန်းနှင့် ကျွန်တော် လွှတ်တော်အစည်းအဝေးတွင် တွေ့ခဲ့ရာ ၎င်းက ကျွန်တော့်အား မင်းဆရာ သဘောထား တီးခေါက်ကြည့်သေးသလားဟု မေးပါသည်။ ကျွန်တော်လည်း မတီးခေါက်ရဲကြောင်းပြောရာ၊ ၎င်းက မင်း သတ္တိကြောင်တဲ့အကောင်၊ ဒီနေ့ည မင်းဆရာ ဘယ်အချိန်လောက်ရှိတတ်သလဲဟုမေးရာ ကျွန်တော်က ည ၄ နာရီနှင့် ၈ နာရီအကြားတွင် ရှိတတ်ကြောင်း ပြန်ပြောခဲ့ပါသည်။ ၎င်းမှ ကျွန်တော့်အား မင်းဆရာကို ငါ ကန်တော့ချင်တယ်။ သတင်းပို့ပေးပါဟု ပြောသဖြင့် ကျွန်တော်လည်း ပို့ပေးမည်ဖြစ်ကြောင်း ပြန်ပြောခဲ့ပါသည်။

လွှတ်တော်အစည်းအဝေးအပြီး အိမ်သို့အပြန်တွင် ကျွန်တော်၏ဒုဝန်ကြီးအား ကျွန်တော်မှ ဗိုလ်ကြီးဝင်းသိန်း လာရောက်ကန်တော့လိုကြောင်းကို ကားပေါ်၌ပင်သတင်းပို့ခဲ့ပါသည်၊ ကျွန်တော့်ဒုဝန်ကြီးမှ ဝင်းသိန်းက ဗိုလ်မှူးကြီးခင်အုန်း၏ ကိုယ်ရေးအရာရှိလားဟုမေးရာ ကျွန်တော် မဟုတ်ကြောင်းနှင့် ဗိုလ်မှူးကြီးမင်းဂေါင်၏ ကိုယ်ရေးအရာရှိဖြစ်ကြောင်း ပြန်ပြောခဲ့ပါသည်။ ၎င်းနေ့ည ဗိုလ်ကြီးဝင်းသိန်း သွားရောက်ကန်တော့ဖြစ်သည် မကန်တော့ဖြစ်သည်ကို ကျွန်တော် မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



## ရှုးကြောင်ကြောင်

နောက် ၃,၄ ရက်ခန့်အကြာတွင် ကျွန်တော့် ဒုဝန်ကြီးက ကျွန်တော့်အား ရုံး၌ ဝင်းသိန်း ဆိုတဲ့ကောင်က ရှုးကြောင်ကြောင်ပဲဟု ပြောပါသည်။ ကျွန်တော်လည်း ဝင်းသိန်းနှင့်ပတ်သက်၍ ရှုးကြောင်ကြောင်ဟု ကျွန်တော့် ဒုဝန်ကြီးက ကျွန်တော့်ကိုပြောကြောင်း အခြားကိုယ်ရေးအရာရှိများကို ပြောခဲ့ပါသည်။

၁၉၆၇ ခု မတ်လ ၂၇ ရက် တော်လှန်ရေးနေ့ စစ်ရေးပြအခမ်းအနား ပြီးဆုံးချိန်တွင် ဒုဝန်ကြီးနှင့်အတူ ကျွန်တော်သည် အမှတ်(၁၄)အင်းယားရိပ်သာသို့ အုန်းနို့ခေါက်ဆွဲစားရန် ပါသွားခဲ့ပါသည်။ အုန်းနို့ခေါက်ဆွဲ စားပြီးချိန်တွင် စားသောက်ခန်းအပြင်ဘက်၌ ဗိုလ်ကြီးအုန်းကျော်မြင့်သည် ဗိုလ်ကြီးအောင်ကြည်ဦးနှင့် စကားပြောနေသည်ကို တွေ့ရပါသည်။ မကြာမီ ဗိုလ်ကြီးအုန်းကျော်မြင့်သည် ကျွန်တော့်အနားသို့ ကပ်လာပြီး ဗိုလ်ချုပ်ကြီးတင်ဦး တပ်မတော်မှ နုတ်ထွက်သွားခြင်းအတွက် တပ်မတော်တွင် အလွန်နစ်နာကြောင်း၊ မင်းဆရာနဲ့ ဗိုလ်မှူးကြီးခင်အုန်းတို့ကို တပ်မှ နယ်ဘက်သို့ပို့လိုက်ခြင်းအတွက်လည်း တပ်မတော်နစ်နာကြောင်း ထိုသို့လုပ်နေသည်မှာ ဗိုလ်ချုပ်ကြီးစန်းယုနှင့် ဗိုလ်မှူးတင်ဦးတို့ ဖြစ်ကြောင်း။

## မလုပ်ထိုက်

၎င်းတို့နှစ်ဦး ရှိနေသရွေ့ တိုင်းပြည်ကောင်းမည် မဟုတ်ကြောင်း၊ ၎င်းတို့နှစ်ဦးအား ရှင်းပစ်ရန်လိုကြောင်း ပြောပါသည်။ ၎င်းမှပင် ဆက်လက်၍ တို့အလုပ် (တစ်ခုခုလုပ်ရင်) ၎င်းတို့အား လုပ်ကြံခဲ့လျှင် မင်းပါမည်လားဟုမေးရာ ကျွန်တော်မှ မလုပ်ထိုက်ကြောင်း၊ မပါလိုကြောင်း ပြန်ပြောရာ ဗိုလ်ကြီးအုန်းကျော်မြင့်က ဆက်လက်ပြီး မင်းဆီမှာ ဘယ်သေနတ်ရှိသလဲဟု မေးရာ ကျွန်တော်က ဒုဝန်ကြီး ပေးကိုင်ထားသော ပွိုင့် ၂၂ ခြောက်လုံးပြူးသေနတ်ရှိကြောင်းပြောရာ ၎င်းမှသေနတ်အရှည် မရှိဘူးလားဟုမေးရာ ကျွန်တော်က မရှိကြောင်း ပြန်ပြောပါသည်။ ၎င်းကပင် ကျွန်တော့်အား ဒီနေ့ည တို့လုပ်ကြံပြီးလျှင် မင်းပါ,ပါကွာဟု ထပ်ပြောပြီး ဒီအစီအစဉ်ကို မည်သူ့ကိုမှမပြောရန် ကျွန်တော့်အား ပြောပါသည်။ ကျွန်တော်လည်း ၎င်းပြောသည့်စကားများကို ယုံကြည်မှုမရှိ၍လည်းကောင်း၊ စိတ်မပါ၍တစ်ကြောင်းကြောင့် မေ့မေ့ပျောက်ပျောက်ပင် ထားခဲ့ပါသည်။ ထိုနောက် ကျွန်တော် ဒုဝန်ကြီးနှင့်အတူ အိမ်သို့ပြန်လာခဲ့ပါသည်။



## အစီအစဉ်ပျက်

ထိုနေ့ညနေ ၃ နာရီအချိန်ခန့်တွင် ကျွန်တော် အိမ်၌ရှိနေစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်ထံမှ ဖုန်းလာပြီး ၎င်းအိမ်သို့ ခဏလာရန်ခေါ်သဖြင့် ကျွန်တော်၏ကား မာဇဒါဂျစ် ဇ/၆၉၅၂ ဖြင့် ဗိုလ်ကြီးအုန်းကျော်မြင့်ထံ သွားခဲ့ပါသည်။ ထိုအချိန်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်သည် ၎င်းအိမ်ရှိ ထမင်းစား စားပွဲပေါ်၌ တင်ထားသော ခေါက်ကာဘိုင်သေနတ်ကို ကျွန်တော့်အား လက်ညှိုးထိုးပြပြီး ဒီည တို့အိမ်တော်ထမင်းစားပွဲသို့လာလျှင် ယူခဲ့ပါဟု ပြောပါသည်။ ကျွန်တော်မှ ၎င်းအစီအစဉ်ကို စိတ်မပါသည့်အတွက် ၎င်းအား လိမ်လွှဲ၍ ငါ့ဆရာဆီမှာတော့ (အမ်-၁၆)နဲ့ (ကာဘိုင်)ရှိကြောင်း။ မင်းသေနတ်ကို မယူလိုကြောင်း ပြောရာ ဗိုလ်ကြီးအုန်းကျော်မြင့်မှ ကျွန်တော့်အား ၎င်းသေနတ်နှစ်လက်အနက် တစ်လက်ကို ထမင်းစားပွဲသို့ ယနေ့ညယူလာရန် ပြောပါသည်။ ကျွန်တော်မှ ၎င်းအား ယူလာမည်ဟုပြောပြီး အိမ်သို့ ပြန်လာခဲ့ပါသည်။ ထိုနေ့ညနေ အိမ်တော်ထမင်းစားပွဲသို့ ကျွန်တော့်ဆရာ၏ သေနတ်နှစ်လက်မှ တစ်လက်လက်ကိုမျှ ကျွန်တော် မယူသွားခဲ့ပါ။ အိမ်တော်ဝင်းအတွင်းသို့ သေနတ်ယူဆောင်နိုင်ခွင့်လည်း မရှိပါ။ သို့အတွက် ကျွန်တော် မည်သည့်သေနတ်ကိုမျှ ယူဆောင်သွားခြင်းမပြုပါ။

ထိုနေ့ည ထမင်းစားပွဲ၌ ထမင်းစားသောက်၍ ပြီးဆုံးချိန်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် ကျွန်တော် တွေ့ဆုံခဲ့ပါသည်။ ထိုစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်က ကျွန်တော့်အား ယနေ့ည ချိန်းထားတဲ့တပ်များ မရသည့်အတွက် လုပ်ကြံရန် အစီအစဉ်မဖြစ်ကြောင်း ပြောပါသည်။ ထိုနေ့ည အိမ်တော်ထမင်းစားပွဲမှ ကျွန်တော်သည် ဒုဝန်ကြီးနှင့်အတူ အိမ်သို့ပြန်လာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## နိမိတ်မကောင်း

နောက် ၂ ရက်ခန့်အကြာ စိတ်ထင် တနင်္ဂနွေနေ့တွင် ဗိုလ်ကြီးအုန်းကျော်မြင့်သည် နံနက် ၁၀ နာရီခန့်အချိန်လောက်တွင် ကျွန်တော့်အိမ်သို့ ရောက်လာခဲ့ပါသည်။ ကျွန်တော်၏ကားနှင့် ၎င်း၏ကား ခေတ္တလဲရန်နှင့် ၎င်းခြံသို့ ကျွန်တော့်ကားဖြင့် သွားလိုကြောင်းပြော၍ ကားချင်းလဲသွားပါသည်။ ၎င်း၏ကား ဘီ-၆၀၀ ကို ကျွန်တော့်အိမ်တွင်ထားခဲ့ပြီး ကျွန်တော့်ကား မာဇဒါဂျစ် ၈/၆၉၅၂ ကို ယူသွားပါသည်။ ဗိုလ်ကြီးအုန်းကျော်မြင့်ကားနှင့် ကျွန်တော်တို့မိသားစုသည် နံနက် ၁၁ နာရီအချိန် ကရဝိတ်သို့ သွားရောက်လည်ပတ်ခဲ့ပါသည်။ ကရဝိတ်မှအပြန် ကန်တော်ကြီးစောင်းတွင် ကား၏ရှေ့ညာဘက်မှန်ကို လောက်စာလုံးထိမှန်၍ ကွဲအက်သွားပါသည်။ ကျွန်တော်၏ မိသားစုများအား အိမ်သို့ပြန်ပို့ပြီး ကျွန်တော်သည် ၎င်းကားနှင့်ပင် စစ်ရုံး၌ ဘိလိယက်သွားထိုးခဲ့ပါသည်။ ညနေ ၄ နာရီခန့်တွင် ကျွန်တော်သည် ဗိုလ်ကြီးအုန်းကျော်မြင့်အိမ်၌ ဗိုလ်ကြီးအုန်းကျော်မြင့်က ကျွန်တော့်အား မကြာမီ တပ်မတော်၊ ပါတီကော်မတီအစည်းအဝေးကို စစ်ရုံးရှိ ဦးစီးချုပ်ရုံးစည်းဝေးခန်းမ၌ ပြုလုပ်မည်ဖြစ်ကြောင်း ထိုအစည်းအဝေးပွဲတွင် ဗိုလ်ချုပ်ကြီးစန်းယုနှင့် ဗိုလ်မှူးကြီးတင်ဦးတို့ကို လုပ်ကြံမည်ဖြစ်ကြောင်း၊ မင်းအနေနှင့်အပြင်ဘက်ကနေပြီး ဗိုလ်ချုပ်ကြီးစန်းယု ကိုယ်ရေးအရာရှိ ဗိုလ်ကြီးသန်းစောနှင့် ကျန်လူကြီးများ၏ ကိုယ်ရေးအရာရှိများကို ထိန်းထားရန်နှင့် တို့ကအတွင်းက ဝင်ရောက်လုပ်ကြံမည်ဖြစ်ကြောင်း ပြောပါသည်။ ကျွန်တော်က စိတ်လည်း မပါသည့်အတွက် မဖြစ်နိုင်ကြောင်း၊ မလုပ်လိုကြောင်း၊ ဒီနေ့ မင်းကားကို ငါ့မိသားစုနှင့် စီးသွားစဉ် လောက်စာလုံးမှန်၍ မလုပ်လိုကြောင်းပြောပြီး ၄ နာရီခွဲ အချိန်ခန့်တွင် ၎င်းအိမ်မှ ကျွန်တော်၏ကားကိုလဲယူပြီး ကျွန်တော့်အိမ်သို့ ပြန်လာခဲ့ပါသည်။

ဧပြီလနှင့် မေလပိုင်းတွင် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် ကျွန်တော် လုပ်ကြံမှုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ခြင်း မရှိပါ။ ထိုနှစ်လအတွင်း ဗိုလ်ကြီးအုန်းကျော်မြင့်သည် မာဇဒါဂျစ် ၈/၆၉၅၂ ကို သုံးကြိမ်တိုင်တိုင် ၎င်း၏ကား ဘီ-၆၀၀ နှင့်လဲလှယ်ငှားရမ်း အသုံးပြုခဲ့ပါသည်။ ထိုနှစ်လအတွင်း ဗိုလ်ကြီး



အုန်းကျော်မြင့်သည် ဝန်ကြီးချုပ်ရုံးပေါ်သို့ ရံဖန်ရံခါ တက်ရောက်လာပြီး တိုင်းပြည်တွင် စီးပွားရေးပြေလည်အောင် လုပ်ဆောင်ရန်သင့်ကြောင်း လာရောက် ညည်းညူတတ်ပါသည်။ ၎င်းမှပင် လူကြီးတွေ လုပ်ကြံရန်ကိစ္စနှင့် ပတ်သက်ပြီး ထောက်လှမ်းရေးမှ ရိပ်မိနေကြောင်း၊ ၎င်း၏မိတ်ဆွေ အရာရှိများမှပြောကြောင်း၊ သို့အတွက် ၎င်းကိစ္စကို မစဉ်းစားကြောင်း ဗိုလ်ကြီးအုန်းကျော်မြင့်က ပြောပါသည်။

၁၉၆၇ ခု ဧပြီလကုန်ပိုင်းလောက်တွင် ကျွန်တော်၏ရုံးခန်းသို့ ဗိုလ်ကြီးဝင်းသိန်းနှင့် ဗိုလ်ကြီးဝင်းမောင်တို့ ရောက်ရှိလာပြီး ကျွန်တော့်ဆရာ၏သဘောထားကို တီးခေါက်မကြည့်ရသေးဘူးလားဟု ဗိုလ်ကြီးဝင်းသိန်းက ကျွန်တော့်အားမေးပါသည်။ ကျွန်တော်က မတီးခေါက်ရဲသည့်အတွက် မတီးခေါက်မိကြောင်း ပြန်ပြောရာ ဗိုလ်ကြီးဝင်းသိန်းက မင်း တော်တော်သရဲဘောကြောင်တဲ့အကောင်၊ တို့မှာ ယခု လူ လက်နက် ငွေ အပြည့်အစုံ ရှိနေကြောင်း ပြောပါသည်။

## အရှုံးထ

၁၉၆၇ ခု ဇွန်လ တတိယပတ်ခန့် ဟံသာဝတီဘူတာအနီး ဗုံးခွဲခံရသော ည ၉ နာရီအချိန်ခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့် ကျွန်တော့်အိမ်သို့ ဖုန်းဆက်ပြီး ၎င်းနိုင်ငံခြားမှ ပြန်လာသည့်အတွက် လက်ဆောင်လာယူရန် အိမ်သို့ခေါ်သဖြင့် ကျွန်တော် ကားဖြင့်သွားရောက်ခဲ့ပါသည်။ ထိုအချိန်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်အိမ်၌ အသားညိုညို မေးရိုးကားကားလူနှင့် ဗိုလ်ကြီးအုန်းကျော်မြင့် စကားပြောနေသည်ကို တွေ့ရပါသည်။ ဗိုလ်ကြီးအုန်းကျော်မြင့်က ကျွန်တော့်အား ၎င်းလူနှင့် မိတ်ဆက်ပေးသဖြင့် စစ်ရာထူးခန့်ရုံးမှ ဗိုလ်ကြီးထွန်းကျော် ဖြစ်ကြောင်း သိရပါသည်။ ဗိုလ်ကြီးအုန်းကျော်မြင့်က ကျွန်တော့်အား မင်းဆရာသဘောထားကို မတီးခေါက်ရသေးဘူးလားဟုမေးရာ ကျွန်တော်က မတီးခေါက်ရဲသဖြင့် မတီးခေါက်ရသေးကြောင်း ပြန်ပြောရာ ဗိုလ်ကြီးအုန်းကျော်မြင့်မှ မင်းတို့ဆရာတပည့် တော်တော်သရဲဘောကြောင်တဲ့အကောင်တွေဟု ပြောပါသည်။ ၎င်းကပင် ကျွန်တော့်အား ရန်ကုန်မှာပင် (တာခ)က

www.burmeseclassic.com

www.burmeseclassic.com



တပ်တွေ မရနိုင်ဘူးလားဟုမေးရာ ကျွန်တော်က သိကျွမ်းသောသူများမရှိ၍ မရနိုင်ကြောင်း ပြန်ပြောပါသည်။ ထိုစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်က ဗိုလ်ကြီး ထွန်းကျော်အား ရှိသမျှအင်အားနှင့် မြန်မြန်လုပ်လိုကြောင်းပြောရာ ဗိုလ်ကြီး ထွန်းကျော်က မဖြစ်နိုင်ကြောင်း ပြန်ပြောပါသည်။ ကျွန်တော်မှလည်း မင်း အရှုံးထတာ ဒုက္ခရောက်နိုင်ကြောင်း ပြန်ပြောပါသည်။ ထို့နောက် ကျွန်တော်တို့ သည် လူချင်းခွဲ၍ အိမ်သို့ပြန်မည်ပြုစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်မှ ကျွန်တော် အားကပ်၍ လာမည့် ဗဟိုကော်မတီကျင်းပမည့် နေ့ရက်တွင် ဗိုလ်ချုပ်ကြီး စန်းယုနှင့် ဗိုလ်မှူးကြီးတင်ဦးတို့ကို လုပ်ကြံလျှင် မင်းက အိမ်တော်အတွင်းက တာဝန်ယူရမည်ဖြစ်ကြောင်း ပြောပါသည်။ ကျွန်တော်လည်း ဗိုလ်ကြီးအုန်း ကျော်မြင့်ထံမှ မည်သည့်လက်ဆောင်မှ မရဘဲ အိမ်သို့ပြန်ခဲ့ပါသည်။ ဗိုလ်ကြီး ထွန်းကျော် ဆိုသူနှင့် ကျွန်တော်သည် ယခင်က လုံးဝသိကျွမ်းခဲ့ခြင်း မရှိပါ။ ဗိုလ်ကြီးအုန်းကျော်မြင့် မိတ်ဆက်ပေးမှုကြောင့်သာ သိခဲ့ရပါသည်။

ထိုအချိန်မှစ၍ ကျွန်တော် ဗိုလ်ကြီးအုန်းကျော်မြင့် အပေါ်တွင် သံသယ ရှိခဲ့ပါသည်။ နောက် ၄,၅ရက်ခန့်အကြာ ၉ နာရီအချိန်ခန့်တွင် ဗိုလ်ကြီး အုန်းကျော်မြင့် ကျွန်တော့်ထံ ဖုန်းဆက်ခေါ်သဖြင့် ကျွန်တော်သည် ဗိုလ်ကြီး အုန်းကျော်မြင့်အိမ်သို့ ကျွန်တော်၏အိမ်အောက်ထပ်ရှိ ကျွန်တော်တို့ သတ္တုတွင်း ဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးချိုဦးအား အဖော်အဖြစ်ခေါ်၍ သွားရောက်ခဲ့ပါ သည်။ ဗိုလ်ကြီးအုန်းကျော်မြင့် အိမ်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် ဦးချိုဦး တို့အား မိတ်ဖွဲ့ပေး၍ ယခင် ဒေါက်တာညီညီ၏ ကိုယ်ရေးအရာရှိဖြစ်ကြောင်း၊ တက္ကသိုလ်ရှိ ပါမောက္ခများနှင့် ရင်းနှီးသူဖြစ်၍ ခိုင်းစရာရှိက ခိုင်းနိုင်ကြောင်း ဗိုလ်ကြီးအုန်းကျော်မြင့်အား ပြောခဲ့ပါသည်။ ထိုနေ့ညတွင် ဗိုလ်ကြီးအုန်းကျော်မြင့် က တိုင်းပြည်တွင် စီးပွားရေးကျပ်တည်းနေမှု အခြေအနေလောက်ကိုသာ ပြောပါသည်။ ကျွန်တော် ယူဆရသည်မှာ ၎င်း ကျွန်တော့်ကို ခေါ်ခြင်းမှာ ဗိုလ်ချုပ်ကြီးစန်းယုနှင့် ဗိုလ်မှူးကြီးတင်ဦးတို့ကို ဗဟိုကော်မတီနေ့တွင် လုပ် ကြံရန် အစီအစဉ်ကို ပြောကြားမည်ဟု ယူဆရသော်လည်း မျက်နှာစိမ်းပါ၍ မပြောကြောင်း ယူဆမိပါသည်။ ထိုနေ့ည ၉ နာရီအချိန်ခန့်တွင် ကျွန်တော် နှင့် ဦးချိုဦးတို့သည် ဗိုလ်ကြီးအုန်းကျော်မြင့်အိမ်မှ ပြန်လာခဲ့ပါသည်။



**ဘီယာတိုက်**

၁၉၇၆ ခု ဒွန် ၂၇ ရက်နေ့ နံနက် ၉ နာရီခွဲခန့် အချိန်လောက်တွင် ကျွန်တော်၏ဒုဝန်ကြီးက တောင်ငူပဲလှော်ကို တောင်ငူမြို့မှ မှာခိုင်းထားသဖြင့် (လပခ)တိုင်းမှူး၏ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးမောင်ဆောင်းထံသို့ ပဲလှော်ယူ ရန်အတွက် စစ်ရုံးရှိ အရာရှိကြီးများရိပ်သာသို့ ကျွန်တော်၏ကားနှင့် သွား ရောက်ခဲ့ပါသည်။ ကိုယ်ရေးအရာရှိများအိပ်သော အိပ်ဆောင်တွင် ဗိုလ်ကြီး မောင်ဆောင်းကို မတွေ့ရဘဲ ဗိုလ်ကြီးမျိုးဟန်လတ်နှင့် ဗိုလ်ကြီးဝင်းသိန်းတို့ စကားပြောနေသည်ကို တွေ့ရပါသည်။ ဗိုလ်ကြီးမျိုးဟန်လတ်မှ ကျွန်တော့် အား ဘီယာမှာတိုက်သဖြင့် ကျွန်တော်သောက်ပြီး ပြန်မည်အပြုတွင် ဗိုလ်ကြီး ဝင်းသိန်းက ကျွန်တော့်အနားသို့ကပ်၍ မင်းဆရာသဘောထားကို မတီးခေါက် ကြည့်မိသေးဘူးလားဟုမေးရာ ကျွန်တော်က မတီးခေါက်ရသေးကြောင်း ပြန်ပြောပါသည်။ ဗိုလ်ကြီးဝင်းသိန်းက ကျွန်တော့်ကို မင်း တော်တော်သတ္တိ ကြောင်တဲ့အကောင်၊ ယခု တို့ တိုင်းမှူးတစ်ယောက်ကို ရာခိုင်နှုန်းတော်တော် များများ စည်းရုံး၍ ရထားကြောင်း ပြောပါသည်။ ကျွန်တော်သည် ၎င်းအား နှုတ်ဆက်၍ အိမ်သို့ပြန်လာခဲ့ပါသည်။ ဗိုလ်ကြီးမျိုးဟန်လတ်သည် ကျွန်တော် တို့ပြောသည့်စကားကို သိမည်မဟုတ်ပါ။ ၎င်းလည်း ၎င်းဘာသာပြန်သွားသည် ကို တွေ့ရပါသည်။

၁၉၆၇ ခု ဇွန်လ ၃၀ ရက်နေ့တွင် ပါတီဗဟိုကော်မတီအစည်းအဝေး သို့ ဒုဝန်ကြီးနှင့်အတူ လိုက်ပါသွားရပါသည်။ ထိုနေ့နံနက် ၁၀ နာရီအချိန် ခန့်တွင် ဗိုလ်ကြီးဝင်းသိန်းနှင့် ကျွန်တော် တွေ့ဆုံရာ ၎င်းက ကျွန်တော့်အား မင်းတို့ ဒီနေ့ည ထမင်းစားပွဲပါသလားဟု မေးရာ ကျွန်တော်ကပါကြောင်း ပြန်ပြောပါသည်။ ၎င်းက ကျွန်တော့် ဒုဝန်ကြီး ယနေ့ညအိမ်တွင် ဘယ်အချိန် လောက် ရှိနိုင်သလဲဟု မေးရာတွင် ကျွန်တော်က ည ၇ နာရီနှင့် ၈ နာရီ အကြားတွင်ရှိကြောင်း ပြန်ပြောပါသည်။ ၎င်းက ငါသွားတွေ့ဦးမည်ဟုပြော ပြီး ထွက်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ခြေရှုပ်

၁၉၇၆ ခု ဇူလိုင်လ ၂ ရက်နေ့ နံနက် ၈ နာရီခွဲအချိန်ခန့်တွင် ကျွန်တော် ဒုဝန်ကြီးရုံးသို့ ရောက်လာပြီး ကျွန်တော့်ဗိုလ်သင်တန်းပတ်၊ ၎င်း၏ကိုယ်ရေးအရာရှိဟောင်း ဗိုလ်မှူးဘနီတို့၏ ဗိုလ်သင်တန်းပတ်၊ ဗိုလ်ကြီးမျိုးဟန်လတ်၊ ဗိုလ်ကြီးကြည်ဝင်းတို့၏ ဗိုလ်သင်တန်းပတ်များကိုမေးပြီး ဗိုလ်ကြီးဝင်းသိန်း၏ ဗိုလ်သင်တန်းပတ်ကို နောက်ဆုံးမှမေးပါသည်။ ကျွန်တော်သည် ကျွန်တော်၏ဗိုလ်သင်တန်း အပတ်စဉ်ကို တိတိကျကျ ပြောဆိုပြီး ကျန်လူများ၏ ဗိုလ်သင်တန်းပတ်များကို မှန်းဆ၍ ပြောကြားခဲ့ပါသည်။ ၎င်းနေ့ခင်း ၂ နာရီအချိန်ခန့်တွင် ကျွန်တော့် ဒုဝန်ကြီးက ဝင်းသိန်းသည် တိုင်းမှူး ဗိုလ်မှူးကြီးမင်းဂေါင်၏ ကိုယ်ရေးအရာရှိ မဟုတ်လားဟုမေးရာ ကျွန်တော်က ဟုတ်ကြောင်း ပြန်ပြောခဲ့ပါသည်။ ထို့နောက် ကျွန်တော့် ဒုဝန်ကြီးသည် ဝန်ကြီးဦးမောင်မောင်ခ ရုံးခန်းသို့ ဝင်လိုက်သွားပါသည်။ မကြာမီ ဝန်ကြီးနှင့် ဒုဝန်ကြီးသည် ရုံးအောက်သို့ ဆင်းသွားသည်ကို တွေ့လိုက်ရပါသည်။ ထိုနေ့ညနေ ၄ နာရီအချိန်ခန့်လောက်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်က ကျွန်တော့်ထံ ဖုန်းဆက်ပြီး မင်းဆရာနှင့် ဝန်ကြီး ဘာခြေရှုပ်နေတာလဲဟုမေးရာ ကျွန်တော်က မသိကြောင်း၊ ဗိုလ်ကြီးဝင်းသိန်းကိုတော့ မေးကြောင်း ပြန်ပြောရာ ဗိုလ်ကြီးအုန်းကျော်မြင့်က ဖုန်းချသွားပါသည်။ မည်သည့်နေရာမှ ဖုန်းဆက်သည်ကို ကျွန်တော် မသိပါ။ ၎င်းနေ့ ညနေ ၅ နာရီ မိနစ် ၂၀ အချိန်ခန့်တွင် ဒုဝန်ကြီး ပြန်ရောက်ပြီး ကျွန်တော့်အား ညက ဗိုလ်ကြီးဝင်းသိန်း အိမ်သို့လာကြောင်း၊ လူကြီးများကို လုပ်ကြံရန် ငါ့ကိုလာပြောကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ဝန်ကြီးနှင့်အတူ ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီးစန်းယုထံသို့ သွားရောက်သတင်းပို့ခဲ့ကြောင်း၊ ထိုကိစ္စကို စာဖြင့်အစီရင်ခံရန်အတွက် ကျွန်တော့်အား စာချောမိတ္တူလေးစောင်နှင့် ဥက္ကဋ္ဌကြီး၊ ဗိုလ်ချုပ်ကြီးစန်းယုတို့ထံ သီးခြားစာ ၂ စောင်၊ ပေါင်း ၆ စောင်ကို ကျွန်တော့်အားအရေးခိုင်းပါသည်။ ထိုနေ့ညနေ ၆ နာရီထိုးခဲ့သဖြင့် ရုံးဆင်းခဲ့ရာ ရေးလက်စအပြီးမသတ်ခဲ့ပါ။



ဇူလိုင် ၃ ရက်နေ့တွင် ကျွန်တော် ဆက်လက်ရေးရာ နေ့ခင်းပိုင်းလောက်တွင် ရေးပြီးခဲ့ပါသည်။ စာများအားလုံးကို ဒုဝန်ကြီး ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး စာအိတ်တွင်ထည့်၍ ချိတ်ပိတ်လျက် ဝန်ကြီးဦးမောင်မောင်ခနှင့် ဝန်ကြီးချုပ်တွက် စာ ၂ စောင်ကို ဝန်ကြီးဦးမောင်မောင်ခ၏ကိုယ်ရေးအရာရှိ ဗိုလ်ကြီးစိုးတင့်လက်သို့ ပေးပို့ခိုင်းပါသည်။

## ကင်းစစ်

ဥက္ကဋ္ဌကြီးအတွက်စာကို ကျွန်တော် ရုံးဆင်းချိန်၌ နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒုဗိုလ်မှူးကြီးအေးကျော်ထံသို့ ကျွန်တော်ကိုယ်တိုင် ၎င်း၏အိမ်သို့သွားရောက်၍ ၎င်း၏လက်ထဲသို့ ပေးခဲ့ပါသည်။ ဆက်လက်၍ ဗိုလ်ချုပ်ကြီးစန်းယုအတွက်စာကို ၎င်း၏ကိုယ်ရေးအရာရှိ ဗိုလ်ကြီးသန်းဆော၏လက်တွင်းသို့ ပေးခဲ့ပါသည်။ စာများပေးပို့ခဲ့ပြီးကြောင်းကို ကျွန်တော် ဒုဝန်ကြီးအိမ်သို့ သွားရောက်၍ အစီရင်ခံခဲ့ပါသည်။ ကျွန်တော်သည် ကျွန်တော့်အိမ်သို့ ပြန်လာခဲ့ပါသည်။ ထိုနေ့ည ၁၁ နာရီအချိန်ခန့်လောက်တွင် မီးများပျက်သွားသဖြင့် ကျွန်တော်သည် ဒုဝန်ကြီးအိမ်သို့ ကားဖြင့်သွားရောက်ခဲ့ပါသည်။ သွားရောက်ရခြင်းမှာ ဒုဝန်ကြီးအိမ်ရှိ ကင်းများကို စစ်ဆေးရန်နှင့် ဒုဝန်ကြီးအိမ် ဂိတ်လုံခြုံရေးကို စိတ်မချ၍ သွားရောက်ရခြင်း ဖြစ်ပါသည်။ ထိုနေ့ည ကျွန်တော်သည် ဒုဝန်ကြီးအိမ်ရှိ အစောင့်ကင်း ရဲကင်းများအိပ်ဆောင်၌ပင် အိပ်ခဲ့ပါသည်။

## ဖြောင့်ချက်ပေး

ဇူလိုင်လ ၄ ရက်နေ့ နံနက် ၇ နာရီခန့်တွင် ဒုဝန်ကြီးနှင့် ကျွန်တော်တွေ့ပြီး ညက မီးပျက်ကြောင်းနှင့် ကျွန်တော် လာရောက်စောင့်အိပ်ကြောင်း ပြောပါသည်။ ထို့နောက် ဒုဝန်ကြီးအိမ်မှ ကျွန်တော် ၉ နာရီအချိန်ခန့်လောက် ကျွန်တော့်အိမ်သို့ ပြန်လာခဲ့ပါသည်။ ကျွန်တော်သည် နိုင်ငံတော်ခေါင်းဆောင်ကြီးများ လုပ်ကြံရန်ကိစ္စနှင့် ပတ်သက်ပြီး ဗိုလ်ကြီးအုန်းကျော်မြင့်၊ ဗိုလ်ကြီးဝင်းသိန်းနှင့် ဗိုလ်ကြီးထွန်းကျော်တို့ သုံးဦးမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကိုမျှ ထိခိုက်စေလိုခြင်း၊ နစ်နာစေလိုခြင်း၊ စည်းရုံးလုပ်ဆောင်ခြင်း ကျွန်တော် မပြုလုပ်ခဲ့ပါ။ ကျွန်တော် မှားခဲ့ရသည့် အမှားများအတွက်ကိုသာ အမှန်အတိုင်း တရားရုံးသို့ လာရောက်ထွက်ဆို ဖြောင့်ချက်ပေးခြင်း ဖြစ်ပါသည်။ တရားရုံးမှ စီရင်ချမှတ်သည့် အပြစ်ဒဏ်အတိုင်း ကျွန်တော်ခံသွားပါမည်ဟု ကျွန်တော် ဝန်ခံကတိပြုပါသည်။

✧ ✦ ✧

## အင်းစိန်တရားသူကြီးအဖွဲ့တွင် ဗိုလ်ကြီးဝင်းသိန်း ဖြောင့်ဆိုချက်ပေး

### ဗိုလ်ကြီးဝင်းသိန်း (စ) နီတွတ် (ဘ)ဦးဟုတ်ရှ၏ ဖြောင့်ချက်

ကျွန်တော်သည် ၁၉၄၀ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့၌ ပြည်ခရိုင်၊ ညောင်စာရေးရွာတွင် စတင်မွေးဖွားပါသည်။ ၎င်းနောက် သာယာဝတီခရိုင် နတ်တလင်းမြို့တွင် ကြီးပြင်းလာခဲ့ပါသည်။ နတ်တလင်း အစိုးရအထက်တန်းကျောင်းတွင် ၁၉၅၇ ခုနှစ်ခန့်က ၁၀ တန်းအောင်ခဲ့ပါသည်။ ၎င်းနောက် ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်ပညာသင်ကြားခဲ့ပြီး ဝိဇ္ဇာသိပ္ပံပထမနှစ် ၁၉၆၂ ခုနှစ်တွင် ကျောင်းမှထွက်ခဲ့ပြီး ရန်ကုန်မြို့၊ အမှတ်(၁၉၅)၊ ၂၈–လမ်းတွင် နေထိုင်ခဲ့ပြီး မိဘလုပ်ငန်းတွင် ကူညီလုပ်ကိုင်ပေးခဲ့ပါသည်။ ၁၉၆၄ ခုနှစ် ဧပြီလတွင် ဗိုလ်သင်တန်းသို့ တက်ခဲ့ပါသည်။

ကျွန်တော်သည် ၁၉၆၅ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဗိုလ်သင်တန်းမှ ဆင်းခဲ့ပါသည်။ အမှတ်(၉၁)ခြေလျင်တပ်ရင်းတွင် တာဝန်ကျပါသည်။ ၁၉၇၀ ခုနှစ် ဧပြီလတွင် အမှတ်(၂)ခြေလျင်တပ်ရင်းသို့ ပြောင်းရွှေ့ခဲ့ရပါသည်။ ၎င်းမှ ၁၉၇၄ ခုနှစ် ဩဂုတ်လတွင် အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်သို့ တပ်မမှူး၏ဦးစီးအရာရှိအဖြစ် ပြောင်းရွှေ့လုပ်ကိုင်ခဲ့ရပါသည်။ ၁၉၇၅ ခုနှစ် ဧပြီလတွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ တိုင်းမှူးနှင့်အတူ ပြောင်းရွှေ့လိုက်ပါသွားခဲ့ပါသည်။ ၎င်းတိုင်းမှူးမှာ ဗိုလ်မှူးကြီးမင်းဂေါင် ဖြစ်ပါသည်။

### သတင်းပို့

ကျွန်တော်သည် တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်စွန့်စားစား လုပ်ချင်သောဆန္ဒရှိသူ ဖြစ်ပါသည်။ ယခုအချင်းဖြစ်မှု အမှုမပေါ်ပေါက်အောင် ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်သည် ယခုတည်ဆောက်နေသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ဘာကြောင့် မအောင်မြင်သလဲဟု စဉ်းစားစိတ်ဝင်စားနေပါသည်။ ၎င်းနောက် သက်ဆိုင်ရာ လူကြီးမင်းများအား အကြံဉာဏ်ပေးလိုသောဆန္ဒများ ပေါ်ပေါက်ခဲ့ပါသည်။ ၁၉၇၆ ခုနှစ် ဧပြီလတွင် စစ်တွေမှရန်ကုန်သို့ တာဝန်ဖြင့်ရောက်ရှိလာခဲ့ပါသည်။ ရန်ကုန်ရောက်စဉ် စစ်ရုံးချုပ်သို့ သတင်းပို့စဉ်အချိန်မှာ ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးတင်ဦး၏ ကိုယ်ရံတော် ဗိုလ်ကြီးစံကြည်နှင့် တွေ့ခဲ့ပါသည်။ ထိုစဉ် ဗိုလ်ကြီးစံကြည်က ၎င်း၏ဆရာ ဗိုလ်ချုပ်ကြီးတင်ဦး အဖြုတ်ခံရသည့်အကြောင်း ကျွန်တော်ကမေး၍ ၎င်းက ရှင်းပြပါသည်။

ထိုစဉ် ကျွန်တော်က ၎င်းအား မင်းတို့ကော အခြေအနေ ဘယ်လိုလဲဟု မေးရာ ၎င်းက ကျွန်တော် ပြောင်းရတော့မယ်။ ဗိုလ်ကြီးသန့်ဇင်မြိုင်တော့ ၎င်းဌာနသို့ ပြန်သွားပြီဖြစ်ကြောင်း၊ ၎င်းတောင်မှ ၁၉၇၆ ခုနှစ် မတ်လ ၂၇ ရက် တော်လှန်ရေးနေ့က ခေါင်းဆောင်ကြီးများအား လုပ်ကြံရန် အစီအစဉ်ပါသလိုလိုကြားကြောင်း ပြောပြပါသည်။ ထိုအခါ ကျွန်တော်က ၎င်းအစီအစဉ် ဘယ်လိုဖြစ်သွားသလဲဟု မေးကြည့်ရာ ၎င်းက ဘယ်လိုဖြစ်သွားလဲတော့မသိဘူး၊ ခင်ဗျား စိတ်ဝင်စားရင် ဗိုလ်ကြီးအုန်းကျော်မြင့်ဆီ သွားတွေ့ချေဟုပြောပါသည်၊ ၎င်းနောက် ကျွန်တော်လည်း ဗိုလ်ကြီးအုန်းကျော်မြင့်ဆီ သွားခဲ့ပါသည်။

ဗိုလ်ကြီးအုန်းကျော်မြင့်အား ဦးစီးချုပ်ရုံးတွင်တွေ့စဉ် တော်လှန်ရေးနေ့ကိစ္စ အခြေအနေအား မေးကြည့်ရာ ၎င်းက မင်း ဘယ်ကကြားလာသလဲ၊ စံကြည်ဆီက မဟုတ်လားဟု မေးပါသည်။ ကျွန်တော်က မဟုတ်ဘူး မင်းပါမပါ သိချင်လို့ပါဟုမေးရာ ၎င်းက ဘာမှပြန်မပြောဘဲ ရယ်နေပါသည်။ ထိုစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်က တိုင်းပြည်နဲ့လူမျိုးအတွက်ဆိုလျှင် မင်းအသေခံရဲသလား၊ လုပ်ရဲသလားဟုမေး၍ ကျွန်တော်က အသေခံရဲကြောင်း၊ လုပ်ရဲကြောင်း ပြောပြပါသည်။ ၎င်းနောက် ၁၉၇၆ ခုနှစ် ဧပြီလထဲတွင်ပင် ကျွန်တော် စစ်တွေသို့မပြန်မီ ရန်ကုန်တွင် တည်းခိုသော အမှတ်(၂၉၇)၊ ကျုံးကြီးလမ်း၊ ရန်ကုန်နေအိမ်တွင် ည ၇ နာရီခွဲ ၈ နာရီခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်က ကျွန်တော့်အား လာခေါ်ပါသည်။ ၎င်းကားဖြင့် ကျွန်တော်လိုက်သွားခဲ့ပါသည်။



## တာဝန်ပေး

၎င်းအချိန်က ဗိုလ်ကြီးထွန်းကျော် ပါသည်ဟု ထင်ပါသည်။ ကားလျှောက်မောင်းရင်း ရန်ကုန်မြို့တွင်း၌ ယခု လုပ်ကြံမှုအတွက် ဆွေးနွေးကြပါသည်။ ဗိုလ်ကြီးအုန်းကျော်မြင့်က ကျွန်တော့်အား လူ၊ လက်နက် စည်းရုံးရန်နှင့် ခေါင်းဆောင်ရာရန် တာဝန်ပေးပါသည်။ နောက် ၎င်းညပင် ကျွန်တော့်အား အိမ်သို့ပြန်ပို့ပေးပါသည်။ ၎င်းနောက် စစ်တွေသို့မပြန်မီ ဗိုလ်မှူးကြီးသန်းတင်အိမ်သို့ ၎င်းအား ဂါရဝပြုရန် ကျွန်တော် မိသားစုနှင့်အတူ သွားခဲ့ပါသည်။

## သတိပေး

ထိုစဉ် ဗိုလ်မှူးကြီးသန်းတင်က ၎င်း၏ စစ်အတွေ့အကြုံများအား ပြောပြပါသည်။ ၎င်းနောက် စစ်တွေသို့ပြန်ရန်အတွက် သတင်းပို့ရန် စစ်ရုံးသို့ တစ်ခေါက်သွားခဲ့ပါသည်။ ၎င်းစစ်ရုံးတွင် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် တွေ့ပါသည်။ ၎င်းက ကျွန်တော့်အား မင်း ဗိုလ်ချုပ်ကြီးတင်ဦးနှင့် အဆက်အသွယ်ရှိသလားဟု မေးပါသည်။ ကျွန်တော်က ဗိုလ်ကြီးစံကြည်ကို ဆက်သွယ်လျှင် ရနိုင်မည်ထင်၍ ရှိကြောင်းပြောပြလိုက်ပါသည်။ ၎င်းက ဆက်လက်၍ အဆက်အသွယ်ရှိလျှင် ဗိုလ်ချုပ်ကြီးတင်ဦး၏ သဘောထားအား တီးခေါက်ကြည့်ထားရန် သတိပေးပါသည်။

## သဘောထား

နောက်တက်လာမည့် အဖွဲ့ထဲတွင် ဝန်ကြီးချုပ် ဦးစိန်ဝင်း၊ ဗိုလ်မှူးကြီးတင့်ဆွေ၊ ဗိုလ်မှူးကြီးသန်းတင်တို့အား ဆက်လက်အသုံးပြုရန် ဆွေးနွေးကြပါသည်။ ကျွန်တော်လည်း ၎င်းမှတစ်ဆင့် ဗိုလ်ကြီးစံကြည်ရုံးသို့ သွားခဲ့ပါသည်။ ဗိုလ်ကြီးစံကြည်အား ၎င်း၏ဆရာအခြေအနေနှင့် သဘောထားကို မေးကြည့်ပါသည်။ ထိုအခါ ၎င်းက ၎င်း၏ဆရာ သဘောထားကို တီးခေါက်ကြည့်ဦးမယ်ဟု ပြောပါသည်။ ၎င်းနောက် ကျွန်တော်လည်း စစ်တွေသို့ ဧပြီလကုန်ခါနီးတွင် ပြန်သွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မသိသေး

မေလဆန်းတွင် ရန်ကုန်သို့ တိုင်းမှူး ဗိုလ်မှူးကြီးမင်းဂေါင်နှင့်အတူ တိုင်းမှူးအစည်းအဝေးပွဲအတွက် ပြန်လာခဲ့ပါသည်။ ထိုစဉ် ရန်ကုန်စစ်ရုံးချုပ်ရိပ်သာတွင် တည်းနိုပါသည်။ ၎င်းနေ့ညမှာပင် ဗိုလ်ကြီးဝင်းမောင်ကို ကျွန်တော်က တိုင်းပြည်အတွက်ဆိုရင် လုပ်မလားဟု စည်းရုံးကြည့်ပါသည်။ စည်းရုံး၍ ရပါသည်။ နောက်တစ်နေ့တွင် တိုင်းမှူးများနှင့်အတူ စစ်ရုံးသို့ ရုံးတက်ရန် သွားခဲ့ပါသည်။ ထိုစဉ် စစ်ရုံးတွင် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် တွေ့ပါသည်။ ၎င်းက ကျွန်တော့်အား ဗိုလ်ချုပ်ကြီးတင်ဦး၏ အခြေအနေကို မေးပါသည်။ ကျွန်တော်က မသိသေးကြောင်းပြောပါသည်။ ၎င်းက ကျွန်တော့်အား မင်း ဗိုလ်မှူးကြီးသန်းတင်အိမ်ကို သွားတယ်မဟုတ်လား၊ အရမ်းလျှောက်လုပ်မနေနဲ့ဟု ပြောပါသည်။

## နိမိတ်မကောင်း

ကျွန်တော်က အလည်သက်သက် သွားတာပဲ၊ ဘာမှပြောတာမှမဟုတ်တာ မင်းကို ဘယ်သူပြောသလဲဟုမေးရာ ၎င်းက ဗိုလ်ကြီးဘချစ်က ပြောတယ်ဟု ပြောပြရာ ၎င်းက ဒီကောင်လည်း အလကားကောင်၊ သတ္တိမရှိဘူးဟု ပြောပါသည်။ ကျွန်တော်က ဘာဖြစ်လို့လဲဟု မေးကြည့်ရာ ၎င်းက အရင်တစ်ခါ တို့လှို့ဝှက်အစည်းအဝေးတစ်ခု လုပ်တုန်းက ၎င်းက ကားကိုခဲထိတယ်၊ နိမိတ်မကောင်းဘူးဟုဆိုပြီး မလာဘူးဟုပြော၍ ကျွန်တော်က ဘယ်တုန်းက လုပ်တာလဲဟု မေးကြည့်ရာ ၎င်းက မင်းမသိပါဘူးဟု ပြန်ပြောပါသည်။

## လူကြီးတွေဖြုတ်

၎င်းနေ့ နံနက်စာ ထမင်းစားချိန်တွင် ဗိုလ်ကြီးစံကြည်နှင့် ထမင်းစားသည့်နေရာတွင်တွေ့ရာ ကျွန်တော်က အခြေအနေကို မေးကြည့်ပါသည်။ ၎င်းက ရိပ်သာက စောင့်နေ၊ နေ့ခင်းကို လာခဲ့မယ်ဟု ပြောပါသည်။ ၎င်းနေ့ နေ့ခင်း ဗိုလ်ကြီးစံကြည် ရိပ်သာသို့ ရောက်လာပါသည်။ ကျွန်တော်က ၎င်းဆရာ ဗိုလ်ချုပ်ကြီးတင်ဦး၏ အခြေအနေကို မေးကြည့်ရာ ၎င်းက ကျွန်တော့်အား ခင်ဗျားတို့အစီအစဉ်ကော ဘယ်လိုလဲဟု ပြန်မေးပါသည်။ ကျွန်တော်က လက်ရှိလူကြီးတွေဖြုတ်ပြီး မင်းဆရာကို တင်မှာပဲဟု ပြန်ပြောပါသည်။



## အဖွဲ့နာမည်

၎င်းက ဘယ်သူတွေကို ဖြုတ်မှာလဲဟုမေး၍ ကျွန်တော်က ဗိုလ်ချုပ်ကြီးစန်းယုနှင့် ဗိုလ်မှူးကြီးတင်ဦးကိုဖြုတ်ပြီး မင်းဆရာကို တင်မယ်ဟု ပြောပါသည်။ ၎င်းက ဒီနှစ်ယောက်နဲ့တင် မဖြစ်ဘူး၊ နံပါတ်(ဝမ်း) သမ္မတကြီးဦးနေဝင်းနှင့် အက်စ်ဝမ်း (ဦးထွန်းလင်း)တို့ပါ ပါမှဖြစ်မယ်ဟု ပြောပါသည်။ ထိုစဉ် ဗိုလ်ကြီးစံကြည်က ကျွန်တော့်အား ခင်ဗျားတို့အဖွဲ့ နာမည်ဘယ်လိုခေါ်သလဲဟုမေး၍ ကျွန်တော်က အမည်မရှိဘူး၊ ငါလည်း မသိသေးဘူးဟု ပြောလိုက်ပါသည်။ ထိုစဉ် ၎င်းက အမ်၊ အာရ်၊ စီ (MRC MILITARY REVOLUTIONARY COUNCIL)လို့မှည့်ရင် ကောင်းမယ်။ ၎င်းအဖွဲ့ တက်လာရင် ပထမဆုံး ပါတီဖျက်သိမ်းကြောင်း ကြေညာပြီး နိုင်ငံခြားရေးဝါဒ၊ ပြည်တွင်းဝါဒတွေကို ကြေညာပေးရမယ်ဟု ပြောပါသည်။ တက်လာမယ့်အဖွဲ့ထဲမှာ ဗိုလ်ချုပ်ဟောင်းကျော်ဇောနဲ့ နိုင်ငံတော်ကောင်စီဝင် ဦးသောင်းကြည်တို့ကို ဆက်သုံးဖို့နှင့် ခင်ဗျားတို့ ဘယ်သူတွေကို သဘောကျသလဲဟု ပြောပါသည်။

## မီးစိမ်းမပြ

ယခု ပြောသူတွေနဲ့တော့ အဆက်အသွယ် မရှိဘူး၊ တို့ကတော့ ဦးစိန်ဝင်း၊ ဗိုလ်မှူးကြီးတင့်ဆွေ၊ ဗိုလ်မှူးကြီးသန်းတင်တို့ကို ဆက်သုံးချင်တယ်ဟု ကျွန်တော်က ပြောပြပါသည်။ ၎င်းနောက် ဗိုလ်ကြီးစံကြည်က ဆက်လက်၍ ၎င်းပြောင်းရတော့မယ်။ နောက်ပိုင်း ဆက်သွယ်စရာရှိရင် ဗိုလ်ကြီးသန့်ဇင်မြိုင်နှင့် ယုံယုံကြည်ကြည် ဆက်သွယ်ရန်နှင့် ၎င်းဆရာကတော့ ခင်ဗျားတို့ကို လုပ်ပါလို့တော့ မီးစိမ်းမပြဘူး။ လုပ်ပြီးရင် ၎င်းဆီသွားပြီး Request လုပ်ရင်သူ လိုက်လာလိမ့်မယ်။ နောက်ပြီး ၎င်းက ဆက်လက်၍ စစ်ရုံးစခန်းမှူး ဗိုလ်မှူးစိန်မြင့်ကိုလည်း အခြေအနေကောင်းလို့ တီးခေါက်ကြည့်ဖို့ ပြောပါသည်။ စက်တင်ဘာလအတွင်း လုပ်ဖို့လိုကြောင်း ၎င်းက ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



### အကြီးအကဲ

ငင်းနေ့ညမှာပင် ဗိုလ်ကြီးဝင်းမောင်ကို ကျွန်တော်က အခြေအနေပြောပြခဲ့ပါသည်။ ဗိုလ်ကြီးဝင်းမောင် နံပါတ်(ဝမ်း)သမ္မတကြီး ဦးနေဝင်းကိစ္စအား သဘောမတူကြောင်းနှင့် ကျွန်တော်၏ဆန္ဒကို မေးပါသည်။ ကျွန်တော်ကလည်း သဘောမတူကြောင်း ပြောပြခဲ့ပါသည်။ နောက်တက်လာမယ့်အဖွဲ့မှာ ဦးနေဝင်းကိုပဲ သမ္မတ(သို့မဟုတ်)နာယကဖြစ် အကြီးအကဲခန့်ရန်ကိစ္စအား နှစ်ယောက်သား ဆွေးနွေးကြပါသည်။ ငင်းနောက် ဗိုလ်ကြီးဝင်းမောင်ကားဖြင့် ဗိုလ်ကြီးအုန်းကျော်မြင့်အိမ်သို့ သွားကြပါသည်။ ဗိုလ်ကြီးအုန်းကျော်မြင့်အိမ်တွင် ကျွန်တော်၊ ဗိုလ်ကြီးဝင်းမောင်၊ ဗိုလ်ကြီးအုန်းကျော်မြင့်တို့ ဆွေးနွေးကြပါသည်။ ကျွန်တော်က ဗိုလ်ကြီးစံကြည် ပြောသောကိစ္စကို ပြန်ပြောပြပါသည်။

### သဘောမတူ

ထိုစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်က သမ္မတကြီးကိစ္စနှင့် ပါတီဖျက်ဖို့ကိစ္စကို ငင်းတို့နှင့် သဘောချင်းတိုက်ဆိုင်ကြောင်း ပြောပြပါသည်။ ထိုစဉ် ကျွန်တော်က သမ္မတကြီး နိုင်ငံခြားသွားနေတုန်း လုပ်ရန်ပြောပါသည်။ ထိုစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်က အဲဒါ ပိုဆိုးမယ်၊ ဦးနုတို့လို၊ သီဟာနုတို့လို ဖြစ်နေဦးမယ်။ ဦးသောင်းကြည်ကိစ္စကိုလည်း သဘောမတူကြောင်း ပြောပါသည်။ ထိုစဉ် ကျွန်တော်က ဗိုလ်ကြီးစံကြည်ဟာ သူ့ဆရာနဲ့သော်လည်းကောင်း၊ သို့မဟုတ် ပုဂ္ဂိုလ်ကြီးကြီးတစ်ဦးနှင့်သော်လည်းကောင်း တွေ့ပြီးပြီဖြစ်ရမယ်၊ ဘာကြောင့်လဲဆိုတော့ သူ့ဦးနှောက်နဲ့တော့ နာမည်ပေးတာတို့၊ လူရွေးတာတို့ မဖြစ်နိုင်ဘူးဟုပြောရာ ဗိုလ်ကြီးအုန်းကျော်မြင့်က ဒါတို့အလုပ် မဟုတ်ဘူးဟု ပြောပြပါသည်။ ထိုစဉ် ဗိုလ်ကြီးဝင်းမောင်က ဗိုလ်ကြီးအုန်းကျော်မြင့်အား တပ်၏အခြေအနေများ မေးပါသည်။

### အတူပြန်ခဲ့

ဗိုလ်ကြီးအုန်းကျော်မြင့်က ခမရ(၁၀၆) နားချိန်နဲ့ဆိုရင်တော့ ပိုအဆင်ပြေမယ်ဟု ပြောပါသည်။ ငင်းက ဆက်လက်၍ အင်အားအတွက် မလောရန်



ပြောပါသည်။ နောက် ကျွန်တော်နှင့် ဗိုလ်ကြီးဝင်းမောင်တို့ အတူပြန်လာခဲ့ပါသည်။ ကားပေါ်တွင် ကျွန်တော်က ဗိုလ်ကြီးဝင်းမောင်အား လက်နက်ဘယ်လောက်ရှိသလဲဟု မေးကြည့်ရာ ငင်းက အတို(၂)လက်နဲ့ အရှည်(၁)လက်ရှိကြောင်း ပြောပြပါသည်။ လိုအပ်လျှင်လည်း အသံတိတ်ကိရိယာပါ ရနိုင်ကြောင်း ပြောပြပါသည်။

### ခန်းမထဲဝင်

နောက်တစ်နေ့ညနေ ရိပ်သာသို့ ဗိုလ်ကြီးဘချစ် ဘီလီယက်ထိုးရန် ရောက်လာပါသည်။ ကျွန်တော်နှင့်တွေ့၍ ကျွန်တော်က မင်းသတ္တိကြောင်တဲ့အကောင်ဆိုပြီး ဗိုလ်ကြီးအုန်းကျော်မြင့် ပြောပြသော ကားမှန်အား ခဲထိသည့်ကိစ္စကို မေးကြည့်ရာ ငင်းက ဟုတ်မှန်ကြောင်း ပြောပြပါသည်။ ကျွန်တော်က ငင်း၏ဆရာ ဗိုလ်မှူးကြီးသန်းတင်၏ အခြေအနေအား မေးကြည့်ရာ ငင်းက ကိုယ့်ဆရာလည်း ဘာတတ်နိုင်မှာလဲဟု ပြောပြပါသည်။ အကယ်၍ ကျွန်တော်တို့လိုအပ်ပါက ကျောင်းသားနှင့် အလုပ်သမားကိုတော့ ရနိုင်ကြောင်း ပြောပြပါသည်။ ငင်းနောက် ၁၉၇၆ ခုနှစ် မေလဆန်းထဲတွင် ဗိုလ်ကြီးအုန်းကျော်မြင့်က ကျွန်တော့်ထံ ဖုန်းဆက်၍ (၁၉)လမ်းသို့လာခဲ့ရန် မှာပါသည်။ ငင်းမှတစ်ဆင့် ဗန္ဓုလပန်းခြံသို့လည်းကောင်း၊ စစ်သားစုဆောင်းရေးတပ်(ထောင်ကြီးကွေ့)နားသို့သွား၍ ကားပေါ်တွင် ကျွန်တော်၊ ဗိုလ်ကြီးအုန်းကျော်မြင့်၊ ဗိုလ်ကြီးထွန်းကျော်တို့ ဆွေးနွေးကြပါသည်။ ငင်းနောက် လွှတ်တော်သို့မဟုတ် ဗဟိုကော်မတီ အစည်းအဝေးမှာ လုပ်ကြံမည့်အဖွဲ့က ညကတည်းကကြိုပြီး ခန်းမဆောင်ထဲသို့ ဝင်နေရန် အုန်းကျော်မြင့်က ပြောပါသည်။

### မလွယ်ကူ

ငင်းကတော့ အင်အားအချို့နှင့် အပြင်ကနေပြီး အသံပေး၍ လက်နက်ချခိုင်းမယ်၊ အထဲကအဖွဲ့က ကိုယ့်အစီအစဉ်နဲ့ကိုယ် လွတ်အောင်ရှောင်ဖို့နဲ့ အထဲအတွက်လူကို ငင်းက စီစဉ်ပေးမည်ဟု ပြောပါသည်။ ကျွန်တော်က ဝင်နေဖို့တော့လွယ်တယ်၊ အထဲအစောင့်နဲ့တွေ့သွားရင် ဘယ့်နှယ်လုပ်မလဲ၊ လူအများထဲမှာလုပ်ရမှာ၊ ကိုယ်လိုချင်တဲ့လူတွေ ဘယ်မှာရှာတွေ့မလဲ၊ မလွယ်ကူ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောပြခဲ့ပါသည်။ ထိုစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်က မလွယ်ဘူးဟု ပြောပြပါသည်။ ကျွန်တော်က ဒီလိုဆို အေဒီလမ်းအိမ်တော်မှာ တိုင်းမှူးတွေကို ခေါ်တွေ့တဲ့ အချိန်မှာဆိုရင် အဆင်ပြေနိုင်ကြောင်း ပြောပြပါသည်။

ထိုစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်က အစည်းအဝေးပွဲလုပ်မယ့် နေရာအခန်းကို သိဖို့ခက်တယ်ဟုပြော၍ ကျွန်တော်က စုံစမ်းလျှင် ရနိုင်ပါတယ်ဟု ပြောပြခဲ့ပါသည်။ ထိုအခါ ဗိုလ်ကြီးအုန်းကျော်မြင့်က ၎င်းအထဲဝင်မယ့်အဖွဲ့ထဲမှာ ဗိုလ်ကြီးထွန်းကျော်ပါ ထည့်ပေးမယ်၊ ၎င်းကတော့ အပြင်ကနေပြီး လိုအပ်သလို စီစဉ်ပေးမယ်ဟု ပြောပါသည်။ ကျွန်တော်က တိုင်းမှူးထဲကနေပြီး တို့အတွက် ခေါင်းဆောင်တစ်ယောက်ရရင် ပိုအဆင်ပြေနိုင်ကြောင်း ပြောပြခဲ့ပါသည်။ ထိုအခါ ဗိုလ်ကြီးအုန်းကျော်မြင့်က ၎င်းတာဝန်ယူကြောင်း ပြောပြပါသည်။ နောက် ဗိုလ်ကြီးအုန်းကျော်မြင့်က လေဆိပ်ကို သွားလာတုန်းလည်း လုပ်ကြံရန် အဆင်ပြေနိုင်ကြောင်း ပြောပြပါသည်။

## စည်းရုံးကြည့်

ဒါပေမဲ့ နေ့ရက်အတိအကျ မသိနိုင်ကြောင်း၊ ကျွန်တော်က စုံစမ်းလျှင် ရနိုင်ကြောင်း ပြောပြခဲ့ပါသည်။ လေဆိပ်မှာလုပ်လျှင်လည်း လုပ်ကြံတဲ့အဖွဲ့က လွတ်မြောက်နိုင်တယ်။ ၎င်းကတော့ အပြင်ကနေ လမ်းပိတ်ပြီး အစီအစဉ်လုပ်မယ်ဟုပြောပြီး ၎င်း၏အိမ်သို့ သွားကြပါသည်။ ၎င်းအိမ်တွင် ခဏနေပြီး ရိပ်သာသို့ ပြန်ပို့ပေးပါသည်။ ၎င်းမေလအတွင်းမှာပင် ဗိုလ်ကြီးဟန်ဇော်ကို ကျွန်တော် စည်းရုံးကြည့်ခဲ့ပါသည်။ လက်ခံပုံမပေါ်၍ ဆက်မပြောတော့ပါ။ ၎င်းနောက် မေလဒုတိယပတ်တွင် စစ်တွေသို့ တိုင်းမှူးနှင့်အတူ ပြန်သွားခဲ့ပါသည်။ ဇွန်လအလယ်လောက်တွင် ကျွန်တော်၏မိသားစုနှင့်အတူ ရန်ကုန်သို့ ပြန်လာပါသည်။ စစ်ရုံးသို့ သတင်းသွားပို့ပါသည်။ ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် တွေ့ပါသည်။ ၎င်းက ကျွန်တော့်အား နှုတ်ဖွာသည့်အတွက် လူလက်နက်တို့ မစည်းရုံးရန် ပြောပါသည်။ လိုအပ်တာကို ၎င်းက စီစဉ်ပေးမည်ဟု ပြောပါသည်။ မလုပ်ခင် သုံးလေးရက် ကြိုတင်၍ ကျွန်တော့်ထံ အကြောင်းကြားမည်ဟု ပြောပါသည်။



## စည်းဝေးချိန်

ဇွန်လ ၂၃ ရက်နေ့တွင် စစ်တွေသို့ ကျွန်တော်တစ်ယောက်တည်းပြန်ပါသည်။ ထိုသို့မပြန်မီ ဗိုလ်ကြီးအုန်းကျော်မြင့်က ၎င်း၏ရုံး(ဦးစီးချုပ်ရုံး)တွင် ကျင်းပသော တပ်မတော်စည်းရုံးရေးကော်မတီ အစည်းအဝေးပွဲလုပ်ချိန်မှာ အစီအစဉ်လုပ်လျှင်လည်းရကြောင်း ပြောပါသည်။ ကျွန်တော်က လူစုံလာပါ့မလားဟုမေးပါသည်။ ၎င်းက ဗိုလ်ချုပ်ကြီးစန်းယုတော့ လာတယ်၊ ဗိုလ်မှူးကြီးတင်ဦးတော့ မလာဘူးဟု ပြောပါသည်။ ဒါပေမဲ့ ၎င်း၏ဆရာ ဗိုလ်ချုပ်ကျော်ထင်ခေါ်တဲ့အနေနဲ့ခေါ်ရင်လည်းရကြောင်း ပြောပြပါသည်။

## သတင်းကြား

ကျွန်တော် စစ်တွေသို့ရောက်ပြီး ဇွန်လ နောက်ဆုံးပတ် (၂၄–၂၅)ရက်နေ့တွင် တိုင်းမှူးအား လက်ရှိလူကြီးတွေကိုဖြုတ်ပြီး အသစ်တင်ဖို့ အစီအစဉ်တွေ ကြားခဲ့ရကြောင်း ပြောပြပါသည်။ ထိုအခါ တိုင်းမှူးက လက်ရှိလူကြီးတွေထက် ပိုတော်တဲ့လူ ဘယ်သူတွေရှိလဲ၊ အဲဒီလိုလုပ်လာရင် ငါကလည်းရှိတဲ့လူနဲ့ သွားချရမယ်ဟု ပြောပါသည်။

ထိုအခါ ကျွန်တော်က တကယ်လို့ နောက်တက်လာမယ့်လူဟာ တိုင်းမှူးတို့ ရိုသေရမယ့်လူဆိုလျှင် ဘယ်လိုလုပ်ပါ့မလဲဟု မေးရာ ၎င်းက ဒါလည်းပဲ ချရမှာပဲဟု ပြောပါသည်။

## မသွားနိုင်

ဇွန်လ ၂၆ ရက်နေ့တွင် တိုင်းမှူးနှင့်အတူ ရန်ကုန်သို့ ပြန်လာခဲ့ပါသည်။ ရန်ကုန်သို့ရောက်ပြီး စစ်ရုံးရိပ်သာတွင် ကျွန်တော် ရှိနေစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်က ဖုန်းဆက်၍ခေါ်နေကြောင်း ဗိုလ်ကြီးဝင်းမောင်မှ လာပြောရာ ကျွန်တော်က မအား၍မသွားနိုင်ကြောင်း ပြောပြလိုက်ပါသည်။ ဇွန်လ ၂၇ ရက်နေ့တွင် နေ့လယ်ပိုင်း၌ ဗိုလ်ကြီးအုန်းကျော်မြင့် ရိပ်သာသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



## တရင်းတနီး

ကျွန်တော်လည်း သွားစရာရှိ၍ ၎င်းကားအား တောင်းပါသည်။ ၎င်းအား အိမ်သို့လိုက်ပို့ပြီးလျှင် ကားကိုယူသွားဖို့ ပြောပါသည်။ ၎င်းအိမ်သို့သွားရင်း ကားပေါ်တွင် ကျွန်တော့်အား ၎င်းက တိုင်းမှူးတစ်ယောက်အား စည်းရုံးနေတာ အခြေအနေကောင်းကြောင်း ပြောပါသည်။ ၎င်းက အမည်ကိုတော့ ဖော်ပြောမပြပါ။

ကျွန်တော်သိနေသူမှာ တိုင်းမှူး ဗိုလ်မှူးကြီးလှဖေ ဖြစ်မည်ဟု သိနေပါသည်။ ဘာကြောင့်ဆိုသော် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် ဗိုလ်မှူးကြီးလှဖေမှာ တရင်းတနီးနေ၍ သိနေကြ၍ ဖြစ်ပါသည်။

## ဆွေးနွေး

ဇူလိုင်လ ၁ ရက်နေ့ ည ၇ နာရီခွဲခန့်အချိန်တွင် အမှတ်(၁၉၅)၊ ၂၈–လမ်းတွင်ထားသော ကျွန်တော့်အစ်ကို ကိုမြင့်သိန်း၏ကား ဃ/၆၀၀၄ ကို ၎င်းမသိဘဲ ကျွန်တော် ယူသွားခဲ့ပါသည်။ ကိုမြင့်သိန်းက (၁၁)လမ်းတွင်နေသည့်အတွက် ကျွန်တော် ကားယူသွားသည်ကို မသိခဲ့ပါ။ ၎င်းကားဖြင့် ရွှေတောင်ကြားလမ်းရှိ ဗိုလ်မှူးကြီးသန်းတင်အိမ်သို့ သွားခဲ့ပါသည်။ ၎င်းနေအိမ်တွင် ဗိုလ်မှူးကြီးသန်းတင်နှင့် လက်ရှိတိုင်းပြည်၏အခြေအနေကို နှစ်ယောက်သား ဆွေးနွေးကြပါသည်။

## ခေါင်းဆောင်လို

ကျွန်တော်က ဗိုလ်ချုပ်ကြီးစန်းယုနှင့် ဗိုလ်မှူးကြီးတင်ဦးတို့၏ အခြေအနေများအား မေးကြည့်ခဲ့ပါသည်။ ၎င်းက တိုင်းပြည်အတွက် အနစ်နာခံလုပ်ခဲ့တဲ့အကြောင်း၊ ခေါင်းဆောင်ကြီးတွေဟာ တိုင်းပြည်နဲ့လူမျိုးအတွက် တပ်မတော်အား ဘယ်လိုတည်ထောင်ခဲ့ပြီး ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာ စသည်ဖြင့် ပြောပြပါသည်။ ထိုအခါ ကျွန်တော်က လက်ရှိလူကြီးတွေကိုဖြုတ်ဖို့ကို လူငယ်အရာရှိအချို့ စီစဉ်နေကြကြောင်း၊ ၎င်းအဖွဲ့အတွက် ခေါင်းဆောင်လိုအပ်နေကြောင်း ပြောပြခဲ့ပါသည်။



## မလုပ်ထိုက်

ထိုအခါ ဗိုလ်မှူးကြီးသန်းတင်က ဒါဟာ မလုပ်သင့် မလုပ်ထိုက်တာ၊ ဒါဟာ တပ်မတော်အနေနဲ့ မကောင်းတဲ့အစဉ်အလာဖြစ်ပြီး ဘက်လားဒေ့ရှ်လိုဖြစ်လာမှာ စိုးရကြောင်း ပြောပြပါသည်။ ၎င်းနောက် ဥပဒေဘောင်အတွင်းက ကြိုးစားကြဖို့၊ လုပ်ကြံမှုကို မလုပ်ကြဖို့ ပညာပေးဆုံးမပါသည်။ ကျွန်တော်လည်း ၎င်းအဖွဲ့တွင် ကျွန်တော်ပါနေကြောင်း၊ ကျွန်တော် မလုပ်တော့ကြောင်း ကတိပေးပြီး အခြားလူတွေကိုလည်း ဖျောင်းဖျပြောဆိုမည်ဖြစ်ကြောင်း ပြောပြပြီး ပြန်လာခဲ့ပါသည်။

## အလေးထား

၎င်းနေ့ည ၁၀ နာရီအချိန်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်ထံသို့ ရိပ်သာမှ ကျွန်တော် ဖုန်းဆက်၍ ပြောစရာရှိကြောင်း ပြောပြပါသည်။

ဗိုလ်ကြီးအုန်းကျော်မြင့် ရိပ်သာသို့ ညတွင်းချင်း ရောက်လာပါသည်။ ကျွန်တော့်အား အပြင်သို့သွားရန် ခေါ်ပါသည်။ ကျွန်တော်လည်း ၂၈–လမ်းသို့ ကားပြန်ထားခဲ့ပါသည်။ ဗိုလ်ကြီးအုန်းကျော်မြင့်ကားဖြင့် လိုက်သွားခဲ့ပါသည်။ ကားပေါ်တွင် ဗိုလ်ကြီးထွန်းကျော်ပါ ပါလာကြောင်း တွေ့ရပါသည်။ ၎င်းကားဖြင့် ကားလျှောက်မောင်းရင်း ဗိုလ်မှူးကြီးသန်းတင်က ပြောလိုက်သော စကားများအား ပြန်ပြောပြပါသည်။ ထိုအခါ ဗိုလ်ကြီးထွန်းကျော်က အလေးအနက်ထားပြီး စဉ်းစားဖို့ ပြောပါသည်။ ကျွန်တော်က ဥပဒေဘောင်အတွင်းကပဲ ဆက်လက်ပြီး ကြိုးစားကြဖို့ ပြောပါသည်။ ထိုအခါ ဗိုလ်ကြီးအုန်းကျော်မြင့်က မင်းတို့သေရမှာ ကြောက်သလား၊ မင်း Commander နဲ့ ငါသွားတွေ့မယ်၊ မင်းစီစဉ်ပေးဟု ပြောပါသည်။ ကျွန်တော်က စီစဉ်ပေးမယ်ဟုပြောပြီး အိမ်ပြန်ပို့ခိုင်းပါသည်။ ၎င်းက ကျွန်တော့်အား အိမ်သို့ပြန်ပို့ပါသည်။ ဇူလိုင် ၂ ရက်နေ့ ညနေပိုင်းတွင် စစ်ရုံးရိပ်သာတွင် လာရောက်ပြီး ကျွန်တော့်အား ဖမ်းဆီးအထိန်းသိမ်းခံရခြင်း ဖြစ်ပါသည်။

ယခုကဲ့သို့ လုပ်ကြံမှုတွင် ပါဝင်လာရခြင်းမှာ ယခင် ကျွန်တော်၏စိတ်ဓာတ်နှင့် ခံယူချက်ဖြစ်သော တိုင်းပြည်နှင့်လူမျိုးအတွက် စွန့်စွန့်စားစားလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ဆောင်ရှက်လိုခြင်းနှင့် မြန်မာ့ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အထူးလေ့လာလျက်ရှိစဉ် ဗိုလ်ကြီးအုန်းကျော်မြင့်၏ တိုင်းပြည်အတွက် ဆိုသည့်စကား၊ ဗိုလ်ကြီးစံကြည်၏ ပြောပြချက်များအရ မှားယွင်းသောလမ်းကို လိုက်သွားမိခဲ့ခြင်း ဖြစ်ပါသည်ဟု ဖြောင့်ချက်ပေးသွားသည်။

✧ ✦ ✧

## ဒေါင်းဆောင်များလုပ်ကြံရန်ကြံမှု ဗိုလ်မှူးစိန်မြင့် ဖြောင့်ချက်ပေး

### ဗိုလ်မှူးစိန်မြင့် (ဘ)ဦးဆေးလုံး၏ ဖြောင့်ဆိုချက်

ကျွန်တော်သည် ကြည်း/၆၂၇၄ ဗိုလ်မှူးစိန်မြင့် ဖြစ်ပါသည်။ ဖခင်မှာ ဦးဆေးလုံး ဖြစ်ပါသည်။ မိခင်မှာ ဒေါ်ညိုမ ဖြစ်ပါသည်။ မွေးရပ်မှာ ဘိုကလေးမြို့၌ ဖြစ်ပါသည်။ တွားကြောင်းလမ်း၌ ဖြစ်ပါသည်။ မွေးသားချင်း (၉)ယောက်ရှိပါသည်။ ကျွန်တော်သည် ပဥ္စမမြောက်သား ဖြစ်ပါသည်။ ဘိုကလေးမြို့တွင် (၆)တန်းထိ နေခဲ့ဖူးပါသည်။

ကျွန်တော်သည် ၁၉၄၂ ခုနှစ် ဂျပန်များဦးစီးသော ရေတပ်မတော်တွင် တပ်သားအဖြစ် ဝင်ရောက်ပါသည်။ ၁၉၄၅ ခုနှစ်မှာ မြစ်ဝကျွန်းပေါ် ဂျပန်တော်လှန်ရေးမှာ ပါဝင်ခဲ့ပါသည်။ ၁၉၄၆ ခုနှစ်တွင် တပ်ရင်း(၃)ဗမာ့သေနတ်ကိုင်တပ်သားအဖြစ် ဝင်ရောက်အမှုထမ်းပါသည်။ ၁၉၅၂–ခုနှစ် ခလရ(၁၀) တိုက်တပ်ရင်းမှ ဗိုလ်သင်တန်းအမှတ်စဉ်(၇)ရောက်ခဲ့ပါသည်။ ၂၀–၈–၅၂ တွင် ဒု–ဗိုလ် ဖြစ်ခဲ့ပါသည်။

ဒု–ဗိုလ် ဖြစ်ခဲ့စဉ် အကြပ်သင်တန်းကျောင်းတွင် နည်းပြအရာရှိအဖြစ် တာဝန်ယူခဲ့ရပါသည်။ အကြပ်သင်တန်းကျောင်းမှ ခလရ(၁)ကို ဗိုလ်အဆင့်ဖြင့် ပြောင်းပါသည်။ ချင်းသနက(၁)သို့ ဗိုလ်မှူးအဆင့်ဖြင့်ပြောင်း၍ တာဝန်ယူရပါသည်။

### ထိန်းသိမ်းမှု

၁၉၆၈ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန ရန်ကုန်စခန်းမှူးရုံး၌ စခန်းမှူးတာဝန်ကို ယူရပါသည်။ စခန်းမှူးတာဝန်ဆိုသည်မှာ အပြင်စည်း

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးတာဝန်နှင့် အခြားအဆင့်များ၏ စည်းကမ်းထိန်းသိမ်းမှုတာဝန်၊ ဦးစီးချုပ်မှ ရဲဘော်များထိ အုပ်ချုပ်ရေးပြဿနာများကို တာဝန်ယူလုပ်ဆောင်ပေးရပါသည်။ ကျွန်တော် ကာကွယ်ရေးဦးစီးချုပ်ရုံး ရောက်စဉ် ကာကွယ်ရေးဦးစီးချုပ်မှာ နိုင်ငံတော်သမ္မတကြီး ဖြစ်ပါသည်။ ၎င်းနောက် ဗိုလ်ချုပ်ကြီးစန်းယု၊ ဗိုလ်ချုပ်ကြီးစန်းယု ပြီးနောက် ဗိုလ်ချုပ်ကြီးတင်ဦး၊ ဗိုလ်ချုပ်ကြီးတင်ဦး ပြီးနောက် ဗိုလ်ချုပ်ကျော်ထင် ဖြစ်ကြပါသည်။

ကျွန်တော်တို့ စခန်းရုံးမှာ ကာကွယ်ရေးဌာန လုံခြုံရေးအတွက် အင်အား ၁၅၀ ခန့်ရှိပြီး ကျွန်တော်တို့သည် အပြင်စည်းလုံခြုံရေးတာဝန် ယူရ၍ ကာကွယ်ရေးဝန်ကြီးဌာနအတွင်းစည်းကို ကက(လုမ်း)မှ တပ်ရဲတစ်စုဖြင့် လုံခြုံရေးတာဝန်ကို ယူရပါသည်။ ကျွန်တော့်တွင် သမီး(ခြောက်)ယောက်သာရှိပါသည်။ ကျွန်တော်သည် ကာကွယ်ရေးဦးစီးဌာနတွင် စခန်းမှူးအဖြစ် တာဝန်ယူခဲ့သည်မှာ ယနေ့ထိ ဖြစ်ပါသည်။

## လည်ပတ်မှု

ကျွန်တော်သည် စခန်းမှူးတာဝန်ယူရသည့်အတွက် ဦးစီးချုပ်၊ ဒုချုပ် ကိုယ်ရေးအရာရှိများနှင့် တိုင်း၊ တပ်မမှူးများ၏ ကိုယ်ရေးအရာရှိများကိုပါ သိရှိထားရသူတစ်ယောက် ဖြစ်ပါသည်။ လက်ရှိ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးကျော်ထင်၏ ကိုယ်ရေးအရာရှိဖြစ်သော ဗိုလ်ကြီးအုန်းကျော်မြင့်ကိုလည်း ကျွန်တော် ကောင်းစွာသိပါသည်။ ကျွန်တော် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် အခြားကိုယ်ရေးအရာရှိများကို သိရှိထားသော်လည်း တစ်အိမ်နှင့်တစ်အိမ် သွားလာလည်ပတ်မှု လုံးဝမရှိခဲ့ပါ။

## အမိန့်

ကျွန်တော်သည် စခန်းမှူးတာဝန် ထမ်းဆောင်ရသူဖြစ်၍ ကာကွယ်ရေးဌာနတွင်ရှိသော လက်နက်ခဲယမ်းမီးကျောက်များကို ကျွန်တော်၏နှုတ်၊ စာအားဖြင့် ထုတ်ယူခွင့်ပေးသည့်အခါ တပ်ထောက်ဗိုလ်ကြီးကျော်ဝင်းမှ အရာရှိလက်မှတ်ပြေစာတွင် ရေးထိုးစေပြီး ထုတ်ပေးရပါသည်။ သို့ရာတွင် အေးဂျင့်



ခြောက်လုံးပြူးများကို ထုတ်ပေးသည့်အခါ ဗိုလ်မှူးကြီးအထက်သာ ထုတ်ပေးနိုင်ပြီး ၎င်းကို ကကကြည်းတာဝန်မှ ထုတ်ပေးခွင့်ပြုမှသာ ထုတ်ပေးခဲ့ရပါသည်။ အခြားလက်နက်ခဲယမ်းမီးကျောက်များကို ထုတ်ပေးရန်အတွက် ကျွန်တော်၏အမိန့်နှင့်သာ ထုတ်ပေးရပါသည်။

## ညွှန်ကြား

မတ် ၂၇ ရက်နေ့ တော်လှန်ရေးစစ်ရေးပြကွင်းမှ ပြန်လာ၍ အိမ်ရောက်သည့်အခါ ခန့်မှန်း ၁၉၀၀ အချိန်တွင် ဖုန်းလာ၍ ကျွန်တော် ကောက်နားထောင်ကြည့်ရာ ဗိုလ်ကြီးအုန်းကျော်မြင့် ဖြစ်ပြီး ၎င်းက တော်လှန်ရေးနေ့ညစာစားပွဲအတွက် ဦးစီးချုပ် တက်ရောက်မည်ဖြစ်၍ ကျွန်တော့်အတွက်နှင့် ဦးစီးချုပ်အတွက်ပါ အေးဂျင့်သေနတ်(၂)လက် ထုတ်ပေးရန် ပြောပြပါသဖြင့် ကျွန်တော်မှ ထုတ်ပေးရန် သဘောတူခဲ့ပါသည်။

၎င်းနောက် စခန်းတာဝန်မှူး ဒု-အရာခံဗိုလ်ထံ ဖုန်းဆက်၍ အေးဂျင့်သေနတ် ဘယ်လောက်ရှိသလဲ မေးကြည့်ရာ ၎င်းမှ (၂)လက်သာရှိသည်ပြော၍ ဦးစီးချုပ်အတွက် ဘာရက်တာပစ္စတို(၁)လက်တို့ကို အသင့်ထုတ်ထားပြီး ဗိုလ်ကြီးအုန်းကျော်မြင့် လာရောက် ထုတ်ယူသည့်အခါ ခေတ္တပြေစာဖြင့် ထုတ်ပေးရန် ညွှန်ကြားခဲ့ပါသည်။

## သတင်းမပို့

ခေတ္တပြေစာလုပ်ရခြင်းမှာ ရုံးပိတ်ရက်ဖြစ်နေ၍ ခေတ္တပြေစာဖြင့် ထုတ်ပေးရန် ညွှန်ကြားခဲ့ခြင်း ဖြစ်ပါသည်။ ကျည်ဆန်အရေအတွက်ကို မည်မျှထုတ်ပေးသည်ကို မမှတ်မိပါ။

ဦးစီးချုပ်အတွက် အေးဂျင့်သေနတ်ထုတ်ပေးသည့် အခါ ရုံးပိတ်ရက်ဖြစ်နေ၍ ကကကြည်းတာဝန်ထံ မတင်ပြဘဲ ထုတ်ပေးပြီး ရုံးဖွင့်ရက်ကျမှ တင်ပြရန် စီစဉ်ထားသော်လည်း ကျွန်တော်တို့ စခန်းရုံးတွင် အရာရှိများ လက်နက်အထုတ်အသွင်းများ၍ ယခုအချိန်ထိ အေးဂျင့်ထုတ်ပေးသည်ကို သတင်းမပို့မိပါ။

www.burmeseclassic.com

www.burmeseclassic.com



### ခေါက်ကာတိုင်

တော်လှန်ရေးနေ့မရောက်မီ ၃,၄ ရက်ခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်မှ ဖုန်းဖြင့် ကျွန်တော့်ထံ လက်ရှိကာတိုင်သည် ဦးစီးချုပ်ကားတွင်ထည့်ရန် ခက်ခဲ၍ ခေါက်ကာတိုင်နှင့် လဲပေးရန် ပြောပါသဖြင့် ကျွန်တော်မှ တပ်ထောက်ဗိုလ်ကြီးကျော်ဝင်းကို လဲပေးရန် ညွှန်ကြားခဲ့ပါသည်။

### ထုံးစံ

မတ်လ ၂၇ ရက်နေ့ တော်လှန်ရေးရဲဘော်ဟောင်းများ မိတ်ဆုံစားပွဲ အိမ်ပြန်ရောက်၍ ၂ နာရီခန့်ရှိသည့်အခါ ဖုန်းလာသဖြင့် ကျွန်တော်တို့မိသားစုထိုင်နေရာမှ တစ်ဦးက ဖုန်းကောက်ကိုင်၍ နားထောင်လိုက်သည့်အခါ ဗိုလ်ကြီးအုန်းကျော်မြင့်ဟုပြော၍ ကျွန်တော် ဖုန်းနားထောင်လိုက်စဉ် ၎င်းမှ (အဘ) ကျွန်တော် အိမ်လာချင်ကြောင်းပြော၍ ကျွန်တော်က လာနိုင်ကြောင်း ပြောခဲ့ပါသည်။ ၎င်းလာခြင်းသည် ကျွန်တော့်ထံမှ အရက်(ရမ်)တောင်းရန် လာမည်ဟု ယူဆပါသည်။ အခြားနေ့ကြီးရက်ကြီးများတွင်လည်း လူကြီးများ၏ ကိုယ်ရေးအရာရှိများမှ ရောင်းချပေးရန် တောင်းခံခြင်းကြောင့် ဖြစ်ပါသည်။ ၁၅၀၀ အချိန်ခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့် ၎င်း၏ မာဇဒါ ဘီ-၆၀၀ ကားနှင့် ကျွန်တော့်အိမ်သို့ ရောက်လာ၍ ဧည့်ခန်းသို့ ခေါ်သွားရာ ကျွန်တော့်မိသားစုများသည် အိမ်နောက်ဖေးဘက်သို့ ထွက်သွားကြပါသည်။ ထိုကဲ့သို့ ထွက်သွားရခြင်းမှာ ကျွန်တော်၏အိမ် ဧည့်သည်လာရောက်သည့်အခါ လူကြီးကလေးများ မနေရခြင်းထုံးစံ ဖြစ်ပါသည်။

### မတက်ခဲ့

အုန်းကျော်မြင့် အိမ်ရောက်ရှိလာသည့်အခါ ဧည့်ခန်းတွင် ထိုင်ကြပြီး ၎င်းမှ ကုန်ဈေးနှုန်းကြီးကြောင်း၊ လူတွေဒုက္ခများကြောင်း၊ ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်တင်ဦး ထွက်ရခြင်းမှာလည်း အတွင်းရေးမှူးနှင့် ဗိုလ်မှူးကြီးတင်ဦးတို့ကြောင့် ထွက်ရခြင်းဖြစ်ကြောင်းပြောပြီး ကျွန်တော်တို့ ဒီနေ့ ညစာစားပွဲတက်မတက်မေးရာ ကျွန်တော်မှ နေ့ကြီးရက်ကြီးများ၊ လူကြီးများမရှိသည့်



အခါ ကျွန်တော် ရုံးတာဝန်စောင့်သင့်ကြောင်း၊ ဒါကြောင့် ညစာစားပွဲသို့ မတက်ကြောင်း ပြောပြလိုက်ပါသည်။ ထိုကဲ့သို့ နေ့ကြီးရက်ကြီးများ ထမင်းစားပွဲကို မတက်ခဲ့ပါ။

အုန်းကျော်မြင့်က ဒီနေ့ညစာစားပွဲမှာ အလုပ်တစ်ခုခု လုပ်ဖြစ်ချင် လုပ်ဖြစ်မယ်။ အတွင်းရေးမှူးနှင့် ဗိုလ်မှူးကြီးတင်ဦးတို့ကို ညစာစားပွဲမှာဖမ်းမည်ပြော၍ ကျွန်တော်က **ဒီအစီအစဉ်**မှာ ဗိုလ်ချုပ်ပါလားဟုမေးရာ ၎င်းက ပါကြောင်းပြောပြီး အကယ်၍ ဖမ်းသည့်အခါ ပစ်ခတ်မှုများရှိလျှင် စစ်ရုံးမှ အရာရှိများ ဝင်လာက ဖမ်းဆီးရန်နှင့် ဗိုလ်ချုပ်ကျော်ထင်ကိုပါ ဖမ်းဆီးရန် ပြောပြီး ဗိုလ်ချုပ်ကြီးတင်ဦးကို လွှတ်ပေးရန် ပြောသဖြင့် ကျွန်တော်က မင်းပြောတော့ ဗိုလ်ချုပ်ပါတယ်ဆို၊ ငါမေးရမလားဟု ပြောရာ ၎င်းက အဘကို ပါဖမ်းမည်ဟု ပြန်ပြောပါသည်။ ကျွန်တော်လည်း ၎င်းပြောသော စကားများသည် အရေးကြီး၍ အမြန်ပြန်သွားစေရန်အတွက် ကဲ-မင်းတို့လုပ်ဖြစ်လို့ရှိရင် စကားဝှက်(ငရုတ်သီး)ဟု ပါးစပ်မှတွေ့ရှိသော စကားဝှက်ကိုပါ ပေးလိုက်ပြီး ၎င်းအား ပြန်လွှတ်လိုက်ပါသည်။ ၎င်းနှင့်တွေ့ဆုံချိန်မှာ နာရီဝက်ခန့်သာကြာမည်ဟု ထင်ရပါသည်။

### စဉ်းစား

ဗိုလ်ကြီးအုန်းကျော်မြင့် ပြန်ထွက်သွားသည့်အခါ ကျွန်တော်လည်း ၎င်းပြောသောစကားများ အရေးကြီး၍ ကက(လှမ်း)တာဝန်မှူးရုံးခန်းနှင့် စစ်ဦးစီးမှူး(ပထမတန်း)ဒုဗိုလ်မှူးကြီးသန်းရွှေထံ သတင်းပို့ရန် ကြံရွယ်ခဲ့ပါသည်။ သို့သော် ကျွန်တော်သတင်းပို့သင့် မပို့သင့်ကို အချက်(၃)ချက်တွက်၍ စဉ်းစားရပါသည်။

ထိုသို့ စဉ်းစားရခြင်းမှာ အုန်းကျော်မြင့်သည် ဦးစီးချုပ် ကိုယ်ရေးအရာရှိဖြစ်နေ၍ ကျွန်တော် လွဲမှားသတင်းပို့မိပါက ဦးစီးချုပ်ကို ထိခိုက်မည်ဖြစ်၍ အချက်(၃)ချက်ကို ထည့်သွင်းစဉ်းစားခဲ့ပါသည်။

(၁) အချက်မှာ အုန်းကျော်မြင့်သည် ဦးစီးချုပ် ကိုယ်ရေးအရာရှိဖြစ်၍ ဦးစီးချုပ်မှ ညွှန်ကြားသလား။

www.burmeseclassic.com

www.burmeseclassic.com



(၂) အချက်မှာ အုန်းကျော်မြင့်၏ သွားလာလှုပ်ရှားမှု ပြာလောင်ခတ်၍ ကျွန်တော်တို့ကို ကိုပြာလောင်ဟုခေါ်ပြီး စကားပြောရာတွင် ကြီးကြီးကျယ်ကျယ် ပြောတတ်၍ ၎င်းကိုအထင်ကြီးစေရန်အတွက် ကြီးကြီးကျယ်ကျယ် ပြောသလား။

(၃) အချက်မှာ တပ်မတော်မှ နုတ်ထွက်သွားသော ဗိုလ်ချုပ်ကြီးတင်ဦး နှင့် ဗိုလ်ချုပ်ကျော်ထင်တို့၏လူ ခွဲခြားရန်အတွက် ကျွန်တော့်အား အကဲစမ်း သလားဟု ဆိုသည့်အချက်(၃)ချက်ကို ထည့်သွင်းစဉ်းစားရာ နံပါတ်(၃)အချက် ဖြစ်နိုင်သည်ဟု ယူဆ၍ ကက(လှမ်း)တာဝန်မှူးရုံးခန်းနှင့် ဒုဗိုလ်မှူးကြီးသန်းရွှေ တို့ကို သတင်းမပို့ဘဲ ဦးစီးချုပ်ကိုပဲသတင်းပို့ရန် ဆုံးဖြတ်ခဲ့ပါသည်။ ကျွန်တော် ဆုံးဖြတ်သည့်အတိုင်း မတ်လ ၂၇ ရက် ညစာစားပွဲတွင် ဘာမျှမဖြစ်ခဲ့ပါ။

## စိုးရိမ်ရ

ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနတွင် ယခင်က နေ့အားရက်အား များ၌ ရုပ်ရှင်မကြာခဏ ပြသလေ့ရှိရာ နေ့ကြီးရက်ကြီးများတွင်လည်း ပြသ ခဲ့ပါသည်။ ရုပ်ရှင်မကြာခဏ ပြသမှုကြောင့် ယခင် ထောက်လှမ်းရေးညွှန်ကြား ရေးမှူးချုပ် ဗိုလ်မှူးကြီးတင်ဦးမှ ရုပ်ရှင်မကြာခဏပြခြင်းသည် ဖုံးကွဲမည်စိုးရိမ် ရကြောင်း၊ လုံခြုံရေးကို အထူးသတိပြုရန် ညွှန်ကြားသဖြင့် ယခင်ကလောက် ရုပ်ရှင်ပြသမှု မရှိခဲ့ဘဲ နေ့ကြီးရက်ကြီးများတွင်သာ ပြသခဲ့ပါသည်။

## ဖိတ်ကြား

မတ်လ ၂၇ ရက်နေ့ ရုပ်ရှင်ပြရန်အတွက် ကားငှားရမ်းရှာဖွေရန် တပ်ကြပ်ကြီးစာရေး ခင်မောင်မောင်ကို တစ်ပတ်ခန့် ကြိုတင်ရှာဖွေခိုင်းပြီး မတ်လ ၂၇ ရက်နေ့တွင် အင်္ဂလိပ်ရုပ်ရှင်ဇာတ်ကား ပြသခဲ့ပါသည်။ ယင်း ရုပ်ရှင်ပွဲကို ကြည့်ရှုရန်အတွက် ဦး–ရေး–ထောက်ဌာနများမှ ခင်မင်သော အရာရှိများကိုပြောပြီး ၎င်းတို့ဇနီးသားသမီးများ လာကြည့်ကြရန်နှင့် မော် တော်ယာဉ် အိမ်ထောင်သည်လိုင်းမှ မိသားစုများပါ လာကြည့်ရန်အတွက် ဖိတ်ကြားခဲ့ပါသည်။ ကျွန်တော်လည်း ရုပ်ရှင်ပြသည့်အခါ ခေတ္တသွားရောက် ကြည့်ပြီး အိမ်အပြန် ရုံးသစ်ကြီးမြောက်ဘက်ထောင့်တွင် ဗိုလ်ကြီးမောင်မောင်



သွင်နှင့်မိသားစု ကားပေါ်မှ ရုပ်ရှင်ကြည့်နေကြ၍ ကျွန်တော်က အတွင်းမှာ ထိုင်ခုံများရှိ၍ သွားကြည့်ရန်ပြောပြီး အိမ်ပြန်ခဲ့ပါသည်။ ၎င်းညတွင် ကျွန်တော် ယူနီဖောင်းဝတ်ထားခြင်း မရှိပါ။ တပ်လုံခြုံရေးနှင့် ပတ်သက်၍လည်း ယခင် နေ့ကြီးရက်ကြီးများတွင် ကင်းများ သတိရှိရှိစောင့်ရန်အတွက် တစ်ပတ်ခန့် လောက် ကြိုတင်အမိန့်ထုတ်ပေးထားသည်မှအပ နောက်ထပ် မည်သည့်ညွှန် ကြားချက်ကိုမှ မထုတ်ခဲ့ပါ။

## ရုံးပြန်ခဲ့

မတ်လ ၂၈ ရက် ၀၇၀၀ အချိန်တွင် ဦးစီးချုပ်ကို သတင်းပို့ရန်အတွက် ဓာတ်လှေကားအနီး သွားစောင့်ကြည့်သော်လည်း ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် တစ်ပါတည်းပါနေ၍ နံနက်တန်းစီပြီး ၈ နာရီခန့် ၎င်းရုံးခန်းအနီးသို့ သွား ရောက်ကြည့်ရာ ဗိုလ်ကြီးအုန်းကျော်မြင့် ရုံးဝတွင်ရှိနေသဖြင့် ဦးစီးချုပ်ကိုတွေ့ ရန်အတွက် ၎င်းမှတစ်ဆင့် ပြောဆိုဝင်ရမည်ဖြစ်ပြီး ၎င်းအကြောင်းကို သတင်းပို့ရမည်ဖြစ်၍ ကျွန်တော် ဦးစီးချုပ်နှင့်မတွေ့ဘဲ ရုံးသို့ပြန်လာခဲ့ပါသည်။

## မအောင်မြင်

ထိုကဲ့သို့ နောက်ထပ် နှစ်ရက်ခန့် ဦးစီးချုပ်နှင့်တွေ့ရန် ကြိုးစားခဲ့သော် လည်း မအောင်မြင်ပါသဖြင့် ၃၀–၃–၇၆ နေ့ ၀၈၃၀ အချိန်တွင် စစ်ဦးစီး ဗိုလ်မှူးကြီး ရုံးခန်းသို့သွား၍ ဝင်ခွင့်တောင်းပြီး စစ်ဦးစီး ဗိုလ်မှူးကြီးမောင်မောင် နှင့်တွေ့၍ ကျွန်တော်မှ မတ်လ ၂၇ ရက်နေ့က အုန်းကျော်မြင့်တို့ပြောတာ မကောင်းကြောင်း၊ ဦးစီးချုပ်တင်ပြဖို့အတွက် ကျွန်တော်နှင့် ဦးစီးချုပ်ကို ဥပယ်တံမျဉ်ဖြင့် တွေ့ပေးရန်ပြောရာ ဗိုလ်မှူးကြီးမှ ဘယ်လိုဖြစ်တာလဲဟု မေးသဖြင့် ကျွန်တော်က ဗိုလ်မှူးကြီးမသိသင့်ကြောင်းပြောရာ ၎င်းထိုင်ရာမှ ထလာပြီး ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်းပါဟု ပြောသဖြင့် ကျွန်တော်မှ မတ် ၂၇ ရက်နေ့ အုန်းကျော်မြင့် ပြောပြသည်များကို ပြန်ပြောလိုက်ရာ စစ်ဦးစီး ဗိုလ်မှူးကြီးမှ အုန်းကျော်မြင့်တော့ ရှုးပြီ။ ဒီတိုင်းပြည်မှာ ဥက္ကဋ္ဌကြီးနှင့် အတွင်းရေးမှူး မရှိရင် ဘယ်လိုဖြစ်နိုင်မလဲ၊ ကျုပ်တော့ဗျာ သံယောဇဉ်မရှိ ဘူး။ ထွက်သွားပြီးမှ ဘာတတ်နိုင်မှာလဲ။ ရှေ့တန်းမှာ တိုက်ပွဲတွေအောင်မြင်နေလို့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့က ဝမ်းသာနေတယ်။ အဲဒီကိုသွားပြီးတော့ မနေ့ကမှ ပြန်ရောက်တယ် ပြောပြီး ခင်ဗျား ဒီစကားကို မည်သူ့ကိုပြောသေးသလဲဟုမေး၍ ကျွန်တော်က ဘယ်သူ့မှမပြောကြောင်း ပြန်ပြောရာ ၎င်းမှ ဦးစီးချုပ်နှင့် တွေ့ပေးသင့် မပေးသင့်ကို နက်ဖြန်မှ ပြောမည်ဟုပြော၍ ကျွန်တော်လည်းရုံးသို့ ပြန်ခဲ့ပါသည်။

## အထူးလုံခြုံရေး

၁-၄-၇၆ နေ့နံနက် ၇ နာရီခန့်က ကျွန်တော် ဗိုလ်မှူးကြီးမောင်မောင်နှင့်တွေ့ရန် ရုံးသစ်ကြီးဓာတ်လှေကားအနီးမှ စောင့်နေစဉ် ဗိုလ်မှူးကြီးမောင်မောင် ရောက်ရှိလာပြီး နှစ်ယောက်အတူ ရုံးခန်းသို့သွားပြီး ရောက်ရှိသည့်အခါ ဗိုလ်မှူးကြီးမောင်မောင်မှ ကိုစိန်မြင့်ရေ ကျွန်တော်လည်း ညကစဉ်းစားတာ အိပ်မပျော်ဘူး။ ကျွန်တော် ဆုံးဖြတ်ပြီးပြီဗျာ။ ဦးစီးချုပ်နဲ့ မတွေ့ပါနဲ့တော့ ပြောသဖြင့် ကျွန်တော်လည်း ရုံးပြန်ခဲ့ပါသည်။ နောက်သုံးရက်ကြာသည့်အခါ ဒဂုံရိပ်သာတွင် ဦးစီးချုပ်နှင့် သံအမတ် သို့မဟုတ် စစ်သံတစ်ဦးဦးနှင့်တွေ့ဆုံမည်ဖြစ်၍ ကျွန်တော်နှင့် တပ်ခွဲမှူး အထူးလုံခြုံရေးတပ်သား ငါးယောက်တို့နှင့် ၀၈၀၀ အချိန်ခန့်တွင် ဒဂုံရိပ်သာလုံခြုံရေးတာဝန် ယူခဲ့ပါသည်။ မကြာမီ ဦးစီးချုပ်နှင့် အုန်းကျော်မြင့်တို့ ရောက်လာကြပြီး ဦးစီးချုပ်အခန်းသို့ ဝင်သွားစဉ် ကျွန်တော့်ထံ အုန်းကျော်မြင့် ရောက်လာ၍ အဘရေ ဟိုနေ့က တော့ မဖြစ်ဘူး။ နောက်ဆိုရင် လမ်းကချမယ်လို့ပြောရာ ကျွန်တော်လည်း ဘာမှပြန်မပြောခဲ့ဘဲ ဒဂုံရိပ်သာနောက်ဘက်သို့ လှည့်သွားရာ အုန်းကျော်မြင့်လည်း ဒဂုံရိပ်သာအတွင်းသို့ ပြန်ဝင်သွားပါသည်။ ဦးစီးချုပ်နှင့် သံအမတ် သို့မဟုတ် စစ်သံတို့ တွေ့ဆုံပွဲသည် ၁၀၀၀ နာရီအချိန်တွင် ပြီးဆုံးသွား၍ ဦးစီးချုပ်တို့ ပြန်လည်ထွက်ခွာသွားပြီး ကျွန်တော်လည်း ရုံးသို့ပြန်ခဲ့ပါသည်။

## ပြည်သူနာမည်

ဧပြီလလယ်ခန့်တွင် တပ်တွင်းဘုရားသို့ ၁၇၃၀ အချိန်တွင် သွားရောက်ပြီး ၁၈၀၀ နာရီအချိန်မှ ၁၉၀၀ အချိန်ထိ ဝတ်ပြုပြီးစဉ် အုန်းကျော်မြင့် ကျွန်တော့်ကို ရှာနေကြောင်း ရဲဘော်တစ်ဦးမှ ပြောသဖြင့် ကျွန်တော် မတွေ့ဆုံရန်အတွက် ရှောင်ထွက်သွားလိုသော်လည်း လူအကဲကို မဖမ်းတတ်သည့်



အတွက် ပြတ်ပြတ်ပြောရန် လိုမည်ယူဆ၍ အုန်းကျော်မြင့်နှင့် တွေ့ဆုံရန် အိမ်သို့ပြန်လာရာ အုန်းကျော်မြင့် မတွေ့တော့ဘဲ နောက်မှပြန်လာမည်ဟုပြော၍ ပြန်လာက ၎င်းနှင့်အဖော်ပါလာနိုင်သည့်အပြင် ကျွန်တော်မှလည်း ပြတ်ပြတ်ပြောတော့မည်ဖြစ်၍ အချင်းများနိုင်သဖြင့် ကျွန်တော့်အိမ်တွင်ရှိသော အူဇီသေနတ်ကို မောင်းတင်ထားပြီး ရေအိုးစင်ဘောင်တွင် ကွယ်ဝှက်ထားပြီး ကျွန်တော်၏ရှေ့ ခါးပုံစထဲတွင် အေးဂျင့်ကျည်ဆန်ကိုထည့်၍ စောင့်နေ၍ ၀၃၀၀ နာရီတွင် အုန်းကျော်မြင့် ရောက်လာပြီး ကျွန်တော် ဧည့်ခန်း၌ထိုင်၍ အဘရေ ဒီတစ်ခါ လမ်းမှာဖြစ်ဖြစ် အစည်းအဝေးမှာဖြစ်ဖြစ် လုပ်မည်ဟုပြောသဖြင့် ကျွန်တော်က လူတစ်ဦးတင်ဖို့အတွက် လူတစ်စုကို ချပစ်ရတယ်ဆိုတာ မကောင်းပါဘူး။ တပ်ကွဲသွားလို့ရှိရင် ပြည်သူတွေနာမည်။ ဘင်္ဂလားဒေ့ရှ်လို ဖြစ်သွားနိုင်တယ်။ တော်လှန်ရေးဆိုတာ ကလေးကစားတာ မဟုတ်ဘူး။ မင်းတို့အပြင်မှာ လုပ်ချင်တာလုပ်၊ ဒီရုံးနဲ့ ဒီရုံးမှာရှိတဲ့လူတွေရဲ့ လုံခြုံရေးဟာ ငါ့တာဝန်ဖြစ်တယ်။ ငါ့ဆီလာရင် မင်းတို့ကို တိုက်ပစ်မယ်ဟု ပြောလိုက်ရာ အုန်းကျော်မြင့်လည်း မကျေနပ်သော အမူအရာဖြင့် ပြန်ထွက်သွားပါသည်။

## သတင်းပို့

နောက်တစ်နေ့မနက် တန်းစီပြီး ၉ နာရီခွဲ ၉ နာရီခန့်လောက်တွင် ဗိုလ်မှူးကြီးမောင်မောင် ရုံးခန်းသို့သွား၍ မနေ့က အုန်းကျော်မြင့် ကျွန်တော့်အိမ်လာကြောင်းပြောရာ ဗိုလ်မှူးကြီးမှ ဟာ-ဒီကောင်လာပြန်ပြီလားဟု ပြောပြီး ကျွန်တော်မှ အုန်းကျော်မြင့်နှင့် ကျွန်တော် ပြောကြသော စကားများကို အကြမ်းဖျင်း တင်ပြလိုက်ရာ ဗိုလ်မှူးကြီးမှ ကိုစိန်မြင့်ရေ ခင်ဗျားသတင်းပို့တာကတော့ ကောင်းပါတယ်။ ကျွန်တော်က မပို့မီရင် တစ်နေ့ခက်မည်ဟု ပြော၍ ကျွန်တော်လည်း ရုံးပြန်လာခဲ့ပါသည်။

## နုတ်ထွက်စာတင်

အုန်းကျော်မြင့်နှင့် ကျွန်တော်လည်း ကျွန်တော့်အိမ်တွင် နှစ်ခါလာရောက်တွေ့ဆုံသည်မှအပ နောက်ထပ်တွေ့ဆုံခြင်းမရှိခဲ့ပါ။ ကျွန်တော်သည် တပ်မတော်

www.burmeseclassic.com

www.burmeseclassic.com



အတွင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် သင့်မသင့်အတွက် စဉ်းစားရာ အုန်းကျော်မြင့်နှင့် ပတ်သက်၍ (၂)ကြိမ်သတင်းပို့ခဲ့သော်လည်း လက်ရှိနေမြဲ အတိုင်း ရှိနေသဖြင့် ကျွန်တော် အမျိုးမျိုးတွက်ဆပြီး အချင်းချင်းပြန်တိုက် ခိုက်ရမည့်အလုပ်ကို မပြုလုပ်လိုတော့သဖြင့် မတ်လ(၂၈/၂၉)ရက်ခန့်တွင် ကျွန်တော် နုတ်ထွက်စာကို ရေးသားလက်မှတ်ထိုးပြီး တပ်ရေးဗိုလ်ကြီးမှ တစ်ဆင့် တင်ပေးရန် ညွှန်ကြားထားသော်လည်း (၃၀)ရက်နေ့ ပြန်လည်စစ် ဆေးသည့်အခါ ကျွန်တော့်နုတ်ထွက်စာ မတင်ပေးသေးကြောင်း တပ်ထောက် ဗိုလ်ကြီးနှင့်ညှိ၍ သိမ်းထားကြောင်းပြောသဖြင့် ကျွန်တော်ကိုယ်တိုင် စစ်ဆင် ရေးစာရေးများရုံးခန်းသို့သွားပြီး အမည်မမှတ်မိ တပ်ကြပ်ကြီးတစ်ဦးအား လက်နှိပ်စက်ရိုက်စေပြီး လက်မှတ်ရေးထိုး၍ စစ်ဦးစီးမှူး(ပ)ထံမှ နက်ဖြန် တင်ပေးရန် ပြောခဲ့ပြီး အိမ်သို့ပြန်လာခဲ့ပါသည်။

## မမှတ်မိ

ဇူလိုင် ၂ ရက်နေ့ ညနေ ၄ နာရီခန့်တွင် တပ်ခွဲမှူးမှ လူကြီးတွေရောက် နေကြောင်း ဖုန်းဖြင့်သတင်းပို့၍ ကျွန်တော် ရုံးသစ်ကြီးသို့လာပြီး စောင့်နေစဉ် အုန်းကျော်မြင့်တို့ လုပ်ကြံမှု အရေးအခင်းဖြစ်ကြောင်း၊ အုန်းကျော်မြင့်လည်း မရှိတော့ဟု သိခဲ့ရပါသည်။ ၎င်းသည် ထွက်ပြေးကြောင်း သိရသဖြင့် နောက် တစ်နေ့နံနက် ကျွန်တော် ရုံးခန်းသို့ရောက်သည့်အခါ တပ်ထောက်ဗိုလ်ကြီး ကျော်ဝင်းကိုခေါ်၍ အုန်းကျော်မြင့် ထုတ်ထားသော လက်နက်ခဲယမ်းမီးကျောက် ပြေစာများကို ဖိုင်တစ်ခု သီးခြားပြုလုပ်ပြီး ပြင်ဆင်ထား၍ လူကြီးများတောင်း သည့်အခါ တင်ပြနိုင်ရန်အတွက် ပြီးတော့ ကျွန်တော့်ကိုတင်ပြရန်ပြောပြီး မကြာမီ ဗိုလ်ကြီးကျော်ဝင်းမှ အုန်းကျော်မြင့် ထုတ်ယူထားသော လက်နက် ခဲယမ်းမီးကျောက်ပြေစာများကို ကျွန်တော့်အားလာပြသော်လည်း ယခု မမှတ် မိတော့ပါ။

ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးတင်ဦး နုတ်ထွက်ခြင်းနှင့် ပတ်သက်၍ ၎င်းတွင် အပြစ်ရှိ၍ နုတ်ထွက်ရကြောင်းကို ဗိုလ်မှူးကြီးမောင်မောင် သို့မဟုတ် ဒုဗိုလ်မှူးကြီးသန်းရွှေတို့က ရှင်းပြ၍ ကျွန်တော်လည်း သက်ဆိုင်ရာအရာရှိ



များကို ရှင်းလင်းပြီးပြီဖြစ်၍ ဦးစီးချုပ်ဟောင်း နုတ်ထွက်ခြင်းနှင့် ပတ်သက်၍ ကျွန်တော့်မှာ ဘာခံစားမှုမှမရှိပါ။ ၎င်းပြင် ယခင်အချိန်များကလည်း တပ်မတော် အရာရှိကြီးများ တာဝန်ရှိ၍ နုတ်ထွက်ရကြောင်းများကို တွေ့ရှိမှု၍ ဗိုလ်ချုပ်ကြီး တင်ဦး နုတ်ထွက်ခြင်းနှင့် ပတ်သက်၍ ကျွန်တော့်တွင် ခံစားမှုသံယောဇဉ် မရှိဘဲ တပ်မတော်တွင် တက်လာသူများသည် ကျွန်တော်တို့ ဆက်လက်ပြီး သစ္စာရှိစွာ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်ဟု ဖြောင့်ချက်ပေးသွားသည်။

✧ ✦ ✧

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ကြီးအုန်းကျော်မြင့် မကျေမနပ်ဖြစ်နေသို

### မေးမြန်း

ရှေ့ဦးစွာ တရားလိုပြသက်သေ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးဌာနမှ စစ်ဦးစီးမှူး(ဒုတိယတန်း)ဗိုလ်မှူးခင်ညွန့်ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ၁၉၇၆ ခု ဇွန် ၂၃ ရက် ညနေ ၃ နာရီခန့်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ရေဒီယိုတယ်လီဖုန်းဖြင့် မိမိထံသို့ မြစ်ကြီးနား-ရန်ကုန် ဘီအေစီလေယာဉ်ခရီးစဉ်မှာ ၂၄ ရက်နှင့် ၂၇ ရက်သာရှိ၍ တိုင်းမှူး ဗိုလ်မှူးကြီးလှဖေသည် ဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ၂၄ ရက်တွင်လာခဲ့လျှင် စောလွန်းကြောင်း၊ သို့ဖြစ်၍ ၂၇ ရက်တွင်လာရန် စီစဉ်ထားကြောင်း၊ အကယ်၍ ထိုနေ့ ဇွန် ၂၇ ရက်တွင် လေယာဉ်ခရီးစဉ် ပျက်ခဲ့လျှင် ဗဟိုကော်မတီအစည်းအဝေးသို့ တိုင်းမှူးအနေဖြင့် တက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် မေးမြန်းခြင်းဖြစ်ကြောင်း၊ ယင်းကိစ္စအတွက် တရားဝင်ကြေးနန်းလည်း ပို့ထားပြီးဖြစ်ကြောင်း စသည်ဖြင့် မေးမြန်းလာကြောင်း။

### ခွင့်ပြု၍မရ

ထို့ကြောင့် မိမိက ကြေးနန်းမရရှိသေးကြောင်း၊ ယခုတင်ပြချက်ကို သက်ဆိုင်ရာ အကြီးအကဲထံသို့ တင်ပြပေးမည်ဖြစ်၍ ခဏစောင့်ရန်ပြောပြီး စစ်ဦးစီးမှူး(ပထမတန်း) ဒုတိယဗိုလ်မှူးကြီးသန်းရွှေထံ မိမိသွားရောက်သတင်းပို့ကြောင်း၊ ၎င်းနှင့်အတူ စစ်ဦးစီးဗိုလ်မှူးကြီးမောင်မောင် ရှိနေ၍ ဗိုလ်မှူးကြီးမောင်မောင်ကပင် ယင်းအစည်းအဝေးသည် ပါတီကလုပ်ခြင်းဖြစ်၍ တပ်အနေဖြင့် ခွင့်ပြု၍မရကြောင်း၊ အစည်းအဝေးသို့ တိုင်းမှူး မပျက်မကွက် တက်ရန်



လိုသဖြင့် ဇွန် ၂၄ ရက်တွင် လာရန်ပြောကြားရာ မိမိလည်း မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ရေဒီယိုတယ်လီဖုန်းဖြင့် ပြောကြားခဲ့ကြောင်း။

### ကြေးနန်းစာ

ဇွန် ၂၄ ရက်ညနေတွင် တိုင်းမှူး ဗိုလ်မှူးကြီးလှဖေ ရန်ကုန်ရောက်လာကြောင်း၊ ယင်းတိုင်းမှ တရားဝင်တင်ပြသည့် ကြေးနန်းကိုလည်း ထိုနေ့၌ပင် လက်ခံရရှိကြောင်း၊ ယခု မိမိအားပြသော ကြေးနန်းစာပင်ဖြစ်ကြောင်း၊ ထိုကြေးနန်းအောက်ခြေရှိ မှတ်ချက်မှာ မိမိမှတ်ချက်ဖြစ်ကြောင်း၊ ထိုကြေးနန်းကို စက်တင်ဘာ ၃ ရက်တွင် ရအုပ်ကြီးဦးတင်စိုးနှင့်အဖွဲ့က ရှာဖွေပုံစံဖြင့် လာရောက်သိမ်းခဲ့ကြောင်း၊ ယခု မိမိအားပြသော လက်ဖွေပုံစံပေါ်ရှိ လက်မှတ်မှာ မိမိလက်မှတ်ဖြစ်ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ဆက်လက်၍ တရားခံများနှင့် တရားလိုပြသက်သေများကို စစ်ဆေးခဲ့ကြသည်။ သတင်းတပ်ဖွဲ့မှ ရဲအုပ်ကြီးလေးဦးကို ဆက်လက်စစ်ဆေးသည်။

ရဲအုပ်ကြီးဘရွှေက ဩဂုတ် ၂၅ ရက်တွင် တရားခံဗိုလ်ကြီးအုန်းမြင့်ကျော်ကို စစ်ဆေးခဲ့ပုံ၊ ၂၇ ရက်တွင် တရားခံဗိုလ်ကြီးဘချစ်ကို စစ်ဆေးခဲ့ပုံနှင့် ၎င်း၏ဆန္ဒအရ ၂၈ ရက်တွင် အင်းစိန်မြို့နယ် တရားရုံး၌ ဖြောင့်ချက်ပေးနိုင်ရန် စီစဉ်ပေးခဲ့ပုံ၊ ၂၉ ရက်တွင် တရားခံဗိုလ်မှူးစိန်မြင့်ကို စစ်ဆေးခဲ့ပုံနှင့် ၎င်း၏ဆန္ဒအရ ၃၀ ရက်တွင် အင်းစိန်မြို့နယ်တရားရုံး၌ ဖြောင့်ချက်ပေးနိုင်ရန် စီစဉ်ပေးခဲ့ပုံများကို ထွက်ဆိုသွားသည်။

ရဲအုပ်ကြီးဦးကျော်မြင့်က ဩဂုတ်လ ၂၈ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ဆင်ရေးဌာနမှ စစ်ဦးစီးမှူး(တတိယတန်း)ဗိုလ်ကြီးစိုးမြင့်ကိုလည်းကောင်း၊ ၃၀ ရက်တွင် ခလရ(၁၆)မှ ဗိုလ်ကြီးမြင့်မောင်ကိုလည်းကောင်း၊ ၃၁ ရက်တွင် ခလရ(၁၆)မှ ဗိုလ်ကြီးမြင့်သိန်းကိုလည်းကောင်း အသီးသီး စစ်ဆေးခဲ့ပုံများကို ထွက်ဆိုသွားသည်။

ရဲအုပ်ကြီးဦးမြင့်အောင်က ဩဂုတ် ၂၅ ရက်တွင် ဗိုလ်ကြီးထွန်းကျော်ကို စစ်ဆေးခဲ့ပြီး ၎င်း၏ဆန္ဒအရ ၂၆ ရက်တွင် အင်းစိန်မြို့နယ်တရားရုံး၌ ဖြောင့်ချက်ပေးနိုင်ရန် စီစဉ်ပေးခဲ့ပုံ၊ ၂၇ ရက်တွင် ဗိုလ်မှူးမောင်မောင်သတ်ကိုလည်းကောင်း၊ ၂၉ ရက်တွင် တရားခံဗိုလ်မှူးကြီးလှဖေကိုလည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာ ၂ ရက်တွင် ဗိုလ်မှူးကြီးမင်းဓေါင်ကိုလည်းကောင်း၊ ၃ ရက်တွင် တရားခံဗိုလ်ချုပ်ကြီးဟောင်းတင်ဦးကိုလည်းကောင်း စစ်ဆေးခဲ့ပုံများကို ထွက်ဆိုသွားသည်။

ရဲအုပ်ကြီးဦးအောင်သန်းက ဩဂုတ်လ ၃၀ ရက်တွင် စခန်းမှူးရုံးမှ ဗိုလ်ကြီးထွန်းအေးကိုလည်းကောင်း၊ ၃၁ ရက်တွင် စခန်းတပ်ထောက်ဌာနမှ တပ်ကြပ်ဝေလွင်ကိုလည်းကောင်း၊ စက်တင်ဘာ ၂ ရက်တွင် စစ်ဦးစီးမှူး (ဒုတိယတန်း)ဗိုလ်မှူးထွန်းရှိန်ကိုလည်းကောင်း၊ ၁၃ ရက်တွင် စစ်ဦးစီးမှူး (ပထမတန်း)ဒုတိယဗိုလ်မှူးကြီးသန်းရွှေကိုလည်းကောင်း စစ်ဆေးခဲ့ပုံများကို ထွက်ဆိုသွားသည်။

## အံ့အားသင့်

ထို့နောက် တရားလိုပြသက်သေ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်ရေးအရာရှိ ဗိုလ်ကြီးမြင့်သိန်း(ရေ)ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိနှင့် ဗိုလ်ကြီးစံကြည်တို့သည် ၁၉၆၂ ခုနှစ်တွင် မေမြို့(ပြင်ဦးလွင်) ဗိုလ်သင်တန်းကျောင်း တက်စဉ်ကစ၍ သိခဲ့ကြောင်း၊ လေးနှစ်ခန့်အတူနေခဲ့ရကြောင်း၊ ကာကွယ်ရေးဦးစီးချုပ် မနုတ်ထွက်မီ တစ်ရက် နှစ်ရက်ခန့်က ဒုတိယကာကွယ်ရေးဦးစီးချုပ်များကို ဦးစီးချုပ်က ၎င်း၏ရုံးခန်း၌ ခေါ်တွေ့ကြောင်း၊ ထိုစဉ် မိမိလည်း ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် လိုက်ပါသွားခဲ့၍ ဗိုလ်ကြီးစံကြည်နှင့် တွေ့ရကြောင်း၊ ထိုအခါ ဗိုလ်ကြီးစံကြည်က ကာကွယ်ရေးဦးစီးချုပ် နုတ်ထွက်ရမည်ဖြစ်သည်ကို ပြောပြ၍ မိမိလည်း အံ့အားသင့်ခဲ့ကြောင်း၊ ကာကွယ်ရေးဦးစီးချုပ် နုတ်ထွက်သည့် ကြေညာချက်ထွက်ပြီး လေးငါးရက်အကြာတွင် မိမိတို့မိသားစုသည် ဗိုလ်ကြီးစံကြည်အိမ်သို့ ရောက်သွားကြောင်း၊ ခဏအကြာတွင် ဗိုလ်ကြီးတင်ဝင်း(လေ)ရောက်လာကြောင်း၊ ဗိုလ်ကြီးစံကြည်က ၎င်းအနေဖြင့် စိတ်အားငယ်ကြောင်း၊ တပ်မှ ထွက်လိုကြောင်း မိမိတို့အားပြောလျှင် မိမိတို့က စိတ်အားမငယ်ရန်နှင့် တပ်မတော်၌ ဆက်လက်တာဝန်ထမ်းဆောင်ရန် အားပေးစကားပြောရုံမက မေမြို့စစ်တက္ကသိုလ်၌ပင် ကျောင်းဆရာလုပ်ပြီး အေးအေးဆေးဆေးနေရန် အကြံပေးခဲ့ကြောင်း။



ဗိုလ်ကြီးစံကြည်ကို ကာကွယ်ရေးဝန်ကြီးဌာန၊ စိမံရေးဌာနစုတွင် တွဲဖက်တာဝန်ထမ်းဆောင်စဉ် မကြာခဏ မိမိတို့တွေ့ရကြောင်း၊ ၎င်းက ကာကွယ်ရေးဦးစီးချုပ် နုတ်ထွက်ရခြင်းမှာ သူ့ဇနီးကြောင့်ဖြစ်ကြောင်း၊ ယင်းကိစ္စကို ပါတီစည်းကမ်းထိန်းသိမ်းရေးက ခေါ်ယူစစ်ဆေးနေကြောင်း စသည်ဖြင့်ပြောပြကြောင်း။

## ပြန်ပြောပြ

ဗိုလ်ကြီးစံကြည် မေမြို့စစ်တက္ကသိုလ်သို့ တာဝန်ပြောင်းရွှေ့ထမ်းဆောင်ရန် ထွက်သွားသည့်နေ့ ဇွန် ၈ ရက်တွင် ဘူတာသို့ မိမိနှင့် ဗိုလ်ကြီးတင်ဝင်း(လေ)တို့ လိုက်ပို့ကြောင်း၊ ရထားထွက်ကာနီးတွင် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် တွေ့လျှင် သူပြောခိုင်းသောကိစ္စများ ပြောပြီးဖြစ်ကြောင်း၊ အဆင်ပြေကြောင်း ပြောပြရန်နှင့် ယင်းသို့ပြောပြလျှင် သူ(ဗိုလ်ကြီးအုန်းကျော်မြင့်)နားလည်သည်ဟု မိမိအနားကပ်၍ ၎င်းက တိုးတိုးမှာခဲ့ကြောင်း၊ ဇွန်နောက်ဆုံးပတ်ခန့်တွင် အစည်းအဝေးတစ်ခု၌ ဗိုလ်ကြီးအုန်းကျော်မြင့်နှင့်တွေ့၍ ဗိုလ်ကြီးစံကြည်မှာခဲ့သည့်အတိုင်း ပြန်ပြောပြလျှင် ၎င်းက ကောင်းပါပြီဟုပြောကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ထို့နောက် တရားခံဗိုလ်ချုပ်ကြီးဟောင်းတင်ဦး၏ အကျိုးဆောင် ဦးချိန်ဖိုးက မေးမြန်းသည်ကို ဗိုလ်ကြီးမြင့်သိန်း(ရေ)က ထွက်ဆိုသွားသည်။

ဆက်လက်၍ တရားလိုပြသက်သေ သတင်းတပ်ဖွဲ့မှ ရဲအုပ်ကြီးဦးတင်စိုးကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ဩဂုတ် ၂၆ ရက်၌ ဗိုလ်ကြီးဝင်းထိန်ကို စစ်ဆေးခဲ့ပုံ။ စက်တင်ဘာ ၁ ရက်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်အား ပို့ငွေ ၂၂ ပစ္စတိုသေနတ် ထုတ်ပေးခဲ့သည့်စာတွဲကို ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး လက်နက်ကိုင်ဌာနစုမှ စစ်ဆေးသိမ်းယူခဲ့ပုံ။ ၃ ရက်တွင် စစ်ဦးစီးမှူး (ဒုတိယတန်း)ဗိုလ်မှူးခင်ညွှန့်ကို စစ်ဆေးပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ပေးပို့ခဲ့သော ကြေးနန်းစာ(မိတ္တူ)ကိုသိမ်းခဲ့ပုံ၊ ဆက်လက်၍ တပ်မတော်စည်းရုံးရေးကော်မတီသို့သွား၍ ဗိုလ်မှူးအောင်သန်း(လေ)ကို စစ်ဆေးပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ပေးပို့ခဲ့သော ကြေးနန်းစာကို သိမ်းယူခဲ့ပုံ စသည်တို့ကို ထွက်ဆိုသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## မကျေနပ်

၎င်းနောက် တရားလိုပြသက်သေ ဗိုလ်ကြီးဝင်းထိန်ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ၁၉၆၂-၆၃ ခုနှစ်က မေမြို့စစ်တက္ကသိုလ်၌ မိမိနောက်ဆုံးနှစ်တွင် ဗိုလ်ကြီးစံကြည်ကို ပထမနှစ်သင်တန်းဝင်လာစဉ်က စသိခဲ့ကြောင်း၊ ၁၉၇၂-၇၃ ခုတွင် မိမိကာကွယ်ရေးဝန်ကြီးဌာနရောက်လျှင် ပြန်တွေ့ရကြောင်း၊ မိမိနှင့် ၎င်းသည် အလုပ်သဘောအရလည်းကောင်း၊ ကိုယ်ရေးကိုယ်တာကိစ္စရှိလျှင်လည်းကောင်း မကြာခဏတွေ့ဆုံကြကြောင်း၊ ကာကွယ်ရေးဦးစီးချုပ် နုတ်ထွက်ကြောင်း ရေဒီယိုမှမကြေညာမီ တစ်ရက်နှစ်ရက်တွင် ၎င်းနှင့် မိမိတို့သည် အစည်းအဝေးခန်း၌တွေ့လျှင် ဗိုလ်ကြီးစံကြည် ၎င်းဆရာနုတ်ထွက်ရပြီဟု မျက်ရည်ဝဲ၍ စိတ်လှုပ်ရှားစွာ မိမိကိုပြောပြကြောင်း၊ ဆက်လက်၍ ၎င်းလည်း တပ်မှထွက်တော့မည်ဟု ပြောသဖြင့် မထွက်ရန် တားခဲ့သေးကြောင်း၊ မိမိလည်း ထိုကိစ္စကို ဗိုလ်မှူးလှမြင့်အား ပြောပြခဲ့သေးကြောင်း၊ ကာကွယ်ရေးဦးစီးချုပ် နုတ်ထွက်ကြောင်းကြေညာပြီး မတ်လလယ်လောက်တွင် ဗိုလ်ကြီးစံကြည်နှင့်တွေ့ရာ သူ့ဆရာ နုတ်ထွက်ရသည့်ကိစ္စအတွက် မကျေမနပ် ခံစားနေရကြောင်း။

ထူးခြားသည်မှာ ဗိုလ်ကြီးအုန်းကျော်မြင့်က ၎င်းထက် ပိုခံစားနေရကြောင်း၊ လူကြီးများကိုပင် ချချင်သည်ဟု ပြောနေကြောင်း စသည်ဖြင့် ၎င်း(ဗိုလ်ကြီးစံကြည်)က မိမိကိုပြောပြကြောင်း။

## အပူကပ်

၎င်း(ဗိုလ်ကြီးစံကြည်)က ဆက်လက်၍ ဗိုလ်ကြီးအုန်းကျော်မြင့် ၎င်းထံလာစဉ် ဗိုလ်ချုပ်နှင့် တွေ့သွားကြောင်း၊ ဗိုလ်ချုပ်အိမ်သို့လည်း ဗိုလ်ကြီးအုန်းကျော်မြင့် သွားကြောင်း၊ အုန်းကျော်မြင့်က သူ၏မကျေမနပ်ဖြစ်နေသည့် အခြေအနေကို ဗိုလ်ချုပ်အား ပြောပြပေးရန် ၎င်းထံ အပူလာကပ်နေကြောင်း စသည်ဖြင့် မိမိကိုပြောပြကြောင်း။

ထို့ကြောင့် မိမိက အုန်းကျော်မြင့် ဤသို့ခံစားရသည်ဟု ဆိုခြင်းမှာ ထူးဆန်းကြောင်း၊ ၎င်း(အုန်းကျော်မြင့်)မှာ ဦးစီးချုပ်အသစ်၏ ကိုယ်ရံတော်ဖြစ်နေ၍ စကားလာအစ်နေခြင်း ဖြစ်နိုင်ကြောင်း အရမ်းသွားမပြောရန် တားမြစ်ခဲ့



ကြောင်း။ ဧပြီလဆန်း(သင်္ကြန်မတိုင်မီ)တွင် ဗိုလ်ကြီးစံကြည် လာသေးကြောင်း၊ ထိုအခါ ၎င်းက မိမိပြောသကဲ့သို့ ဗိုလ်ကြီးအုန်းကျော်မြင့်သည် ဟန်ဆောင်ခြင်းမဟုတ်ဘဲ တကယ်ချမည်ဖြစ်ပြီး လက်နက်များ၊ အကြံအစည်(Plan)များနှင့်ဖြစ်ကြောင်း၊ သူတို့လုပ်ငန်းအောင်မြင်လျှင် ၎င်း၏ဆရာကို ပြန်တင်မည်ဟုပြောလျှင် မိမိက အုန်းကျော်မြင့် ယုတ္တိယုတ္တာနှင့် ဟန်ဆောင်နေခြင်းဖြစ်၍ သတိထားဆက်ဆံရန် ထပ်ပြောလိုက်ကြောင်း။

ထို့ကြောင့် မိမိလည်း ဗိုလ်မှူးလှမြင့်အား သွား၍ ထိုကိစ္စများကိုပြောပြပြီး ဗိုလ်ချုပ်ကျော်ထင်ကို တင်ပြပေးရန်နှင့် အုန်းကျော်မြင့် ဤကဲ့သို့လာပြောခြင်းကို တားမြစ်ပေးရန် တင်ပြလျှင် ၎င်းက အကဲခတ်ကြည့်သေးတာပေါ့ဟု ပြန်ပြောကြောင်း။ မေလလယ်လောက်တွင် ဗိုလ်ကြီးစံကြည်နှင့် မိမိတို့တွေ့လျှင် ၎င်းက အုန်းကျော်မြင့်ကဲ့သို့ မခံမရပ်နိုင်ဖြစ်နေသည့် အခြားသူများလည်း ရှိသေးသည်ဟုပြောလျှင် မိမိက ရှုပ်ကုန်ပြီ၊ ၎င်းကိစ္စများ၌ စိတ်မဝင်စားနှင်ဟုပြောခဲ့ကြောင်း၊ မကြာမီ ဗိုလ်ကြီးစံကြည် မေမြို့ပြောင်းသွားကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

၎င်းနောက် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင်ဦးကိုယုက မေးမြန်းသည်ကို ဗိုလ်ကြီးဝင်းထိန်က ထွက်ဆိုသွားသည်။

## မှန်ကန်

ဆက်လက်၍ တရားလိုပြသက်သေ မှုခင်းတပ်ဖွဲ့မှ ရဲအုပ်ဦးကြည်ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ၁၉၇၆ ခု စက်တင်ဘာ ၂ ရက်တွင် သတင်းတပ်ဖွဲ့မှူးရုံးမှ စာအမှတ်-၀၅၅၆၉ ဦးစီး အရ ပေးပို့ခဲ့သောစာအရ လက်ခံစစ်ဆေးခဲ့သော စာရွက်စာတမ်းများ၌ ပါရှိသော သေနတ်ထုတ်ပြေစာများ၌ ပါရှိသည့် ဗိုလ်ကြီးအုန်းကျော်မြင့် လက်မှတ်များနှင့် ဗိုလ်မှူးကြီးသန်းတင်က ခိုင်းသဖြင့် ရေးကူးပေးခဲ့ပြီး သက်ဆိုင်ရာတို့ထံ ပေးပို့ခဲ့သည့် စာရွက်များတွင် ရေးသားထားသော ဗိုလ်ကြီးဘချစ်၏ လက်ရေးတို့ကို ၎င်းတို့၏လက်ရေးနှင့် လက်မှတ်များဖြင့် တိုက်ဆိုင်စစ်ဆေးပုံနှင့် စစ်ဆေးရာတွင် အသုံးပြုသော ဓာတ်ပုံများကို ရုံးတော်သို့ သက်သေခံအဖြစ် တင်သွင်း၍ ၎င်းတို့လက်မှတ်နှင့်လက်ရေး မှန်ကန်ကြောင်း ထွက်ဆိုသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ တရားလိုပြသက်သေ ခလရ(၁၆)မှ ဗိုလ်ကြီးမြင့်သိန်းကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ၁၉၇၆ ခု မတ် ၂၄ ရက်၌ ရန်ကုန်တိုင်း၏ **အစီအစဉ်အရ** မိမိတို့တပ်ရင်းသည် တက္ကသိုလ်နယ်မြေ၌ တာဝန်ယူခဲ့ရစဉ် မိမိတပ်ခွဲသည် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ မန္တလေးဆောင် ရှေ့တန်းကွပ်ကဲမှုရုံး၌ **အရန်တပ်ခွဲအဖြစ်** ထမ်းဆောင်ခဲ့ကြောင်း၊ မတ် ၂၇ ရက် ညနေ ၆ နာရီခွဲခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်သည် မာဇဒါကားဖြင့် ရောက်လာပြီး ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးမောင်လတ် ရုံးခန်းသို့ တက်သွားသည်ကို တွေ့ရကြောင်း။

မကြာမီ ပြန်ထွက်အလာ မျက်နှာချင်းဆိုင် မိမိနှင့်တွေ့၍ နှုတ်ဆက်မေးမြန်းရာ ၎င်းက ကိုယ်သိပ်အရေးကြီးနေသည်ဟု ပျာပျာသလဲဖြေပြီး ၎င်းကားဖြင့် ပြန်ထွက်သွားကြောင်း၊ ထိုစဉ်က ၎င်းသည် ရှပ်လက်ရှည်အဖြူနှင့် အခမ်းအနားတက်ရောက်တာတွင်ဝတ်သည့် ဘောင်းဘီကို ဝတ်ထားကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

## တင်ပြခဲ့

ထို့နောက် တရားလိုပြသက်သေ ကာကွယ်ရေးဦးစီးချုပ်ရုံး သုတေသနဌာနစုမှ စစ်ဦးစီးမှူး(ဒုတိယတန်း) ဗိုလ်မှူးလှမြင့်ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မတ် ၅ ရက် နံနက်က စီမံရေးရာဌာနစုမှ ဗိုလ်ကြီးဝင်းထိန်က အရေးကြီးသောအကြောင်း ပြောလို၍ ဖုန်းဆက်သဖြင့် မိမိသွားရာ မိမိတို့ဌာနနှစ်ခုအကြားလမ်းတွင်တွေ့လျှင် ဗိုလ်ကြီးဝင်းထိန်က ဗိုလ်ချုပ်ကြီးတင်ဦး နုတ်ထွက်တော့မည်ဟု သတင်းပြောပြပြီး ၎င်းကဆက်လက်၍ ဗိုလ်ချုပ်ကတော်၏ ကိုယ်ရေးကိုယ်တာ စီးပွားရေးကိစ္စများကြောင့် နုတ်ထွက်ရခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောပြသဖြင့် မိမိက အခြားသူများကိုမပြောရန်နှင့် အချိန်ကျလျှင် တရားဝင်ကြေညာလိမ့်မည်ဟု ပြန်ပြောခဲ့ကြောင်း၊ ထိုနေ့မှာပင် မိမိအကြီးအကဲ စစ်ဦးစီးမှူး(ဒုတိယတန်း)ဒုတိယဗိုလ်မှူးကြီးကျော်ဆန်းကို တင်ပြခဲ့ကြောင်း။



## မသေချာ

ဇွန်လ(ရက်မမှတ်မိ)တွင် ဗိုလ်ကြီးဝင်းထိန် မိမိရုံးသို့ ရောက်လာပြီး ၎င်းက မိမိအား ဗိုလ်ကြီးအုန်းကျော်မြင့်က ဗိုလ်ချုပ်ကြီးစန်းယုနှင့် ဗိုလ်မှူးကြီးတင်ဦး အပါအဝင် လူကြီးများကို သတ်ချင်ဖြတ်ချင်နေသည်ဟု ပြောကြောင်း၊ မိမိက ဗိုလ်ကြီးအုန်းကျော်မြင့်သည် လူအထင်ကြီးအောင် စကားပြောတတ်၍ အလေးအနက်ထား ပြောမနေပါနှင့်ဟု ပြန်ပြောခဲ့ကြောင်း၊ နောက်လေးငါးရက်အကြာ ရုံးကိစ္စဖြင့် ဗိုလ်ကြီးအုန်းကျော်မြင့် ရုံးခန်းသို့ စာရွက်စာတမ်းများ သွားယူရင်း အထက်က မိမိကြားသိခဲ့သော သတင်းများကို ၎င်းအားပြန်ပြောလိုက်လျှင် ၎င်းက ဘယ်သူပြောသလဲဟု မေးကြောင်း၊ မိမိက ဘယ်သူပြောသည်ဆိုသည်မှာ အရေးမကြီးကြောင်း၊ ထိုသတင်းကြောင့် ၎င်းဒုက္ခရောက်နိုင်ပြီး ဦးစီးချုပ်လည်း ပြဿနာတက်နိုင်သည်ဟု ပြန်ပြောခဲ့ကြောင်း၊ ထိုစဉ် ဗိုလ်မှူးကြီးအောင်ရွှေ ဝင်လာ၍ မိမိလည်း မိမိရုံးခန်းသို့ ပြန်ခဲ့ကြောင်း၊ နာရီဝက်ခန့်အကြာ ဗိုလ်ကြီးအုန်းကျော်မြင့် မိမိထံလိုက်လာပြီး ထိုသတင်းပြောသူကို ထပ်မေးရာ မိမိက ဗိုလ်ကြီးဝင်းထိန် ပြောသည်ဟုပြောလျှင် ပြဿနာဖြစ်နေမည်စိုး၍ ဗိုလ်ကြီးစံကြည်လား ဗိုလ်ကြီးဝင်းထိန်လား မသေချာဟုဖြေခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ထို့နောက် တရားခံ ဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင်ကမေးမြန်းသည်ကို ဗိုလ်မှူးလှမြင့်က ထွက်ဆိုသွားသည်။

## အကြောင်းကြား

ဆက်လက်၍ တရားလိုပြသက်သေ တပ်မတော်စည်းရုံးရေးကော်မတီမှ ဌာနခွဲမှူး ဗိုလ်မှူးအောင်သန်း(လေ)ကို စစ်ဆေးသည်။ ၎င်းက မိမိ၏တာဝန်မှာ ပါတီဌာနချုပ်မှ ဗဟိုကော်မတီအစည်းအဝေး ကျင်းပမည့် အကြောင်းကြားစာ မိမိရုံးသို့ ရောက်ပါက တပ်မတော်မှ ပါတီဗဟိုကော်မီတီဝင်များတက်ရန်အတွက် တိုင်းဌာနချုပ်များသို့ ဆက်လက်အကြောင်းကြားပေးရကြောင်း၊ ဇွန် ၂၄ ရက်တွင် ဇွန် ၂၁ ရက်စွဲဖြင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှပေးပို့သော ကြေးနန်းစာရရှိကြောင်း၊ ယင်းကြေးနန်းစာတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် ဗဟိုကော်မတီအစည်းအဝေးတက်ရန် ဘီအေစီလေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



ခရီးစဉ်မှာ ဇွန် ၂၄ နှင့် ၂၇ ရက်တွင်သာရှိသည့်အတွက် ဇွန် ၂၄ ရက်တွင် လာမည်ဆိုပါက စောနေမည်ဖြစ်၍ ၂၇ ရက်တွင် လာခဲ့မည်ဖြစ်ကြောင်း၊ အကယ်၍ ဇွန် ၂၇ ရက်တွင် ဘီအေစီလေယာဉ်ခရီးစဉ် ရာသီဥတုကြောင့် ပျက်ခဲ့လျှင် ဗဟိုကော်မတီအစည်းအဝေး ရက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြု ပါရန် ပါရှိကြောင်း။

ထိုနေ့ (ဇွန် ၂၄ ရက်)တွင်ပင် မိမိတို့ ကက(ကြည်း)သို့မေးကြည့်ရာ ဗိုလ်မှူးကြီးလှဖေ ရောက်နေပြီဟု သိရ၍ ကြေးနန်းပေါ်တွင် ထိုအတိုင်းမှတ် ချက်ရေးသားလိုက်ကြောင်း။

ထိုကြေးနန်းကို ရဲအုပ်ကြီးဦးတင်စိုးက လာရောက်သိမ်းသွားကြောင်း၊ ယခု မိမိအားပြသောကြေးနန်းမှာ ထိုကြေးနန်းဖြစ်ကြောင်း စသည်ဖြင့် ထွက် ဆိုသွားသည်။

၎င်းနောက် တရားခံဗိုလ်မှူးကြီးလှဖေ၏ အကျိုးဆောင်က မေးမြန်းသည် ကို ဗိုလ်မှူးအောင်သန်း(လေ)က ထွက်ဆိုသွားသည်။

ဆက်လက်၍ တရားခံများနှင့် တရားလိုပြသက်သေများကို စစ်ဆေးခဲ့ သော သတင်းတပ်ဖွဲ့မှ အရာရှိများကို စစ်ဆေးသည်။

ရဲအုပ်ကြီးဦးတင်ဝင်းက ထွက်ဆိုရာတွင် ဩဂုတ် ၂၅ ရက်တွင် တရားခံ ဗိုလ်ကြီးဝင်းသိန်းကို စစ်ဆေးခဲ့ပုံနှင့် ၎င်း(ဗိုလ်ကြီးဝင်းသိန်း)၏ဆန္ဒ အရ ဖြောင့်ချက်ပေးနိုင်ရန် ၂၆ ရက်တွင် စီစဉ်ပေးခဲ့ပုံ၊ ၂၈ ရက်တွင် ဗိုလ်ကြီးစံကြည်ကို စစ်ဆေးခဲ့ပုံနှင့် ဗိုလ်ကြီးစံကြည်၏ဆန္ဒအရ ဖြောင့်ချက် ပေးနိုင်ရန် ထိုနေ့တွင်ပင် စီစဉ်ပေးခဲ့ပုံ၊ ၂၉ ရက်တွင် ဗိုလ်မှူးချစ်ခိုင်(လေ) ကို စစ်ဆေးခဲ့ပုံ၊ စက်တင်ဘာလ ၈ ရက်တွင် တရားခံဗိုလ်ကြီးအုန်းကျော်မြင့် က ဖြောင့်ချက်ပေးလိုသည်ဟု ပြောသဖြင့် ရဲမှူးဦးစိုးမြင့်ထံ တင်ပြပြီး ၉ ရက်တွင် ၎င်းဖြောင့်ချက်ပေးနိုင်ရန် စီစဉ်ပေးခဲ့ပုံများကို ထွက်ဆိုသွားသည်။

ရဲအုပ်ကြီး ဦးမောင်မောင်ကြီးက ဩဂုတ် ၂၅ ရက်တွင် ဗိုလ်ကြီး အောင်ကြည်ဦးကိုလည်းကောင်း၊ ၂၆ ရက်တွင် ဗိုလ်ကြီးဝင်းမောင်နှင့် ဗိုလ်မှူး လှမြင့်တို့ကိုလည်းကောင်း၊ ၃၀ ရက်တွင် တပ်ကြပ်ကြီးအုန်းမောင်ကိုလည်း ကောင်း၊ စက်တင်ဘာ ၉ ရက်တွင် ဦးမောင်မောင်ဦးကိုလည်းကောင်း စစ် ဆေးခဲ့ပုံများကို ထွက်ဆိုသွားသည်။



**စစ်ဆေး**

ရဲအုပ်ကြီးဦးအောင်ဖေက ဩဂုတ် ၂၅ ရက်တွင် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ ဗိုလ်ကြီးစိန်သောင်းကိုလည်းကောင်း၊ ၂၇ ရက်တွင် ကက(သံ)မှ ဗိုလ်ကြီးရဲဦးကိုလည်းကောင်း၊ စက်တင်ဘာလ ၃ ရက်တွင် ဒုတိယကာကွယ် ရေးဦးစီးချုပ်(လေ) ဗိုက်မှူးချုပ်စောဖြူကိုလည်းကောင်း၊ ၄ ရက်တွင် ဗိုလ်ကြီး မျိုးဟန်ကိုလည်းကောင်း၊ ၆ ရက်တွင် ဗဟိုဆေးတပ်မှ တပ်ကြပ်စိုးမောင်နှင့် ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ)၏ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးတင်ဝင်း(လေ) တို့ကိုလည်းကောင်၊ စက်တင်ဘာ ၇ ရက်တွင် ဒေါ်အေးမြင့်သန်းနှင့် ဒေါ်မြင့်ကြူ တို့ကိုလည်းကောင်း စစ်ဆေးခဲ့ပုံများကို အသေးစိတ် ထွက်ဆိုသွားသည်။

ဆက်လက်၍ ရဲအုပ်ကြီး ဦးစန်းသွင်က ဩဂုတ် ၂၇ ရက်တွင် ကုန် သွယ်ရေး ၅ မှ ဦးစိန်ဝင်း၊ အလယ်တန်းပြဆရာမ ဒေါ်ထွားရီနှင့် မောင်ကျော် တင့် တို့ကိုလည်းကောင်း၊ စက်တင်ဘာ ၁ ရက်တွင် တပ်မတော်(ရေ)တပ်ထိန်း မှ တပ်ကြပ်ကြီးအေးချိုကိုလည်းကောင်း၊ စက်တင်ဘာ ၂ ရက်တွင် ကက(ကြည်း) မှ အရာခံဗိုလ်တင်မြိုင်ကိုလည်းကောင်း၊ ၆ ရက်တွင် တပ်သားအုန်းချစ်ကို လည်းကောင်း စစ်ဆေးခဲ့ပုံများကို ထွက်ဆိုသွားသည်။

ရဲအုပ်ကြီး ဦးကြီးလှိုင်က ဩဂုတ် ၂၇ ရက်တွင် ဒုတိယအရာခံဗိုလ် မင်းကြည်ကိုလည်းကောင်း၊ ၂၈ ရက်တွင် သတ္တုတွင်းဝန်ကြီးဌာနမှ ဦးချိုဦး ကိုလည်းကောင်း၊ ၃၀ ရက်တွင် တပ်ကြပ်ကြီးအုန်းသွင်ကိုလည်းကောင်း စစ် ဆေးခဲ့သည်များကို ထွက်ဆိုသွားသည်။

ဒုတိယရဲအုပ် ဦးခင်မောင်ရီက ဩဂုတ် ၂၇ ရက်တွင် စခန်းရုံးမှ ဗိုလ်ကြီးကျော်ဝင်းကိုလည်းကောင်း၊ စက်တင်ဘာ ၆ ရက်တွင် အမေရိကန် သံအမတ်ကြီးအိမ်မှ ဂိတ်စောင့် ဦးလသာကိုလည်းကောင်း၊ စစ်ဆေးခဲ့ပုံများ ကို ထွက်ဆိုသွားသည်။

တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီ တွင် ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်သည်။

✧ ✦ ✧

www.burmeseclassic.com

www.burmeseclassic.com

## လူကြီးများကိုလုပ်ကြံရန် ဆန္ဒပြင်းပြနေ

ယနေ့စစ်ဆေးသည့် တရားလိုပြသက်သေများမှာ သတင်းတပ်ဖွဲ့မှ ရဲအုပ်ကြီးများဖြစ်ကြသည့် ဦးမြင့်စိုးနှင့် ဦးလှရီ၊ ဗိုလ်ကြီးသန့်ဇင်မြိုင်၊ ဗိုလ်မှူးကြီးမောင်မောင်၊ သတင်းတပ်ဖွဲ့မှ ရဲအုပ်ကြီးများဖြစ်ကြသည့် ဦးညွန့်လွင်၊ ဦးကျော်စိန်၊ ဒုတိယဗိုလ်မှူးကြီးသန်းရွှေ၊ ဗိုလ်ကြီးသောင်းတင်၊ ဗိုလ်မှူးဖုန်းကျော်၊ ဗိုလ်မှူးဖေသန်း၊ ဗိုလ်ကြီးမြင့်သန်း(လေ)၊ ဗိုလ်ကြီးစိုးသိန်း၊ တပ်ကြပ်ကြီးသိန်းမြင့်၊ တပ်ကြပ်ကြီးမောင်မောင်နှင့် ဒုတိယရဲအုပ်ဦးစန်းလှိုင်တို့ကို စစ်ဆေးသည်။

ရှေးဦးစွာ ရဲအုပ်ကြီးများဖြစ်သည့် ဦးမြင့်စိုးနှင့် ဦးလှရီတို့အား စစ်ဆေးရာ ဦးမြင့်စိုးက ဩဂုတ် ၂၅ ရက်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးဟန်ဇော်ကို စစ်ဆေးခဲ့ပုံ၊ ဩဂုတ် ၂၇ ရက်တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ)၏ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးမြင့်သိန်း(ရေ)ကို စစ်ဆေးခဲ့ပုံ၊ ဩဂုတ် ၂၈ ရက်တွင် ပဲခူးတိုင်းဒေသပါတီကော်မတီဥက္ကဋ္ဌ ဦးဘိုနီကို စစ်ဆေးခဲ့ပုံနှင့် ဩဂုတ်လ ၃၀ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ ဒုတိယအရာခံဗိုလ်ဖေအုန်းမြင့်နှင့် စစ်ဦးစီးမှူးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးမောင်မောင်တို့အား စစ်ဆေးခဲ့ပုံများကို ထွက်ဆိုသွားသည်။

### စစ်ဆေးခဲ့

ရဲအုပ်ကြီးဦးလှရီက ထွက်ဆိုရာတွင် ဩဂုတ် ၂၅ ရက်က အမှတ်(၁၀၆) ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးကျော်ရှိန်းကို စစ်ဆေးခဲ့ပုံ၊ ဩဂုတ် ၂၇ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စီမံရေးဌာနမှ ဗိုလ်ကြီးသန့်ဇင်မြိုင်ကို စစ်



ဆေးခဲ့ပုံ၊ ဩဂုတ် ၂၈ ရက်တွင် ယင်းဌာနမှ ဗိုလ်ကြီးမြင့်သိန်းကို စစ်ဆေးခဲ့ပုံ၊ ဩဂုတ် ၃၀ ရက်တွင် ကက(ကျင့်)မှ စစ်ဦးစီးမှူး(ပထမတန်း)ဒုတိယ ဗိုလ်မှူးကြီးမောင်မောင်ကို စစ်ဆေးခဲ့ပုံနှင့် စက်တင်ဘာ ၁၂ ရက်တွင် မေမြို့ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးခင်မောင်တင့်အား စစ်ဆေးခဲ့ပုံများကို ထွက်ဆိုသွားသည်။

### ကိုယ်ရံတော်

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စီမံရေးရာဌာနစစ်ဦးစီးမှူး(တတိယတန်း)ဗိုလ်မှူးကြီးသန့်ဇင်မြိုင်ကို စစ်ဆေးသည်။ ၎င်းကထွက်ဆိုရာတွင် ဗိုလ်ကြီးစံကြည်ကို သိကြောင်း၊ မိမိ မေမြို့စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်(၁၁)တွင် စတုတ္ထနှစ်တက်ရောက်စဉ်က ဗိုလ်ကြီးစံကြည်က ပထမနှစ်ဖြစ်ကြောင်း၊ ၁၉၇၃ ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာနသို့ မိမိရောက်ရှိသောအခါ ဗိုလ်ကြီးစံကြည်မှာ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ကိုယ်ရံတော်အရာရှိဖြစ်ကြောင်း။

### တာဝန်ထမ်း

၁၉၇၄ ခုနှစ်တွင် ဗိုလ်ကြီးစံကြည် တပ်ခွဲမှူးသင်တန်း သွားတက်စဉ် ကာလအတွင်း မိမိက ဗိုလ်ချုပ်ကြီးတင်ဦး၏ ကိုယ်ရံတော်အရာရှိအဖြစ် သုံးလတာဝန်ထမ်းဆောင်ရကြောင်း၊ ထို့နောက် မိမိသည် ကာကွယ်ရေးဦးစီးချုပ်ရုံးတွင် စစ်ဦးစီးမှူး(တတိယတန်း)အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရကြောင်း၊ ဗိုလ်ချုပ်ကြီးတင်ဦး နုတ်ထွက်သွားပြီးနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စီမံရေးရာဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရကြောင်း။

### တပ်ကထွက်

၁၉၇၆ ခု မတ်လ ၄ ရက်ည ၁၀ နာရီခန့်တွင် ဗိုလ်ကြီးစံကြည်က မိမိအား တယ်လီဖုန်းဆက်ခေါ်သဖြင့် ၎င်းအိမ်သို့ သွားရောက်ခဲ့ရာ ဗိုလ်ကြီးစံကြည်နှင့် မိသားစုမှာ မျက်နှာမကောင်း ဖြစ်နေသည်ကို တွေ့ရကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးစံကြည်က မိမိကို အေဒီလမ်း သမ္မတအိမ်တော်တွင် ယနေ့ညပိုင်း၌ ပြုလုပ်သည့် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးသို့ ဗိုလ်ချုပ်ကြီး တင်ဦးနှင့်အတူ တက်ရောက်ခဲ့ကြောင်း၊ အစည်းအဝေးမပြီးမီ ဗိုလ်ချုပ်ကြီး တင်ဦး တစ်ယောက်တည်း မျက်နှာပျက်၍ ပြန်ထွက်လာပြီး အိမ်ပြန်မည်ပြော၍ ပြန်ခဲ့ကြကြောင်း၊ လမ်းတွင် ဗိုလ်ချုပ်ကြီးက မနက်ပြန်ပြုလုပ်မည့် အစီအစဉ်များနှင့် သံရုံးတစ်ရုံးမှ ခေ့ခံပွဲတက်မည့် အစီအစဉ်များကို ဖျက်လိုက်ရန်ပြောကြောင်း၊ အိမ်ရောက်သည့်အခါတွင် ဗိုလ်ချုပ်ကြီးက သူ့ဇနီး၏စီးပွားရေးလုပ်ဆောင်ချက်များကြောင့် သူ တပ်ကထွက်လိုက်ရပြီဟု ၎င်းအားပြောပြကြောင်း။

## ပစ္စည်းမှာ

ထို့နောက် ဗိုလ်ကြီးစံကြည်က မိမိအား ရုံးကိုတိုက်ရိုက်မသွားဘဲ ဗိုလ်ချုပ်ကြီးအိမ်ကို ဝင်ခဲ့ရန်မှာကြောင်း၊ ယင်းမှာကြားချက်အရ မတ် ၅ ရက် နံနက် ၇ နာရီခန့်တွင် မိမိဗိုလ်ချုပ်ကြီးအိမ်သို့ သွားရောက်ခဲ့ကြောင်း၊ ဗိုလ်ချုပ်ကြီးအိမ် ခြံဝတွင် ဗိုလ်ကြီးစံကြည် စောင့်နေသည်ကို တွေ့သဖြင့် နှစ်ယောက်အတူတူ အိမ်ထဲသို့ဝင်သွားရာ ဆင်ဝင်အောက်အရောက်တွင် ဗိုလ်ချုပ်ကြီးတင်ဦး ယူနီဖောင်းအပြည့်အစုံဝတ်၍ အောက်သို့ဆင်းလာပြီး မိမိတို့အား တွေ့လျှင်တွေ့ခြင်း ညထဲက မိမိက ခေါ်ခိုင်းကြောင်း၊ ၎င်း၏ဇနီး နိုင်ငံခြားမှပစ္စည်းမှာသည့်ကိစ္စဟု ပြောကြောင်း။

## တပ်မှထွက်

ဗိုလ်ချုပ်ကြီးက ဆက်လက်၍ ၎င်း၏ဇနီးလုပ်သည့်ကိစ္စများနှင့် ပတ်သက်၍ ၎င်းကိုအသိပေးဖို့ကောင်းသည်ဟု ပြောကြောင်း၊ ထို့နောက် ဗိုလ်ကြီး စံကြည်ကိုခေါ်ပြီး ကားနှင့်ထွက်သွားရာ မိမိလည်း နောက်ကကားဖြင့် ရုံးသို့ လိုက်သွားကြောင်း။

ရုံးရောက်လျှင် ရုံးအဖွဲ့အား ဗိုလ်ချုပ်ကြီး တပ်ကထွက် ရသည့်အကြောင်း အကျဉ်းချုပ်ကို ပြောပြလိုက်ကြောင်း၊ ဗိုလ်ကြီးစံကြည်က စီမံရေးရာဌာနက



ဗိုလ်ကြီးဝင်းထိန်နှင့် ဗိုလ်ကြီးစိုးမြင့်တို့ကို တယ်လီဖုန်းနှင့် ခေါ်ပြီး ဗိုလ်ချုပ်ကြီး တပ်ကထွက်ရသည့်အကြောင်း ပြောသည်ကိုလည်း တွေ့ရကြောင်း၊ မိမိနှင့် ဗိုလ်ကြီးစံကြည်တို့ကလည်း တပ်ကထွက်ကြရမည်ဟု ပြောကြရာ ဗိုလ်ကြီး ဝင်းထိန်တို့က မိမိတို့ကို နှစ်သိမ့်အားပေးစကားများပြောပြီး ပြန်ဆင်းသွား ကြကြောင်း။

## အသေးစိတ်

ထို့နောက် ဗိုလ်ကြီးဝင်းထိန်က တယ်လီဖုန်းဆက်ခေါ်သဖြင့် မိမိဆင်း သွားရာ ၎င်းတို့က ဗိုလ်ချုပ်ကြီးတင်ဦး တပ်မှနုတ်ထွက်ရသည့်ကိစ္စ အသေးစိတ် ဝိုင်းမေးကြကြောင်း၊ မိမိလည်း ဗိုလ်ကြီးစံကြည် ပြောသည့်အတိုင်း အဖြစ် အပျက် အသေးစိတ်ကိုပြန်ပြောကြောင်း၊ ဗိုလ်ကြီးဝင်းထိန်က ဗိုလ်ချုပ်ကတော် ကြောင့် ဗိုလ်ချုပ်ကြီး တပ်ကထွက်ရသည်ဆိုလျှင် ဗိုလ်ချုပ်ကတော်က ဘာ တွေလုပ်နေသလဲဟု မေးကြောင်း။

## အဆင်မပြေ

မိမိက ၎င်းကို ဗိုလ်ချုပ်ကတော် နိုင်ငံခြားကပစ္စည်းမှာယူပုံ၊ အိမ်ဆောက် ပစ္စည်းဝယ်ယူပုံ၊ ကုန်သွယ်ရေးပစ္စည်းများဝယ်ယူပုံ၊ ဗိုလ်ချုပ်ကတော် ဆရာဝန် အသိုင်းအဝိုင်းနှင့် တပ်အသိုင်းအဝိုင်းတွင် ဆက်ဆံရေးအဆင်မပြေပုံ၊ မိမိတို့ လူငယ်များအပေါ် ဆက်ဆံမှု မောက်မာပုံနှင့် လက်ဆောင်ပစ္စည်းများ လိုချင် တပ်မက်မောမှုရှိပုံ၊ ဗိုလ်ချုပ်ကတော် ခရီးထွက်သည့်အခါများတွင် မျက်နှာမှု ရလောက်အောင် လက်ဆောင်ပစ္စည်းများယူပုံ၊ ယင်းအချက်များကြောင့် ဗိုလ်ချုပ် တပ်မှ နုတ်ထွက်ရခြင်းဖြစ်ကြောင်းတို့ကို မိမိ၏ခံစားရသည့်အတိုင်း ပြောပြ လိုက်ကြောင်း။

## မိတ္တူကူး

မတ် ၆ ရက် နံနက်ပိုင်းတွင် ဗိုလ်ချုပ်ကတော် နိုင်ငံခြားသို့မှာသည့် ပစ္စည်းစာရင်းပေးရန် ဗိုလ်ကြီးစံကြည်က မိမိထံလာတောင်းသဖြင့် ဖိုင်တွဲထား

www.burmeseclassic.com

www.burmeseclassic.com



သောပစ္စည်းစာရင်းများကို ပေးလိုက်ကြောင်း၊ ဖိုင်ကိုမပေးမီ မိတ္တူကူးထားလိုက်ကြောင်း၊ ၎င်းဖိုင်တွဲကို ဗိုလ်ချုပ်ကြီးအိမ်သို့ ယူသွားသည်ကို တွေ့ရကြောင်း။

### လွှဲပြောင်း

မတ် ၆ ရက်ညတွင် ရေဒီယိုမှ ဗိုလ်ချုပ်ကြီး တပ်မှနုတ်ထွက်ကြောင်း ကြေညာပြီး နောက်သုံးရက်ခန့်အကြာတွင် ဦးစီးချုပ်တာဝန်ကို ဗိုလ်ချုပ်ကျော်ထင်က လွှဲပြောင်းယူရာ ဗိုလ်ကြီးစံကြည်ကလည်း ဦးစီးချုပ်၏ ကိုယ်ရံတော်အရာရှိ၏တာဝန်များကို ဗိုလ်ကြီးအုန်းကျော်မြင့်အား လွှဲပြောင်းပေးကြောင်း၊ ဗိုလ်ကြီးစံကြည်သည် လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံးသို့လည်းကောင်း၊ မိမိသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စီမံရေးရာဌာနသို့လည်းကောင်း ပြောင်းကြရကြောင်း။

### မနေတတ်

ထို့နောက် ၁၀ ရက်ခန့်အကြာတွင် ဗိုလ်ကြီးစံကြည် မိမိရုံးသို့ ရောက်လာပြီး မိမိကို ဗိုလ်ချုပ်ကြီးကမတွေ့၍ မေးမေးနေကြောင်း၊ တစ်ခေါက်လောက်သွားလိုက်ပါဦးဟုပြောကြောင်း၊ မိမိက ကားမရှိ၍ ခင်ဗျားကားနှင့် လာခေါ်လျှင် နှစ်ယောက်အတူတူ သွားကြမည်ဟု ပြောလိုက်ကြောင်း၊ ထိုနေ့ညနေ ၆ နာရီခန့်တွင် ဗိုလ်ကြီးစံကြည် ၎င်းကားနှင့် လာခေါ်သဖြင့် ဝင်ဒါမီယာရှိ ဗိုလ်ချုပ်ကြီးအိမ်သို့သွားကြကြောင်း၊ ဗိုလ်ချုပ်ကြီးကိုဧည့်ခန်း၌တွေ့ရာ ၎င်းက အလုပ်မရှိ၍ မနေတတ် မထိုင်တတ်ဖြစ်သည့်အကြောင်းကို ပြောပြကြောင်း။

### ဆန္ဒပြင်း

နိုင်ငံရေးနှင့် ပတ်သက်ပြီး မိမိတို့ ဘာမျှမသိဘဲ လျှောက်မပြောကြရန်နှင့် လိမ်လိမ်မာမာ နေကြရန်လည်း မှာလိုက်ကြောင်း၊ ည ၇ နာရီခန့်တွင် မိမိတို့ ပြန်လာကြကြောင်း၊ မတ် တတိယပတ်ခန့်တွင် ဗိုလ်ကြီးစံကြည် မိမိရုံးသို့လာပြီး ၎င်းက ဗိုလ်ချုပ်ကြီး တပ်မှထွက်ရသည့်ကိစ္စနှင့် ပတ်သက်၍ ဗိုလ်ကြီးအုန်းကျော်မြင့် အတော်မကျေမနပ် ဖြစ်နေကြောင်း၊ လူကြီးများပြန်



ချရန်ဆန္ဒပြင်းပြနေကြောင်း၊ မိမိတို့က လူရင်းများဖြစ်လျက် ယခုလို ငြိမ်နေကြမလားဟု ဗိုလ်ကြီးအုန်းကျော်မြင့်က မေးသည်ဟု ပြောပြကြောင်း၊ နောက် ဗိုလ်ကြီးစံကြည်က မိမိကို လုပ်မလားဟု မေးကြောင်း။

### မမေးခဲ့

မတ် ၂၇ ရက် နံနက်ပိုင်းတွင် စစ်ရေးပြအခမ်းအနားသို့ သွားတက်ကြကြောင်း၊ ထိုအခမ်းအနားသို့ ဗိုလ်ကြီးစံကြည် တက်ရောက်သည်ကိုမတွေ့ရကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်ကို ဗိုလ်ချုပ်ကျော်ထင်နှင့် အတူတူပါလာသည်ကို တွေ့ရကြောင်း၊ ထိုနေ့ည ညစာစားပွဲသို့သွားရာ ဗိုလ်ကြီးအုန်းကျော်မြင့်နှင့်တွေ့လျှင် ၎င်းက မိမိကို ယခုဧည့်ခံပွဲဖိတ်သည်မှာ ဥက္ကဋ္ဌကြီးဖြစ်ပြီး ယခုသူ မရှိဘူး၊ ဆွစ်ဇာလန်ကိုသွားပြီဟု ပြောကြောင်း၊ ၎င်းကပင်ဆက်၍ သူတို့အစီအစဉ်တစ်ခု လုပ်ကြသေးကြောင်း၊ ထိုအစီအစဉ်တွင် မိမိပါမလားဟု မေးသေးကြောင်း၊ သို့သော်လည်း မည်သည့်အစီအစဉ်ဟု မပြော၍ မိမိလည်း မမေးခဲ့ကြောင်း။

### လုပ်ကြံရန်

မတ်လကုန်ခန့်တွင် ဗိုလ်ကြီးစံကြည် မိမိတို့ဌာန ရောက်လာကြောင်း၊ ၎င်းက ဗိုလ်ကြီးအုန်းကျော်မြင့် ၎င်း၏အိမ်သို့ ယမန်နေ့ညကလာကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်သည် လူကြီးများကို လုပ်ကြံရန် အမှန်တကယ်လုပ်နေကြောင်း၊ ပစ္စတိုနှင့် ကာဘိုင်သေနတ်များပင် ထုတ်ထားကြောင်း၊ တပ်မတော်နေ့ ညစာစားပွဲတွင် လူကြီးများကို လုပ်ကြံပြီး ဗိုလ်ချုပ်ကြီးတင်ဦးကို ပြန်တင်ရန် ကြံသေးကြောင်း၊ ၎င်း(ဗိုလ်ကြီးအုန်းကျော်မြင့်)သည် လူကြီးများကို လုပ်ကြံရန် ဆန္ဒပြင်းပြနေသည်ဟုလည်း ပြောကြောင်း။

### သတင်းမကြား

ဧပြီ ၂၂ ရက် ညနေပိုင်းတွင် ဗိုလ်ချုပ်ကြီးအိမ်သို့ ဗိုလ်ချုပ်ကတော် အင်္ဂလန်မှာ ကလေးဆေးကုသွားစဉ်က ချန်ထားခဲ့သည့် နိုင်ငံခြားငွေကိစ္စကို

www.burmeseclassic.com

www.burmeseclassic.com



ပြောရန် သွားခဲ့ကြောင်း၊ ဗိုလ်ချုပ်ကတော်က မိမိကို ဘာထူးသေးသလဲ၊ ကောလာဟာလသတင်းတွေ ကြားနေတယ်။ တို့လည်း ကြောက်နေတယ်။ သတင်းထူးလျှင် တို့ကိုလည်း ပြောပါဟု ပြောကြောင်း၊ မိမိက ခရီးထွက်ရာမှ ပြန်ရောက်သည်မှာ နှစ်ရက် သုံးရက်သာ ရှိသေး၍ မည်သည့်သတင်းမှ မကြားရကြောင်း ပြန်ပြောခဲ့ကြောင်း။

## နှုတ်ဆက်ခဲ့

ဇွန် ၂၄ ရက်တွင် ဝင်ဒါမီယာအိမ်၌ ဗိုလ်ချုပ်ကတော်နှင့် မိမိတွေ့ရာ ၎င်းက မနေ့က ဗိုလ်ကြီးအုန်းကျော်မြင့် ဗိုလ်ချုပ်ကြီးကို လာတွေ့သေးသည်ဟု ပြောပြကြောင်း၊ မိမိလည်း ဗိုလ်ချုပ်ကတော်ကို နှုတ်ဆက်ပြီး အိမ်ပြန်ခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင်နှင့် ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦး၏ အကျိုးဆောင်တို့၏ မေးမြန်းချက်များကို ဗိုလ်ကြီးသန့်ဇင်မြိုင်က ပြန်လည်ထွက်ဆိုသွားသည်။

## အာဏာ

ဆက်လက်၍တရားလိုပြသက်သေ ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်မှူးကြီး မောင်မောင်ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိသည် ၁၉၇၄ ခု မတ်လကစ၍ စစ်ဦးစီးမှူးဗိုလ်မှူးကြီး တာဝန်ကို ထမ်းဆောင်ခဲ့ကြောင်း၊ မိမိရောက်ချိန်မှစ၍ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးမှာ ဗိုလ်မှူးစိန်မြင့် ဖြစ်ကြောင်း၊ သင်္ကြန်မတိုင်မီ တစ်ပတ်ခန့် (ရက်မမှတ်မိ)နေ့တစ်နေ့ ညနေ ၃ နာရီခွဲ ၄ နာရီခန့်တွင် ဗိုလ်မှူးစိန်မြင့် မိမိရုံးခန်းသို့လာကြောင်း၊ ၎င်း လာသည့်အကြောင်းကိုမေးရာ ၎င်းက သတင်းတွေအမျိုးမျိုးကြားနေကြောင်း၊ အရပ်ဘက်မှရော စစ်ဘက်မှရော စုံလို့ပဲ၊ အာဏာအပြောင်းအလဲ ရှိမည်ဟု ပြောကြောင်း။

ထိုအချိန်တွင် ဗိုလ်ချုပ်ကြီးတင်ဦး တာဝန်က နုတ်ထွက်ပြီးချိန်ကာလ ဖြစ်၍ ယင်းနှင့်ပတ်သက်၍ ၎င်းက မိမိကိုမေးသည်ဟု ယူဆကြောင်း၊ ထို့ကြောင့် မိမိက တပ်မတော်သည် အစဉ်အလာရှိသော တပ်မတော်ဖြစ်ကြောင်း၊



ယနေ့လူကြီးများသည် မိမိတို့ တပ်မတော်ထဲ ဝင်စဉ်ကတည်းက ခေါင်းဆောင်များဖြစ်ကြောင်း၊ ဦးစီးချုပ်တစ်ယောက် နုတ်ထွက်သွားပြီးဖြစ်၍ လူကြီးများက ဦးစီးချုပ်အသစ်တစ်ယောက် ခန့်ပြီးဖြစ်ကြောင်း၊ လူကြီးများအသိဆုံးဖြစ်ကြောင်း၊ သို့အတွက် ဘာသတင်းမှ ယုံမနေရန်နှင့် စစ်သားဆိုသည်မှာ နိုင်းသည်ကို လုပ်ရမည်ဟု ပြန်ပြောလိုက်၍ ၎င်းလည်း ပြန်ထွက်သွားကြောင်း။

စခန်းမှူး တာဝန်မှာ ကာကွယ်ရေးဝန်ကြီးဌာန လုံခြုံရေးတာဝန်ဖြစ်ကြောင်း၊ စခန်းရုံးကို ကက(ကြည်း)စစ်ဆင်ရေးဌာနခွဲက ကိုင်ကြောင်း၊ မိမိ တိုက်ရိုက်မကိုင်ကြောင်း။

## ဖိတ်ကြား

မိမိသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးကြီးလှဖေကို သိကြောင်း၊ ဇွန်(၂၈–၂၉–၃၀)ရက်တို့တွင် ပါတီဗဟိုကော်မတီအစည်းအဝေး လုပ်ရန် ပါတီဌာနချုပ်က မိမိတို့ထံ အကြောင်းကြားကြောင်း၊ တပ်မတော်မှ ပါတီဗဟိုကော်မတီဝင်များကိုလည်း ပါတီဌာနချုပ်က တိုက်ရိုက်ဖိတ်ကြားကြောင်း၊ မိမိတို့ဌာနကလည်း ထပ်ဆင့်အကြောင်းကြားကြောင်း၊ ပါတီဗဟိုကော်မတီအစည်းအဝေးမတိုင်မီ တစ်ပတ်ခန့်တွင် (ရက်မမှတ်မိ) ဗိုလ်မှူးကြီး လှဖေက မိမိကို ရေဒီယိုတယ်လီဖုန်းနှင့်ဆက်၍ မြောက်ပိုင်းတိုင်းတွင် ဖြစ်ပေါ်နေသည့် အခြေအနေကြောင့် ပါတီဗဟိုကော်မတီအစည်းအဝေးမတက်လျှင် မဖြစ်ဘူးလားဟု မေးကြောင်း၊ ပါတီဗဟိုကော်မတီအစည်းအဝေးနှင့် ပတ်သက်၍ မိမိတွင် ခွင့်ပြုရန် အခွင့်မရှိကြောင်း၊ မိမိသည် စစ်ဆင်ရေး တာဝန်ခံတစ်ယောက်ဖြစ်၍ တိုင်းများ၏အခြေအနေကို သိသူဖြစ်သဖြင့် မြောက်ပိုင်းတိုင်း အခြေနေမှာလည်း မဆိုးသောကြောင့် လာသာလာခဲ့ပါဟု ပြန်ကြားလိုက်ကြောင်း။

## ပြန်ကြား

ဇွန် ၂၃ ရက်ညနေပိုင်းတွင် စစ်ဆင်ရေးရုံးခန်း၌ အလုပ်လုပ်နေစဉ် ဗိုလ်မှူးခင်ညွန့် မိမိထံလာပြီး မြောက်ပိုင်းတိုင်းမှူးက ရေဒီယိုတယ်လီဖုန်း

www.burmeseclassic.com

www.burmeseclassic.com



ဆက်ကြောင်း၊ မြစ်ကြီးနား–ရန်ကုန် လေယာဉ်ခရီးစဉ်မှာ ၄ုန် ၂၄ ရက်နှင့် ၂၇ ရက်တွင် နှစ်ရက်သာရှိကြောင်း၊ ၂၄ ရက်လာပါက စောလွန်းပြီး ၂၇ ရက်နေ့တွင် ရာသီဥတုကြောင့် လေယာဉ်ခရီးစဉ်ပျက်ပါက ဗဟိုကော်မတီအစည်းအဝေး တက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် ပြောလာကြောင်းနှင့် အတည်ပြုရယူရန် တင်ပြကြောင်း၊ မိမိက သေချာသည့် ၂၄ ရက်နေ့လာရန် ပြန်ကြားလိုက်ကြောင်း၊ ဗိုလ်မှူးခင်ညွန့်မှာ မြောက်ပိုင်းတိုင်းကို တာဝန်ယူရသော ကက(ကြည်း)စစ်ဦးစီးမှူး(ဒုတိယတန်း)ဖြစ်ကြောင်း စသည်ဖြင့်ထွက်ဆိုသွားသည်။

ထို့နောက် တရားခံဗိုလ်မှူးကြီးလှဖေ၏ အကျိုးဆောင် ဦးဘိုးသာနှင့် တရားခံ ဗိုလ်မှူးစိန်မြင့်၏ အကျိုးဆောင် ဦးရဲထွန်းတို့၏ မေးမြန်းချက်များကို ဗိုလ်မှူးကြီးမောင်မောင်က ပြန်လည်ထွက်ဆိုသွားသည်။

**စစ်ဆေးခဲ့**

ဆက်လက်၍ တရားလိုပြသက်သေ ရဲအုပ်ကြီး ဦးညွန့်လွင်ကို စစ်ဆေးရာ ၎င်းက မိမိသည် ဩဂုတ် ၂၄ ရက်တွင် ကက(လှမ်း)မှ ဒုတိယဗိုလ်မှူးကြီး ကျော်ထွန်းထံမှ ပွိုင့် ၂၂ ပစ္စတိုဝေါ်လ်တာ သေနတ်အမှတ်–၂၁၈၆၈ အယ်လ်အာရ်တစ်လက်၊ ၎င်းကျည်ကပ်(ကျည်ဆန်ငါးတောင့်ထည့်လျက်နှင့်) အနန်းကျော်မြင့်အမည်ပါသော ဒိုင်ယာရီစာအုပ်တစ်အုပ် အပါအဝင် ပစ္စည်း စုစုပေါင်း ၁၆ မျိုးကို ရှာဖွေပုံစံဖြင့် သိမ်းခဲ့ပုံများကို ထွက်ဆိုသွားသည်။ ဆက်လက်၍ တရားလိုပြသက်သေ ရဲအုပ်ကြီး ဦးကျော်စိန်က ဩဂုတ် ၂၄ ရက်တွင် သတ္တုတွင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသန်းတင်က သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးထံ အစီရင်ခံသောစာများကို တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ထွန်းထံမှ သိမ်းဆည်းခဲ့ပုံများကိုလည်းကောင်း၊ ၃၀ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်၏ လက်ရှိကိုယ်ရံတော်အရာရှိ ဗိုလ်ကြီး မောင်ဒွေးကို စစ်ဆေးခဲ့ပုံနှင့် ၎င်းထံမှ အရာရှိဆောင်း ဦးထုပ်တစ်လုံးနှင့် ကာဘိုင်ကျည် ၁၂၀ ပါ ယမ်းခါးပတ်တစ်ခု၊ ကာဘိုင်ကျည်အဖြူရောင် (ကျည်ဆန်)နှင့် အခြားသက်သေခံပစ္စည်းများ သိမ်းဆည်းခဲ့ပုံများကိုလည်း



ကောင်း၊ ထိုနေ့မှာပင် ကာကွယ်ရေးဦးစီးချုပ်၏ယာဉ်မောင်း တပ်ကြပ်သန်းမြင့်ကို စစ်ဆေးခဲ့ပုံကိုလည်းကောင်း၊ ၃၀ ရက်က ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်မှူးဖုန်းကျော်ထံမှ အူဇီသေနတ်၊ ခေါက်ကာဘိုင်သေနတ်၊ ပွိုင့် ၄၅ ပစ္စတိုဘာရက်တာတစ်လက်၊ အေးဂျင့်သေနတ်တစ်လက်နှင့် ကျည်ဆန်များ၊ ၃၁ ရက်တွင် အမှတ်(၁)မော်တော်ယာဉ်တပ်မှ မာဇဒါ ဘီ–၆၀၀၊ အမှတ်–၃၁၃၈(င)ကို သိမ်းဆည်းခဲ့ပုံကိုလည်းကောင်း၊ စက်တင်ဘာ ၁ ရက်တွင် စခန်းမှူးဟောင်း ဗိုလ်မှူးစိန်မြင့်၏ နုတ်ထွက်စာနှစ်စောင်ကို စခန်းမှူး ဗိုလ်မှူးဖုန်းကျော်ထံမှ သိမ်းဆည်းခဲ့ပုံကိုလည်းကောင်း၊ ၈ ရက်တွင် ဗိုလ်မှူးကြီးအောင်ဌေး၊ ဗိုလ်မှူးတင်မောင်(လေ)၊ ကက(လှမ်း)မှ ဗိုလ်ကြီးတင်ဦးကို စစ်ဆေးခဲပုံကိုလည်းကောင်း၊ အောက်တိုဘာ ၂ ရက်က နောက်တိုးသက်သေများဖြစ်သည့် တပ်ကြပ်ကြီးမောင်မောင်နှင့် တပ်ကြပ်ကြီးသိန်းမြင့်တို့ကို စစ်ဆေးခဲ့ပုံများကိုလည်းကောင်း အသေးစိတ်ထွက်ဆိုသွားသည်။

ဗိုလ်ကြီးအုန်းကျော်မြင့် အကျိုးဆောင်၏ မေးမြန်းချက်များကို ရဲအုပ်ကြီး ကျော်စိန်က ထွက်ဆိုသွားသည်။

**စခန်းရုံး**

ထို့နောက် တရားလိုပြသက်သေ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးဌာန စစ်ဦးစီးမှူး(ပထမတန်း) ဒုတိယဗိုလ်မှူးကြီးသန်းရွှေကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် လက်ရှိတာဝန်ကို ထမ်းဆောင်ခဲ့သည်မှာ တစ်နှစ်ကျော်ပြီဖြစ်ကြောင်း၊ မိမိသည် ကာကွယ်ရေးဝန်ကြီးဌာန စခန်းရုံးကို ကြီးကြပ်ရကြောင်း၊ စခန်းမှူးမှာ ဗိုလ်မှူးစိန်မြင့် ဖြစ်ကြောင်း၊ စခန်းမှူးတာဝန်မှာ စခန်းရုံးတွင်ရှိသော လက်နက်ခဲယမ်းများကို သာမန်အားဖြင့် စီမံခန့်ခွဲရကြောင်း၊ သို့ရာတွင် အရေးကြီးပုဂ္ဂိုလ်များအတွက် ထုတ်ပေးသော လက်နက်နှင့်ပတ်သက်၍ ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်ဌာန၏ခွင့်ပြုချက်ရမှသာ ထုတ်ပေးရကြောင်း၊ အရေးကြီးပုဂ္ဂိုလ်များအတွက် ထုတ်ပေးသော သေနတ်များမှာ အူဇီသေနတ်နှင့် ပွိုင့် ၃၈ အေးဂျင့်သေနတ်များဖြစ်ကြောင်း၊ ယင်းသေနတ်များကို အထုတ်အသွင်း လုပ်ထုံးလုပ်နည်းများမှာ ကက(ကြည်း)

www.burmeseclassic.com



တာဝန်ဌာနမှ သက်ဆိုင်ရာသို့ စာဖြင့်အကြောင်းကြား ခွင့်ပြုမှ ထုတ်ယူခွင့်ရှိကြောင်း။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးကြီးလှဖေကို မိမိသိကြောင်း၊ ဇွန် ၂၃ ရက် ညနေပိုင်းတွင် စစ်ဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီး မောင်မောင်နှင့် မိမိတို့ စကားပြောနေကြစဉ် ဗိုလ်မှူးခင်ညွန့် မိမိတို့ရုံးခန်းသို့ ဝင်လာကြောင်း၊ ၎င်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးကြီး လှဖေ၏ ပါတီဗဟိုကော်မတီအစည်းအဝေး တက်ရောက်ရေးကိစ္စနှင့် ပတ်သက်သော မေးမြန်းချက်ကို တင်ပြလာကြောင်း၊ စစ်ဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီး မောင်မောင်က ပါတီဗဟိုကော်မတီအစည်းအဝေးနှင့် ပတ်သက်၍ မိမိတို့တွင် ခွင့်ပြုရန် ခွင့်မရှိကြောင်း၊ ထို့ကြောင့် သေချာသည့် ဇွန် ၂၄ ရက်မှာပင် လာခဲ့ရန် ပြန်ကြားရန် ညွှန်ကြားလိုက်ကြောင်း၊ ဗိုလ်မှူးကြီးလှဖေ ဇွန် ၂၄ ရက်တွင် ရန်ကုန်သို့ ရောက်လာကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင်၏ မေးမြန်းချက်များကို ဒုတိယဗိုလ်မှူးကြီးသန်းရွှေက ပြန်လည်ထွက်ဆိုသွားသည်။

## သိမ်းခဲ့

ဆက်လက်၍ တရားလိုပြသက်သေ ဗိုလ်ကြီးသောင်းတင်(အမှတ် ၇၊ ထောက်လှမ်းရေးတပ်)ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ဇူလိုင် ၃ ရက်တွင် သတင်းတပ်ဖွဲ့မှ ဒုရဲအုပ်ဦးစန်းလှိုင်နှင့်အတူ ဗိုလ်ကြီးအုန်းကျော်မြင့် အိမ်သို့ အရပ်ဘက်မှ သက်သေများနှင့် သွားရောက်ရှာဖွေရာတွင် ပွိုင့် ၄၅ ပစ္စတိုနံပါတ်–၈၅၁၃၁၃၉ တစ်လက်၊ ဘာရက်တာပစ္စတိုအမှတ်–ဒီ(၄၆၀၇၅) တစ်လက်၊ အူဇီသေနတ်အမှတ်–၄၁၀၈၄ တစ်လက်၊ ကာဘိုင်ကျည်ကပ်ငါးခု၊ ပွိုင့် ၄၅ ကျည်ကပ်တစ်ခု၊ ဘာရက်တာကျည်ကပ်တစ်ခု၊ ကိုးမမကျည် ၈၆ တောင့်၊ ပွိုင့် ၂၂ ကျည် ၄၃ တောင့်၊ ပွိုင့် ၃၈ စပါယ်ရှယ်ကျည် ၁၂ တောင့်၊ ကာဘိုင်ကျည် ၉၄ တောင့်၊ နှစ်လုံးပူးကျည် ၅၀၊ ပွိုင့် ၃၂ ရိုးရိုးကျည် ၁၄ တောင့်၊ စစ်သုံးမှန်ပြောင်းတစ်ခုနှင့် အပိုပစ္စည်းနှစ်ခု၊ ပိုင်အမျိုးအစား စကားပြောတယ်လီဖုန်းတစ်ခုနှင့် ပစ္စည်းများကို ရှာဖွေပုံစံဖြင့် သိမ်းကြောင်း။



ဇူလိုင် ၁၂ ရက်တွင် သတင်းအရ ထပ်မံ၍ ဗိုလ်ကြီးအုန်းကျော်မြင့် အိမ်ကို ရဲအုပ်ကြီးတစ်ဦးနှင့်အတူ သွားရောက်ရှာဖွေရာ ဧည့်ခန်းနောက်ဘက် ပေါ်တွင် ကာဘိုင်ကျည် ၃၂ တောင့်ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း။ ကက(လှမ်း)၏ ညွှန်ကြားချက်အရ ဗိုလ်ကြီးအုန်းကျော်မြင့်အိမ်မှ သိမ်းဆည်းခဲ့သော ပစ္စည်းများကို စခန်းရုံးသို့ အပ်နှံခဲ့ကြောင်း။

ဗိုလ်ကြီးအုန်းကျော်မြင့်အိမ်ကို ရှာဖွေရခြင်းမှာ ကက(လှမ်း)မှ ဒုတိယဗိုလ်မှူးကြီးကျော်ထွန်း၏ ညွှန်ကြားချက်အရ သွားရောက်ရှာဖွေရခြင်းဖြစ်ကြောင်း ထွက်ဆိုသွား။

တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင်၏ မေးမြန်းချက်များကို ဗိုလ်ကြီးသောင်းတင်က ပြန်လည်ထွက်ဆိုသွားသည်။

## နုတ်ထွက်စာ

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ စခန်းမှူး ဗိုလ်မှူးဖုန်းကျော်ကို စစ်ဆေးသည်။ ၎င်းကထွက်ဆိုရာတွင် မိမိသည် ၁၉၇၆ ခု ဩဂုတ် ၂၅ ရက်တွင် စခန်းမှူးတာဝန်ကိုထမ်းဆောင်ခဲ့ကြောင်း၊ စခန်းမှူးတာဝန်ကို လွှဲပြောင်းယူရာတွင် ဗိုလ်ကြီးအုန်းကျော်မြင့်၏ သေနတ်နှင့် ခဲယမ်းများကို ဗိုလ်ကြီးကျော်ဝင်းက မိမိအားတင်ပြခဲ့ကြောင်း၊ ဩဂုတ် ၃၀ ရက်တွင် ရဲအုပ်ကြီးဦးကျော်စိန်က မိမိကို လာစစ်ကြောင်း၊ စက်တင်ဘာ ၁ ရက်တွင် ရဲအုပ်ကြီးဦးကျော်စိန်ပင် ဗိုလ်မှူးစိန်မြင့်၏ နုတ်ထွက်စာနှစ်စောင်ကို ရှာဖွေပုံစံဖြင့် မိမိထံမှ လာရောက်သိမ်းဆည်းကြောင်းနှင့် ရှာဖွေပုံစံပေါ်ရှိ လက်မှတ်များမှာ မိမိ၏လက်မှတ်များဖြစ်ကြောင်း စသည်ဖြင့်ထွက်ဆိုသွားသည်။

တရားလိုပြသက်သေ ပင်မစစ်လက်နက်ပစ္စည်းတပ်(အင်းတိုင်)မှ ဗိုလ်မှူးဖေသန်းကို ဆက်လက်စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိ နဝရတ်ရိပ်သာနေခဲ့စဉ်က ယင်းရိပ်သာ အုပ်ချုပ်မှုကော်မတီတွင် တိုက်ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့ကြောင်း၊ ဇူလိုင် ၁၂ ရက်တွင် တပ်မတော်ထောက်လှမ်းရေးမှ ဗိုလ်ကြီးသောင်းတင်နှင့် အဖွဲ့ဝင်များ ဗိုလ်ကြီးအုန်းကျော်မြင့်အိမ်သို့လာစဉ်

www.burmeseclassic.com

www.burmeseclassic.com



မိမိသည် ဗိုလ်ကြီးစိုးတင့်၏ဇနီး ဒေါ်မြင့်မြင့်ကြည်နှင့်အတူ အသိသက်သေအဖြစ် ပါဝင်ခဲ့ကြောင်း၊ ယခု ရုံးတော်တွင် တင်ပြထားသော ကာဘိုင်ကျည် ၃၂ တောင့်မှာ မိမိတို့ရှာစဉ်က ဗိုလ်ကြီးအုန်းကျော်မြင့်၏ဇနီး ဒေါ်တင်တင်စိန် ထုတ်ပေးသော ကျည်ဆန်များဖြစ်ကြောင်း ထွက်ဆိုသွားသည်။

## ရှေ့တွင်

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) စစ်ဦးစီးမှူး(တတိယတန်း) ဗိုလ်ကြီးမြင့်သိန်း(လေ)ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် မိမိ နဝရတ်ရိပ်သာ၌နေစဉ် ဇူလိုင် ၁ ရက်တွင် တပ်မတော်ထောက်လှမ်းရေးမှ ဗိုလ်ကြီးသောင်းတင်နှင့် အဖွဲ့ဝင်များ ဗိုလ်ကြီးအုန်းကျော်မြင့်အိမ်သို့ ရှာဖွေစဉ် မိမိသည် ဒေါ်မြင့်မြင့်ကြည်နှင့်အတူ အသိသက်သေအဖြစ် ပါဝင်ခဲ့ကြောင်း၊ ယခု ရုံးတော်တွင် တင်ပြထားသော သက်သေခံအမှတ်(၂၈)ပါ ပစ္စည်းများကို မိမိတို့ရှေ့တွင် သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း၊ လက်မှတ်များမှာလည်း မိမိတို့ လက်မှတ်များဖြစ်ကြောင်း ထွက်ဆိုသွားသည်။

ထို့နောက် တရားလိုပြသက်သေ အမှတ်(၁)မော်တော်ယာဉ်တပ် မော်တော်ယာဉ်အရာရှိ ဗိုလ်ကြီးစိုးသိန်းကို ဆက်လက်စစ်ဆေးသည်။ ၎င်းကထွက်ဆိုရာတွင် မိမိ၏အဓိကတာဝန်မှာ ကာကွယ်ရေးဝန်ကြီးဌာနမှ ကားများကို အုပ်ချုပ်ရကြောင်း၊ ဘီ-၆၀၀ မာဇဒါကားအမှတ် ၃၁၃၈(င)မှာ ကာကွယ်ရေးဦးစီးချုပ်၏ကိုယ်ရေးအရာရှိအား ထုတ်ပေးသော ကားဖြစ်ကြောင်း၊ ပထမ ဗိုလ်ကြီးစံကြည်ကို ထုတ်ပေးခဲ့ပြီး ၎င်းမှ ဗိုလ်ကြီးအုန်းကျော်မြင့်ကို ဆက်လက် လွှဲပြောင်းပေးခဲ့ကြောင်း၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) ကိုယ်ရေး အရာရှိအတွက် ဘီ-၆၀၀ မာဇဒါကားအမှတ် ၃၁၃၂(င)ကို (၁၈-၉-၇၄)နေ့ တွင် ဗိုလ်ကြီးအုန်းကျော်မြင့်အား ထုတ်ပေးခဲ့ကြောင်း၊ ယင်းကားကို ဗိုလ်ကြီး အုန်းကျော်မြင့်သည် ၁၀-၅-၇၆ နေ့တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ကိုယ်ရေးအရာရှိ ဗိုလ်ကြီးသောင်းရွှေအား လွှဲပြောင်းပေးလိုက်ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။



## မြင်ဖူး

ထို့နောက် တရားလိုပြသက်သေ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်ကြပ်ကြီး သိန်းမြင့်ကို မေးသည်။ ၎င်းက ထွက်ဆိုရာတွင် ရုံးရှေ့တွင်ပြသော ခေါက် ကာဘိုင်သေနတ်ကို မိမိမြင်ဖူးကြောင်း၊ မတ် ၂၃ ရက်တွင် ယင်းခေါက်ကာဘိုင် ကို ဆရာတင်မြိုင်က မိမိကို ထုတ်ခိုင်းခြင်းဖြစ်ကြောင်း၊ သေနတ်ထုတ်လာပြီး ၎င်းအားပြရာ သေနတ်ကို ဗိုလ်ကြီးအုန်းကျော်မြင့်ရုံးခန်း ဗီရိုဘေးမှာ သွား ထောင်ထားရန်ပြော၍ သွားထားလိုက်ကြောင်း၊ ၎င်းသေနတ်ထုတ်သည့်ပြေစာ ကို ဗိုလ်ကြီးမောင်ဒွေး လက်မှတ်ရေးထိုးခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး တပ်ကြပ်ကြီးမောင်မောင်ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာတွင် ရုံးရှေ့ရှိ ကာဘိုင်သေနတ်ကို မိမိမြင် ဖူးကြောင်း၊ ယင်းသေနတ်ကို မတ် ၂၄ ရက်က ရန်ကုန်တိုင်းကွပ်ကဲရုံးသို့ သွားပို့ခိုင်းသည့်အတွက် ရှေ့တန်းကွပ်ကဲမှုရုံးတွင် ဦးစီးချုပ်ကားမောင်းသူ တပ်ကြပ်သန်းမြင့်အား သေနတ်ကိုပေးအပ်ခဲ့ကြောင်း၊ ယင်းသေနတ်ပေးပို့ပြီးဖြစ် ကြောင်းကိုလည်း ဗိုလ်ကြီးမောင်ဒွေးအား သတင်းပို့ခဲ့ကြောင်း ထွက်ဆိုသွားသည်။

## ရှာဖွေ

တရားလိုပြသက်သေ သတင်းတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်ဦးစန်းလှိုင်ကို ဆက်လက်စစ်ဆေးသည်။ ၎င်းက ဇူလိုင် ၃ ရက်တွင် တပ်မတော်ထောက် လှမ်းရေးမှ ဗိုလ်ကြီးသောင်းတင်နှင့်အတူ ဗိုလ်ကြီးအုန်းကျော်မြင့်အိမ်သို့ သွားရောက်ရှာဖွေခဲ့ကြောင်း၊ ယခု ရုံးရှေ့တွင်ပြသသော သက်သေခံအမှတ် (၂၈)တွင်ပါသော ပစ္စည်း ၂၇ မျိုးကို မိမိတို့ သိမ်းဆည်းခဲ့ကြောင်း၊ ထိုသို့ ရှာဖွေသိမ်းဆည်းစဉ် သက်သေအဖြစ် ဗိုလ်ကြီးမြင့်သိန်း(လေ)နှင့် ဒေါ်မြင့်မြင့် ကြည်တို့လည်း ပါဝင်ခဲ့ကြောင်း စသည်ဖြင့် ထွက်ဆိုသွားသည်။

တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက ယင်းအမှုနှင့်စပ်လျဉ်း၍ ဆွဲချက်တင်သင့် မသင့် နှစ်ဖက်သောအကျိုးဆောင်များက လျှောက်လဲရန် အောက်တိုဘာ ၁၃ ရက်(အင်္ဂါ)နေ့ နံနက် ၁၀ နာရီသို့ ရက်ချိန်းပေးလိုက်သည်။

✧ ✦ ✧

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်ကြီးဟောင်း အချုပ်လွတ်ထုချေခွင့် ဗဟိုတရားရုံးအယူခံစီရင်ရေးအဖွဲ့မှ ပလပ်

နိုင်ငံတော်ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄ အရ တရားစွဲဆိုခြင်းခံရသော ဗိုလ်ချုပ်ကြီးဟောင်းတင်ဦးအား အမှုစစ်ဆေးနေစဉ်အတွင်း အချုပ်လွတ်ထုချေခွင့်ပြုရန် လျှောက်ထားမှုကို ပြည်သူ့တရားသူကြီးအဖွဲ့ဝင် ဦးသန့်စင် ဥက္ကဋ္ဌအဖြစ် ပါဝင်၍ ပြည်သူ့တရားသူကြီးအဖွဲ့ ဦးစိုးလှိုင်နှင့် ဦးကြည်မြတို့ အဖွဲ့ဝင်များအဖြစ် ပါဝင်ကြသည့် ဗဟိုတရားရုံး တရားစီရင်ရေးအဖွဲ့က ကြားနာပြီးနောက် ယင်းအချုပ်လွတ်ထုချေခွင့်ပြုရန် လျှောက်လွှာကို ပလပ်လိုက်ကြောင်း ယနေ့ အမိန့်ချမှတ်လိုက်သည်။

### ပုန်ကန်မှုကြီး

အဆိုပါ ချမှတ်လိုက်သောအမိန့်တွင် လျှောက်ထားသူ ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးနှင့် အခြားတရားခံငါးယောက်တို့ကို ရန်ကုန်တိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁/၇၆ တွင် တရားစွဲဆိုကာ စစ်ဆေးလျက်ရှိကြောင်း၊ လျှောက်ထားသူအပေါ် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးနှင့် စပ်လျဉ်း၍ ထိမ်ချန်ခဲ့သည်ဟု စွပ်စွဲကာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄ အရ တရားစွဲဆိုခြင်းဖြစ်ကြောင်း၊ အမှုစစ်ဆေးဆဲတွင် လျှောက်ထားသူက အချုပ်လွတ်ထုချေခွင့်ပြုရန် လျှောက်ထားရာ မူလတရားရုံးက ပလပ်လိုက်သဖြင့် ယခုကဲ့သို့ ထပ်မံလျှောက်လွှာတင်ခြင်းဖြစ်ကြောင်း။



### သုံးသပ်ပါက

လျှောက်ထားသူအပေါ် စွဲဆိုထားသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄ မှာ အာမခံမပေးဘဲနေနိုင်သော ပြစ်မှုဖြစ်ကြောင်း၊ သို့သော်လည်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄ အရ အများဆုံးထိုက်သင့်သော ပြစ်ဒဏ်မှာ ထောင်ဒဏ် ခုနစ်နှစ်သာဖြစ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၇(၁)ပါ ပြဋ္ဌာန်းချက်အရ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် ထိုက်သင့်သော ပြစ်မှုကျူးလွန်ခြင်း မဟုတ်သည့်အတွက် တရားရုံးမှ အာမခံပေးသင့်သည်ဟု သုံးသပ်ပါက အာမခံပေးနိုင်ကြောင်း။

### ချိန်ဆရ

အာမခံပေးရန် သင့်မသင့်ကို ဆင်ခြင်သုံးသပ်ရာ၌ တရားခံသည် အာမခံပေးလိုက်လျှင် ထွက်ပြေးတိမ်းရှောင်ရန် အကြောင်းရှိ၊မရှိ၊ သက်သေများအပေါ် မလျော်သြဇာ သုံး၊မသုံး၊ သက်သေခံချက်များနှင့် သက်သေခံပစ္စည်းစသည်များကို ဖောက်ဖျက်ခြင်းပြုလုပ်ရန် အခြေအနေရှိမရှိ စသည်များကို ချိန်ဆရမည်ဖြစ်ကြောင်း။

### အရှိန်အဝါ

လျှောက်ထားသူသည် ဗိုလ်ချုပ်ကြီးရာထူးမှ အငြိမ်းအပိုင် နုတ်ထွက်ခဲ့ခြင်းမှာ ၆-၃-၇၆ ရက်နေ့ကမှ ဖြစ်သဖြင့် အချိန်မကြာမြင့်မီက နုတ်ထွက်ခဲ့ကြောင်း ထင်ရှားကြောင်း၊ တပ်မတော်တွင် နှစ်ပေါင်း ၃၀ ကျော်မျှ အမှုထမ်းခဲ့ပြီး နောက်ဆုံးတွင် ဗိုလ်ချုပ်ကြီးရာထူးအထိ ရောက်ရှိခဲ့သူလည်းဖြစ်၍ ထိုမျှ နှစ်ပေါင်းများစွာ တပ်မတော်တွင်း၌ တပ်မတော်အရာရှိအဖြစ် အမှုထမ်းဆောင်ခဲ့သည့်အပြင် အမြင့်ဆုံးရာထူးဖြစ်သည့် ဗိုလ်ချုပ်ကြီးရာထူးအထိရောက်ရှိခဲ့သူအဖို့ ယခုကဲ့သို့ မကြာသေးမီက တပ်မတော်မှ ထွက်လာခြင်းဖြင့် ၎င်း၏အရှိန်အဝါသည် လုံးဝလျော့နည်းကျဆင်းသွားနိုင်ခြင်း မရှိသေးဟု ကျွန်ုပ်တို့ သုံးသပ်မိကြကြောင်း၊ ထို့ကြောင့် လျှောက်ထားသူသည် အမှုမှလွတ်မြောက်ရေးအတွက် သက်သေများအပေါ် မလျော်သြဇာ သုံးစွဲခြင်မပြုနိုင်ဟု

www.burmeseclassic.com



ယူဆရန် မဖြစ်နိုင်သည့်အပြင် ထွက်ပြေးတိမ်းရှောင်ခြင်း မပြုနိုင်ဟူ၍လည်း တစ်ထစ်ချ ယူဆရန် မဖြစ်နိုင်ကြောင်း။

**အငြိမ်းစား**

လျှောက်ထားသူ မကျန်းမာသဖြင့် အပြင်တွင် ဆေးဝါးကုသနိုင်ရန် အတွက် အာမခံပေးသင့်ကြောင်းကိုလည်း တင်ပြလျှောက်ထားခဲ့ကြောင်း၊ လျှောက်ထားသူ၌ ရောဂါတွေ့ရှိသဖြင့် မစွမ်းမသန် အငြိမ်းစားလစာ ခံစားခွင့် ရှိကြောင်း၊ လျှောက်ထားသူက သက်ဆိုင်ရာသို့ တင်သွင်းသောစာကိုလည်း ပူးတွဲတင်ပြထားသည်ကို တွေ့ရကြောင်း၊ ထိုစာတွင် ဖော်ပြထားသည့်ရောဂါ များမှာ မစွမ်းမသန် အငြိမ်းစားလစာခံစားရန် ထိုက်သင့်သည့်ရောဂါအမျိုး အစားဖြစ်မည် မှန်သော်လည်း အချုပ်၌ လုံးဝမထားသင့်ဘဲ အချုပ်လွတ်ဖြင့် အပြင်တွင် ကုသပါမှဖြစ်မည့် ရောဂါအမျိုးအစားဖြစ်မည်ဟူ၍ကား ပေါ်လွင် ခြင်းမရှိခဲ့ကြောင်း၊ ထိုသို့သော ရောဂါဖြစ်သည်ဟူ၍ အတိအကျ ထောက်ခံ ချက်တစ်စုံတစ်ရာ မရှိကြောင်း။

**မကျန်းမာ**

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၇(၁)ပါ ခြွင်းချက်၌ ပြဋ္ဌာန်းထား သည့် မကျန်းမာသူ သို့မဟုတ် ကိုယ်အင်္ဂါချို့တဲ့သူဟုဆိုရာ၌ အချုပ်တွင်း ဝယ် ဆက်လက်ထားရှိကာ အချုပ်စခန်းဆေးရုံ၌ တင်ပို့ကုသ၍ မရနိုင်လောက် အောင် မကျန်းမာဖြစ်သူနှင့် ကိုယ်အင်္ဂါချို့တဲ့သူကိုသာ ဆိုလိုကြောင်း၊ လျှောက်ထားသူ၏ ကျန်းမာရေးအခြေအနေမျိုးကို ဆိုလိုခြင်းမဟုတ်ကြောင်း။

**မပေါ်ပေါက်**

ဤအမှုနှင့်ပတ်သက်၍ အာမခံပေးသင့် မပေးသင့် ဆင်ခြင်ရာ၌ ကျူး လွန်ပါသည်ဟုဆိုသော ပြစ်မှုအမျိုးအစားအပြင် ကာလဒေသ အခြေအနေကို ပါ ထည့်သွင်းစဉ်းစားသင့်သည်ဟု ယူဆမိကြကြောင်း၊ ယခုကိစ္စတွင် လျှောက် ထားသကဲ့သို့သော တပ်မတော်မှ လတ်တလောနုတ်ထွက်ခဲ့သည့် တပ်မတော်



ထိပ်ဆုံးအရာရှိတစ်ဦးက ယခုကဲ့သို့ ပြစ်မှုမျိုး ကျူးလွန်သည်ဟူ၍ တရားစွဲ ဆိုသည့် အမှုအခင်းမျိုး ရှေးယခင်က ပေါ်ပေါက်ခြင်း အလျဉ်းမရှိခဲ့ဖူးကြောင်း။

**ပလပ်လိုက်**

လျှောက်ထားသူအပေါ် စွပ်စွဲထားသော ပြစ်မှုမှာ အခြားသာမန်ပြစ်မှု မျိုးနှင့် မတူသည်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ ထိုသို့ တမူထူး ခြားသည့် ပြစ်မှုအတွက် အာမခံကို ပေါ့ပေါ့တန်တန် စဉ်းစား၍ လွယ်လွယ် ကူကူပေးရန် မသင့်ဟု ကျွန်ုပ်တို့ယူဆကြကြောင်း၊ သို့ဖြစ်၍ ဤလျှောက်လွှာ ကို ပလပ်လိုက်ကြောင်းဖြင့် ဖော်ပြထားသည်။

✧ ✦ ✧

www.burmeseclassic.com

www.burmeseclassic.com

## စွဲချက်တင်သင့် မတင်သင့် နှစ်ဖက်လျှောက်လဲ

နိုင်ငံတော်ခေါင်းဆောင်ကြီးများ လုပ်ကြံရန် ကြံစည်မှုကို ယနေ့ဆက်လက်စစ်ဆေးရာ တရားခံများအပေါ် စွဲချက်တင်သင့် မတင်သင့်ကိစ္စနှင့်ပတ်သက်၍ တရားလို တရားခံ နှစ်ဖက်အကျိုးဆောင်များက လျှောက်လဲကြသည်။

ပထမဦးစွာ တရားလိုအကျိုးဆောင် ဦးတင်အုန်းနှင့် ဦးညီညီတို့က တရားခံများအပေါ် စွဲချက်တင်သင့်ကြောင်း လျှောက်လဲတင်ပြကြသည်။ (တရားလိုအကျိုးဆောင်များ၏ လျှောက်လဲတင်ပြချက်ကို သီးခြားဖော်ပြထားသည်။)

ဆက်လက်၍ တရားခံများအပေါ် စွဲချက်တင်သင့် မတင်သင့်ကို တရားခံအကျိုးဆောင်များက လျှောက်လဲတင်ပြကြရာ ရှေးဦးစွာ ဗိုလ်ကြီးအုန်းကျော်မြင့်၏ အကျိုးဆောင် ဦးကိုယုက ဗိုလ်ကြီးအုန်းကျော်မြင့်သည် တရားခွင်မတင်စဉ်ကပင် အများပြည်သူတို့၏ရှေ့၌ ကြိုတင်၍ စွဲချက်အတင်ခံထားခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် လုံခြုံရေးအခြေခံတရားကြောင့် တရားခံများနှင့် တွေ့ဆုံနှီးနှောရာတွင် လွတ်လပ်ခွင့် အပြည့်အဝ မရရှိခဲ့ကြောင်း။

### ထွက်ချက်

အစိုးရသက်သေများ၏ ထွက်ချက်များသည် တစ်ယောက်နှင့်တစ်ယောက် အထောက်အခံ မပြုသည့်အပြင် အမှုကို အမှန်အတိုင်း အပြည့်အစုံ အစစ်မခံဘဲ ကိုယ့်အပြစ်ကို ဖုံးကွယ်ပြီး တစ်ပါးသူအပေါ်ကိုသာ ပခုံးလွှဲပုံချထား၍ ဖြောင့်ချက်အင်္ဂါနှင့် မညီညွတ်ကြောင်း၊ တရားလိုပြသက်သေအများစုသည် တစ်စုံတစ်ရာသော ထိန်းသိမ်းမှုကို ခံနေရသူများဖြစ်သည့်အတွက် လွတ်လပ်သော သက်သေမဟုတ်ကြောင်း၊ ထို့ပြင် တရားလိုပြသက်သေအများစုသည်



တရားလိုပြသက်သေအဖြစ် အမည်တပ်ထားသော်လည်း အမှန်သဘာဝတရားအရ ကြံရာပါ အမျိုးအစားများသာဖြစ်ပြီး ၎င်းတို့သည် လွတ်လပ်သော သက်သေခံချက်မရှိဘဲ ၎င်းတို့အချင်းချင်း တစ်ဦးအပေါ်တစ်ဦး ထောက်ခံထွက်ဆိုရုံမျှနှင့် တရားခံအပေါ် စွဲချက်မတင်နိုင်ကြောင်း၊ တစ်ဆင့်ကြား သက်သေခံချက်များသည် သက်သေခံမဝင်၍ ထည့်သွင်းစဉ်းစားရန် မလိုကြောင်း။

ထို့ပြင် ဗိုလ်ကြီးအုန်းကျော်မြင့်၏ လက်နက်ထုတ်ယူမှုသည် ဤအမှုနှင့် လုံးဝဆက်သွယ်ခြင်းမရှိဘဲ တရားဝင်ရည်ရွယ်ချက်နှင့် တရားဝင်ထုတ်ယူထားခြင်းဖြစ်ကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်သည် ကြောက်ရွံ့၍ ထွက်ပြေးတိမ်းရှောင်ရန် ကြိုးစားရုံမျှနှင့် အပြစ်ကျူးလွန်ထားကြောင်း ထင်ရှားသည့် အထောက်အထား မဖြစ်စေကြောင်း၊ ၎င်းကြောက်ရွံ့စိတ်နှင့် ထွက်ပြေးခဲ့သော်လည်း လူကြီး၏အမိန့်ကို နာခံပြီး မိမိကိုယ်ကို အလိုအလျောက် ကိုယ်ပိုင်ဆန္ဒနှင့်အညီ အပ်နှံခဲ့သူဖြစ်ကြောင်း။

### စိတ်ကူး

အကယ်၍ သက်သေထွက်ဆိုချက်များကို အမှန်အတည်ယူဆသော်မှ ဗိုလ်ကြီးအုန်းကျော်မြင့်၏ ပြောစကားများသည် နိုင်ငံတော်သစ္စာဖောက်ပုန်ကန်မှုနှင့်မငြိစွန်းကြောင်း၊ ခေါင်းဆောင်ကြီးနှစ်ဦးကို လုပ်ကြံဖယ်ရှားရန် စိတ်ကူးပေါ်ပေါက်ရုံမျှနှင့် နိုင်ငံတော်အာဏာသိမ်းရန် ကြံစည်ခြင်းမမြောက်ကြောင်း။

နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့လွှတ်တော် စသည့် နိုင်ငံတော်အာဏာများ၏ မဏ္ဍိုင်များကို ဗိုလ်ကြီးအုန်းကျော်မြင့်က စစ်မက်ဖက်ပြိုင်ရန်၊ ဖြိုဖျက်ရန် ကြံစည်စိတ်ကူးခဲ့သည်ဟု သက်သေထွက်ချက်မရှိကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပျက်စီးရာပျက်စီးကြောင်းနှင့် ဆန့်ကျင်သော စကားများကို ပြောဆိုခဲ့သည်ဟု မည်သည့်သက်သေမျှမထွက်ဆိုခဲ့ကြောင်း၊ လူပုဂ္ဂိုလ်အချို့ကိုမှ မကျေနပ်ကြောင်းဖွင့်ဟခြင်းသည် လမ်းစဉ်ပါတီတစ်ရပ်လုံးနှင့် မသက်ဆိုင်ကြောင်း၊ ထို့ကြောင့် စိတ်၌ကြံစည်ခြင်းသည် ပြစ်မှုမမြောက်သည့်အတွက် ဗိုလ်ကြီးအုန်းကျော်မြင့်အား တရားရှင်လွှတ်ပေးရန် လျှောက်ထားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## မကျေနပ်ချက်

ထို့နောက် ဗိုလ်ကြီးဝင်းသိန်း၏အကျိုးဆောင် ဦးမောင်မောင်(၆)က စွဲချက်တင်သင့် မတင်သင့်နှင့်ပတ်သက်၍ ဗိုလ်ကြီးဝင်းသိန်းအတွက် လျှောက်လဲချက်ပေးရာတွင် ဗိုလ်ကြီးဝင်းသိန်းနှင့် တရားလိုပြသက်သေများဖြစ်သည့် ဗိုလ်ကြီးထွန်းကျော်နှင့် ဗိုလ်ကြီးစံကြည်တို့သည် ရုံဖန်ရံခါတွေ့သည့်အခါ ၎င်းတို့မကျေနပ်ချက်များကို ထုတ်ဖော်၍ နှုတ်အားဖြင့်သာ မည်သူကိုဖြုတ်ချမည်၊ မည်သူ့ကို ဖယ်ရှားမည်ဟု ပြောဆိုခဲ့ကြကြောင်း၊ ကာယကံမြောက်ဆောင်ရွက်ခဲ့ခြင်းမရှိကြကြောင်း၊ တရားခံများသည် မိမိတို့လုပ်လိုသည့် ကြံရွယ်ချက်များကို အောင်မြင်ရန် လက်နက်စုဆောင်းခြင်း၊ မြေပေါ်မြေအောက် လျှို့ဝှက်အဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်ခွဲဝေခြင်း၊ မိမိတို့ လိုအင်ဆန္ဒကို အသေးစိတ် စီမံခန့်ခွဲခြင်းများ လုံးဝမရှိခဲ့ကြောင်း၊ တရားခံများနှင့် ကြံရာပါများသည် မည်သည့်အချိန်အခါကမျှ တစုတစ်ဝေးတည်း လျှို့ဝှက်စည်းဝေးပြုလုပ်ခြင်း လုံးဝမရှိကြောင်း၊ ကြံရာပါ သက်သေများ၏ ထွက်ဆိုချက်များအရ တရားခံများအပါအဝင် တစ်ယောက်တစ်ပေါက် ပြောဆိုကြသည်မှလွဲ၍ မိမိတို့၏ကြံစည်ချက်၊ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန် မည်သို့မျှ ဆောင်ရွက်ခဲ့ခြင်း မပေါ်လွင်ခဲ့ကြောင်း၊ ရှိလည်း မရှိခဲ့ကြောင်း၊ ကြိုးလည်း မကြိုးစားခဲ့ကြောင်း။

၎င်းတို့အနေဖြင့် ၎င်းတို့၏ မကျေနပ်ချက်များကိုလည်း လျှို့ဝှက်ကြံစည်ပြောဆိုခြင်းမရှိဘဲ ရိပ်သာထမင်းစားခန်း၊ ရုံးခန်းများတွင် လူကြားရှင်ကြားပြောဆိုခဲ့ကြကြောင်း။

## မရှိခဲ့

တရားခံများအပါအဝင် ကြံရာပါတို့၏ငြိုငြင်မှုခံရသော ပုဂ္ဂိုလ်များမှာ ပါတီအထွေထွေအတွင်းရေးမှူးနှင့် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်မှူးကြီးတင်ဦးသာဖြစ်၍ ကြံရာပါဆိုသူများသည် ၎င်းပုဂ္ဂိုလ်ကြီးများ၏ အနီးအနားရောက်ခဲ့သော်လည်း မည်သို့မျှ အန္တရာယ်ပြုရန် စီစဉ်ကြံရွယ်အားထုတ်ခြင်း မရှိခဲ့ကြောင်း။



ဗိုလ်ကြီးဝင်းသိန်းနှင့် ပတ်သက်၍ သက်သေခံချက်များအရ ပေါ်လွင်သည်မှာ ၎င်းသည် သက်သေ ဗိုလ်ကြီးစံကြည်၊ ဗိုလ်ကြီးထွန်းကျော်နှင့် အခြားလူများက ပြောဆိုချက်များကို နားထောင်ခြင်းနှင့် ရံဖန်ရံခါ မိမိပြောဆိုချက်များကို ဖြည့်စွက်ပြောဆိုခြင်းမှလွဲ၍ ပြစ်မှုမြောက်စေသည့် လုပ်ရပ်များကိုလုပ်ခြင်း လုံးဝမရှိခဲ့ကြောင်း။

၎င်းအနေဖြင့် ဗိုလ်မှူးကြီးသန်းတင်ထံ သွားရောက်၍ ဂါရဝပြုခြင်းနှင့် ထိုစဉ်က စစ်ရုံးတွင် သူတစ်မျိုး ငါတစ်ဖုံ ပြောဆိုနေသည့် ကောလာဟလသတင်းများကို တစ်ဆင့်ဖောက်သည်ချခြင်းမှလွဲ၍ အခြားပြုလုပ်မှု လုံးဝမရှိခဲ့ကြောင်း။

ဗိုလ်ကြီးဝင်းသိန်း၏ ဖြောင့်ဆိုချက်အရလည်း ၎င်းသည် ခေါင်းဆောင်ကြီးများကို သတ်ဖြတ်၍ ပြည်ထောင်စုကြီးကို ဖြိုဖျက်ရန် အားထုတ်ကြောင်း ဝန်မခံခဲ့ကြောင်း၊ ပြုလုပ်ခဲ့သည်ဟူ၍လည်း သက်သေခံချက် မရှိကြောင်း၊ လုပ်ဆောင်မှုလည်း မရှိကြောင်း။

## လျှောက်ထား

ရာဇဝတ်မှုကျူးလွန်ရာတွင် ပြစ်မှုမြောက်ရန်မှာ ဆန္ဒရှိရုံနှင့် ထုတ်ဖော်ပြောဆိုရုံဖြင့် ပြစ်မှုမမြောက်ကြောင်း၊ ထို့ကြောင့် ဗိုလ်ကြီးဝင်းသိန်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂(၁)၏ ပြစ်မှုမြောက်ရန် လိုအပ်သော အင်္ဂါရပ်များအရ ပြစ်မှုကျူးလွန်ကြောင်း သက်သေခံချက်မရှိသဖြင့် တရားခံ(၂) ဗိုလ်ကြီးဝင်းသိန်းအား တရားရှင်လွှတ်ရန် လျှောက်ထားသွားသည်။

## သက်သေခံချက် ရှိမရှိ

တရားခံ ဗိုလ်မှူးကြီးလှဖေ၏ အကျိုးဆောင် ဦးဘိုးသာက ဗိုလ်မှူးကြီးလှဖေအတွက် စွဲချက်တင်သင့် မတင်သင့် လျှောက်လဲချက်ပေးရာတွင် အမှုကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၁၂၂(၁)၊ ၁၂၃ နှင့် ၁၂၄ တို့အရ တရားစွဲဆိုခြင်းဖြစ်ရာ ရှေးဦးစွာ အဆိုပါဥပဒေပုဒ်မ ၁၂၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကုန်မှုကို ကျူးလွန်သည်ဆိုသော သက်သေခံချက် ရှိမရှိကို စဉ်းစားရန်လိုအပ်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



ပုဒ်မများ၏ အဓိပ္ပာယ်အရ စစ်မက်ပြိုင်ဆိုင်ရန်နှင့် သက်ဆိုင်ခြင်းဖြစ်၍ ဤအမှုနှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိကြောင်း၊ စစ်မက်ပြိုင်ဆိုင်ရန် ပြုလုပ်သည်ဟု စွပ်စွဲထားခြင်း မဟုတ်ကြောင်း၊ ပြင်ဆင်မှုရှိသည်ဟူ၍ပင် မဆိုနိုင်ကြောင်း၊ စိတ်ကူးလွန်မှုနှင့် အလွန်ဆုံးကြံရွယ်ချက်မျှလောက်သာလျှင် ပေါ်ပေါက်ကြောင်း၊ သို့ဖြစ်၍ ယခုလက်ရှိ သက်သေခံချက်များအရ ပုဒ်မ-၁၂၁ တွင် ပြဋ္ဌာန်းထားသော နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုနှင့် အကျုံးဝင်ခြင်းမရှိကြောင်း၊ ထိုသို့ အကျုံးမဝင်သဖြင့် တရားခံအမှတ်(၁)နှင့် အမှတ်(၂)တို့မှာ ဒုဒ်မ-၁၂၂(၁)ကို ကျူးလွန်သည်ဟု မဆိုနိုင်ကြောင်း။

သို့ဖြစ်၍ အခြားတရားခံများအပေါ်တွင်လည်း ပုဒ်မ-၁၂၃ ဖြင့်ဖြစ်စေ၊ ပုဒ်မ-၁၂၄ ဖြင့်ဖြစ်စေ စွဲချက်တင်ရန် အကြောင်းမရှိကြောင်း။

## အရေးကြီး

တရားခံဗိုလ်မှူးကြီးလှဖေနှင့် ပတ်သက်၍ အစိုးရသက်သေ ဗိုလ်ကြီးထွန်းကျော်၏ အစစ်ခံချက်နှင့် ဗိုလ်ကြီးအုန်းကျော်မြင့်၏ ဖြောင့်ချက်သာလျှင်ရှိရာ ၎င်းတို့မှာ တစ်ခုနှင့်တစ်ခု ထောက်ခံထားခြင်း မရှိသည့်အပြင် ကွဲလွဲချက်များသာရှိကြောင်း၊ တစ်ဦးနှင့်တစ်ဦး အရေးကြီးသောအချက်များ ကွဲလွဲနေကြောင်း။

အစိုးရသက်သေ ဗိုလ်ကြီးထွန်းကျော်နှင့် တရားခံဗိုလ်ကြီးအုန်းကျော်မြင့်၏ဖြောင့်ချက်တို့မှအပ အမှတ်(၃)တရားခံ ဗိုလ်မှူးကြီးလှဖေသည် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်ခြင်းကို အားပေးကြောင်း သို့မဟုတ် လက်ခံကြောင်း သို့မဟုတ် နှစ်သိမ့်ကြောင်း ပေါ်လွင်ခြင်းမရှိသဖြင့် ၎င်းသည် ပုဒ်မ-၁၂၃ ကို ကျူးလွန်သည်ဟု ယူဆနိုင်ရန် သက်သေခံချက်မရှိ၍ တရားအား စွဲချက်တင်ခြင်းမပြုဘဲ အမှုမှလွှတ်ရန် လျှောက်ထားသွားသည်။

တရားခံဗိုလ်မှူးစိန်မြင့်၏ အကျိုးဆောင် ဦးရဲထွန်းက စွဲချက်တင်သင့်မတင်သင့်နှင့် ပတ်သက်၍ ဗိုလ်မှူးစိန်မြင့်အတွက် လျှောက်ထားရာတွင် အမှုတွင်ပေါ်ပေါက်သော သက်သေထွက်ချက်များအရ အဓိကတရားခံဖြစ်သူ ဗိုလ်ကြီးအုန်းကျော်မြင့်သည်ပင်လျှင် တရားလိုဘက်မှ စွဲဆိုထားသည့် ပြစ်မှု



ဆိုင်ရာဥပဒေပုဒ်မ-၁၂၂(၁)နှင့် နိုင်ငံတော်ဦးဆောင်သော လမ်းစဉ်ပါတီအား ကာကွယ်သည့်ဥပဒေပုဒ်မ- ၃၊ ၄ တို့ကို ကျူးလွန်ခြင်းမရှိကြောင်း။

အမှုတွင် ပေါ်ပေါက်သော အငြင်းမပွားသည့် သက်သေထွက်ချက်များအရ ပူးတွဲတရားခံ ဗိုလ်မှူးစိန်မြင့်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၁၂၃ နှင့် နိုင်ငံတော်ဦးဆောင်သော လမ်းစဉ်ပါတီအား ကာကွယ်သည့်ဥပဒေပုဒ်မ ၃၊၄ တို့ကို ကျူးလွန်ခြင်း လုံးဝမရှိခဲ့ကြောင်းမှာ ပေါ်လွင်ထင်ရှားကြောင်း။

သို့အတွက် တရားခံဗိုလ်မှူးစိန်မြင့်အား ယခုအမှုမှ တရားရှင်လွှတ်ပေးရန် လျှောက်ထားကြောင်းဖြင့် လျှောက်လဲသွားသည်။

တရားခံဗိုလ်ကြီးဘချစ်၏ အကျိုးဆောင် ဦးတင်မောင်က စွဲချက်မတင်သင့်ကြောင်း လျှောက်ထားရာတွင် ဤအမှုသည် လက်ရှိနိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် စစ်ရေးအခြေအနေတို့ကို မကျေနပ်ကြကြောင်း ပြောဆိုကြရာမှ ပေါ်ပေါက်လာသော အမှုဖြစ်ကြောင်း၊ ဤအမှုတွင် စွဲဆိုသကဲ့သို့ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကို ကျူးလွန်ပါသည်ဟူသော အချက်ကို မည်သည့်တရားလိုပြသက်သေကမျှ တိကျစွာ ထွက်ဆိုနိုင်ခြင်း မရှိကြောင်း၊ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်ခြင်းဆိုသည်မှာ နိုင်ငံတော်အား စစ်မက်ပြိုင်ဆိုင်ခြင်းကိုသာလျှင် ဆိုလိုကြောင်း၊ တရားခံဗိုလ်ကြီးဘချစ်အား နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်ရာတွင် အားပေးကူညီသည်ဟုသာ စွဲဆိုခဲ့သော်လည်း မည်သည့် တရားလိုပြသက်သေ တစ်ဦးတစ်ယောက်ကမျှ တရားခံဗိုလ်ကြီးဘချစ်သည် အချင်းဖြစ်သည့်ကိစ္စနှင့် ပတ်သက်သည်ဟု ထွက်ဆိုခြင်းမရှိကြောင်း၊ တရားခံဗိုလ်ကြီးဘချစ်ပေးသော ဖြောင့်ချက်စကားတို့တွင် မိမိသည် အပြစ်ကင်းလွတ်ကြောင်းနှင့် ယင်းအမှုနှင့် မပတ်သက်ကြောင်းကို ပြောဆိုခြင်းသာဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံခေါင်းဆောင်ကြီးများအား သတ်လည်းမသတ်ခဲ့ကြောင်း၊ လမ်းစဉ်ပါတီ၏ ပျက်စီးရာပျက်စီးကြောင်းကို ပြုလုပ်ခဲ့သည်ဟု မည်သည့်တရားလိုပြသက်သေကမျှ ထွက်ဆိုခြင်းမရှိကြောင်း၊ သို့ဖြစ်၍ တရားလိုပြသက်သေတို့၏ ထွက်ချက်များအရ နိုင်ငံတော်စွာဖောက်ဖျက် ပုန်ကန်မှုလည်း မဖြစ်မြောက်၊ လမ်းစဉ်ပါတီကို ပျက်စီးရန်မပြုလုပ်ခဲ့သဖြင့် တရားခံဗိုလ်ကြီးဘချစ်အား တရားရှင်လွှတ်သင့်ကြောင်း လျှောက်ထားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## လျှောက်လဲ

တရားခံဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦး၏အကျိုးဆောင် ဦးအေးမောင် (ပန်းတနော်)က ယင်း၏အမှုသည်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၁၂၄ အရ စွဲဆိုထားခြင်းနှင့် စပ်လျဉ်း၍ လျှောက်လဲရာတွင် တရားလိုပြသက်သေ ဦးစိုးမြင့်၏ တိုင်ချက်တွင် ဗိုလ်ကြီးအုန်းကျော်မြင့်သည် တပ်မတော်နေ့ညစာစားပွဲတွင် နိုင်ငံတော်ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်၍ အာဏာသိမ်းရန်ကြံစည်ခြင်းကို ထိုနေ့မတိုင်မီ ဗိုလ်ကြီးစံကြည်နှင့် ဆက်သွယ်၍ ဗိုလ်ချုပ်ကြီးဟောင်းဦးတင်ဦးအား တွေ့ဆုံဆွေးနွေးတင်ပြခြင်း ပြုလုပ်ခဲ့ကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်သည် ဗိုလ်ချုပ်ကြီးဟောင်းနှင့် တိုင်းမှူးဗိုလ်မှူးကြီးလှဖေတို့၏ နေအိမ်အသီးသီးကို အကြိမ်ကြိမ် သွားရောက်တွေ့ဆုံလျက် ၎င်းအပါအဝင် တပ်မတော်အရာရှိငယ်များသည် နိုင်ငံတော်အာဏာကို သိမ်းယူရန်၊ ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးအား ပြန်လည်အပ်နှင်းရန် ကြိုးစားလျက်ရှိသည်ကို တင်ပြပြောဆိုခဲ့ကြောင်းနှင့် ဗိုလ်ချုပ်ကြီးဟောင်းဦးတင်ဦးသည် ဗိုလ်ကြီးအုန်းကျော်မြင့်၊ ဗိုလ်ကြီးစံကြည်တို့၏ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကျူးလွန်လျက်ရှိနေခြင်းကိုသိလျက်နှင့် သက်ဆိုင်ရာသို့ ချက်ချင်းဖွင့်ဟပြောဆိုခြင်းမပြုဘဲ ထိမ်ချန်ထားသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၁၂၄ ကို ကျူးလွန်သည်ကို တွေ့ရှိရကြောင်းဖြင့် ရုံးသို့ တင်ပြသွားခဲ့ကြောင်း။

ယခုအမှုတွင် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် ဗိုလ်ကြီးဝင်းသိန်းတို့အပေါ် စွပ်စွဲထားသည့် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန် ကြံရွယ်ခြင်း၊ ကျူးလွန်ရန် ပြင်ဆင်ခြင်း စသည့်အကြောင်းအချက်တစ်ခုကို အဓိကထား ဖော်ထုတ်ပြသရန် လိုအပ်ကြောင်း၊ ထိုနှစ်ဦးအားစွပ်စွဲထားသည့် ပြစ်မှုအရ ကျူးလွန်သည်ဟု ဥပဒေအရ သေချာစွာပေါ်ပေါက်မှသာလျှင် ထိုကျူးလွန်မှုကို သိလျက်နှင့် ထိန်ချန်ထားကြောင်း ဖော်ထုတ်ပြသရန် ထပ်လောင်းလိုကြောင်း၊ ထို့ကြောင့် ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် ဗိုလ်ကြီးဝင်းသိန်းတို့သည် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန်သည်ဟု ပထမသက်သေတင်ပြရန် လိုအပ်ကြောင်း။



တရားလိုပြသက်သေများကို စစ်ဆေးခဲ့ရာတွင် များသောအားဖြင့် သက်သေများသည် တစ်နည်းနည်းဖြင့် ဥပဒေအရ သံသယကင်းရှင်းစွာ လက်ခံနိုင်မည့်သူများ မဟုတ်ကြောင်း၊ ၎င်းတို့ထွက်ချက်အရ ပေါ်လွင်လျက်ရှိကြောင်း။

## စွပ်စွဲထား

ဗိုလ်ကြီးအုန်းကျော်မြင့်နှင့် ဗိုလ်ကြီးဝင်းသိန်းတို့သည် မည်သည့်ပြစ်မှုကို ကျူးလွန်ခဲ့သည်ကို ဖော်ထုတ်ရန် တရားလိုဘက်မှ လုပ်ဆောင်ခဲ့ကြောင်း၊ ၎င်းတို့ကလည်း ၎င်းတို့ပြုလုပ်ခဲ့ခြင်းမှာ မည်သည့်ပြစ်မှုကိုမျှ ကျူးလွန်ခြင်း မဟုတ်ပါဟု တင်ပြခဲ့ကြောင်း၊ ယင်းတို့အပေါ် စွပ်စွဲထားသည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၁၂၂(၁)တွင် ပြဋ္ဌာန်းချက်များကို ကျူးလွန်ခြင်းမရှိပါဟု လက်ခံပါလျှင် ဗိုလ်ချုပ်ကြီးဟောင်းတင်ဦးနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၁၂၄ ကို ကျူးလွန်ပါသည်ဟု စွပ်စွဲထားခြင်းမှာ ပျောက်ပျက်သွားတော့မည်ဖြစ်ကြောင်း။

တစ်ဖန် တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များသည် တစ်ယောက်နှင့်တစ်ယောက် မထောက်ခံသည့်ပြင် များစွာကွဲလွဲချက်ရှိကြောင်း၊ ယခုအမှုတွင် ဗိုလ်ချုပ်ကြီးဟောင်းတင်ဦးအပေါ်၌ စွပ်စွဲချက်များ၊ တရားဥပဒေအရဖြစ်သည့် သက်သေခံချက်များ လုံးဝမရှိကြောင်း။

## တင်ပြ

ယင်းကဲ့သို့ စွပ်စွဲချက်များကို တရားရုံးတော်၌ တင်ပြသည့်အခါ သက်သေအထောက်အထားများကို အမှားအမှန် စိစစ်ချိန်ဆသည့် သက်သေခံဥပဒေအရ လိုက်နာရမည်ဟု ၁၉၆၉ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး အထူးရာဇဝတ်ရုံး အယူခံအမှု့ စာ(၁၂) ဦးမောင်မောင်ပါ(၂)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှုတွင် **အတိအလင်းပြဋ္ဌာန်း**ထားကြောင်း၊ တစ်ဖန် ၁၉၆၈ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး(**အထူးရာဇဝတ်**ရုံး အယူခံအမှု့) စာ ၅၂ ၌ မောင်ကြည်မောင်(၂) နှင့် (**ပြည်ထောင်စုမြန်မာနိုင်ငံ**)အမှုတွင် **"တရားလိုဘက်က စွပ်စွဲပြီးလျှင် တာဝန်ကျေပွန်ပြီး စွပ်စွဲခံရသူက မဟုတ်လျှင် နိုင်လုံစွာ ချေပရမည်ဟု**

www.burmeseclassic.com



တာဝန်ပခုံးပြောင်း၍ မရပေ။ ပြည့်စုံစွာစုံစမ်း၍ ခိုင်လုံစွာ သက်သေထူရန် တာဝန်သည် ယေဘုယျအားဖြင့် တရားလိုအပေါ်တွင် တည်နေသည်။ ဤသို့ သာမဟုတ်လျှင် မသမာသူတို့က လွယ်လွယ်စွပ်စွဲကာ အပြစ်မဲ့သော သူတို့က ခုခံချေပရခြင်းဖြင့် ပင်ပန်းဆင်းရဲရှိကြလိမ့်မည်”ဟု သုံးသပ်ချက်ကို တင်ပြလိုကြောင်းဖြင့် လျှောက်ထားသည်။

## ကိုးကား

ဆက်လက်၍ ဦးအေးမောင်က ဖော်ပြပါ တင်ပြချက်များအရ ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးသည် စွပ်စွဲထားသကဲ့သို့ ဗိုလ်ကြီးစံကြည်၊ ဗိုလ်ကြီးအုန်းကျော်မြင့်တို့နှင့် ဆွေးနွေးခြင်း လုံးဝမရှိသည်သာမက စွပ်စွဲထားချက်တွင်ပါရှိသော အကြောင်းအချက်များကို လုံးဝမသိခဲ့ကြောင်းမှာ လုံးဝပေါ်လွင်လျက်ရှိကြောင်း၊ ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးအပေါ်၌ ဗိုလ်ကြီးစံကြည်၏ ထွက်ချက်သာရှိကြောင်း၊ ဗိုလ်ကြီးစံကြည်မှာ ဖော်ကောင်တစ်ဦးဖြစ်သဖြင့် သက်သေခံဥပဒေပုဒ်မ-၁၁၄-ခ အရ ၎င်းတစ်ဦးတည်း ထွက်ဆိုချက်ကို အခြားသန့်ရှင်းသော အထောက်အခံမရှိလျှင် တရားခံပေါ်၌ ထည့်သွင်းစဉ်းစားလေ့မရှိကြောင်း၊ ထို့ကြောင့် ယခုအမှုတွင် ဗိုလ်ချုပ်ကြီးဟောင်းဦးတင်ဦးအပေါ် တရားဝင်သက်သေခံချက်ကို လုံးဝမရှိကြောင်းကို တင်ပြလျက် ဗိုလ်ချုပ်ကြီးဟောင်းဦးတင်ဦးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၂၄ ကို ကျူးလွန်ခြင်း လုံးဝမရှိသဖြင့် ၎င်းအား တရားရှင်လွှတ်ပါရန် ဥပဒေအချက်အလက်များ၊ စီရင်ထုံးများကိုးကား၍ လျှောက်ထားသွားသည်။

တရားခံအကျိုးဆောင်များ၏ လျှောက်ထားချက်များနှင့် ပတ်သက်၍ တရားလိုအကျိုးဆောင် ဦးတင်အုန်းက ပြန်လည်ရှင်းလင်းတင်ပြရာတွင် ယခုအဆင့်သည် တရားခံများကို စွဲချက်တင်သင့် မတင်သင့် လျှောက်ထားကြသည့် အဆင့်ဖြစ်ကြောင်း၊ တရားခံများအပေါ် ပြစ်မှုနှင့်ပတ်သက်၍ မြင်သာသော အချက်များ ရှိမရှိ ဆန်းစစ်ရန်ဖြစ်ကြောင်း။

ယင်းသို့ ဆန်းစစ်ရန်အတွက် တရားလိုအကျိုးဆောင်များ၏ လျှောက်ထားချက်များတွင် ဖော်ပြထားပြီးဖြစ်ကြောင်း။



ယင်းသို့ ဖော်ပြချက်များမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၂၅၄ အရ တရားခံအပေါ်တွင် ပြစ်မှုနှင့်ပတ်သက်၍ အပြစ်ရှိသည်ဟု ယူဆစရာ အကြောင်းရှိလျှင် စွဲချက်တင်နိုင်ကြောင်း ပြဋ္ဌာန်းထားကြောင်း။

ထို့အပြင် သက်သေခံဥပဒေပုဒ်မ-၃ ပါ Prima Facie Case ဆိုသည်မှာ အမှုကို ဆက်လက်ဆောင်ရွက်ရန် ရှိခြင်းကို ဆိုလို၍ အပြစ်ရှိမရှိ သက်သေ အထင်အရှားပြခြင်း မဟုတ်ဟူ၍ ရှင်းလင်းချက်ရှိကြောင်း။

## သဘာဝကျ

သက်သေတစ်ဦးနှင့်တစ်ဦး ထွက်ဆိုချက်များ ကွဲလွဲသည်ဆိုသည့်အချက်နှင့် ပတ်သက်၍ ၎င်းတို့ မည်သို့ထွက်ဆိုရမည်ဟု ညှိနှိုင်းထားခြင်းမဟုတ်သဖြင့် မိမိတို့သိသော အကြောင်းအရာများကို ပြန်လည်ပြောပြရာတွင် တစ်ဦးနှင့်တစ်ဦး ကွဲလွဲခြင်းမှာ သဘာဝကျသော အချက်ဖြစ်ကြောင်း။

ဆိုလိုချက်၏ အနှစ်သာရ တူ၊မတူသာ အရေးကြီး၍ အသေးစိတ်အချက်အလက်များတူရန် မလိုကြောင်း။

နောက်တိုးသက်သေများ တင်ပြခြင်းနှင့် ပတ်သက်၍ တရားလိုဘက်မှ အမှု၏အဖြစ်မှန်ကို ပီပီပြင်ပြင် ပေါ်လွင်ရန်အတွက် ပြည့်စုံရပ်လုံးပေါ်စေရန် ရည်ရွယ်ချက်ဖြင့် တင်ပြခြင်းသာဖြစ်ကြောင်း၊ ဓာတ်လမ်းတစ်ခုအဖြစ် အရေအတွက်များပြားရန် တင်ပြခြင်းမဟုတ်ကြောင်း၊ ထပ်တူအကြောင်းအရာ တင်ပြရန်ကိစ္စတွင် တစ်ဦးတည်းကိုသာ တင်ပြရန်မလိုသည့် သက်သေများ ပယ်ခဲ့ပြီးဖြစ်ကြောင်း။

ဖြောင့်ချက်များကို တစ်ခုလုံး လက်ခံစဉ်းစားရမည်၊ တစ်ခုလုံး ပယ်ဖျက်ရမည်ဆိုသည့်အချက်နှင့် ပတ်သက်၍ ယခင်က စီရင်ထုံးရှိသော်လည်း ယင်းစီရင်ထုံးကို ၁၉၆၆ ခု အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ စာမျက်နှာ ၅၇ မောင်စောဖေပါသုံးဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စီရင်ထုံးအရ ဖြောင့်ချက်ကို စဉ်းစားရာတွင် ယုံသည့်သင်ကို ထုတ်နုတ်လက်ခံ၍ မယုံသည့်အပိုင်းကို ပယ်ရှားရန်ဟူ၍ ထုံးဖွဲ့ထားကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



## ပြစ်မှုမြောက်

နိုင်ငံတော်အား သစ္စာဖောက်ဖျက် ပုန်ကန်မှုများတွင် ပူးပေါင်းကြံစည်ခြင်း၊ လှုံ့ဆော်ခြင်းသည် (CONSPIRES)ပြစ်မှုဖြစ်သည်ဟု ဖော်ပြထားရာ ပြင်ဆင်မှုအချိန်မရောက်သော်လည်း ပူးပေါင်းကြံစည်ခြင်းဖြင့်ပင် ပြစ်မှုမြောက်ကြောင်း၊ ယခုအမှုတွင် မနောက်၊ ဝစီကံအဆင့်မှသည် ကာယကံမြောက်လက်နက်စုဆောင်းခြင်းအထိပင် ရောက်ရှိခဲ့ကြောင်း။

ယခုအမှုများသည် သမိုင်းတွင် မပေါ်ပေါက်သေးကြောင်း၊ တပ်မတော်၏အစဉ်အလာနှင့် တပ်မတော်၏သမိုင်းတွင်လည်း မပေါ်ပေါက်သေးသည့် တစ်မူထူးခြားသော အမှုဖြစ်၍ တရားသူကြီး၏လုံခြုံရေး၊ တရားလိုတရားခံများ၏လုံခြုံရေး၊ တရားခံများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၏ လုံခြုံရေးတို့သည် အရေးကြီး၍ လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်များက လိုအပ်သော အစီအစဉ်များကို ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ တရားစီရင်ရေးနှင့်ပတ်သက်၍ မည်သို့မျှ ဆက်စပ်ခြင်းမရှိကြောင်း။

## တရားဝင်

ယခုအမှုမျိုးသည် အသိုင်းအဝိုင်းဖြင့် ကြံစည်ရသော အမှုမျိုးဖြစ်သည်သာမက တပ်မတော်မှ ကြံစည်အားထုတ်သောအမှုဖြစ်ပြီး အမှု၏အဖြစ်မှန်ကို သိသော ပုဂ္ဂိုလ်များမှာ တပ်မတော်မှ ပုဂ္ဂိုလ်များဖြစ်ကြကြောင်း၊ ၎င်းတို့မှာ တာဝန်ထမ်းဆောင်ရာမှ သက်သေအဖြစ် ရုံးတော်သို့ အမှန်ထွက်ဆိုရန် လာရောက်ကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့အား ရဲဘက်မှ ဖမ်းဆီးထားခြင်းမဟုတ်သည့်အပြင် ရဲကစွဲတင်ထားသောအမှုဖြစ်၍ မလွှမ်းမိုးနိုင်ကြောင်း၊ ထို့ကြောင့် ၎င်းတို့သည် တရားဝင်သက်သေခံခွင့်ရှိသော သက်သေများဖြစ်ကြောင်း။

ယခုအမှုသည် တစ်ဦးတစ်ယောက်အားသတ်ရန် ကြိုးစားသော ပြစ်မှုမျိုးမဟုတ်ကြောင်း၊ သာမန်လူတစ်ဦးဖြစ်သော ဦးနေဝင်း၊ ဦးစန်းယုတို့ကို သတ်ရန် ကြိုးစားသောအမှုမဟုတ်ကြောင်း၊ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၊ ပါတီဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သော ဦးနေဝင်းနှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးနှင့် ပါတီအထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးစန်းယုတို့အားရန်ရန် ကြံစည်ခြင်းဖြစ်ကြောင်း။



၎င်းပုဂ္ဂိုလ်ကြီးများမှာ နိုင်ငံတော်အတွက် လုပ်ပိုင်ခွင့်အာဏာများရှိ၍ ယင်းအာဏာများကို ပယ်ဖျက်လိုခြင်းကြောင့် ယင်းပုဂ္ဂိုလ်များအား သတ်ဖြတ်ရန် ကြံစည်ခြင်းဖြစ်ကြောင်း။

## စွဲချက်တင်နိုင်

သက်သေခံဥပဒေပုဒ်မ ၁၃၃ အရ ကြံရာပါတစ်ဦးသည် တရားဝင်သက်သေတစ်ဦးဖြစ်ရာ ယင်းသက်သေထွက်ချက်အပေါ် မူတည်၍ အပြစ်ပေးခြင်းသည် တရားဥပဒေနှင့် မဆန့်ကျင်ကြောင်း ပြဋ္ဌာန်းထားသည့် စီရင်ထုံးများမှာ အများအပြားရှိကြောင်း၊ ထို့ကြောင့် တရားခံများကို စွဲချက်တင်နိုင်ကြောင်း စီရင်ထုံးအထောက်အထားများဖြင့် အကြောင်းအကျိုးပြ၍ တင်ပြသွားသည်။

ယင်းနောက် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌက တရားခံများအပေါ် စွဲချက်တင်သင့် မတင်သင့်ကို အမိန့်ချမှတ်ရန် အောက်တိုဘာ(၂၅)ရက် တနင်္လာနေ့နံနက် (၁၀)နာရီသို့ အမှုချိန်းဆိုလိုက်သည်။

✧ ✦ ✧

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

အထက်ဖော်ပြပါ ခေါင်းဆောင်ကြီးများ လုပ်ကြံမှုကို နိုင်ငံပိုင်သတင်းစာက ၂၀-၇-၁၉၇၆ ခုနှစ်တွင် ဖော်ပြခဲ့သည်။ သတင်းစာပါအတိုင်း မကြာမီ ပြည်သူ့ရှေ့မှောက်၌ ခုံရုံးတင် စစ်ဆေးမည်ဟုလည်း ကြေညာချက် ထုတ်ပြန်လိုက်သည်။

ကြေညာချက်အတိုင်း ခုံရုံးတင် စစ်ဆေးကြသည်။ ၎င်းစစ်ဆေးချက်များကို တရားလိုဘက်ကရှေ့နေ၊ တရားခံဘက်ကရှေ့နေများက အထူးခုံရုံးရှေ့တွင် အပြန်အလှန် လျှောက်လွဲချက်များ တင်ကြသည်။ တရားသူကြီးများက လျှောက်လွဲချက်များကို လက်ခံ၍ အမှုကိုတည်ဆောက်ပြီး စစ်ဆေးမှုများ ပြုလုပ်ကြသည်။

နှစ်ဖက်အကျိုးဆောင်ရှေ့နေများက သက်သေများကို တင်ပြပြီး စစ်ဆေးခံကြသည်။ အမှုကို အချိန်ကြာမြင့်စွာ စစ်ဆေးကြသည်။ အပြန်အလှန် သေချာအောင် စစ်ဆေးပြီး အပြစ်မရှိသူများကို အမှုမှလွှတ်ငြိမ်းခွင့်ပြုခဲ့သည်။

အမှုနှင့် ငြိစွန်းသူများကို ဆက်လက်စစ်ဆေးကြသည်။ ထိုအထဲတွင် သတင်းထိန်ချန်သူများကိုလည်း တရားခံအဖြစ် သတ်မှတ်ခြင်း ခံရသည်။ တရားခံ၏ ထွက်ဆိုမှုအပေါ် မူတည်၍ ထွက်ပေါ်လာသူများကို ရုံးတော်က ခေါ်ယူစစ်ဆေးခြင်း ခံရသည်။

ထို့အတွက်ကြောင့် ဤဖော်ပြပါ လုပ်ကြံမှုကို အစမှအဆုံးတိုင်အောင် တင်ပြချင်ပေမယ့် အခက်အခဲများစွာ ရှိနေ၍ မလွယ်သောကြောင့် ချန်ရစ်ထားခဲ့ရသည်။ အခါအခွင့်သင့်သည့်အခါ ၎င်းလုပ်ကြံမှုကို ဖြည့်စွက်ချက်နှင့်အတူ အစအဆုံး တင်ပြရန် ဆန္ဒများရှိနေသည်။



၎င်းလုပ်ကြံမှုကို ဤနေရာတွင် ရပ်ထားလိုက်ရသည့်အတွက် နားလည်ခွင့်လွှတ်ပေးရန် တောင်းဆိုချင်ပါသည်။

ဖော်ပြပါ လုပ်ကြံမှုနှင့် ပတ်သက်၍ အဓိကတရားခံ ဗိုလ်ကြီးအုန်းကျော်မြင့်နှင့်အဖွဲ့ကို သေဒဏ်အဖြစ် အမိန့်ချမှတ်ခဲ့သည်။ တချို့ကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပို့လိုက်သလို တချို့ကို ထောင်ဒဏ်ချမှတ်လိုက်သည်။

အပြစ်မရှိသူများကို အပြစ်မှလွှတ်ငြိမ်းခွင့်ပြုလိုက်သည်။

ဘယ်လိုပင်ဖြစ်ပေမယ့် ဤဖြစ်ရပ်လေးသည် နှစ်အတန်ကြာသော်လည်း အတိတ်သမိုင်းကြောင်းဖြစ်ရပ်အတွက် ကြေကွဲဝမ်းနည်းစရာအဖြစ်များဖြစ်နေသည်။ ၎င်းကြံစည်မှုသည် မြန်မာနိုင်ငံအတွက် ဒုတိယအကြိမ်မြောက် ဖြစ်ရပ်တစ်ခု ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မင်းပုည

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကိုးစာရင်း

| | |
|---|---|
| ကြေးမုံသတင်းစာ | ၁၂-၃-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၂၁-၇-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၁၆-၉-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၂၂-၉-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၂၃-၉-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၂၈-၉-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၂၉-၉-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၃၀-၉-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၁-၁၀-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၅-၁၀-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၆-၁၀-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၇-၁၀-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၉-၁၀-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၁၀- ၁၀-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၁၂-၁၀-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၁၃-၁၀-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၁၄-၁၀-၁၉၇၆ |
| ကြေးမုံသတင်းစာ | ၂၀-၁၀-၁၉၇၆ |

www.burmeseclassic.com